သာသနာနှစ်တော်နှစ် ၂၅၅၀ ခုနှစ်

# အပ္ပမာဒ

၂၀၀၅ ခုနှစ်၊ မတ်လ အတွဲ (၆)၊ အမှတ် (၃)



ဓမ္မရသ မဂ္ဂဇင်း

လယ်တီဆရာတော်ဘုရားကြီး
မဟာစည် ဆရာတော်ဘုရားကြီး
သမိန်ဂွန် ဆရာတော်ဘုရားကြီး
မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး
တိပိဋက ဓရ (ယော) ဆရာတော်
အရှင် ပြညာသာမိဝံသ
မဟာဗောဓိမြိုင်ဆရာတော်
အရှင် ဆန္ဒာဓိက (ရွှေပါရမီတောရ)
သာမဏေကျော်
အရှင် ဉာဏဘာသ (အေးစေတီ-မင်းဘူး)
ဝနဝါသီ အရှင် ပါဠေသဠာဘိဝံသ
အရှင် ဉာဏိက
အရှင် ကောလာသ
အရှင် ပါရမီ
ခင်းသုန်း အရှင်မင်္ဂလ (ဆင်ပေါင်ဝဲ)
အရှင် ဓမ္မရက္ခိတ
မှိုင်းအာစာရ
ကျော်နန္ဒအောင်
စလင်း မောင်မျိုးကြိုင်
တော်ဝင်မှုယ်
ဓမ္မာစရိယ ဦးငွေကိုင်
မြသန်းစံ
မောင်သန့်
မင်းနန် (ယော်ကွန်း)
မြင့်ဘုမ္မာခင်လေး
မိုးထက်မြင့်
လင်းဆေရာင်တင်
လှသန့် (မြှည်)
သန်းထိုက်သူ
ဦးတင်ဦး (မျှောင်)
ဦးဟန်ငွေ (သုခတသန)

၅၀၀ ကျပ်

2005.GRAPHIC DESIGN : KYAW MINN MOUNG

အ ပ္ပ မာ ဒ စာ ပေ စ င် က စီ စ ဉ် ထု တ် လု ပ် သ ည်

ဘုရားရှင်သည် ဒေဝဒတ်၏ စီစဉ်စေခိုင်းချက်အရ ဘုရားရှင်အား နင်းချေသတ်ဖြတ်ရန်အစီအမံဖြင့် လွှတ်ပေးလိုက်သော
နာဠာဂီရိဆင်ရိုင်းကြီးအား မဟာကရုဏာဉာဏ်တော်ရှေ့ထားကာ မေတ္တာဖြန့်လျက် တန့်ရပ်စေပြီးနောက် အောင်မြင်တော်မူပုံ



အပွှာအမွေရသမဂ္ဂဇင်း၏ မွေးမိန
ပန်းချီ ကိုကျော်သိုက်၏ အထူးလက်ရာ



ကိုးကွယ်အားထားရာအမှန် ပါဠိတော်မြန်မာပြန်

## မကောင်းမှုကို နှင်ထုတ်ခြင်း

ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏားသည် ဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမဝတ်စုံကို ဝတ်ကာ၊စိုသောသမန်းမြက်ဆုပ်ကို ယူ၍ မြတ်စွာဘုရား၏အနီး တစ်ခုသောနေရာ၌ ရပ်တည်၏။ မြတ်စွာဘုရားသည် ဇာဏုသောဏိပုဏ္ဏားကို မြင်တော်မူ၍–"ပုဏ္ဏား၊ အဘယ်ကြောင့် သင်သည် ဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၊ အသစ်ဖြစ်သော ခေါမဝတ်စုံကို ဝတ်ကာ၊ စိုသောသမန်းမြက်ဆုပ်ကိုယူ၍ တစ်ခုသောနေရာ၌ ရပ်တည်နေသနည်း။ ယနေ့ပုဏ္ဏားမျိုးအား အဘယ်မည်သောကိစ္စဖြစ်သနည်း"ဟု မေးတော်မူ၏။

"အသျှင်ဂေါတမ–ယနေ့ပုဏ္ဏားမျိုးအား မကောင်းမှုကို နှင်ထုတ်ခြင်းကိစ္စ ဖြစ်ပါ၏"

"ပုဏ္ဏား–အဘယ်အခြင်းအရာအားဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်း ဖြစ်သနည်း"

"အသျှင်ဂေါတမ–ပုဏ္ဏားတို့သည် ဤဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၊ အသစ်ဖြစ်သော ခေါမဝတ်စုံကိုဝတ်ကာ စိုသောနွားချေးဖြင့် မြေကိုသုတ်လိမ်း၍၊ စိမ်းစိုသော သမန်းမြက်တို့ကို ဖြန့်ခင်းလျက် သဲပုံနှင့် မီးတင်းကုပ်အကြား၌ အိပ်ခြင်းကို ပြုကုန်၏။ ထိုပုဏ္ဏားတို့သည် ထိုညဉ့်၌ သုံးကြိမ်ထ၍ လက်အုပ်ချီကာ 'အသျှင်ထံသို့ မကောင်းမှုကို နှင်ထုတ်ပါကုန်၏၊ အသျှင်ထံသို့ မကောင်းမှုကို နှင်ထုတ်ပါကုန်၏'ဟုဆို၍ မီးကို ရှိခိုးကုန်၏။ များစွာသော ထောပတ်၊ ဆီ၊ ဆီဦဖြင့်လည်း မီးစာကျွေးကုန်၏။ ထိုညဉ့် လွန်မြောက်သောအခါ၌လည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဖြစ်ပါ၏"

"ပုဏ္ဏား–ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တစ်မျိုးဖြစ်၏။ အရိယာ၏ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တစ်မျိုးဖြစ်၏"

"အသျှင်ဂေါတမ–တောင်းပန်ပါ၏။ အကျွန်ုပ်အား အရိယာ၏ ဝိနည်း၌ မကောင်းမှုနှင်ထုတ်ပုံတရားကို ဟောတော်မူပါလော့"

"ပုဏ္ဏား–ထိုသို့ဖြစ်လျှင် နာလော့၊ ကောင်းစွာနှလုံးသွင်းလော့။ ဤ

လောက၌ အရိယာတပည့်သည် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း၊ မှားယွင်းသော အမြင်၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်ပြီး၍ မှားယွင်းသော အမြင်ကို ပယ်စွန့်၏။ မှားယွင်းသော အမြင်ကို နှင်ထုတ်၏"

"အရိယာတပည့်သည် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ မှားယွင်းသော အကြံအစည်၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။မှားယွင်းသော စကား၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏၊ မှားယွင်းသော အလုပ်၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ မှားယွင်းသော အသက်မွေးမှု၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ မှားယွင်းသော လုံ့လ၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ မှားယွင်းသော သတိ၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ မှားယွင်းသော သမာဓိ၏အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။မှားယွင်းသော ဉာဏ်၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ မှားယွင်းသော လွတ်မြောက်မှု၏ အကျိုးသည် ယုတ်မာ၏ဟု ဆင်ခြင်၏။ ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော အကြံအစည်ကို၊ မှားယွင်းသောစကားကို၊ မှားယွင်းသောအလုပ်ကို၊ မှားယွင်းသောအသက်မွေးမှုကို၊ မှားယွင်းသောလုံ့လကို၊ မှားယွင်းသောသတိကို၊ မှားယွင်းသောသမာဓိကို၊ မှားယွင်းသောဉာဏ်ကို၊ မှားယွင်းသောလွတ်မြောက်မှုကို ပယ်စွန့်၏၊ နှင်ထုတ်၏"

"ပုဏ္ဏား–ဤသို့လျှင် အရိယာ၏ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည်ဖြစ်၏"ဟု မိန့်တော်မူ၏။

ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည်–

"အသျှင်ဂေါတမ–ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဤအရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်း၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်မျှ မမီပါ။ အသျှင်ဂေါတမ၊ အလွန်နှစ်သက်မှုရှိပါ၏။ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု လျှောက်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ ပစ္စောရောဟဏိဝဂ်၊
ပထမပစ္စောရောဟဏီသုတ်မှ ကောက်နုတ်ရေးသားပါသည်။)

**အယ်ဒီတာတစ်ဦး**

**ပန်းချီကိုကျော်သိုက်**





အပ္ပမာဒေါ အမတံ ပဒံ

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

# အပ္ပမာဒ

ဓမ္မရသမဂ္ဂဇင်း

အတွဲ (၆)၊ အမှတ် ( ၃ )၊ ၂၀၀၅ ခုနှစ်၊ မတ်လ

**ကိုးကွယ်အားထားရာအမှန်**
**ပါဠိတော်မြန်မာပြန်**
အံဂုတ္တိုရ်ပါဠိတော်၊ ပစ္စောရောဟဏီဝဂ်၊
ပထမပစ္စောရောဟဏီသုတ် ၂

**ပြန်လည်ပူဇော်ခြင်း**
မဟာစည်ဆရာတော်
အရိယာဝါသတရားတော် ၈

**ဟောစဉ်တရားတော်**
မဟာဗောဓိမြိုင်ဆရာတော်
အစွဲစိတ်ကင်းပါစေ ၁၂
တိပိဋကဓရ(ယော)ဆရာတော်
ကောင်းခြင်းလေးပါး လှူစွမ်းအား ၁၈

**ဓမ္မဆိုင်ရာအမေးအဖြေ**
အဂ္ဂမဟာပဏ္ဍိတဆရာတော်
ဘဒ္ဒန္တဣန္ဒကာဘိဝံသ ၂၉

**ဓမ္မရသအဖုံဖုံ**
ဓမ္မာစရိယ ဦးဌေးလှိုင်
ရွှန်းလွန်းဆရာတော် ဦးကာဝိ (၁၂၇၉-၁၃၃၄) ၂၅
အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
အနိုင်းမဲ့အလှူ (၂) ၃၄
မောင်သန္တ
သာသနာပြု ရှင်မြမင်္ဂလာ (၅) ၄၁
အရှင်ပါရမီ
နေရာ ၄၄
ကျော်နန္ဒအောင်
ပညာရှိတစ်ဆူကိုပူဇော်ခြင်း ၄၇
အရှင်ဉာဏိက
ကြာပန်းသွင်း အဆိုးမဆိုသော် ၅၂
သာမဏေကျော်
ပစ္စေကဗုဒ္ဓါနှင့် အနုမောဒနာ ၅၅




**စလင်းမောင်မွေးကြိုင်**
တောရပ်မြို့ပေါ် နှစ်လေးဆယ်ကျော်
မျှော်တော်မူသည် ၅၈

**ဦးဟန်ငွေး (သုတေသန)**
ကျွန်တော် ဖိပသသနာနည်းများ သုတေသီ ၆၄

**မြသန်းစံ**
မသေဘီ မိမိကိုယ်ကို ကြည်ညိုသွားခဲ့ချင်သည် ၆၆

**မင်းနန် (မော်ကျွန်း)**
ဩဒိခအလင်းမှင့် (၁၂) ၇၂

**လင်းရောင်တင်**
လွှာမီနပ်ကလေးတစ်ရံ ၇၆

**မြင့်ဥမ္မာခင်လေး**
ငြိမ်းငြိမ်းချမ်းချမ်း စိမ်းစိမ်းလန်းလန်း
လယ်တီမှတရားစခန်း ၇၉

**အရှင်ဉာဏောဘာသ (အေးစေတီမင်းဘူး)**
လယ်ကြမ်းတရာ အမိုးအောက်မှာ
(အဗျောကာဘသိကစုတင်) ၈၅

**အရှင်ဓမ္မရက္ခိတ(ထောက်ကြန့်တောရ ကျောင်းဦးဆရာတော်)**
ဗုဒ္ဓခေတ်၊ ပညာခေတ် ဉာဏ်စဉ်တရား ၉၀

**ရှင်အာစာရ**
အနိစ္စ ၉၅

**ဒင်းပုန်းအရှင်မဉ္ဇုလ (ဆင်ပေါင်ဝဲ)**
သာသနာရှည်ဖို့ ကြိုးစားစို့ ၉၈

**ဦးတင်ဦး (မြောင်)**
ဘဝအတွေ့တွေ့ ကြုံရလေသမျှ ၁၀၃

**မိုးထက်ငြိမ်**
ကြည်သောသူမြင်၏ ၁၀၇

**သုတိကြဘာ (ဆင်ပေါင်ဝဲ)**
နတ်တို့ပြောသော သုဂတိဘုံ ၁၁၁

**အရှင်ကောလာသ**
မြတ်ဗုဒ္ဓကျင့်စဉ်နှင့် သူတို့အမြင် ၁၁၆

**လှသန့် (မြည်)**
ဓမ္မဒေသနာနှင့် သဗ္ဗညုတာအရာ ၁၂၀


## သူတော်ကောင်းတို့၏ နှလုံးသား


**တော်ဝင်နွယ်**
အရှင်မောဂ္ဂလာန်၏ နှလုံးသား ၂၀


## ထွက်ခဲ့သမျှ တစမှ


**သန်းထိုက်သူ** ၁၂၅

E-mail:mts@mptmail.net.mm

**အယ်ဒီတာချုပ်**
မြသန်းစံ
**တာဝန်ခံအယ်ဒီတာ**
လွင်ငြိမ်း၊သန်းထိုက်သူ
**အဖွဲ့ဝင်အယ်ဒီတာ**
ဦးအောင်သန်း
**ဒီဇိုင်းဖွဲ့စည်းမှု**
ပန်းချာန်
**အုပ်ချုပ်ရေးမှူး**
ဒေါ်သိဂ္ဂီမိုး
**မျက်နှာဖုံးပန်းချီ**
ကိုကျော်မင်းမောင်
**အတွင်းပန်းချီ**
ကိုမောင်မောင်သိုက်၊ ဆရာကျော်၊ဇော်မင်း၊
ကိုကျော်သိုက်၊ ပန်းချာန်၊ ပန်းချီရွှေစိုးဟန်
**ပြင်ပဆက်သွယ်ရေး**
မျိုးဇော်အောင်၊ဇော်မင်း
**ကွန်ပျူတာစာစီ**
နန်းစန်းမာချို ၊ကေခိုင်မင်းမင်းထွန်း
**စီစဉ်ထုတ်လုပ်နှင့် ဖြန့်ချီရေး(ပင်ရင်း)**
အပ္ပမာဒစာစဉ်
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
**တစ်ပြည်လုံးဖြန့်ချီရေး**
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ရန်ကုန်မြို့။ဖုန်း-၃၈၁၈၃၄
**ထုတ်ဝေသူ**
ဦးမြသန်းစံ (မြဲ-၀၃၈၈၁)
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
**ပုံနှိပ်သူ**
ဦးမောင်မောင်လှ (၀၅၇၄၅) ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်-၉၀(စီ)၊
ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
**ဖလင်**
Best Color ၊ဧမ္ဗူတလူ၊Stars
**အုပ်ရေ-၁၀၀၀၀၊ တန်ဖိုး-(၅၀၀)ကျပ်**

စာမူခွင့်ပြုချက် - ၃၂၀၀၅၈၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၀၂၄၀၅၀၁

# အယ်ဒီတာချုပ်ကောဦး

မျက်မှောက်ခေတ်ဟာ တရားရှာ၊ တရားအားထုတ်သူတို့ အတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးတစ်ရပ်ပါပဲ။ အထူးသဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဖြာသောဒွာနတွေနဲ့ ပြည့်စုံကြွယ်ဝနေတဲ့ မြန်မာနိုင်ငံမှာနေထိုင်ရတဲ့ တရားရှာ တရားအားထုတ်နေသူတို့အဖို့ ရွှေပုံကြီးပေါ် ထိုင်နေရသလိုပါပဲ။

ဓမ္မကထိက အကျော်အမော်တွေဆီက နာကြားရတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေ၊ ကမ္မဋ္ဌာနာစရိယအသီးသီးဆီက သင်ယူခွင့်ရတဲ့ မြတ်ဗုဒ္ဓရဲ့ အကျင့်မြတ်တွေဟာဖြင့် နာကြားလို့မကုန်၊ သင်ယူလေ့ကျင့်လို့ မကုန်နိုင်လောက်အောင်ပါပဲ။

မီဒီယာလို့ခေါ်တဲ့ လူထုဆက်သွယ်ရေး ယန္တရားကြီးအတွင်းမှာ ခေတ်နှင့်အညီ တီထွင်ဖန်တီးပြုလုပ်လိုက်တဲ့ ကက်ဆက်တိပ်ခွေ၊ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီတွေဟာလည်း တရားရှာ၊ တရားအားထုတ်သူတွေကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပြုပေးနိုင်တာကိုလည်း တွေ့ရပါတယ်။

တစ်နေရာက တစ်နေရာကို သွားတဲ့အခါ အရင်လို ကက်ဆက်တိပ်ခွေ(တရားခွေ)တွေကို တနင့်တပိုးကြီး သယ်စရာမလိုတော့ဘဲ တရားခွေ(၁၀)ခွေကနေပြီး အခွေ(၁၀၀)အထိဆံ့တဲ့ MP-3 စီဒီတစ်ချပ်ကို ပေါ့ပေါ့ပါးပါးလေး သယ်သွားရုံနဲ့ နေရာသစ်မှာ တရားခွေတွေကို တစ်ဝကြီးနာကြားနိုင်ခွင့် ရှိလာပါပြီ။

တရားပွဲကျင်းပနေတဲ့အချိန်မှာ ကိုယ်က မအားလပ်လို့ သွားမနာနိုင်ခဲ့ရင်ဖြင့် ဗွီစီဒီတစ်ချပ်ဝယ်ပြီး နာလိုက်ရုံနဲ့ ရုပ်ရောအသံပါ ကြားရလို့ တရားဟော ဓမ္မကထိကကိုယ်တိုင် အိမ်တိုင်ရာရောက် လာ ဟောနေသလို ကြည်ညို နာကြားခွင့်ရနေပါပြီ။

သည်လိုနည်းပညာတွေ တိုးတက်လာတာဟာ တရားကို တန်ဖိုးထား လေးစားသူတွေအဖို့တော့ ကြီးစွာသောအထောက်အပံ့ ဖြစ်ပေမယ့် တရားနဲ့ပတ်သက်လာရင် သဒ္ဒါတရား အားနည်းသူတွေအဖို့တော့ ခေတ်ကပေးတဲ့ နည်းပညာတိုးတက်မှုအထောက်အပံ့တွေနဲ့ သူစိမ်းပြင်ပြင်လိုပါပဲ။

တရားပဲ ဘယ်အချိန်နာနာရတာပဲ။ အိမ်မှာ ကက်ဆက်တွေ ရှိနေတာပဲ။ ဗွီစီဒီအချပ်ဝယ်ထားတာပဲ၊ အားမှပဲ နာနိုင်မှာပေါ့ဆိုပြီး အချိန်ဆွဲလိုက်ကြတာ၊ ကက်ဆက်ခွေတွေလည်း ဖုန်တက်၊ ဗွီစီဒီအချပ်တောင် ဗွီစီဒီစက်ထဲ မရောက်လိုက်ရတဲ့ သူတွေကိုလည်း တွေ့နေရပါသေးတယ်။

နည်းပညာရဲ့ အထောက်အပံ့နဲ့အတူ ဝိမုတ္တိယုဂခေတ်မှာ ပေါ်ပေါက်လာတဲ့ တရားဟောဓမ္မကထိက၊ တရားပြ ကမ္မဋ္ဌာနာစရိယ

တွေရဲ့ တရားတော်တွေကိုဖြင့် ရှို–ရှိုသမျှ မှတ်တမ်းတင် လေ့လာ လိုက်စား နာကြားနေမယ်ဆိုရင်ဖြင့် များ–များလွန်းလို့ အချိန်အားတောင် ရှိမယ် မဟုတ်ပါဘူး။

အဲဒီလို များ–များလွန်းတဲ့အထဲက ကိုယ်အားထုတ်ကျင့်ကြံရာ ဝိပဿနာဉာဏ်လမ်းကြောင်းအတွက် အထောက်အပံ့ဖြစ်စေမယ့် အကြောင်းအရာကိုတော့ ရွေးချယ်တတ်ဖို့ လိုပါမယ်။ အခြေခံအပိုင်းမှာ ဘာတွေသိထားသင့်တယ်။ အတိုင်းအတာတစ်ရပ်အထိ အားထုတ်ပြီးတဲ့ အခါမှာ ဘာတွေထပ်သိဖို့လိုမယ် စသည်ဖြင့် ခွဲခြားနိုင်တဲ့၊ ဝေဖန်ဆန်းစစ် နိုင်တဲ့ အရည်အချင်းတစ်ရပ်ကိုလည်း ပြည့်စုံအောင် ဖြည့်ကျင့်ထားဖို့ လိုပေဦးမယ်။

သို့မဟုတ်ရင် အသစ်ပေါ်သမျှ နောက်က တောက်လျှောက်လိုက် နေရရင် လိုက်လို့လည်း မကုန်နိုင်ပေဘူး။ ကြားနာလို့လည်း မကုန်နိုင် ပေဘူး။ ဒီလိုနဲ့ ကိုယ့်ဘဝထဲက အချိန်တွေဟာ သူများပြောတာ ထိုင် နားထောင်ရင်းနဲ့ပဲ ကိုယ့်အတွက် အလုပ်လုပ်ချိန်တောင် ရလိုက်မှာ မဟုတ်ဘူး။ သည်လိုပြောလိုက်လို့ တရားနာခြင်းကို ပစ်ပယ်တယ်လို့ မယူဆစေချင်ပါဘူး။ တရားနာခြင်းဟာ ဝိပဿနာဉာဏ်အထောက်အပံ့ အတွက် မလုပ်လို့မဖြစ်၊လုပ်ကို လုပ်ရမယ့် အလုပ်ပါ။သို့သော် ငါးသိုင်းများ ဟင်းဟုံဆိုသလို အကြားအမြင် ဗဟုသုတတွေနဲ့တွင် မွေ့လျော်ပျော်ပိုက် လို့ သုတမယဉာဏ်၊ စိန္တာမယဉာဏ်တွေနဲ့ပဲ ရပ်တန့်အချိန်ကုန်သွားမှာ စိုးလို့ပါ။ ကိုယ်လေ့လာသိရှိထားသလောက် သုတမယဉာဏ်၊ စိန္တာမယ ဉာဏ်အရှိန်နဲ့ ဘာဝနာမယဉာဏ်ဆီကို အချိန်မီတက်လှမ်းသွားနိုင်ဖို့က အဓိကလိုအပ်ချက်ပါပဲ။ အလုပ်စခန်းထဲရောက်သွားရင်ဖြင့် ခန္ဓာထဲက ဓမ္မကထိကက ကိုယ့်ကို အနီးကပ်တရားဟောပြပါလိမ့်မယ်။ ခန္ဓာထဲက ကမ္မဋ္ဌာနာစရိယကလည်း ကိုယ့်ကို ရုပ်သဘော၊ နာမ်သဘောနဲ့ သစ္စာ တရားတွေကို လက်တွေ့ပြသပါလိမ့်မယ်။ အဲဒီအခါ နဂိုက ရှိထားတဲ့ သုတမယဉာဏ်နဲ့ စိန္တာမယဉာဏ်တွေဟာ အလုပ်ခွင်ထဲက ဘာဝနာမယ ဉာဏ်ရဲ့ စွမ်းအားကြောင့် ပိုမိုလင်းလက် တောက်ပလာတာကိုတောင် တွေ့ရပါလိမ့်ဦးမယ်။

ဘုရားရှင်လက်ထက်က အရှင်စူဠပန်ဟာ လေးလုံးတစ်ပါဒ တရားတစ်ပုဒ်ကလေးကိုတောင် လေး–ငါးလကြာ ကျက်မှတ်လို့မရ အောင် ဉာဏ်ထုံထိုင်းနေသူမို့ အစ်ကိုကြီးဖြစ်တဲ့ အရှင်မဟာပန်ရဲ့ နှင်ထုတ် ခြင်းကို ခံခဲ့ရပါတယ်။ ဒါပေမယ့် ဘုရားရှင်က ကြားဝင်ပြီး အရှင်စူဠပန် ကို "ရဇောဟရဏံ"ဂါထာလေးနဲ့ ရှုမှတ်ဆင်ခြင်စေတဲ့အခါ ကိုယ်ပွား တစ်ထောင်ပွားနိုင်တဲ့ အဘိညာဉ်ရ ရဟန္တာဖြစ်ခဲ့ပါတယ်။ တစ်ခုကောင်း ကိုပဲ တစ်ခါတည်း စိုက်ပြီးမပြတ်ရှုပွားနေရင် တရားဟာ မတက်စရာ အကြောင်းမရှိပါဘူး။ စွန်းလွန်းဆရာတော်ဘုရားကြီးတို့ဆိုရင်လည်း ခေတ်ပညာအခြေခံ အားနည်းခဲ့ပေမယ့် တစ်နေရာတည်းမှာ တစ်ခုကောင်း ကို စူးစိုက်ရှုမှတ်ရုံနဲ့ ("ဒါပဲသိ၊ ဒါပဲကျင့်"ခဲ့တဲ့အတွက်) တစ်လ၊တစ်မင်



ဆိုက်ခဲ့တဲ့အတွက် ရဟန္တာမထေရ် မြတ်ကြီး ဖြစ်ခဲ့တယ်ဆိုတာ စာပေထဲ မှာ အထင်အရှားတွေ့ရမှာပါပဲ။

ဒါကြောင့်မို့ ကြံ့တောင့်ကြံ့ ခံ အခွင့်ထူးကြီးနဲ့ ကြုံရတုန်းအခိုက် မှာ တရားရှာ၊ တရားအားထုတ်သူ တွေအဖို့ "တရားရှာတတ်ဖို့နဲ့ တရား အားထုတ်တတ်ဖို့"ဟာလည်း ကိုယ့် ဘက်က ရှိသင့်ရှိထိုက်တဲ့ အရည် အချင်းတစ်ခုပါလားဆိုတာကိုလည်း သတိတရား ရှိထားရစ်စေဖို့ စေတနာ ကောင်းနဲ့ အကြံပြုလိုက်ရတာပါ ....။

**မြသန်းစံ**

**၁၈–၁၁–၂၀၀၄**



# အရိယာဝါသတရားတော်ကြီး

## ဒုတိယပိုင်း

### မဟာစည်ဆရာတော်

**(၂၄-၈-၁၀) ဒုတိယ-ည**

ဒီကနေ့ ယမန်နေ့ညက ဟောခဲ့တဲ့ အရိယာဝါသတရားကို ဆက်ပြီးတော့ဟောရမယ်၊ဒါပေမယ့် ပထမပိုင်းက ခေါင်းစဉ်ကလေးကို လည်း ပြန်ပြီးစဉ်လိုက်ဦးမှ ထင်ရှားပေါ်မှာ၊ ဒါကြောင့် အကျဉ်းချုပ်ထပ်ပြီးပြောဦးမယ်၊ အရိယဆိုတာက အရိယာပုဂ္ဂိုလ်ပဲ၊ အာဝါသဆိုတာက နေရာအိမ်လို့ အဓိပ္ပါယ်ရှိပါတယ်၊ နှစ်ခုပေါင်းလိုက်တော့ အရိယာဝါသဆိုတာ အရိယာတို့၏ နေရာအိမ်လို့ ဆိုလိုပါတယ်။မနေ့က ဟောခဲ့တဲ့အတိုင်း အရိယာပုဂ္ဂိုလ်ဆိုလို့ရှိရင် ရှေးရှေးက ဘုရား၊ ရဟန္တာ အရိယာပုဂ္ဂိုလ်တွေလည်း အရိယာဝါသ တရားတွေကိုပဲ မှီပြီးတော့ နေသွားကြပါတယ်၊ယခုပစ္စုပ္ပန်ခေတ် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ခေတ်မှာ ရှိတဲ့ဘုရား၊ ရဟန္တာ အရိယာပုဂ္ဂိုလ်တွေလည်း ဒီအရိယာဝါသတရားကိုပဲ အမှီပြု ပြီးတော့ နေရပါတယ်။ နောင်အခါကာလ ပွင့်ထွန်းပေါ်ပေါက်လတ္တံ့သော ဘုရား၊ ရဟန္တာ အရိယာပုဂ္ဂိုလ်တွေလည်းပဲ ဒီအရိယာဝါသ တရားတော်တွေကိုပဲ အမှီပြုပြီးတော့ နေရမှာပါပဲတဲ့၊ ဒီ အရိယာဝါသ တရားတွေကို စွန့်လွှတ်ပြီးတော့ အရိယာမဖြစ်နိုင်ဘူးလို့ ဆိုလိုပါ

တယ်။ ဒီတော့ ဒီအရိယာဝါသ တရားတွေဟာ အင်မတန် အရေးကြီးတဲ့ တရားတွေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အရိယာဝါသ တရားနှင့် ပြည့်စုံနေကြတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါး အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေမှ လွတ်မြောက်သွားပါတယ်၊ ဒါကြောင့် အရိယာဝါသဆိုတာ အပါယ်လေးပါး အစရှိသော သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်အောင်လို့ ခိုအောင်းရာဌာနတွေလို့ ဆိုရင်လည်း မလွဲပါဘူး။ လောကမှာ ဘေးရန်အန္တရာယ်တွေ ရှိနေသလို သံသရာမှာလည်း ရှိနေပါတယ်၊ အဲဒီ ဘေးရန် အန္တရာယ် အကုန်လုံးကို ကာကွယ်ပေးနိုင်တဲ့ နေရာဌာနကြီးတွေဆိုတာ ဒီ အရိယာဝါသ တရားကြီးတွေပါပဲ၊ အဲဒီ အရိယာဝါသတရားတွေမှာ ယခု တရားနာပရိသတ်တွေ ခိုအောင်းပြီးတော့ ဘေးရန်အန္တရာယ်တွေက အစဉ်ထာဝရ လွတ်မြောက်ဖို့ရာ မြတ်စွာဘုရားက ဒီ အရိယာဝါသတရားတွေကို ဟောကြားထားခဲ့ပါတယ်၊ အဲဒီလို ဟောကြားထားခဲ့တဲ့ ဘုရားအမိန့်တော်တွေကို ဘုန်းကြီးတို့ကတစ်ဆင့် ဟောကြားနေတယ်လို့ အာရုံပြုပြီး နာကြပါ၊ ဒါပေမယ့် ဒီကနေ့တော့ မနေ့ညက ဟောပြီးဖြစ်တဲ့ ပါဠိကို မရွတ်တော့ဘဲ အရိယာဝါသခေါင်းစဉ်ဆောင်ပုဒ်ကလေးတွေလောက်သာ ရွတ်ဆိုပြီးတော့ အတိုချုပ်ဟောသွားမယ်။

"ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်ထွေ၊ စုံစေစောင့်တစ်ပါး"ဆို၊ အင်္ဂါငါးပါးကို ပယ်ရမယ်၊ အင်္ဂါခြောက်ပါးနဲ့လည်း ပြည့်စုံရမယ်၊ အစောင့်အရှောက် တစ်ပါးနဲ့လည်း ပြည့်စုံရမယ်တဲ့–အရိယာဝါသ သုံးခုပေါ့၊ "လေးရပ် မှီကာ၊ ပယ်ရှင်းရာ၊ သစ္စာသီးသန့်များ"ဆို၊လေးပါးသော အရာဌာနကိုလည်း မှီရမယ်–တဲ့၊ ပြီးတော့ သီးသန့်သစ္စာတွေလည်း ပယ်ရမယ်တဲ့။ ဒီတော့ ဒီဆောင်ပုဒ်ထဲက နှစ်ပါး၊ ခုနက ဆောင်ပုဒ်ထဲက သုံးပါး၊ ပေါင်း ငါးပါးရှိသွားပြီ။ "ရှာမှီးကင်းစင်၊ ကြံကြည်လင်၊ ထွက်ဝင် ငြိမ်းစေသား"ဆို။ ရှာမှီးမှုလည်း ကင်းစင်ရမယ်၊ အကြံအစည်တွေလည်း နောက်ကျုခြင်း မရှိဘဲနဲ့ ကြည်ကြည်လင်လင် ဖြစ်စေရမယ်၊ ထွက်သက်ဝင်သက် ငြိမ်းတဲ့ တရားလည်း ပြည့်စုံရမယ်တဲ့၊ ဒီဆောင်ပုဒ်က သုံးပါး၊ ရှေးငါးပါးနဲ့ ပေါင်းရင် ရှစ်ပါး။ "စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး"ဆို။ စိတ်ကလည်း ရာဂ၊ ဒေါသ၊ မောဟ အစရှိသော အညစ်အကြေးတွေ၊ အချုပ်အချယ်တွေမှ လွတ်မြောက်ရမယ်၊ လွတ်မြောက်ကြောင်းကိုလည်း ကိုယ်ပိုင်ဉာဏ်နဲ့ သိရမယ်တဲ့၊ ဒီဆောင်ပုဒ်က နှစ်ပါး၊ အားလုံးပေါင်းလိုက်တော့ (၁၀)ပါး ပြည့်သွားပြီ။ "အရိယာဝါသ၊ ဟောဖော်ပြ၊ ဗုဒ္ဓမြတ်ဘုရား"ဆို။ အဲဒီ အရိယာဝါသတရားတွေကို ဘယ်သူက ဟောခဲ့သလဲဆိုရင် မြတ်စွာဘုရားက ဟောထားပါတယ်တဲ့။

## ဖြစ်တိုင်းမှတ်ရှု သတိပြု

အဲဒီထဲမှာ ရှေးဦးစွာ ထူထောင်ဖို့ လိုတာက ဘာတုံးဆိုရင် အစောင့်အရှောက်ကလေး တစ်ပါး ကစပြီး ထူထောင်ရမယ်တဲ့၊ မနေ့က ပြောခဲ့တဲ့ အစောင့်အရှောက်ကလေး တစ်ပါးပါးပဲ၊ "ဖြစ်တိုင်းမှတ်ရှု သတိပြု၊ စောင့်မှုအစဉ်ထား"ဆို။ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေ၊ အထက်တန်း ရာထူးဌာနန္တရကြီးတဲ့ ပုဂ္ဂိုလ်တွေရဲ့အိမ်မှာ ဘေးရန်အန္တရာယ်တွေ လုံခြုံအောင်လို့ အစောင့်အရှောက်ကို ထားရတယ်၊ အထက်တန်း ရာထူးဌာနန္တရကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေကျတော့ အစောင့်အရှောက်က တစ်ခုတောင် မဟုတ်ပါဘူး၊ အများကြီးထားရပါတယ်။ ရှေးတုန်းက သက်ဦးဆံပိုင် ဘုရင်မင်းမြတ်တွေဆိုလို့ရှိရင် ဖြင့် သက်တော်စောင့်တွေဆိုတာ အများကြီးထားရပါတယ်၊ တိုင်းပြည်နိုင်ငံတွေမှာ ဘေးရန်အန္တရာယ်တွေ မဝင်လာအောင်လို့ အစောင့်အရှောက်တွေဆိုတာ ပတ်ဝန်းကျင်ကနေပြီး အများကြီးပဲ ထားရပါတယ်။ အဲဒါလိုပဲ မိမိခန္ဓာကိုယ်ထဲမှာ ကိလေသာ ဘေးရန်အန္တရာယ်တွေ မဝင်ရောက်နိုင်အောင်လို့ အစောင့်အရှောက်ကလေး တစ်ခုထားရမယ်တဲ့၊ ဘာကလေးတုံးဆိုလို့ရှိရင် အမှတ်ရမှု၊ သတိအစောင့်အရှောက်ကလေးပါပဲ၊ အဲဒီသတိအစောင့်အရှောက်လေးကို ဘယ်လိုထားရမလဲဆိုရင် ဖြစ်တိုင်းဖြစ်တိုင်း မှတ်ရှုပြီးတော့ ထားရမယ်တဲ့၊ ဖြစ်တိုင်းဖြစ်တိုင်းဆိုတာ မျက်စိက မြင်တိုင်း၊ မြင်တိုင်း၊ နားက ကြားတိုင်း၊ ကြားတိုင်း၊ နှာခေါင်းက အနံ့ကို နံတိုင်း၊ နံတိုင်း၊ လျှာက အရသာကို စားသိတိုင်း၊စားသိတိုင်း၊ ကိုယ်က တွေ့ထိတိုင်း၊ တွေ့ထိတိုင်း မှတ်ရှုပြီးတော့ အစောင့်ကလေးထားရမယ်၊ ကိုယ်က တွေ့ထိတယ်ဆိုတဲ့ နေရာမှာ ကိုယ်အမူအရာ ပြုပြင်တိုင်း ပြုပြင်တိုင်း အကုန်လုံးပါဝင်တယ်၊ လက်ကလေးလှုပ်လိုက်ရင် လှုပ်တဲ့အပိုင်းက လက်ထဲမှာ တွေ့

ထိမှုကလေးတွေရှိတယ်၊တော်တော်ကြာမှ ဒါကို ပြည့်ပြည့်စုံစုံပြောရမယ်၊ ခေါင်းကလှုပ်လိုက်ရင်လည်း ခေါင်းမှာ အတွေ့အထိတွေရှိတာပဲ၊ အတွေ့အထိဆိုတာက တစ်ကိုယ်လုံး နေရာတကာမှာ ရှိပါတယ်၊ အဲဒီ အတွေ့အထိတွေ ဖြစ်ပေါ်တိုင်း၊ ဖြစ်ပေါ်တိုင်းလည်း မှတ်ရှုပြီး အစောင့်အရှောက်ကလေး ထားရမယ်၊ စိတ်ကူး စဉ်းစားကြံစည်တိုင်းလည်း မှတ်ရှုပြီး အစောင့်ကလေး ထားရမယ်၊ စိတ်ကူးစဉ်းစားကြံစည်တယ်ဆိုတာကတော့ သူ့နယ်ပယ်ဟာ အင်မတန် ကျယ်ပြန့်ပါတယ်၊ အိပ်ပျော်နေခိုက်လောက်ပဲ သူက ရပ်နားတယ်၊ အိပ်ရာက နိုးတယ် ဆိုကတည်းကစပြီး စိတ်ကူးတော့တာပဲ၊ နောက်တစ်ခါ အိပ်ပျော်သွားမှပဲ ရပ်တော့တယ်၊ တစ်နေ့လုံး မရပ်မနား စိတ်ကူးနေတာပဲ၊ အဲဒီ စိတ်ကူးတွေထဲမှာ ကောင်းတဲ့စိတ်ကူးလည်း ပါပါသေးရဲ့၊ သို့သော် များသောအားဖြင့် မကောင်းတာတွေက များတတ်ပါတယ်၊ အဲဒီလို စိတ်ကူးစဉ်းစားကြံစည်တိုင်းလည်း အမှတ်ရတဲ့ သတိကလေးနဲ့ စောင့်ရှောက်ရမယ်တဲ့၊ အဲဒီလို စောင့်ရှောက်နေလို့ရှိရင် ရာဂ၊ ဒေါသ၊ မောဟ ကိလေသာ ဘေးရန် အန္တရာယ်တွေ ကင်းငြိမ်းနေပါတယ်။

အစောင့်အရှောက်ရှိတဲ့ နေရာဌာနကို ဘေးရန် အန္တရာယ်တွေ မဝင်နိုင်ဘူး၊ သူခိုးတို့၊ လူဆိုးတို့၊ ဓားပြ ရန်သူတို့ဆိုတာဟာ အစောင့်အရှောက်ကောင်းရင် ဘယ်ဝင်နိုင်လိမ့်မတုံး၊အစောင့်အရှောက်မရှိတဲ့အိမ်တွေဆိုရင် ဝင်ပြီးတော့ ခိုးချင်လည်း ခိုးတတ်တယ်၊ လုချင်လည်း လုတတ်တယ်၊ နှိပ်စက်ချင်လည်း နှိပ်စက်တတ်တယ်၊ အဲဒါဟာ အစောင့်အရှောက်မရှိလို့၊ ရှိပြန်ရင်လည်း အစောင့်အရှောက်က မလုံခြုံလို့ပါပဲ၊ ကောင်းကောင်းလုံခြုံအောင် စောင့်ရှောက်နေရင်တော့ ဘာမျှ ဘေးရန်အန္တရာယ်မဖြစ်နိုင်ဘူး၊ အဲဒါလိုပဲ၊ ဒွါရခြောက်ပါးက ဖြစ်တိုင်းဖြစ်တိုင်းကို မှတ်ရှုပြီးတော့ သတိ အစောင့်အရှောက်ကလေး အစဉ်မပြတ် ထားရမယ်တဲ့၊ အဲဒီအစောင့်အရှောက်ထားတာကလည်း ရဟန္တာဖြစ်တဲ့အခါကျမှ အကုန်လုံးပြည့်စုံပါတယ်၊ ရဟန္တာမဖြစ်သေးခင်တော့ အဲဒါကို ပြည့်စုံအောင် တဖြည်းဖြည်း လေ့လာနေရတယ်၊ စာသင်ရတာနဲ့လည်း တူပါတယ်၊ စာသင်ရာမှာ ပထမသင်ခါစတော့ ဘယ်ဖတ်တတ်လိမ့်ဦးမှာတုံး၊ တစ်လုံးချင်း၊ တစ်လုံးချင်း စပြီးတော့ လေ့လာသွားရတယ်၊ မြန်မာစာဆိုရင် (ကကြီး) (ခကွေး) စသည်ဖြင့် တစ်လုံးချင်းက စပြီး သင်ရပါတယ်၊ (ကကြီး)က ဘယ်လိုနေတယ်၊ (ခကွေး)က ဘယ်လိုနေတယ်ဆိုတာ အင်မတန် မှတ်ရပါတယ်။ တခြားဘာသာစာပေတွေမှာလည်း သူ့ဘာသာအလိုက် သူ့အက္ခရာတွေကို ဒီလို တစ်လုံးချင်းကစပြီး မှတ်ရတာပဲ၊ နောက်တော်တော်ကလေး နိုင်နင်းလာတဲ့ အခါကျတော့ နှစ်လုံးပေါင်း၊ သုံးလုံးပေါင်း စသည်ဖြင့် ပေါင်းပြီးတော့ တော်တော်ကလေး ဖတ်တတ်လာတယ်၊ ကောင်းကောင်းကြီး နိုင်နင်းတဲ့အခါကျတော့ ဟော–မျက်စိနဲ့ တစ်ခါတည်းကြည့်လိုက်ရုံနဲ့ စာပိုဒ်တစ်တန်းကြီးကို ဖတ်ပြီး ဖြစ်သွားပြီ။

အဲဒါကိုပဲ အစပထမတော့ ဒီ သတိက မနိုင်နင်းသေးလို့ သိပ်အားမကောင်းသေးဘူး၊ နောက်တော့ တဖြည်းဖြည်းနဲ့ ဖြစ်တိုင်းဖြစ်တိုင်းတွေကို သူက အကုန်လုံးလောက်ပဲ မှတ်နိုင်လာတယ်၊အဲဒီလို မှတ်နိုင်လို့ တော်တော်နိုင်နင်းလာတဲ့ အခါကျတော့ အဲဒီလို မှတ်နေရင်း ထဲကပဲ သောတာပတ္တိ မဂ်ဖိုလ်စခန်းကို ရောက်ပြီးတော့ သောတာပန်ဖြစ်သွားတယ်၊ သူ့ထက်နိုင်နင်းတဲ့ အခါကျတော့ သကဒါဂါမိမဂ်ဖိုလ်စခန်းကိုရောက်ပြီး သကဒါဂါမ် ဖြစ်သွားတယ်၊ သူ့ထက်နိုင်နင်းတဲ့အခါကျတော့ အနာဂါမိမဂ်ဖိုလ်စခန်းကို ရောက်ပြီး အနာဂါမ်ဖြစ်သွားတယ်၊ အနာဂါမ်ပုဂ္ဂိုလ်ကဆက်ပြီး ရှုမှတ်လို့ ဒီသတိ အစောင့်အရှောက်ကလေး အပြည့်အစုံအားကောင်းပြီး နိုင်နင်းတဲ့အခါမှာ ရဟန္တာဖြစ်သွားပါတယ်။ အဲဒီအခါကျတော့ သတိက ဘယ်နေရာမှ လစ်လပ်ခြင်းမရှိတော့ဘူး၊ ဒါကြောင့် ကိလေသာဖြစ်ဖို့ရာအတွက် အခွင့်အရေး အပေါက်အကြားကို မရှိတော့ဘူး၊ သတိ အစောင့်အရှောက်က နေရာတကာမှာ အကုန်လုံး ဆီးလျက် ပိတ်လျက်ချည်း ဖြစ်နေတယ်၊ အဲဒီရောက်အောင် အားထုတ်ရမှာပဲ၊ အင်မတန်လည်း ကောင်းပါတယ်၊ ဒီဆောင်ပုဒ်လေးတစ်ခုတည်းနဲ့ ရိုရိုသေသေ အားထုတ်သွားမယ်ဆိုလို့ရှိရင် နိဗ္ဗာန် ရောက်နိုင်ပါတယ်၊ အရိယာဝါသ (၁၀)ပါးလို့သာ ဆိုရတယ်၊ အမှန်ကတော့ ဒီသတိတစ်ပါးတည်းနဲ့ကို ပြည့်စုံနေပါတယ်၊ စိတ်တိုင်း၊ စိတ်တိုင်းကို အကုန်လုံးမိအောင်လို့သာ သတိနဲ့ရှုမှတ်နေပါ၊ ဒီလိုရှုမှတ်လို့ ဘယ်ဟာမျှ မလွတ်တော့ဘူးဆိုလို့

ရှိရင် အကုန်လုံးပြည့်စုံသွားပါတယ်၊ သို့ပေမယ့် တခြား ဂုဏ်ပုဒ်တွေနဲ့ လည်း အသီးအသီး ထုတ်ဖော်ပြီး ပြောမှ နားလည်မှာမို့ မြတ်စွာဘုရားက အခြားဂုဏ်ပုဒ်ကိုးခုကို လည်း အသီးသီးထုတ်ပြီးဟောထားတာပါ၊အမှန်ကတော့ သတိကလေး တစ်ခုသာ လိုရင်းပဲ၊ ဒါကြောင့် ပရိနိဗ္ဗာန် စံခါနီးကျတော့ မြတ်စွာဘုရားက ဒီသတိကလေး တစ်ခုကို သာ အတိုချုပ် ဟောသွားပါတယ်။

## နောက်ဆုံးစကားတော်

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ–တဲ့။

ဘိက္ခဝေ–ရဟန်းတို့၊ ဟန္ဒ–ဟောဒီမှာ၊ ဣဒါနိ–ယခုအခါ ကာလ၌၊ ဝေါ–သင်တို့အား၊ အဟံ–ငါသည်၊ အာမန္တယာမိ–နောက်ဆုံး စကားဖြင့် မှာကြားခဲ့ပေအံ့။

မိခင်ဖခင်များက နောက်ဆုံး စကားအနေဖြင့် သား၊ သမီးတွေကို မှာကြားပြီး သွားတတ်ကြပါတယ်၊ တဖြည်းဖြည်း ရောဂါက ကိုင်၊ ကိုင်လာလို့ မျှော်လင့်စရာ မရှိတော့ဘူး ဆိုတဲ့ အခြေအနေရောက်တဲ့အခါ ကာလကျတော့ မိခင်၊ ဖခင်တွေက မိမိတို့ သားချစ်ကလေး၊ သမီးချစ်ကလေးတွေကို အမြဲတမ်း သတိရပြီး လိုက်နာရစ်ကြဖို့ အရေးကြီးဆုံး အချက်ကလေးတွေကို မှာကြားသွားတတ်ကြပါတယ်၊ ဘုန်းကြီးတို့ငယ်ငယ် ရှင်သာမဏေဘဝတုန်းကပေါ့လေ၊ အဲဒီအခါတုန်းက ရပ်ရွာထဲ ပုလိပ်ရောဂါတွေဖြစ်လို့ ရွာထဲက လူတွေ ကျောင်းအနီးအပါးမှာ လာပြီးတော့ တဲကလေးတွေနဲ့ နေထိုင်ကြတယ်၊ အဲဒီ လူတွေထဲက ဒကာကြီး တစ်ယောက်မှာ ရောဂါက အပြင်းကိုင်လာတော့ မျှော်လင့်စရာ မရှိဘူးဆိုတဲ့အခါ အိမ်သူအိမ်သားတွေကို သူက တစ်ညလုံး တတွတ်တွတ်နဲ့ မှာပြီးသွားတာကို ကိုယ်တိုင်ကြားရဖူးတယ်၊ အဲဒီလို နောက်ဆုံး အချိန်ကာလမှာ မိဘက မှာခဲ့တဲ့ စကားလေးတွေကို သားသမီးတွေက နားထဲမှာ မမေ့ရက်ဘူး၊ ဟိုတုန်းက မှာနေတဲ့ အခြေအနေနဲ့ ပြောနေတဲ့ အသံလေးတွေဟာ အစဉ်ထာဝရ မြင်နေသလို၊ ကြားနေသလို ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် အဲဒါတွေကို ရိုရိုသေသေ လိုက်နာတတ်ကြတယ်၊ စောစောပိုင်းက မိဘစကား နားမထောင်ခဲ့တဲ့ သားသမီးဖြစ်စေကာမူ နောက်ဆုံးအချိန်ကလေးမှာ ပြောခဲ့တဲ့ စကားကလေးကိုတော့ ပြန်ပြီး သတိရနေတတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကလည်း မိမိ၏ တပည့်သားတွေကို သနားတော်မူလွန်းလို့ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးအချိန်ကလေးမှာ ဒီစကားကို နောက်ဆုံးစကားအနေနဲ့ မှာကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ–ရဟန်းတို့၊ ဟန္ဒ–ဟောဒီမှာ၊ ဣဒါနိ–ပရိနိဗ္ဗာန် ဝင်စံခါနီးဖြစ်သော ယခုအခါ ကာလ၌၊ ဝေါ–သင်ချစ်သားတို့အား၊ အဟံ–ငါသည်၊ အာမန္တယာမိ–နောက်ဆုံး စကားအနေအားဖြင့် ညွှန်ကြားမိန့်မှာခဲ့ပေတော့အံ့၊ ဘာကိုမှာသလဲ ဆိုတော့၊ သင်္ခါရာ–သင်္ခါရတရားတို့သည် ဝယဓမ္မာ–ပျက်စီးခြင်းသဘော ရှိကုန်၏၊ သင်္ခါရတရားတွေဟာ ပျက်တတ်တဲ့တရားတွေချည်းပဲ၊ ဘာမျှ အားကိုးစရာ မရှိပါဘူးတဲ့၊ ဒီစကားဟာ အင်မတန် လေးနက်ပါတယ်၊ အမှုမဲ့၊ အမှတ်မဲ့ ခပ်ပေါ့ပေါ့ လူတွေကတော့ ဒါကလေးဟာ ဘာမျှမဟုတ်သလိုလည်း ထင်ကြပေလိမ့်မယ်၊ အမှန်မှာတော့ ဒီစကားဟာ အလွန်ပဲအရေးကြီးပါတယ်၊ သင်္ခါရတရားတွေက တစ်ပျက်ထဲပျက်နေတာတဲ့၊ သင်ချစ်သားတို့ ထင်တဲ့အတိုင်း တည်မြဲတည်နေတာ မဟုတ်ဘူး၊ ငယ်ငယ်တည်းကစပြီးတော့ စိတ်ကလည်း ဒီတစ်စိတ်တည်းပဲ တည်မြဲ တည်နေတယ်၊ငါပဲလို့ ဒီလို ထင်နေကြတယ်၊ ရုပ်ကိုယ်ကြီးကလည်း ငယ်ငယ်ကလေးဘဝ ရုပ်ကိုယ်ကပဲ တဖြည်းဖြည်း ကြီးပြင်းပြီးတော့လာတယ်၊ ဒီကိုယ်ကြီးပဲ တည်မြဲတည်နေတယ်၊ ငါပဲလို့ ဒီလိုထင်နေကြတယ်၊ အဲဒါဟာ သင်တို့က ကောင်းကောင်း မသိသေးလို့ဘဲ၊ အဲဒီလို ထင်တဲ့အတိုင်း မဟုတ်ပါဘူး၊ ဒီ ရုပ်၊ နာမ်၊ သင်္ခါရတရားတွေက ခဏမစဲ ပျက်နေတာပါပဲတဲ့၊ ဒါကြောင့် ဘာမျှ အားကိုးစရာမရှိဘူး၊ ဘယ်အချိန်မဆို လုံးဝပျက်စီးပြီးတော့ သေသွားနိုင်တယ်၊ ဒီအသက် ဒီခန္ဓာကိုယ်နဲ့ နောက်အကြာကြီး နေရဦးမှာပဲလို့ ထင်နေတတ်ကြတယ်၊ တကယ်လည်း ထင်နေကြပါတယ်၊ အဲဒီလို ထင်နေတဲ့အတိုင်း မဟုတ်ပါဘူး၊ သင်္ခါရတရားတွေဆိုတာ ခဏမစဲ ပျက်နေတဲ့ တရားတွေချည်းပဲတဲ့။

□ ဆက်လက်ဖော်ပြပါမည်




# အစွဲစိတ်ကောင်းပါစေ

## မဟာဗောဓိမြိုင်ဆရာတော်

**(ယခင်လမှအဆက်)**

**“ကိုယ့်တိုင်းပြည်ကိုလည်း ကာကွယ်ရမယ်။ စစ်သားတစ်ယောက်ရဲ့ လက်ထဲမှာရှိတဲ့ လက်နက်သည် ကိုယ့်တပ်လည်း ကာကွယ်ပြီးသား။ ကိုယ့်အသက်လည်း ကာကွယ်ပြီးသားထင်တယ်ဟော့။ ဒီသုံးခုကို တစ်ပြိုင်တည်းကာကွယ်ဖို့က ရန်သူကို ကိုယ်က လက်ဦးအောင် သတ်နိုင်မှထင်တယ်။ ဒီသုံးခုကို ဖျက်ဆီးနေတာက ရန်သူ၊ အဲဒီရန်သူကို သတ်ပစ်လိုက်ရင် ဒီရန်ကို ကာကွယ်နိုင်ပြီပေါ့။ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးအနေနဲ့ သူ့မှာရှိတဲ့ အပ္ပမာဒသတိ လက်နက်ဟာ သူ့ရဲ့ရဟန်း အသက်ကို ကာကွယ်ရမယ်။ ရဟန်းရဲ့ သတိလေးကို အဲဒီကိလေသာက ဖျက်ဆီးနေတာလေ။ သတိမရှိတဲ့ အချိန်က တကယ့်ရဟန်းမဖြစ်နိုင်ပါဘူး။ သမုတိရဟန်းပဲ**

ဖြစ်နိုင်ပါတယ်။ ရဟန်းလို့ သမုတ်ထားတာပဲရှိတယ်”

သတိရှိနေတဲ့အချိန်ဟာ ရဟန်းဗျ။ အာရုံငါးပါး ဘယ်တံခါးပေါက်က ဝင်လာလာ၊ ဝင်လာသမျှကိလေသာရန်သူတွေကို ဆိုင်ရာက ဆီးတားလိမ့်မယ်။ ပညတ်ရယ်၊ အမြင်ဓာတ်ရယ်က ကိလေသာတွေကို အကုန်လုံး ဆီးတားနေရတာမဟုတ်လား။ သာသနာ့ဝန်ထမ်းရဟန်းမှာလည်း အပ္ပမာဒသတိလက်နက်တစ်ခုကိုင်ပြီးတော့ သူ့ရဲ့ရဟန်းအသက်ကိုလည်း ကာကွယ်ထားရတယ်။ ဘုရားရှင်နဲ့ အရိယာတို့အပေါ် တင်ရှိတဲ့အကြွေးကိုလည်း ဆပ်ရမယ်။

မိမိအပေါ်ထောက်ပံ့နေတဲ့ ဝေနေယျတွေအပေါ်လည်း မိမိရဲ့ သီလဓာတ်အား၊ ဓမ္မဓာတ်အား၊ သိက္ခာဓာတ်အားနဲ့ အကာအကွယ်ပေးနေရတယ်။ မဖြစ်သင့်တဲ့အန္တရာယ်မဖြစ်အောင် ရဟန်းတစ်ပါးရဲ့ တာဝန်ရှိတယ်။ ဒီရဟန်းရဲ့ အရိပ်ကို ခိုနေတဲ့ ဝေနေယျပေါ့။ မဖြစ်သင့်တဲ့အန္တရာယ်ကိုပြောတာ။ ဓာတာ၊ စန်း၊ လဂ်ကာလတွေဖြစ်တတ်သလား။ အဲဒီလို ဖြစ်တတ်တာလေးတွေ ပြောတာ။ နောက်က ကိုယ်လုပ်ခဲ့တဲ့ ဝဋ်ကြွေးတော့ မတတ်နိုင်ဘူး။ ဘုရားလည်း မတတ်နိုင်ဘူး။

ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးထင်တယ်။ သူ့သားတော်က ဓားနဲ့ခွဲ၊ ထောင်သွင်းအကျဉ်းချတဲ့အချိန်၊ ဘုရားက ငုတ်တုတ်ရှိတယ်ဗျ။ ကယ်နိုင်သလား”

“မကယ်နိုင်ပါဘုရား”

“ဒါကတော့ ကျောင်းဒကာလောက်ထင်ကိုး။ တို့ဝိဋ္ဋူဘလာသတ်တဲ့အချိန်မှာ သူ့ရဲ့ညီအစ်ကိုမောင်နှမဝမ်းကွဲတွေ မဟုတ်လား။ ဘုရားရှင် ဆွေတော်မျိုးတော်တွေ လာသတ်တာ မဟုတ်ဘူးလား။ ဘုရားရှင် ငုတ်တုတ်ကြီးရှိတယ်ဗျ။ ကာကွယ်နိုင်သလား။ တစ်ကြိမ်နှစ်ကြိမ်တော့ မေတ္တာရပ်ခံတယ်။ သုံးကြိမ်ကျတော့ ဥပေက္ခာပြုပေးလိုက်ရတယ်ဗျ။

အကြွေးပါလာတာကိုးဗျ။ ပက်ပင်းကြုံတဲ့လူသတ်မှု ဘယ်ရှေ့နေမှ လိုက်လို့မရဘူးဆိုတာမှတ်ထား။ ကံနိမ့်နေတဲ့ အချိန်လေးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့၊ ကံနိမ့်မှုကြောင့်ဖြစ်တဲ့ စွပ်စွဲမှုလေးတွေလေ။ ပုတ်ခတ်မှုလေးတွေ။ အမှုသေး၊ အမှုဖွဲ့လေးတွေလေ။ ဖြစ်တတ်ပါ့ဗျာ။ မတော်တဆမှုတွေထင်တယ်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာလေ။ အဲဒီလို အမှုမျိုးကို ရဟန်းတစ်ပါးက တာဝန်ယူရတယ်”

“ဖြစ်သင့်ပါလျက်နဲ့ မဖြစ်တဲ့စီးပွားကိုလည်း ရဟန်းရဲ့ သီလသိက္ခာကြောင့် ပွင့်စေရမယ်။ အတိတ်က ပြုခဲ့တဲ့ ပုဗ္ဗေစ ကတပုညတာဆိုတာ ရှိတယ်ဗျ။ ကံထုပ်တွေ၊ ရိက္ခာထုပ်တွေလေ။ ရှိပါလျက်နဲ့ တစ်ခုသောအကြောင်းကြောင့် ဖုံးနေတာကိုး။ ဒီရဟန်းရဲ့ မေတ္တာဓာတ်အား၊ သီလသိက္ခာဓာတ်အားကြောင့် အဲဒီအန္တရာယ်ကို ဖယ်ပေးနိုင်တယ်။ ဒါရှိပါလျက်နဲ့ မပွင့်တာပြောတာလေ။ အရင်တုန်းက ဘာမျှမလုပ်ခဲ့တဲ့ဟာကို ဘယ်လိုလုပ် ဖွင့်ပေးနိုင်မလဲ။ ပွင့်သင့်ပါလျက်နဲ့ မပွင့်တာကိုလည်း ဒီရဟန်းက တာဝန်ယူရတယ်၊ မရှိတာတော့ ဖွင့်ပေးလို့မရဘူးလေ။ ဓားပြတိုက်ပေးလို့ မရဘူး။ ခိုးပေးလို့ မရဘူး။ ရဟန်းတစ်ပါးရဲ့ တာဝန်က ကိုယ့်ကိုမှီခိုနေတဲ့ ဝေနေယျတွေ မဖြစ်သင့်တဲ့အန္တရာယ် မဖြစ်အောင်လည်း ကာကွယ်ပေးရတယ်။ မိမိရဲ့ သီလသိက္ခာလေ။ ဖြစ်သင့်ပါလျက်နဲ့ မပွင့်တဲ့အကျိုးစီးပွားကိုလည်း ဖွင့်ပေးရပါတယ်။ ရဟန်းတစ်ပါးရဲ့ သတိတစ်လုံးသည် သုံးချက်အလုပ်လုပ်ရတယ်။ သူ့ရဲ့ရဟန်းအသက်လည်း မသေအောင် အမြဲတမ်း မှတ်နေရမယ်။ သူ့ရဟန်းသိက္ခာလည်း ကျမသွားအောင် ဘုရားရှင်နဲ့ အရိယာတို့ထားခဲ့တဲ့ သာသနာတော်ကြီးကိုလည်း မညှိုးမနွမ်းအောင် ကာကွယ်ရမယ်။ မိမိအရိပ်ခိုနေတဲ့ ဝေနေယျတွေ မဖြစ်သင့်တာ မဖြစ်ရအောင်၊ ဖြစ်သင့်တဲ့စီးပွားတွေဖြစ်အောင် ဒီလိုလည်း ကာကွယ်ခြင်း၊ ဖော်ထုတ်ခြင်းလုပ်ပေးရတယ်”

“ရဟန်းတစ်ပါးရဲ့ တာဝန်က အဲဒီသုံးခုကို တာဝန်ယူရတယ်။ရဟန်းတစ်ပါးမှာရှိတဲ့ အပ္ပမာဒသတိက အဲဒီလိုလုပ်ရင်းနဲ့ တစ်ခါတည်း သူ့လမ်းကို ပေါက်အောင် လုပ်ရတယ်။ ဒါယကာ၊ ဒါယိကာမတွေရဲ့ ရိက္ခာထုပ်တွေကိုလေ။ ဒါ ရဟန်းရဲ့ နံပါတ်တစ်ပဲထင်တယ်။ ခုနက ဒါယကာ၊ ဒါယိကာမတွေဘက်က ပစ္စည်းလေးပါးထောက်ပံ့၊ အဲဒါက ဒါယကာ၊ ဒါယိကာမတွေရဲ့ နံပါတ်တစ်လေ။

“အဲဒီပစ္စည်းလေးပါး အထောက်အပံ့ကိုယူပြီး အလွတ်အကျွတ်ကျင့်တာက နံပါတ်တစ်၊ ရဟန်းတွေက အဲဒီလို အကျွတ်အလွတ်ကျင့်လို့ သွားရမယ့်လမ်းသဘော (သို့မဟုတ်) အာရုံကို ခံစားတဲ့နေရာမှာ ငှက်ပျောသီးမှည့်လေး စားရသလိုထင်တယ် ဟဲ့”

“မှန်ပါ့ဘုရား”

"မရှိတာလေးပယ်ပြီး ရှိတာလေးသုံးဖို့ ထင်တယ်။ ကြက်ဆိုတာ ရှိလို့လား။ စားဖူးလား၊ စားရလား၊ လျှာပေါ်မှာ ချိုတာရောက်တော့ ကြက်က ဘယ်တော့မှ မရောက်ဘူး။ ချိုတာကတော့ စားလို့ရတယ်။ စားလိုက်တော့။ မစားရတဲ့ကြက် ပယ်လိုက်တော့။ ပယ်ပုံပယ်နည်း ထင်တယ်။ အဲဒီလို အာရုံကို ခံစားတတ်အောင်(သို့မဟုတ်) မိမိတို့ သွားရမယ့်လမ်းကိုလည်း ဒီလမ်းက ဒီလိုသွား၊ ဒီလိုအာရုံပြု၊ ဒီလိုမှတ်လို့ ဒီလိုလည်း လမ်းပြရမယ်။ ဒါက ရဟန်းရဲ့ နံပါတ်'နှစ်'တာဝန်ထင်တယ်"

"သူကိုယ်တိုင် ဒီလမ်းသွားပြီးပြီ။ သွားပြီးလို့ ဒီလမ်းကြီးကို ဖုန်ထနေအောင် ဖန်တီးပြီးလို့ရှိရင် ကိုယ့်အရိပ်ခိုလှုံတဲ့ ဝေနေယျကိုလည်း ဒီလမ်းက ပြန်ဆွဲရဦးမယ်။ သူတို့ရဲ့ အထောက်အပံ့နဲ့ ကိုယ်က ဒီနေရာရောက်ထားတာမဟုတ်လား။ သူတို့ရဲ့ အထောက်အပံ့နဲ့ ဒီနေရာရောက်ပြီး ဒီလိုအောင်ထားရင် ကိုယ်ရောက်တဲ့ လမ်းအတိုင်း သူတို့ကို ပြန်ပြီး ကျေးဇူးတုံ့ရဦးမယ်။ ဒါယကာ၊ ဒါယိကာမတွေရဲ့ နံပါတ်'နှစ်'တာဝန်က ကိုယ့်ကိုမှီခိုတဲ့ သံဃာတော်တွေရဲ့ ဩဝါဒအဆုံးအမအတိုင်း လိုက်ပြီး ဖဝါးထပ် ကျင့်ရဦးမယ်ဗျာ။ သည်လမ်းကို ရောက်အောင်ပဲ ရဟန်းတစ်ပါးသည် တစ်ဘဝစံ တစ်လမ်းသွားလူတွေချည်းဗျ။ ရဟန်းတစ်ပါးသည် တစ်ဘဝနဲ့ပြီးထင်တယ်။ ဒါကို မေတ္တသုတ်အတိုင်း အကောင်အထည်ဖော်ရမှာထင်တယ်။

"မေတ္တသုတ် အကောင်အထည်ဖော်ကြည့်ပါ။ ဣရိယာပုတ်လေးပါး အကြားအလပ်မရှိထင်တယ်။ တိဋ္ဌံ စရံ နိသန္နောဝ၊ သယာနောယာဝတဿ ဝိတမိဒ္ဓေါ။ ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု–ထင်တယ်။ ကာမေသုဝိနယဂေဓံ ထင်တယ်။ သတိကို အဲဒီလောက်ထိ ဆောက်တည်ရမယ်။ န ဟိဇာတုဂ္ဂဗ္ဘ သေယျ ပုနရေတိဆိုတာ နောက်ထပ် ပဋိသန္ဓေမနေရအောင် လုပ်ရမှာထင်တယ်။ တစ်ဘဝစံတဲ့။ တစ်လမ်းသွား နိဗ္ဗာန်နဲ့လူတွေလို အဆင့်ဆင့် သွားမနေရဘူး။ သူက ဒီကိစ္စတစ်ခုရှိတာကိုး။ လူတွေကတော့ ရှိသမျှဝတ္ထုရားတွေအကုန်လုံး လူတွေခေါင်းပေါ်မှာ မဟုတ်ဘူးလား။ လူတွေ ပခုံးပေါ်မှာ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"လူတွေက မဂ်လာသုတ်နဲ့ညီအောင် လိုက်ခဲ့၊ တစ်ဆင့်ပြီးတစ်ဆင့်တက်ခဲ့။ အသက်(၆၀)ကျော်လာရင် တပေါ်စမဂ်လာအတိုင်း လိုက်နာရမယ်ထင်တယ်။ ဖုဋ္ဌဿ လောကဓမ္မေဟိဆိုရင် ပြီးရမှာထင်တယ်။ လူတွေကို ရဟန်းတစ်ပါးသည် အရိယာထံရောက်ပြီး နတ်ထံရောက်အောင် တင်ခဲ့ရမယ်။ ရဟန်းရဲ့ တာဝန်လေ။ သူကတော့ အကျွတ်အလွတ်သွား၊ လူတွေကို လူဘဝထက် မြင့်အောင်၊ နတ်ပြည်ရောက်အောင် ထားခဲ့တဲ့။ ဘုရားရှင်ကတော့ သူကိုယ်တိုင်ဆုံးအောင် သွားရတာထင်တယ်။ ဝိသာခါတို့၊ အနာထပိဏ်တို့ တုသိတာဘုံမှာ ထားခဲ့တာ မဟုတ်ဘူးလား။ သောတာပန်အဖြစ်နဲ့။ ဒါ ဘုရားလုပ်ပြ သွားတာ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"ဘုရားရှင်ကိုယ်တိုင်က နိဗ္ဗာန်ကို တစ်ဘဝစံ၊ တစ်လမ်းသွားထင်တယ်။ သူ့ဝေနေယျဖြစ်တဲ့ ဥပါသကာ၊ ဥပါသိကာတို့ ဖြစ်တဲ့၊ သူ့ရဲ့ ထောက်ပံ့ရေးတပည့်ဖြစ်တဲ့ အနာထပိဏ်နဲ့ ဝိသာခါ သောတာပန် ဘယ်မှာထားခဲ့သလဲ။ တုသိတာဘုံမှာမဟုတ်ဘူးလား။ နတ်ပြည်မှာ ထားခဲ့တယ် မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"ဒီကနေပြီးတော့ အဆင့်ဆင့်လိုက်ရမှာထင်တယ်။ အဲဒါ ရဟန်းက အဲဒီလိုလမ်းပြပြီး အဲဒီလိုခေါ်ရမှာတဲ့။ တို့လူတွေက အဲဒီလို လမ်းသိပြီး၊ အဲဒီလို လမ်းကြည့်ပြီး အဲဒီလမ်းအရှိအတိုင်း လိုက်ရမှာတဲ့ဗျား။ တို့ဘက်ကလည်း တာဝန်နှစ်ခုရှိတယ်။ တို့ဘက်က တို့တာဝန်ကျေပြီလား။ တို့ ဒါယကာ၊ ဒါယိကာမတွေဘက်ကရော။ သံဃာတော်တွေဘက်က လမ်းတွေပြနေကြတာ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"လမ်းမပြတဲ့ သံဃာတော်ရှိသလား"

"မရှိပါဘုရား"

"သူ့နေရာနဲ့သူ၊ သူ့နည်းနဲ့သူ၊ သူတို့အောင်မြင်ခဲ့တဲ့ လမ်းအတိုင်း သံဃာတော်တွေ ပြနေကြတာဗျာ။ မသွားတတ်စရာလည်း မရှိပါဘူးဗျာ။ ၂၅၀၀–ကျော်ခရီးမှာ ဘုရားရှင်ရဲ့ အရိယာတွေ သွားတတ်တဲ့လမ်းကြီး၊ လမ်းရိုးဗျ၊ လမ်းဟောင်းလမ်းကောင်းဗျ။ အခုမှ ထွင်ထားတာ မဟုတ်ဘူး။ တို့နောက်လိုက်တွေပဲ။ မျက်စိမှိတ်လိုက်တောင်ရတယ်။ ရှေ့သွားမှ မဟုတ်ဘဲနဲ့။

"ဒီလောက်လမ်းမကြီးဖုန်နေတဲ့ဥစ္စာ တို့ဘက်က နံပါတ်'နှစ်'ရှိသေးတယ်။ သွားရလိမ့်ဦးမယ်။ တစ်ဖက်က

လည်း ရိက္ခာ ထောက်၊ တစ်ဖက်ကလည်း ကိုယ့်ဖို့ ကျင့်ပါဦး။ ကိုယ့်ဖို့ကျင့်တော့ ဘယ်လိုကျင့်ရမှာလဲ။ ခုနက စကားစလေးအတိုင်းထင်တယ်။ ရေထဲသွားတဲ့ ခြေလှမ်းတွေဖြစ်အောင်၊ စားစားသွားသွား နားနားနေနေ ဒီအမှတ်လေးနဲ့ တွဲပြီး လေ့ကျင့်စမ်းပါ။ အမှတ်ကလေးက၊ မှတ်ရာလေးပေးတာက အသိလေ။ ဒီသိအောင်လို့ ဝပ်ကျင်းလေး သပ်ပေးတာ။ အမှတ်ကလေးက ဒီနေရာကို သိနေရမှာထင်တယ်။ အမှတ်ကလေးက ဒီနေရာလေးကို တားလိုက်ရင် ဟိုဘက်က ကိလေသာဝင်နိုင်သေးလား"

"မဝင်နိုင်ပါဘုရား"

"ဒီဘက်က သိစိတ်လေးရော အဆင့်မြင့်မသွားဘူးလား။ ကိလေသာနဲ့ စိတ်ကြားကိုလည်း ဒီအမှတ်လေးက တာဝန်ယူ တားထားပေးနေပါတယ်။ ဒီအမှတ်လေးက မှတ်နေရင် ဒီဘက်ကို အရှိအရှိအတိုင်း မသိနိုင်ဘူးလား။ ချိုတာသုံး ချိုတဲ့အသိလေးတော့ ရှိမှာပေါ့။ ဟိုဘက်က ပညတ်ရော ဝင်နိုင်သေးလား"

"မဝင်နိုင်ပါဘုရား"

"ဒီအရှိတရားနဲ့ မရှိတရားကို ဒီသတိလေးက ကြားကနေ စည်းဝင်ခြားနေတာမဟုတ်လား။ စိတ်ကလေးကို အဆင့်ဆင့် ရင့်ကျက်ပြီးတော့ မြင့်မြတ်လာအောင် သတိလေးက တွန်းပေးနေတာ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"ဒီစိတ်ကလေးကို အတင်းမရမက လိုက်စွဲကပ်နေတဲ့ ကိလေသာတွေကိုလည်း ဒီသတိလေးက ခြေထောက်နဲ့နင်းပြီး ကန်ချပေးနေတာမဟုတ်ဘူးလား။ သတိလေးတစ်လုံးလိုက်ရင် ရှာထဲနေရင်ရော ဒီတရား မရနိုင်ဘူးလား။ ကြည့်ပါများ မသိဘူးလား ဟေ့"

"သိနိုင်ပါတယ်ဘုရား"

"မှတ်ပါများ မသိဘူးလားဟေ့။ မှတ်ပါများ သိတာပဲ။ ကြည့်ပါများ သိတာပဲ။ ရဟန်းမှ မဟုတ်ဘူး။ ဒါယကာ၊ ဒါယိကာမတွေလည်း အမှတ်လေးလေ့ကျင့်လုပ်ရလိမ့်ဦးမယ်"

"မှန်ပါ့ဘုရား"

"နံပါတ် 'နှစ်' တာဝန်က ကိုယ်ကိုယ်တိုင် လက်နက်ကလေးတွေ ကိုယ်စီကိုင်လို့ရှိရင် ကိုယ်ကိုယ်တိုင် ကာကွယ်ရေးမဖြစ်နိုင်ဘူးလား။ ကာကွယ်ရေးတပ်ဆိုတာ ကိုယ့်ချည်းမဟုတ်ဘူး။ အများကာကွယ်နေရတာ။ ဟိုတပ်ဆို ဟိုရောက်နေတုန်း ဒီကရန်သူက သတ်သွား၊ ကိုယ်မခံရဘူးလား။ ကိုယ်ကိုယ်တိုင်လက်နက်ကလေးကိုယ်စီနဲ့ လာသမျှ ကိုယ်ကပြန်ပြီးတော့ တိုက်ရင် ကိုယ်ကိုယ်တိုင် ကာကွယ်ရေးတပ်သား မဖြစ်နိုင်ဘူးလား။ တို့ အဲဒီလောက်ထိ လုပ်ရလိမ့်ဦးမယ်ဗျ။ ဘယ့်နှယ်တုံး။ လုပ်နိုင်ပါ့မလား။ ခဲယဉ်းလား။ မအားဘူးရော ပြောဦးမလား။ ကိုယ်လုပ်တဲ့အလုပ်တွေ သတိလေးတင်ထားတာ၊ ဒါလေးလုပ်ရုံပဲ။ အမှုမဲ့အမှတ်မဲ့ နေမယ့်အစား အမှုနဲ့ အမှတ်နဲ့နေဖို့ ပြောတာမဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"ဘုရားရှင်လက်ထက်တုန်းက မာတိကာရွာဆိုတာရှိတယ်။ အဲဒီရွာသူကြီးလုပ်ထုံး။ အဲဒါက တို့တကယ်နမူနာယူဗျာ။ ဘုရားရှင်ဆီကနေ ရဟန်းတော်ခြောက်ကျိပ် (အပါး-၆၀ ပေါ့ဗျာ)။ ကမ္မဋ္ဌာန်းနည်းယူပြီး သင့်လျော်တဲ့နေရာလိုက်ရှာတော့ ဇေတဝန်ကျောင်းတော်နဲ့ ယူဇနာ(၁၂၀)လို့ဆိုတယ်။ တစ်ယူဇနာ ၁၃-မိုင်နှုန်းနဲ့ တွက်ကြည့်ပေါ့။ အဲဒီနေရာမှာ တောင်တန်းရဲ့ တောင်ခြေမှာ မာတိကာဆိုတဲ့ ရွာကြီးရှိသတဲ့။ မာတိကာဆိုတဲ့ မိန်းမကြီး အုပ်ချုပ်တဲ့ရွာမို့ သူ့ကို အမေ အမေလို့ ဝိုင်းခေါ်လို့ မာတိကာခေါ်တယ်လို့ ဆိုကြတယ်"

"သဘာဝရှိတာကတော့ ရွာသူမကြီး အုပ်ချုပ်တဲ့ရွာမို့ သူ့ကို အမေ အမေခေါ်ရတာ။ မာတိကာက ပိုပြီးထင်ရှားပါလိမ့်မယ်။ သူကြီးအမေ ဒီလောက် ဘုန်းမကြီးနိုင်ပါဘူး။ အိမ်ခြေတစ်ထောင်ရှိသတဲ့။ သံဃာတော်ခြောက်ကျိပ်ကြွလာတော့ အဲဒီသံဃာတော်တွေကို ဆီးပြီးတော့ ဝတ်ကြီးဝတ်ငယ်ပြုတယ်။ အရှင်ဘုရားတို့ ဘယ်ကြွမလဲမေးတယ်။ အဲဒီတော့ မထေရ်ကြီးက 'တို့သင့်တင့်လျောက်ပတ်တဲ့၊ ဆိတ်ငြိမ်တဲ့ ကျောင်းအိပ်ရာနေရာလေးများရရင် တရားအားထုတ်မလို့ ဒီကိုလာ တယ်'လို့ မိန့်တယ်။ 'ဒီလိုဆို အရှင်ဘုရားတို့ အဲဒီ ကျောင်းမှာ ပြည့်စုံပါပြီလား'လို့ မေးတယ်။ ရဟန်းတို့ မည်သည် လိုအပ်လို့ရှိရင် ဆိတ်ဆိတ်နေရတယ်။ ဒါဆို မပြည့်စုံသေးဘူးဆိုတာသိတယ်။ အဲဒီတော့ အဲဒီရွာသူမကြီးက စိန့်ခေါ်တယ်။ ရှိသမျှ ရွာသူရွာသားတွေ အကုန်လုံး သွားပြီး သံဃာတော်များ စိတ်ကြိုက်ဖြစ်တဲ့ ဆိတ်ငြိမ်တဲ့ နေရာပေါ့လေ။ ရွာနဲ့ ခွေးသံ ကလေးသံ မကြားမယ့်နေရာဟာ ဆိတ်ငြိမ်တာပဲထင်တယ်။ အနည်းဆုံး တာငါးရာအတွင်း ယူရမယ်။ တာငါးရာဆိုတာ လေးတောင်

တာပဲပေါ့။ လေးတောင် တစ်တာ မဟုတ်ဘူးလား”

“မှန်ပါ့ဘုရာ”

“အဲဒီတော့ တာ(၅၀၀)အကွာ တောအုပ်ထဲမှာ ကျောင်းဆောက်ပေးရတယ်။ ကျောင်းဆောက်ပြီး အဲဒီမှာ သံဃာတော်များ သီတင်းသုံး။ အဲဒီမထေရ်ကြီးက ကတိကဝတ်ပြုတယ်။ ငါ့အရှင်တို့၊ ငါ့တို့ အခုလို ရဟန်းဘဝကို ရောက်နေခြင်းသည် ယခု သည်ကဲ့သို့ တောထွက်ပြီး ကျင့်ခြင်းသည် အစိုးရရဲ့ အပြစ်ဒဏ်ကို ကြောက်လို့ ရှောင်လာတာလည်း မဟုတ်ဘူး။ အလုပ်ကို လက်ကြောတင်းတင်း လုပ်ရမှာလည်း ပျင်းလို့လာကြတာလည်း မဟုတ်ဘူး။သူတစ်ပါးပေးစရာအကြွေးတွေရှိလို့ မျက်နှာပူပြီး ရှောင်လာကြတာလည်း မဟုတ်ဘူး”

“တို့သံသရာက တကယ်လွတ်အောင်လို့ ဒီကို လာကြတာ။ အကြောင်းကိစ္စမရှိဘဲ တစ်ဦးနဲ့တစ်ဦး စကားမပြောကြစတမ်း၊ တစ်နေ့တစ်နေ့ အဲဒီအကြီးအကဲ မထေရ်ကြီးထံမှာ ညနေမှာ တစ်ကြိမ်တည်း ဆုံခွင့်ရှိတယ်။ ကျန်တာ ကိုယ်ဝတ်လေးကို ဆောင်ပြီး တစ်ပါးချင်း၊ တစ်ပါးချင်း ကိုယ့်ဟာနဲ့ ကိုယ်နေကြရမှာကိုး။ တစ်နေ့ကျတော့ ရွာသူမကြီးက ရဟန်းတွေရဲ့ အသုံးအဆောင်ပေါ့လေ။ ထန်းလျက်တို့ ကြံသကာတို့ မဟုတ်ဘူးလား။ ပူနေတဲ့အစာအိမ်က အပူသည် ပြေပျောက်စေရမယ်။ ကိလေသာလည်း အထောက်အပံ့မဖြစ်စေရဘူး။ ထမင်းတို့ ဘာတို့ကျတော့ အစိုင်အခဲ အထောက်အပံ့ မဟုတ်ဘူးလား။ အရည် ချက်ချင်းမပျော်နိုင်တဲ့ဟာတွေလေ”

“အဲဒါတွေက ကိလေသာကို ထကြွစေနိုင်တဲ့အတွက် ရဟန်းများ၊ ဥပုသ်သည်များ၊ ညနေမစားရဘူး။ ထန်းလျက် ကြံသကာမှာလည်း မကျန်းမာတာကလွဲရင် အရည်အဖြစ်သာ သုံးခွင့်ရှိတယ်။ ရဟန်းမှာ ထန်းလျက်ဖြစ်ခဲ့ရင် သံပုရာရည်လေးနဲ့ပေါ့။ အဲဒီလိုပဲ သုံးခွင့်ရှိတယ်။ ဒီပူနေတဲ့ အစာအိမ်ရဲ့ အပူဒဏ်လေး ပြေပျောက်ရုံပဲလေ။ အဲဒီပူနေတဲ့ အစာအိမ်လေးသည်ပင် ရောဂါလို့ စာက သုံးပါတယ်။ ဂိလာနလို့ခေါ်တယ်။ အဲဒီဆာလောင်မွတ်သိပ်မှုပင်လျှင် ရောဂါတစ်ခုလို့ အဓိပ္ပါယ်ရတယ်။ အဲဒါလေးကို ပြေပျောက်ရုံ၊အဲဒါ ရွာသူကြီးက သူ့နောက်လိုက်တွေနဲ့ လာတယ်။ ကြည့်လိုက်တော့ ရဟန်းတစ်ပါးမျှ မတွေ့ဘူး။ ကျောင်းပေါ်လည်း သန့်ရှင်းလို့၊ သူ့နေရာလေးနဲ့ သူလည်း အစီအရီကျနေတာ။ အဲဒီမှာ ဗဟုသုတရှိတဲ့ ဒါယကာတစ်ယောက်က အုန်းမောင်းခေါ်မှာပေါ့လေ။ အချက်ပေးတာ၊ မထေရ်ကြီးကျောင်းမှာ ရှိတာကိုး။ အဲဒါလေးခေါက်လိုက်ရင် ဒီသံဃာတော်တွေ ကြွလာမယ်။ တစ်နေရာရာမှာ ရှိရမယ်ဆိုပြီး အဲဒါလေးခေါက်လိုက်တာ။ အလျှိုလျှို ဟိုနားကတစ်ပါး၊ ဒီနားကတစ်ပါး၊ သူတို့ မှတ်နေရာကနေ ကြွလာကြတယ်။ အမှတ်မလွတ်ဘဲနဲ့ဗျာ”

“စစ်သားသွားရင် လက်နက်အမြဲကိုင်ထားရသလို ထင်တယ်။ သူတို့လည်း အမှတ်မလွတ်ဘဲလာကြတယ်။ အရှင်ဘုရားတို့၊ တပည့်တော်မတို့ ရွာထဲလာတုန်းက ခြောက်ဆယ်လုံး ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်နဲ့ လာကြတယ်။ ဒီမှာ တစ်ပါးစီ ဟိုနေရာနေ၊ ဒီနေရာနေဆိုတော့ အရှင်ဘုရားတို့ တစ်ပါးနဲ့တစ်ပါး စိတ်ဝမ်းကွဲနေကြပြီလားလို့ မေးတယ်ဗျာ”

အဲဒီတော့ မထေရ်ကြီးက “မဟုတ်ဘူး။ တို့ရဟန်းတို့မည်သည်မှာ ဆိတ်ငြိမ်မှုကို အမြဲယူရပါတယ်။ မျက်စိဆိတ်ငြိမ်၊ နားဆိတ်ငြိမ်မှ တို့စိတ်လေးက ဆိတ်ငြိမ်မှာဖြစ်တဲ့အတွက် မျက်စိဆိတ်ငြိမ်၊ နားဆိတ်ငြိမ်တဲ့ နေရာမှာနေပြီး တို့ခန္ဓာဖြစ်ပျက်ကို အမြဲရှုနေရတယ်တဲ့။ ဒါကြောင့် တို့ရဟန်းများဟာ တစ်ဦးနဲ့တစ်ဦး စကားမပြောကြဘူးတဲ့။ သူ့တိုင်းပြည်ရှိတဲ့သူပုန် သူကာကွယ်တာ ထင်တယ်။ ကိုယ့်ခန္ဓာတွင်းရှိတဲ့သူပုန် ကိုယ်ကာကွယ်တာ ထင်တယ်ဟဲ့”

“မှန်ပါ့ဘုရား”

“အဲဒီလို တိုက်ခိုက်ဖျက်ဆီးနေကြရတယ်ဆိုတော့ ရွာသူမကြီးက မေးတယ်။ အရှင်ဘုရား၊ အဲဒီတရားကို တပည့်တော်တို့ မရနိုင်ဘူးလားလို့ မေးတယ်။ ခုနက မထေရ်ကြီးက ဒကာမကြီး၊ဒီဘုရားတရားတော်က ဘယ်သူအားထုတ်မှ ရမယ်ဆိုတာမပါဘူး။ ဘယ်ဘာသာအတွက် ဘယ်တိုင်းပြည်အားထုတ်မှလို့ တိုင်းပြည်အတွက် ဒီလိုမပါဘူး။ ယုံကြည်တဲ့ပုဂ္ဂိုလ်တိုင်း၊ ဆန္ဒအားကောင်းတဲ့ ပုဂ္ဂိုလ်တိုင်း၊ ပြီးတော့ ဘဝဒုက္ခနဲ့ အပါယဒုက္ခ၊ ကာမဒုက္ခက လွတ်မြောက်လိုတဲ့ ပုဂ္ဂိုလ်တိုင်း ဒီတရားအားထုတ်လို့ ရတယ်။ တို့ခုနကဆွေးနွေးခဲ့တဲ့ အပါယဒုက္ခထင်တယ်။ ဒါ သတိနဲ့ကျော်ရမှာ ထင်တယ်ဟေ့။ ဒါပြီး ကာမဒုက္ခဆိုတဲ့ လူ့ဘဝ၊ နတ်ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ပေး ဖျက်ဆီးတာတွေလေ။ ဒီဒုက္ခကလည်း ကျော်ရမှာလေ။ ဒါပြီး

ဘဝဒုက္ခ၊ ဖြဟ္မာ့ဘဝရော ဖြဟ္မာ့ဒုက္ခမရှိဘူးလား”

“ရှိပါတယ်ဘုရား”

“အဲဒီကနေ အရိယာဆီသွားဖို့ရာလေး၊ ဒါ ဘယ်သူမျိုးမဆို လုပ်လို့ရတယ်တဲ့”

“ဒီလိုဆို တပည့်တော်တို့လည်း လုပ်နည်းလေး ပေးစမ်းပါ။ အဲဒီတော့ ရှာထဲဆိုတော့ တောထဲ တရားပေး လို့ ရပါ့မလား”

“မရပါဘုရား”

“မရတာနဲ့ သူ့ရဲ့ကိုယ့်ခန္ဓာကိုယ်ရှိတာကို ပထမ ဆုံး ရေတွက်ပါ။ သုံးဆယ့်နှစ်ကောဋ္ဌာသထင်တယ်။ ကာယဂတာ သတိလေ။ သုံးဆယ့်နှစ်ကောဋ္ဌာသကို ရေတွက်နေတဲ့ပုဂ္ဂိုလ်ဟာ ငါဆိုတာ ရှိဦးမလား”

“မရှိပါဘုရား”

“ငါ့ပစ္စည်းရော ရှိဦးမလား။ ငါပိုင်တယ် ရှိဦး မလား။ သုံးဆယ့်နှစ်ကောဋ္ဌာသရေရင်းနဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အဖျက်တရား ကင်းမနေဘူးလား။ အဲဒီကင်း နေတဲ့ အချိန်မှာရှိနေတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို တစ်ပုံစီ တစ်ပုံစီ ပုံနေတာ၊ ပုံပြီး အဲဒီအပုံလေးတွေရဲ့ ဖြစ်ပျက်ကို ကြည့်ရင်းမတ်တတ်နဲ့ အနိစ္စလက္ခဏာ လှုပ်ရှားပျောက်ကွယ်နေတာလေ။ ဒုက္ခလက္ခဏာ ပျက်စီး နေတာ။ အနတ္တလက္ခဏာ၊ ဆံပင်ဆိုတာ တကယ် မဟုတ်၊ မဟုတ်သဘောမျှကို မြင်အောင်ကြည့်လို့ ပြော လိုက်တာဗျ။ ရှာသူမကြီးက ကာယဂတာသတိလို့ခေါ်တဲ့ ကောဋ္ဌာသကမ္မဋ္ဌာန်းနဲ့ အဲဒီမှာ လက္ခဏာရေးသုံးပါးတင် ရှုနည်း ထင်တယ်။ တစ်ရွာလုံးရော လုပ်လို့ မရဘူးလား”

“ရပါတယ်ဘုရား”

“တို့ ဒီမှာ ကောဋ္ဌာသတွေပေါင်းစုပြီးတော့ ဒီမှာ လူရယ်၊ နတ်ရယ်၊ ယောက်ျားရယ်၊ မိန်းမရယ် ဖြစ်နေ တာ မဟုတ်ဘူးလား။ အဲဒါလေးကို ဖျက်ဆီးကြည့်ခိုင်း တာထင်တယ်။ လူဆိုတာ ဟုတ်မဟုတ်စစ်၊ အဲဒီတော့ သုံးဆယ့်နှစ်ကောဋ္ဌာသ ဖျက်ဆီးတာ ရှိသေးလား”

“မရှိပါဘုရား”

“ယောက်ျားရော သုံးဆယ့်နှစ်ကောဋ္ဌာသတွေ ဖျက်ဆီးတာ ရှိသေးလား။ တို့ကားမှာ ဘာအမျိုးအစား၊ ဘာအမျိုးအစား တစ်ခုစီကို ပုံလိုက်ရင် အမျိုးအစား ရှိသေးလို့လား”

“မရှိပါဘုရား”

“အဲဒီလိုပေါ့။ ဖျက်ဆီးကြည့်၊ ငါ့ပစ္စည်းငါပိုင် တယ်။ တဏှာ မာန ဒိဋ္ဌိ မကပ်သာဘူး။ မကပ်သာတဲ့ အချိန်မှာ ကိုယ့်ခန္ဓာ အရှိ အရှိအတိုင်း မပေါ်နိုင်ဘူးလား။ သတိက ဒီနေရာ မှတ်လိုက်ရင် ဒီနေရာ အသိမဝင်နိုင် ဘူးလား”

“ဝင်နိုင်ပါတယ်ဘုရား”

“အဲဒီမှာတွင် မာတိကာရှာသူမကြီးက ဆယ့်ငါး ရက်အတွင်း အနာဂါမ်အဆင့်နဲ့တကွ ပဋိသမ္ဘိဒါပတ္တ အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။ ဆယ့်ငါးရက် နော်။ မဖြစ်နိုင်ဘူးလား”

“ဖြစ်နိုင်ပါတယ်ဘုရား”

“ဒါ ရှာထဲမှာဗျ။ သူ့ရှာရော မအုပ်ချုပ်ရဘူး လား။ သူ့အိမ်ကိစ္စတွေရော မလုပ်ရဘူးလား”

“လုပ်ရပါတယ်ဘုရား”

“ဒါတွေလုပ်ရင်းနဲ့ သူ မှတ်သွားတာမဟုတ်ဘူး လား”

“မှန်ပါ့ဘုရား”

“ဒါ သတိမြဲတာလေးပဲထင်တယ်။ ဒါ သတိပဲ၊ အဲဒါ အနာဂါမ်အဆင့်နဲ့ အဘိညာဉ်ရပုဂ္ဂိုလ် ဖြစ်ပါတယ်။ တစ်ခါတည်းနဲ့ သူ့နှစ်နံပါတ်တာဝန်ပါ ကျေသွားပြီထင် တယ်”

“အဲဒီတော့ တို့လူ့ဘဝရောက်တုန်း၊ သာသနာ နဲ့ ကြုံတုန်း ဘယ်အာရုံပဲခံစားခံစား ဒီသတိလေးနဲ့ မလွတ်ခံစားဖို့ ဒါ ပြောတာထင်တယ်”

“မှန်ပါ့ဘုရား”

“သတိလေးနဲ့ တွဲဖက်ပြီးတော့ ခံစားတဲ့အကျင့် လေးကို ကျင့်ပေးစမ်းပါ။ ပြီးတော့ စားစား၊သွားသွား၊ နားနား၊ နေနေ ဒီသတိမလွတ်ဘဲနဲ့ စားတတ်၊ သွား တတ်၊ နားတတ်၊ နေတတ်အောင် ဒီသတိလေးနဲ့ တွဲဖက် ပြီး ကျင့်ပေးစမ်းပါ။ ဒီလိုဆိုရင် ရှာထဲအလုပ်လည်း လုပ်ရ သေးတယ်။ အာရုံကိုသုံးပြီးတော့ သုံးရုံသာသုံးပြီး မစွဲတဲ့ နေရာရောက်ရမယ်။ မစွဲဘူးဆိုရင် မရောက်ချင်ပါဘူး ဆိုတဲ့ အပါယ်လေးဘုံ ရောက်ပါဦးမလား”

“မရောက်ပါဘုရား”

“ဆုတောင်းနေဖို့ မလိုပါဘူး။ တကယ်လုပ် လိုက်ရင် အဟုတ်ရောက်သွားမှာပါ။ ဒီလိုရောက်အောင် လည်း သာသနာနဲ့ ကြုံတုန်း ကြိုးစားကြပါဦး”

“သာဓု ...သာဓု ...သာဓု”

■



# ကောင်းခြင်းလေးပါး၊ လူ့စွမ်းအား

တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်

သုံးလို့ဖြစ်နိုင်တဲ့ ဘဝတစ်ခု ဆိုတာ ဆွေကောင်း မျိုးကောင်း၊ မိတ်ကောင်း ဆွေကောင်း၊ ပစ္စည်းဥစ္စာ၊ ကျန်းမာရေး၊ ကိုယ်ကျင့်သီလ၊ အယူမှန်သမ္မာဒိဋ္ဌိအားဖြင့် (၅)မျိုးနဲ့ ပြည့်စုံရတယ်။ ဒါန၊သီလ၊ဘာဝနာ လုပ်ငန်းပိုင်းဆိုင်ရာ အနှစ်သုံးပါး ရှိရင် အဲဒီပြည့်စုံခြင်း (၅)မျိုးကို လွယ်လွယ်နဲ့ ရနိုင်သလိုပဲ၊ အဲဒီ (၅)မျိုး ပြည့်စုံနေရင်လည်း ဒါန၊ သီလ၊ ဘာဝနာ အနှစ်သုံးပါးကို ရအောင်ယူဖို့ မခက်ခဲတော့ပါဘူး။

အဒီအပြည့် (၅)မျိုးထဲမှာ ဆွေမျိုး၊ ပစ္စည်းဥစ္စာ၊ ကျန်းမာရေး (၃)မျိုး ပြည့်စုံရုံနဲ့တော့ သုဂတိဘဝ ရောက်ရေး၊ မဂ်ဖိုလ်နိဗ္ဗာန်ရရေး အတွက် အာမ မခံနိုင်သေး၊ စိတ်မချရသေးဘူး။ ကိုယ်ကျင့်သီလနဲ့ အယူမှန်သမ္မာဒိဋ္ဌိလို့ဆိုတဲ့ နောက်နှစ်မျိုးနဲ့ ပြည့်စုံမှသာ ကောင်းရာရောက်နိုင်ရေးအတွက် စိတ်ချရပါတယ်။ အဲဒီ အပြည့်(၅)မျိုးထဲမှာ ရှေ့သုံးမျိုးကို သဒ္ဓါ သတိ ပညာနဲ့ အဖိုးတန်အောင် သုံးတတ်ဖို့လိုသလို နောက်နှစ်မျိုးကိုတော့ အဆင့်ဆင့် မြင့်မားတိုးတက်သွားအောင် လူ့စွမ်းရည်နဲ့ အချိန်မီ မြှင့်တင်ပေးဖို့ လိုပါတယ်။

အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ လူများအတွက် ကောင်းခြင်း(၄)ပါး မြတ်တရားကို ဘုရားရှင်ဟောကြားထားပါတယ်။ လူ့စွမ်းအား (၄)ပါးလို့ခေါ်ရင် ဖြစ်သလို လူ့တန်ခိုး(၄)မျိုးလို့လည်း ခေါ်နိုင်တာပါပဲ။ အဲဒီ (၄)ပါးဆိုတာက–

(၁) ရှာဖွေမှုစွမ်းရည်၊
(၂) အသုံးချမှုစွမ်းရည်၊
(၃) ထိန်းသိမ်းမှုစွမ်းရည်၊

(၄) ခံနိုင်ရည်ရှိမှုစွမ်းရည်တို့ပါပဲ။

အဲဒီ(၄)ပါးထဲမှာ ရှာဖွေမှုစွမ်းရည်လို့ခေါ်တဲ့ ပထမကောင်းခြင်းတရားဆိုတာ ခန္ဓာက တာဝန်ပေးထားတဲ့ စားဝတ်နေရေးအတွက် ပစ္စည်းဥစ္စာရှာဖွေရေးရယ်၊ သဒ္ဓါတရားက တာဝန်ပေးထားတဲ့ ဆင်းရဲဒုက္ခ လွတ်မြောက်ရေးအတွက် ကောင်းမှုတရား ရှာဖွေရေးရယ်၊ အဲဒီလို ပစ္စည်းဥစ္စာရော တရားဓမ္မပါ တွဲပြီး မိမိ၊ သူတစ်ပါး၊ ပစ္စုပ္ပန်၊ တမလွန် လောက သာသနာအတွက် တရားတဲ့နည်းလမ်းနဲ့ ရနိုင်သမျှ လိမ္မာပါးနပ်စွာ ကြိုးစားပြီး ရှာဖွေနိုင်တာကို ဆိုလိုတာပါ။ အဲဒါမှ ရှာဖွေမှု လူ့စွမ်းရည်နဲ့ ပြည့်စုံနိုင်ပါတယ်။ လူတွေက စီးပွားရှာရင် "လောဘကြီးတယ်"ပဲ ထင်ကြတယ်။ လောဘကြီးသူတွေလည်း အများကြီး ရှိတော့ရှိပါတယ်။ သို့သော်လည်း လောဘမကြီးဘဲနဲ့ သဒ္ဓါ၊ မေတ္တာ၊ ပညာကြီးသူတွေလည်း ရှိပါတယ်။ သဒ္ဓါ–ပညာ–မေတ္တာကြီးလို့ ပစ္စည်းဥစ္စာ ရှာနေတဲ့သူတွေ အများကြီးပါ။

ဒုတိယ ကောင်းခြင်းတရားက ရှာဖွေလို့ ရလာတဲ့ ပစ္စည်းဥစ္စာတွေကို ခွဲခြမ်းဝေဖန် သုံးဆောင်မှုမှာ လိမ္မာကျွမ်းကျင်ခြင်းလို့ဆိုတဲ့ အသုံးချမှု စွမ်းရည်ပါ။ အသုံးချတဲ့အခါမှာ သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ အကွက်စေ့အောင် 'ကုသိုလ်လည်းရ ဝမ်းလည်းဝ'ဆိုတဲ့ အထက်တန်းစားလမ်းစဉ်နဲ့ သွားနိုင်အောင် တန်ဖိုးရှိရှိ အသုံးချမှု ပိုင်နိုင်မှ အသုံးချမှုစွမ်းရည်နဲ့ ပြည့်စုံနိုင်ပါတယ်။ ဟာပြီးတော့လည်း မနေစေရဘူး၊ လိုပြီးတော့လည်း မနေစေရဘူး။ မလိုအပ်တဲ့နေရာမှာ ပုံအောပြီးတော့ သွန်ချတာမျိုးလည်း မရှိစေရဘူး။ အားလုံးအကွက်စေ့နေအောင် သုံးတတ်ရမယ်။ သုံးစွဲတဲ့အခါ လောဘနဲ့ ဒရွတ်တိုက်ပြီးတော့လည်း မသွားရဘူး၊ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ အောက်ခြေလွတ်ပြီးတော့လည်း မသွားရဘူး။ မိမိရဲ့ ပစ္စည်းဥစ္စာနဲ့ မိမိ–သူတစ်ပါး၊ မိတ်ဆွေ–မိသားစု၊လောက–သာသနာ စွမ်းနိုင်ရာမှာ တင့်တယ်ထည်ဝါအောင် အလှဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် ကျန်ရစ်ခဲ့ရမယ်၊ ဒါမှ အသုံးချမှုစွမ်းရည်နဲ့ ပြည့်စုံတယ်လို့ ဆိုရပါတယ်။


တတိယ ကောင်းခြင်းတရားက စီးပွား၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်သိန် အရှိန်အဝါများ ရရှိတိုးတက်လာတဲ့အခါ မမော်မကြွား မထောင်မလွှားဘဲ၊ အလွဲသုံးစားမပြုဘဲ ဣန္ဒြေရရ သိက္ခာရှိရှိ ထိန်းသိမ်းထားတတ်တဲ့ ထိန်းသိမ်းမှုစွမ်းရည်ပါပဲ။ ရလာရင် ထိန်းသိမ်းမှုစွမ်းရည်ကောင်းမှ အရည်အသွေးတက်ပြီး တောက်ပြောင်ပါတယ်၊ ကြာကြာလည်း တည်ပါတယ်။ရလာတဲ့ ဥစ္စာနဲ့ အရှိန်အဝါတွေကို ဆိုင်ရာကျင့်ဝတ် စည်းကမ်းကို လိုက်နာလေးစားတတ်တဲ့ သီလသိက္ခာနဲ့လည်း ထိန်းထားနိုင်ရမယ်။ တည်ငြိမ်ရင့်ကျက်အောင် လေ့ကျင့်ထား တဲ့ သမာဓိသိက္ခာနဲ့လည်း ပိပိရိရိ ထိန်းသိမ်းတတ်ရမယ်။ ပစ္စည်းဥစ္စာ အရှိန်အဝါတွေဟာ အကြောင်းညီတုန်း ခဏသာ ဆိုင်ခွင့်ပေးထားတာဖြစ်တယ်။ ထာဝရအပိုင်ပေးထားတာတွေ မဟုတ်ဘူး၊ အကြောင်းချွတ်ယွင်းလာတာနဲ့ တစ်ပြိုင်နက်ပျောက်ကွယ်သွားနိုင်တယ်။ဒါကြောင့် ဆိုင်ခွင့်ရတုန်း အဖိုးတန်အောင် သုံးရမယ်လို့ စဉ်းစားဆင်ခြင်တတ် တဲ့ ပညာသိက္ခာနဲ့လည်း ထိန်းတတ်ရမယ်။ ဒါမှ ထိန်းသိမ်းမှုစွမ်းရည်နဲ့ ပြည့်စုံနိုင်ပါတယ်။

စတုတ္ထ ကောင်းခြင်းတရားက ခံနိုင်ရည်ရှိမှု စွမ်းရည်ပါ။ လူ့ရဲ့စိတ်ဆိုတာ အကောင်းအဆိုးအာရုံပေါင်းများစွာနဲ့ ထိတွေ့ဆက်ဆံနေရတာဆိုတော့ မိမိနဲ့သက်ဆိုင်ခွင့်ရထားတဲ့ သက်ရှိသက်မဲ့တွေ အချိန်စေ့လို့ပဲဖြစ်ဖြစ်၊ အချိန်ပင် မစေ့သေးသော်လည်း အကြောင်းအားလျော်စွာ ပျောက်ကွယ်ပျက်စီး ဆုံးရှုံးရတဲ့အခါမျိုးမှာ မပူမဆွေး စိတ်အေးစွာဖြင့် သက်ရှိသက်မဲ့တွေ လက်ထဲက လွတ်သွားပေမယ့် တရားသတိ၊ တရားအသိ၊ တရားအင်အားတွေ လွတ်မသွားရအောင် ကြည်လင်အေးမြတည်ငြိမ်စွာ စိတ်ကို ထားနိုင်တဲ့ စွမ်းအားတန်ခိုးပါ။ ဒီလေးမျိုးပြည့်စုံမှ လူ့စွမ်းရည်နဲ့ ပြည့်စုံပြီး လူပီသတဲ့သူ ဖြစ်နိုင်ပါတယ်။

"အကျဉ်းချုပ် ဆောင်ပုဒ်"

- စီးပွားကိုရှာ၊ ကျွမ်းကျင်ရာ၊ ကောင်းတာ လူ့စွမ်းရည်။
- ဥစ္စာကိုခွဲ၊ မျှသုံးစွဲ၊ ကောင်းမြဲ လူ့စွမ်းရည်။
- စည်းစိမ်တိုးပွား၊ မမော်ကြွား၊ ကောင်းငြား လူ့စွမ်းရည်။
- စီးပွားပျက်မူ၊ စိတ်မပူ၊ မှတ်ယူ လူ့စွမ်းရည်။
- စွမ်းရည်လေးရပ်၊ ပြည့်စုံလတ်၊ ကောင်းမြတ်လူခေါ်သည်။

■



# သူတော်ကောင်းတို့နှလုံးသား (၃)

**တော်ဝင်နွယ်**

## အရှင်မောဂ္ဂလ္လာန်၏ နှလုံးသား

ဘုရားရှင်တစ်ဆူ ပွင့်တော်မူတိုင်း အဂ္ဂသာဝကတစ်စုံစီ ပါတော်မူလေ့ရှိရာ ရှေးရှေးသော ဘုရားရှင်တို့ရဲ့ အဂ္ဂသာဝကတို့ကား

မည်သို့၊ မည်ပုံရှိမယ်ဆိုတာ မှန်းဆပြီး ကြည်ညိုလို့ မရနိုင်ပေမယ့် စာရေးသူတို့၏ ကိုးကွယ်ရာ ရှင်တော်ဘုရားရဲ့ အဂ္ဂသာဝက အစုံတော်ကတော့ နေနဲ့လ၊ ရွှေနဲ့မြပမာ အင်မတန် တင့်တယ်တော်မူလှပါတယ်။

ဓမ္မရာဇာဖြစ်တော်မူတဲ့ ရှင်တော်ဘုရားမှာ လက်ယာတော်ရံ ဓမ္မသေနာပတိအရှင်မြတ်နဲ့ လက်ဝဲတော်ရံ ဓမ္မပုရောဟိတ် အရှင်မြတ် (၂)ပါး ရှိတော်မူပါတယ်။ လက်ယာတော်ရံ ဓမ္မသေနာပတိဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ဖြစ်ပြီး လက်ဝဲတော်ရံ ဓမ္မပုရောဟိတ်က အရှင်မောဂ္ဂလ္လာန်မထေရ်မြတ် ဖြစ်တော်မူပါတယ်။ မြင်းမိုရ်တောင်မင်းနဲ့ တူတော်မူတဲ့ ရှင်တော်ဘုရားကို လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်က "လပြည့်ဝန်းကြီးပမာ"တည်ကြည်အေးချမ်းစွာ ရွှန်းပတော်မူသကဲ့သို့ လက်ဝဲတော်ရံ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ကလည်း "နေမင်းကြီးပမာ" ခိုင်ကြည်နွေးထွေးစွာ ထွန်းပတော်မူပါတယ်။ လောကကောင်းကျိုး သယ်ပိုးတဲ့နေရာမှာ အရှင်သာရိပုတ္တရာက ခန္တီ၊ မေတ္တာအားကြီးစွာနဲ့ ငြိမ်းချမ်းစွာ ဆောင်ရွက်တော်မူတတ်တာမို့ မထေရ်မြတ်ကို "လပြည့်ဝန်း"နဲ့ တင်စားတော်မူပြီး အရှင်မောဂ္ဂလ္လာန်ကတော့ သမာဓိ၊ ပညာအားကြီးစွာနဲ့ ရဲရင့်စွာ ဆောင်ရွက်တော်မူတတ်တာမို့ "နေမင်းကြီး"နဲ့ ခိုင်းနှိုင်းတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ကြီးရဲ့ နှလုံးသားရုပ်ပုံလွှာကို ရေးဖွဲ့ပူဇော်ဖို့ စဉ်းစားတွေးတောမိတဲ့အခါ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးရဲ့ အင်မတန် ခိုင်မြဲလှတဲ့ မိတ်ဆွေဖြစ်မှု၊ အကျိုးလိုလားတဲ့ ဆက်နွယ်မှု၊ ရင်းနှီးကျွမ်းဝင်လှတဲ့ နှောင်ဖွဲ့မှုကို လှပကြည်နူးစွာ ဖူးတွေ့ရပါတယ်။ အရှင်မြတ်နှစ်ပါးဟာ အနောမဒဿီ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ဆုထူးပန်တော်မူခဲ့ချိန်ကစပြီး တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး လွန်စွာချစ်ကျွမ်းဝင်တဲ့ ပါရမီဖြည့်ဖက်သူငယ်ချင်းနှစ်ဦး ဖြစ်ခဲ့ကြကာ နောက်ဆုံးဘဝမှာလည်း ရာဇဂြိုဟ်မြို့အနီးက ရွာကြီးနှစ်ရွာမှာ အင်မတန် ချစ်ကျွမ်းဝင်တဲ့ သူငယ်ချင်းနှစ်ဦး ဖြစ်လာခဲ့ပါတယ်။

အတူတူဆော့ကစား၊ အတူတူကြီးပြင်း၊ အတူတူပျော်ပွဲဝင်၊ အတူတူသံဝေဂရ၊ အတူတူတရားရှာကြကာ နောက်ဆုံး ရှင်တော်ဘုရားထံ အတူတူရောက်ရှိလာကြပြီး အဂ္ဂသာဝက အတူတူဖြစ်တော်မူကြပါတယ်။ သီချင်းတွေ၊ ကဗျာတွေထဲမှာ မကြာခဏ တွေ့ရတတ်တဲ့ နှစ်လွှာပေါင်းမှ တစ်ရွက်တည်းဆိုတဲ့ "စွယ်တော်ရွက်"ဥပမာဟာ အရှင်မြတ်နှစ်ပါးရဲ့ ပါရမီခရီးကို အတိအကျ ထင်ဟပ်ပေါ်လွင်စေပါတယ်။ အရှင်မြတ်နှစ်ပါးရဲ့ တစ်ဦးအပေါ် တစ်ဦး ကတိသစ္စာရှိမှု၊ ငဲ့ညှာထောက်ထားမှု၊ ရင်းနှီးကျွမ်းဝင်မှု၊ ချစ်ကြည်လေးစားမှုတွေဟာ လက်ဖျစ်ရိုက်တီး အံ့ချီးဖွယ်ဖြစ်ရုံမျှမက အတုယူလိုက်နာဖွယ် နမူနာကောင်းများလည်း ဖြစ်ကြပါတယ်။

တစ်ချိန်တုန်းက အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်တို့ဟာ ရာဇဂြိုဟ်မြို့နားက "ကပေါတကန္ဒရာ" လို့ ခေါ်တဲ့ ခိုတောင်ကြားမှာ သီတင်းသုံးနေတော်မူကြပါတယ်။ တစ်နေ့တော့ ဆံတော်ရိတ်ပြီးစ အရှင်သာရိပုတ္တရာဟာ လသာသာ ညချမ်းအချိန် ဟင်းလင်းပြင် လွင်တီးခေါင်မှာ သက်န်းကြီးကို ရုံတော်မူပြီး ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူကာ ဖလသမာပတ် ဝင်စားနေတော်မူပါတယ်။ အဲဒီအချိန်မှာ ဝေဿဝဏ်နတ်မင်းကြီးထံက ပြန်လာတဲ့ ဘီလူးနှစ်ကောင်ထဲက တစ်ကောင်ဟာ လရောင်ကြောင့် ပြောင်လက်နေတဲ့ အရှင်သာရိပုတ္တရာရဲ့ ဦးခေါင်းတော်ကို အဖော်ဘီလူးတားမြစ်နေတဲ့ကြားက လက်ဝါးနဲ့ ပြင်းထန်စွာ ရိုက်ချလိုက်ပါတယ်။ အဲဒီဘီလူးရဲ့ ရိုက်ချက်ဟာ ၇–တောင်လောက်မြင့်တဲ့ ဆင်ပြောင်ကို မြေကြီးထဲ နစ်ဝင်သွားလောက်အောင် (ဒါမှမဟုတ်) ကျောက်တောင်ထွတ်ဆိုရင်လည်း ကြေမွပြိုကွဲသွားလောက်အောင် ပြင်းထန်လှပါတယ်။

အရှင်သာရိပုတ္တရာကို ဘီလူးရိုက်ချလိုက်တဲ့ အချိန်မှာပဲ အရှင်မောဂ္ဂလာန်ကလည်း သူငယ်ချင်းဖြစ်သူကို လှမ်းကြည့်လိုက်တာနဲ့ ဆုံနေပါတယ်။ ဘီလူးရိုက်ချလိုက်တာကို မြင်လိုက်ရတဲ့ အရှင်မောဂ္ဂလ္လာန်ဟာ အလျင်အမြန် ကြွလာတော်မူပြီး အရှင်သာရိပုတ္တရာကို "အရှင်ဘုရား၊ နေသာရဲ့လား၊ မျှတရဲ့လား၊ ဘယ်လိုနေပါသလဲ"လို့ မေးတော်မူတဲ့အခါ အရှင်သာရိပုတ္တရာက သမာပတ်မှ ထတော်မူလာပြီး

“ငါ့ရှင်မောဂ္ဂလ္လာန်၊ နေသာပါတယ်၊ မျှတပါတယ်၊ ဒါပေမယ့် ခေါင်းတော့ နည်းနည်းကိုက်တယ်”လို့ ပြန်လည်ဖြေကြားတော်မူပါတယ်။

အဲဒီအခါ အရှင်မောဂ္ဂလ္လာန်က “အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ဘုန်းတန်ခိုးကြီးမားတော်မူလှပါပေတယ်၊ အရှင်ဘုရား မသိလို့သာ၊ အရှင်ဘုရားရဲ့ ဦးခေါင်းတော်ကို ဘီလူးတစ်ကောင်ဟာ ပြင်းထန်စွာ ရိုက်ချပြီး အခုမြေကြီးထဲဝင်ကာ အဝီစိငရဲ ကျသွားပါတယ်၊ ဒီလိုဖြစ်တာတောင် အရှင်မြတ်မှာ ဒုက္ခအကြီးအကျယ်မဖြစ်တာ အင်မတန်အံ့ချီးထိုက်ပါတယ်ဘုရား”လို့ ချီးမွမ်းစကား လျှောက်ထားတော်မူပါတယ်။ အရှင်သာရိပုတ္တရာကလည်း “အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ဟာ အလွန့်အလွန် တန်ခိုးအာနုဘော်ကြီးပါပေစွ၊ နတ်ဘီလူးတွေကိုတောင် မျက်စိနဲ့ တပ်အပ်ထင်ထင် မြင်နိုင်စွမ်း ရှိပါပေစွ၊ တပည့်တော်တို့မှာကား နတ်ဘီလူးကို မဆိုထားဘိနဲ့၊ တစ္ဆေပြိတ္တာလေးကိုတောင်မှ မမြင်နိုင်ဘူး”လို့ တုံ့ပြန်ချီးကျူးတော်မူပါတယ်။

သူငယ်ချင်း ရဟန္တာအရှင်မြတ်ကြီး(၂)ပါး၊ တစ်ပါးကိုတစ်ပါး အပြန်အလှန် ချစ်ကြည်လေးစားစွာနဲ့ ချီးကျူးစကား ဆိုတော်မူနေတဲ့ ဒီရှုခင်းကလေးဟာ ပရိယာယ်မပါ၊ မာယာမနှော၊ သဘောဖြူ အူစင်းတော်မူတဲ့ သူတော်ကောင်းတို့ရဲ့ နှလုံးသွင်းနဲ့ ယဉ်ကျေးပျူငှာတတ်တဲ့ သူတော်ကောင်းတို့ရဲ့ နှလုံးသားကို တစ်စွန်းတစ်စ လှစ်ဟဖော်ပြနေတာပဲ ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာ အမိန့်ရှိသလိုပဲ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ဟာ အင်မတန် ဘုန်းတန်ခိုးကြီးတော်မူပါတယ်၊ တန်ခိုးအရာမှာ အရှင်မောဂ္ဂလာန်ကို မီသူ၊ ယှဉ်နိုင်သူဆိုတာ ရှင်တော်ဘုရားကလွဲလို့ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သောင်းမှာ တစ်ယောက်မျှ မရှိပါဘူး။ အရှင်မောဂ္ဂလ္လာန်ဟာ မြင်းမိုရ်တောင်ကို သွားကြားမှာထားပြီး မုံညင်းစေ့ကလေးလို ပရိသတ်အလယ်မှာ ဝါးစားပြနိုင်သလို မဟာပထဝီမြေကြီးကိုလည်း ဖျာတစ်ချပ်လို ခေါက်လိပ်ပြီး လက်ချောင်းကြားထဲမှာ ညှပ်ထားနိုင်ပါတယ်။ ဒါကြောင့်မို့လည်း မထေရ်မြတ်ဟာ နန္ဒောပနန္ဒနဂါးမင်းကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပြီး တန်ခိုးအရာမှာလည်း ဧတဒဂ်ရတော်မူခဲ့တာပါ။

အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ဟာ တန်ခိုးအရာမှာ ဧတဒဂ်ရထားသူပီပီ တန်ခိုးဣဒ္ဓိပါဒ်အစွမ်းနဲ့ သူတစ်ပါးရဲ့ ချမ်းသာမှုကို ရှာဖွေပြုလုပ်လေ့ရှိပါတယ်။ တန်ခိုးတော်နဲ့ တစ်ခါတစ်ရံ ငရဲပြည်သို့ ကြွတော်မူကာ ငရဲမီးတွေကို အေးမြအောင် ဖန်ဆင်းပြီး၊ ငရဲသားတွေကို သက်သာရာ ရစေသလို၊ လှည်းဘီးပမာဏလောက်ရှိတဲ့ ကြာပွင့်ကြီးကို ဖန်ဆင်းပြီး၊ အဲဒီကြာပွင့်ကြီးထက်မှာ ထိုင်တော်မူကာ ငရဲသားတွေကို တရားလည်း ဟောကြားတော်မူပါတယ်။

တစ်ခါတစ်ရံ နတ်ပြည်၊ ဗြဟ္မာပြည် ကြွတော်မူပြီး နတ်သား၊ နတ်သမီးတွေရဲ့ ကုသိုလ်ကောင်းမှုတွေကို ရှုစမ်းဖော်ထုတ်ကာ သစ္စာလေးပါးတရားကို ဟောကြားတော်မူတတ်ပါတယ်။ နတ်ပြည်၊ ငရဲပြည်က ပြန်ကြွလာတော်မူပြီးတဲ့အခါ လူ့ပြည်က ဒကာ၊ဒကာမ ပရိသတ်တွေကို နတ်ပြည်ရဲ့ ချမ်းသာ၊ ငရဲပြည်ရဲ့ ဆင်းရဲမှုတွေကို သက်သေသာဓကအဖြစ် ထုတ်ဖော်ပြသကာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို အထူးပေါ်လွင်စေပါတယ်။ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ရဲ့ သွန်သင်ဟောကြားမှုကြောင့် သောင်းနဲ့ချီတဲ့ မိသားစုတွေဟာ သာသနာတော်ကို ယုံကြည်သက်ဝင်လာကြပါတယ်။

ရှင်တော်ဘုရားဟာ ခဲရာခဲဆစ် ချေချွတ်ရမယ့်ကိစ္စတွေမှာ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ကိုပဲ များသောအားဖြင့် စေလွှတ်တော်မူတတ်ပါတယ်။ အရှင်မောဂ္ဂလ္လာန်ကလည်း တန်ခိုးဣဒ္ဓိပါဒ်ကို အခြေခံတဲ့ ဟောကြားဆုံးမမှုနဲ့ ရာဇဂြိုဟ်ပြည်က ကပ်စေးနဲ နှမြောရာမှာ စံချိန်တင်ရမယ့် မစ္ဆရိယကောသိယ သူဌေးလို ပုဂ္ဂိုလ်ပေါင်းများစွာကို အကျွတ်တရား ရစေနိုင်ခဲ့ပါတယ်။ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ဟာ နတ်စည်းစိမ်ယစ်မူးသွားလို့ ရှင်တော်ဘုရား ဟောကြားတော်မူလိုက်တဲ့ တရားမေ့ပျောက်သွားတဲ့ သိကြားမင်းကို သူစံမြန်းရာ ဝေဇယန္တာနန်းတော်ကြီး ကျွမ်းထိုးမှောက်ခုံဖြစ်အောင် ပြုလုပ်ပြီး သတိတရားရစေခဲ့သလို၊ ရှင်တော်ဘုရား သီတင်းသုံးတော်မူရာ ပုဗ္ဗာရုံကျောင်းတော်ကြီး မှာ မဟုတ်တရုတ်စကားတွေပြောပြီး အချိန်အလကားဖြုန်းနေတဲ့ ရှင်ရဟန်းတွေကိုလည်း ထိတ်လန့်သွား

အောင် ကျောင်းပြာသာဒ်ကြီးကို ခြေမနဲ့တွန်းလှဲပြီး ဆုံးမတော်မူခဲ့ပါတယ်။

ရှင်တော်ဘုရားရဲ့ တပည့်သား သံဃာထုဟာ လောကရဲ့ အကျိုးစီးပွားကို ရှာဖွေပြီး၊လောကရဲ့ ချမ်းသာသုခကို ဆောင်ကြဉ်းပေးဖို့ ပေါ်ပေါက်တော်မူခဲ့တာပါ။လောကရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တော်မူတဲ့နေရာမှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်(၂)ပါးဟာ မဟာဗျူဟာချင်း တူညီပြီး နည်းဗျူဟာတွေက ကွဲပြားကြပါတယ်။ စေတနာချင်း တူညီပြီး လုပ်နည်းလုပ်ဟန်တွေက ခြားနားကြပါတယ်။

အရှင်သာရိပုတ္တရာမထေရ်ဟာ များသောအားဖြင့် တစ်ဖက်သားရဲ့ စိတ်တွင်းအခြေအနေမှန်ကို လမ်းညွှန်ပြုပြင်ပေးမှု (အာဒေသနာပါဋိဟာရိယ)ကို အခြေခံ ရွေ့သွားပြုကာ နောက်မှတရားဟောပြဆုံးမမှု (အနုသာသနီပါဋိဟာရိယ)ကို အသုံးပြုတော်မူလေ့ရှိပြီး၊အရှင်မောဂ္ဂလ္လာန်မထေရ်ကတော့ များသောအားဖြင့် တန်ခိုးတော်နဲ့ တစ်ဖက်သားရဲ့ စိတ်တွင်း ကိလေသာခေါင်းပါးအောင် ပြုမှု (ဣဒ္ဓိပါဋိဟာရိယ)ကို အခြေခံ ရွေ့သွားပြုကာ နောက်မှ တရားဟောပြဆုံးမမှု (အနုသာသနီပါဋိဟာရိယ)ကို အသုံးပြုတော်မူလေ့ရှိပါတယ်။

အရှင်မောဂ္ဂလ္လာန်ဟာ မကောင်းမှုကို စက်ဆုပ်ရွံရှာသူပီပီ မကောင်းမှုပြုသူများကို ရဲရဲဝံ့ဝံ့ နှိမ်နင်းတော်မူတတ်ပါတယ်။တစ်ချိန်က ရှင်တော်ဘုရားနဲ့ ရဟန်းသံဃာထုဟာ ဥပုသ်ပြုဖို့ သိမ်တစ်ခုအတွင်းမှာ စုဝေးမိကြပါတယ်။ ရဟန်းပရိသတ်ထဲမှာ သီလမရှိတဲ့ပုဂ္ဂိုလ် (ဒုဿီလ)တစ်ပါး ပါဝင်နေတာမို့ မြတ်စွာဘုရားဟာ ဥပုသ်ပြုတော်မမူပါဘူး။ ဒီလိုနဲ့ ညဥ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ ကျော်လွန်လာတဲ့အခါမှာတော့ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ရဟန်း သံဃာအပေါင်းဟာ ထိုင်နေရတာ ကြာမြင့်လှပါပြီ၊ ဥပုသ်ပြုဖို့ အချိန်တန်ပြီဖြစ်ပါကြောင်း" လျှောက်ထားတဲ့အခါ ရှင်တော်ဘုရားက "အာနန္ဒာ၊ ပရိသတ်မစင်ကြယ်ဘူး"လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီအခါ အရှင်မောဂ္ဂလ္လာန်ဟာ အဘိညာဉ်တန်ခိုးနဲ့ ကြည့်တော်မူလို့ ဒုဿီလပုဂ္ဂိုလ်ကို တွေ့ရတဲ့အတွက် ဥပုသ်ပြုရာသိမ်မှ ထွက်ခွာသွားဖို့ သုံးကြိမ်သုံးခါ သတိပေးတော်မူပါတယ်။ ဒီလို သုံးကြိမ်သုံးခါ သတိပေးပါလျက် မရတဲ့အဆုံး အရှင်မောဂ္ဂလ္လာန်ဟာ ဒုဿီလပုဂ္ဂိုလ်ရဲ့ လက်မောင်းကို ကိုင်ဆွဲပြီး အပြင်ဘက်ကို ခေါ်ထုတ်သွားကာ သိမ်တံခါးကို ပိတ်ထားလိုက်ပါတယ်။ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ဟာ တစ်ယောက်နဲ့အများ အကျိုးစီးပွားယှဉ်လာရင် အများကို ငဲ့ညှာတတ်ပြီး အများစုနဲ့ သံဃာထု ယှဉ်လာရင်တော့ သံဃာထုရဲ့အကျိုးစီးပွားကို ထောက်ထားတော်မူတတ်ပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရား စာတုမရွာအနီး သျှစ်သျှားတောမှာ သီတင်းသုံးနေတော်မူခိုက် အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်မထေရ်တို့ဟာ တပည့်သစ်ရဟန်း ငါးရာနဲ့တကွ ရှင်တော်ဘုရားကို ဖူးမြော်ဖို့ ရောက်လာခဲ့ကြပါတယ်။ အဲဒီရဟန်းသစ်ငါးရာရဲ့ နှုတ်ဆက်စကားသံ၊ နေရာလုသံ၊ သပိတ်သင်္ကန်း သိုမှီးသိမ်းဆည်းသံတွေကြောင့် ဆူညံနေတဲ့အခါ တိတ်ဆိတ်မှုကို လိုလားတော်မူတဲ့ ရှင်တော်ဘုရားဟာ အားလုံးကို နှင်ထုတ်တော်မူခဲ့ပါတယ်။

ဒီအကြောင်းကို စာတုမရွာသား သာကီဝင်မင်းသားတွေနဲ့ သဟမ္ပတိဗြဟ္မာကြီးကပါ သိရှိသွားပြီး ရဟန်းသစ်တွေကို ပြန်လက်ခံဖို့ နည်းအမျိုးမျိုး ဥပမာအသွယ်သွယ်နဲ့ ရှင်တော်ဘုရားကို တောင်းပန်လျှောက်ထားကြပါတယ်။ မြတ်စွာဘုရားက လက်ခံတော်မူလို့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်နဲ့ ရဟန်းသစ်ငါးရာတို့ ပြန်လည်ရောက်ရှိလာတဲ့အခါ ရှင်တော်ဘုရားက–"ချစ်သားသာရိပုတ္တရာ၊ ရဟန်းတွေကို ငါဘုရား နှင်ထုတ်တော်မူစဉ်က သင့်အား ဘယ်လို စိတ်ကူးမျိုး ဖြစ်ပေါ်သလဲ"လို့ မေးမြန်းတော်မူပါတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက "ရှင်တော်ဘုရားဟာ ရဟန်းအပေါင်းကို နှင်ထုတ်တော်မူတယ်၊ အခုအခါ မြတ်စွာဘုရားဟာ ဖလသမာပတ်နဲ့ ချမ်းသာစွာ နေလိုတော်မူလိမ့်မယ်၊ ငါတို့လည်းပဲ ဖလသမာပတ်နဲ့ ချမ်းသာစွာ နေတော့မယ်"လို့ အကြံဖြစ်ကြောင်း လျှောက်ထားတော်မူပါတယ်။ မြတ်စွာဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊ ဆိုင်းငံ့ပါဦး၊ ဖလသမာပတ်နဲ့ ချမ်းသာစွာ

နေဖို့ စိတ်မကူးပါနဲ့ဦး”လို့ အမိန့်ရှိတော်မူပါတယ်။

ပြီးမှ အရှင်မောဂ္ဂလ္လာန်ကို ဆက်ပြီး မေးတော်မူတဲ့အခါ အရှင်မောဂ္ဂလာန်က “ရှင်တော်ဘုရားဟာ ရဟန်းအပေါင်းကို နှင်ထုတ်တော်မူပြီ၊ အခုအခါ မြတ်စွာဘုရားဟာ ဖလသမာပတ်နဲ့ ချမ်းသာစွာ နေလိုတော်မူလိမ့်မယ်၊ ဒါကြောင့် တပည့်တော်နဲ့ အရှင်သာရိပုတ္တရာတို့ဟာ ရဟန်းသံဃာကို ဦးဆောင်ကြရမယ်” လို့ ကြံစည်မိကြောင်း လျှောက်ထားတော်မူပါတယ်။ အဲဒီအခါ ရှင်တော်ဘုရားက “ချစ်သား မောဂ္ဂလ္လာန်၊ ကောင်းလေစွ၊ ကောင်းလေစွ၊ ငါဘုရားရော သင်ချစ်သားတို့ပါ ရဟန်းသံဃာကို ဦးဆောင်ကြရမယ်”လို့ သာခုခေါ်မိန့်ကြားတော်မူပါတယ်။

အဂ္ဂသာဝက အရှင်မြတ် (၂)ပါးထဲမှာ အရှင်မောဂ္ဂလ္လာန်မထေရ်ဟာ ရှင်တော်ဘုရားရဲ့ ချီးမြှောက်စောင့်ရှောက်မှုကို ကြိမ်ဖန်များစွာ လက်ခံရရှိသူ ဖြစ်တော်မူခဲ့ပါတယ်။ ရဟန္တာမဖြစ်မီ တရားအားထုတ်တော်မူရာအခါ၊ အဂ္ဂသာဝက ဖြစ်ပြီး ၄၄-ဝါ ကာလပတ်လုံး ရှင်တော်ဘုရားနဲ့ အတူရှိတော်မူတဲ့အခါ၊ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါတွေမှာ မြတ်စွာဘုရားရှင်ရဲ့ မြတ်နိုးတနာပြုမှု၊ ချီးမြှောက်စောင့်ရှောက်မှုကို အရှင်မောဂ္ဂလာန်ဟာ အထူးခံယူတော်မူရပါတယ်။ ဒါကြောင့်မို့လည်း သံယုတ်ပါဠိတော်၊ မောဂ္ဂလ္လာနသံယုတ်ထဲမှာ “ငါ့သျှင်တို့၊ မြတ်စွာဘုရားချီးမြှောက်အပ်သော ထူးမြတ်သော အသိဉာဏ်ရှိသည်အဖြစ်သို့ ရောက်သောတပည့်ဟူသော စကားကို ကောင်းစွာ ပြောဆိုလိုသောသူသည် ကောင်းစွာပြောဆိုလိုရင် ငါ့ကိုသာလျှင် ဆိုရာ၏”လို့ ကိုယ်တိုင်ရဲဝံ့စွာ မိန့်ကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

ဒီလို ရှင်တော်ဘုရားရဲ့ ချီးမြှင့်မြှောက်စားခြင်းကို ခံယူတော်မူရတာဟာ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ရဲ့ တစ်ဦးချင်းအပေါ်မှာထားတဲ့ ကရုဏာတရား၊ အများအပေါ်မှာထားတဲ့ မေတ္တာတရား၊ လောကအပေါ်မှာထားတဲ့ စေတနာတရားတွေရဲ့ ကြီးမားမြင့်မြတ်တော်မူလို့သာ ဖြစ်ပါတယ်။ တစ်ကိုယ်တော်ကောင်းစားရေးထက် အများကောင်းစားရေးကို ငဲ့ကွက်တတ်သော၊ ပုဂ္ဂလိကငြိမ်းချမ်းရေးထက် လောကငြိမ်းချမ်းရေးကို ရှေးရှုတတ်သော၊ ဖလသမာပတ်ချမ်းသာထက် ရဟန်းသံဃာထုရဲ့ ချမ်းသာမှုကို ဦးစားပေးတတ်သော အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးရဲ့ ကြီးကျယ်မြင့်မြတ်လှတဲ့ သူတော်ကောင်းနှလုံးသားကို ဒီဆောင်းပါးတိုကလေးနဲ့ပဲ ရိုသေစွာ ဦးနှိမ်ချီးပြီး ရှိခိုးပူဇော်လိုက်ပါတယ်။

□ **တော်ဝင်နွယ်**

*ကျမ်းကိုး*

၁။ ဝိနည်းမဟာဝါပါဠိတော်၊
၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ (ပထမတွဲ)၊
၃။ အပါဒါန်အဋ္ဌကထာ (ပထမတွဲ)၊
၄။ မဟာဗုဒ္ဓဝင်ကျမ်း (ဆဋ္ဌမတွဲ)။



ဒဂုန် ဦးထွန်းမြင့်

ရေးသားပြုစုသော

## ဗုဒ္ဓ၏ ဩဝါဒအမြုတေ

မှ

### မြတ်သော သည်းခံခြင်း

ကိုယ့်ထက်မြတ်သူ (ကိုယ့်အထက်လူ)က ဆဲသည်ကို သည်းခံခြင်းသည် ကြောက်သောကြောင့် ဖြစ်နိုင်သဖြင့် မြတ်သည်ဟု မဆိုနိုင်၊ ကိုယ်နှင့်တန်းတူလူက ဆဲသည်ကို သည်းခံခြင်းမှာလည်း ရန်မဖြစ်ချင်သောကြောင့်ဟု ဆိုနိုင်သဖြင့် မြတ်သည်ဟု မဆိုနိုင်၊ ကိုယ့်အောက်ကလူ ဆဲသည်ကို သည်းခံခြင်းသာ တကယ်မြတ်သည်ဟု ဆိုရလေသည်။

ဇာတက၊ သရဘင်္ဂဇာတ် ၅၂၂။

### ကြိုတင်ပြင်ဆင်ပါ

ပြုလုပ်ရမည့်ကိစ္စကို အချိန်ရောက်၍ ဆောင်ရွက်သည့်အခါ လွယ်ကူစေရန်အတွက် ကြိုတင်ပြင်ဆင်ထားရာ၏၊ ယင်းသို့ ကြိုတင်ပြင်ဆင်ထားခြင်းသည် ထိုကိစ္စကို ဆောင်ရွက်သည့်အခါ အခက်အခဲမရှိဘဲ လွယ်ကူချောမောစေနိုင်လေသည်။

ဇာတက၊ သမုဒ္ဒဝါဏိဇဇာတ် ၄၆၆။



# စွန်းလွန်းဆရာတော် ဦးကဝိ

(၁၂၃၉-၁၃၁၄)

ဓမ္မာစရိယဦးဌေးလှိုင်

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများမှ ထုတ်နုတ်တင်ပြပါသည်။)

<u>ယခင်လမှအဆက်</u>

## ဝင့်ကြီးလှသော ရဟန္တာ ဦးမဏိသာရ

၁၂၉၈–ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၄)ရက်၊ သန်းခေါင်ကျော်အချိန်၊ မှောင်နှင့်မည်းမည်း စွန်းလွန်းဂူ တစ်ကျောင်းလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ရဟန်းယောဂီ၊ လူယောဂီများ မိမိတို့ ဂူကျောင်း အသီးသီးသို့ ဝင်ကာ တရားရှုမှတ်၍ကောင်းတုန်း အချိန် ဖြစ်၏။ ပတ်ဝန်းကျင်မှ အသံဗလံများလည်း တိတ်ဆိတ်စ ဖြစ်သည်။ ထိုအခိုက် ဆရာတော့်ကျောင်းအနီးမှ စည် တီးသံ၊ အုန်းမောင်းခေါက်သံ၊ ကုလားတက်သံများ ပွက် ပွက်ရိုက် ဆူညံသွား၏။ ယောဂီများ အထိတ်တလန့်ဖြစ် ကာ ဂူကျောင်းအသီးသီးမှ ပြေးထွက်စုရုံးလာကြသည်။

ယောဂီရဟန်းတစ်ပါး တရားဝင်နေသော ဂူတစ်ခုမှ မီးများတောက်လောင်နေသည်ကို တွေ့ကြရ၏။ အားလုံးဝိုင်း၍ ငြိမ်းသတ်ကြသည်။ ဂူထဲ၌ရှိသော ကိုယ် တော်အား ပွေ့ချီ၍ ထုတ်လာကြ၏။ တစ်ကိုယ်လုံး

ကြိုးဖြင့်တုပ်ကာ ပါးစပ်၌ အဝတ်စုတ်များ ဆို့ပိတ်၍ မီးတိုက်ရှို့သတ်ခြင်းဖြစ်သည်။ မီးအပူရှိန်ဟပ်ခံရသည်မှ အပ ကိုယ်၌ လောင်ကျွမ်းခြင်းမရှိ။ တစ်စုံတရာ အနာတရ မဖြစ်။ ထိုအရှင်ကား ဝဋ်ကြီးလှသော "ဦးမဏိသာရ"ဖြစ်၏။

ဦးမဏိသာရသည် ၁၁–နာရီခွဲလောက်က ကုဋီသို့အကြွ လူဆိုးများက ကြိုးနှင့်တုပ်၍ ဂူပိတ်မီးရှို့သတ်ခံရခြင်းဖြစ်သည်။ ထိုသို့ ခံရစဉ် နှုတ်ကအော်၍ မရသဖြင့် ဆရာတော်အား စိတ်ဖြင့်သာ လျှောက်ထားကာ သမာပတ် ဝင်စားနေခြင်းဖြစ်၏။ ထိုအကြောင်းကို ဆရာတော်ကြားသိတော်မူ၍ စည်၊ အုန်းမောင်းတို့ကို အတီးခိုင်းခြင်းဖြစ်သည်။ 'စေတသာ စေတော ပရိဝိတက္က မညာယ= စိတ်ဖြင့် စိတ်ကိုသိ၍' ကယ်မနိုင်ခြင်းဖြစ်၏။ ဆရာတော်က–

"ဦးပဥ္စင်း၊ သူ့ကြွေးရှိရင် ဆပ်လိုက်ပေါ့၊ သည်းခံပြီးသာနေ၊ ကိုယ်က လုပ်ခဲ့မိပြီဟာကိုး"ဟု မိန့်တော်မူ၏။ ဦးမဏိသာရလည်း မိမိဘဝကို သိပြီးဖြစ်သည်။ သမာဓိအရာတွင် အလွန်ထူးခြားသူ ဖြစ်၏။ အရှင်မောဂ္ဂလ္လာန်၊ အရှင်အင်္ဂုလိမာလတို့ကဲ့သို့ ကြွေးဆပ်ရခြင်းပင်တည်း။

(ဓမ္မပဒအဋ္ဌကထာ ပါပဝဂ်၌) နွားကျောင်းသားခုနစ်ဦး ဖွတ်သတ္တဝါကို တောင်ပို့တွင်းသို့ ဝင်စဉ် ခုနစ်ရက်အပေါက် ပိတ်ဆို့ခဲ့ကြဖူး၍ တစ်ဆယ့်လေးဘဝလုံး အတူတူဖြစ်ကြကာ ဘဝတိုင်း ခုနစ်ရက် အစာငတ်ခဲ့ကြရဖူး၏။ နောက်ဆုံးဘဝတွင် ရဟန်းတော်ခုနစ်ပါး ဖြစ်လာကြ၍ ဂူတစ်ခုထဲ တရားအတူရှုမှတ်ကြရာ အိမ်လောက်မက ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ် အလိုလိုဂူပေါက်ပိတ်ကျလာသဖြင့် ရွာပေါင်းခုနစ်ရွာမှ လူအများဝိုင်း၍ဖယ်ရှားကယ်မကြသော်လည်း မရ။ ခုနစ်ရက်ရှိမှ ကျောက်ဖျာကြီး အလိုလိုပွင့်သွား၍ အသက်ဘေး လွတ်ခဲ့ကြရသည်။ (ဖွတ်ကို သတ်မိခဲ့လျှင်ကား ထိုနေရာ၌ပင် သေကြရအံ့။)

မိမိပြုလုပ်ခဲ့သော ကံ၊ ကံ၏အကျိုးကို မြေလျှိုးမိုးပျံ၍ ပုန်းသော်လည်း မလွတ်နိုင်ကြောင်း ဟောတော်မူခဲ့သည်။ ယခုလည်း ဦးမဏိသာရသည် ကိုယ်လုပ်တာ ကိုယ်ခံရခြင်းပင် ဖြစ်ကြောင်း ထူးခြားသော သမာဓိဖြင့် ကိုယ်တိုင်လည်း သိမြင်တော်မူ၏။

ဦးမဏိသာရကား လူဝတ်ကြောင်ဘဝက အလွန်ဆိုးပေ မိုက်ကန်းသူ ဖြစ်သည်။ သပြေပင်ရွာ ရပ်ကွက်အုပ် သူကြီးသား၊ လူအမည် 'ဦးမြမောင်'၊ လုည်းအငှား လိုက်စား၏။ မင်းစေလည်း လုပ်ဖူး၏။ မယားခုနစ်ယောက် ယူသည်။ အလွန်လည်း နှိပ်စက်ခဲ့၏။ မိမိဇနီးများနှင့် သံသယမကင်းသူများကိုလည်း အသက်ချမ်းသာ မပေး။ နောက် သံဝေဂရ၍ ဆရာတော်ထံ လာရောက်ကာ မောင်ရင်ပေါ်ချောက်၌ ရဟန်းပြုလျက် တရားအားထုတ်ခဲ့သည်။ ခုနစ်ရက်မျှဖြင့် ရဟန်းကိစ္စ ပြီးသွားသူဖြစ်၏။

၁၂၉၄–ခုနှစ်၊ တပေါင်းလဆန်း ၁၀–ရက်၊ ၁၂–ရက်၊ ၁၄–ရက်၊ လပြည့်ကျော်တစ်ရက်အားဖြင့် နှစ်ရက်စီခြားကွာ၍ ရဟန္တာဖြစ်ကြောင်း ဆရာတော်ကိုယ်တိုင် (ရှမ်းပြည်မှ တရားလာအားထုတ်ကြသော ဆီဆိုင်စော်ဘွားကြီးသား စပ်ခွန်ဆက်နှင့် စကားစော်ဘွားကြီး အမတ်ဦးထုံးတို့အား ထိုအချင်း ဖြစ်ပွားစဉ်က) ဟောကြားခဲ့ဖူး၏။ (ဤအကြောင်းကို အသက် ၈၇–နှစ်ရှိ စပ်ခွန်ဆက်က 'အာနာပါန အားထုတ်နည်း စွန်းလွန်းဥပနိသျရည်း' ကျမ်းပြုဆရာတော် ဦးသာသနဝိသုဒ္ဓိ အရှင်မြတ်အား လျှောက်ထားခြင်းဖြစ်သည်။)

## ဦးမြမောင်ကဲ့သို့သော လူပေများ ရှားလှ၏

ဦးမဏိသာရသည် လူဖြစ်စဉ်က နွားလှည်းမောင်းရာ ချောင်းအတက်၌ ဝန်နှင့်အားမမျှ၍ နွားမှာ မရုန်းနိုင်ဘဲရှိရာ တအားလွှဲ၍ရိုက်၏။ ရိုက်သော်လည်း မရုန်းနိုင်သဖြင့် နွားမှာ ထိုနေရာ၌ပင် လဲကျသွားသည်။ အားကုန်ရိုက်၍ ထစေသော်လည်းမရ။ ထိုအခါ ကောက်ရိုးများ နွားပေါ်စုပြုံပြီး မီးဖြင့် ရှို့တိုက်လိုက်၏။

ဦးမဏိသာရ ယခုကဲ့သို့ ခံရသည်ကို ဆင်ခြင်တော်မူသောအခါ ဆရာတော်ရော ဦးမဏိသာရပါ 'ကိုယ်လုပ်တာကိုယ်ခံ'ရသည့် ဝဋ်ကြွေးကို မြင်တော်မူသဖြင့် မိန့်တော်မူခြင်း ဖြစ်သည်။ ထို့နောက်တွင်လည်း မနာလိုသူများက ဦးမဏိသာရအား ဝိုင်းချုပ်၍ ဓားဖြင့် ခုတ်သတ်ကြပြန်၏။ သည်းခံ၍ သမာပတ် ဝင်စားနေရာ မြက်ရှရာမျှသာ ရှိသည်ဆို၏။

နောက်တစ်ဖန် ဆီမီးကန်ရှာ၌ တစ်ဝါဆိုစဉ်ကလည်း ဂူပိတ်၍ မီးရှို့ခံရပြန်သည်။ ယခု တိုက်အုပ်ဆရာတော် ဦးသောဘဏက သွား၍ ပင့်ခေါ်ထားရ၏။

ဦးမဏိသာရ မီးရှို့သတ်ခံရစဉ် ဆီဆိုင်စော်ဘွား

ကြီးသားနှင့် စကားအမတ်ကြီးတို့လည်း ဂူတစ်ခုစီ၌ တရားဝင်နေကြရာ ဆရာတော်ဘုရားကြီး အမိန့်တော်ရှိသည်ကိုလည်း ကြားသိကြည်ညိုကြရသဖြင့် ဦးမဏိသာရအား ထိုနှစ် ကဆုန်လပြည့်နေ့၌ ရှမ်းပြည်နယ် တောင်ကြီးသို့ ပဋိပတ္တိ သာသနာပြုရန် ပင့်သွားကြလေသည်။

ရှမ်းပြည်တောင်ကြီး၌ သီတင်းသုံးနိုက်မှာပင် မြင်းခြံ စွန်းလွန်းဂူကျောင်းတိုက်အတွင်း မနာလိုသူများက လောကီ အစီအရင် အတိုက်အခိုက် အင်းများမြှုပ်နှံ၍ သာသနာဖျက်နေကြသည်ကို မြင်တော်မူသဖြင့် မြင်းခြံသို့ လှမ်း၍ အကြောင်းကြားရာ ဦးမဏိသာရ အမိန့်ရှိသည့်အတိုင်း အတိအကျ တွေ့ရှိကြရ၏။ ရှင်းလင်းသုတ်သင် ပစ်ကြရလေသည်။ ဦးမဏိသာရကား ဤမျှ အမြင်သန်တော်မူ၏။

ရှမ်းပြည်နယ်၌ စပ်ခွန်ဆက်၊ ကမ္မဋ္ဌာန်းဆရာကြီး ဦးတိုးတို့ကို လွှဲအပ်၍ ၁၂၉၈–ခုနှစ်ဝါကို မြင်းခြံ၌ ပြန်၍ ဝါကပ်တော်မူ၏။ ရှမ်းပြည်၌ စွန်းလွန်း ဥပနိဿယ ပဋိပတ္တိသာသနာမျိုးစေ့ ချတော်မူခဲ့သော ဦးမဏိသာရသည် ထိုနှစ် ဝါတွင်း တော်သလင်းလ၌ 'ပရိနိဗ္ဗာန်' ပြုတော်မူသွားသည်။ အရိုးဓာတ်တော်ကို စွန်းလွန်းဂူကျောင်းတွင်းရှိ စေတီတစ်ဆူ၌ ဌာပနာထားရာ နောက် ရှမ်းပြည်မှ ပင့်ဆောင် ပူဇော်ကြကြောင်း တိုက်အုပ်ဆရာတော် အမိန့်ရှိ၍ သိရှိရသည်။ သံဝေဂယူဖွယ်၊ အားကျဖွယ်ကြီးပါတကား။

'ပတ္တမြားမှန်လျှင် ညွံမနစ်' ဟူသကဲ့သို့ ဦးမြမောင်ခေါ် ဦးမဏိ=(မြရတနာ) သာရ=(အနှစ်)ကား လူပေကြီးတို့အတွက် သင်ခန်းစာပေးခဲ့သော ပဋိပတ္တိ ရတနာတစ်ပွင့် ဖြစ်ခဲ့ပေ၏။

ဦးမဏိသာရကဲ့သို့ပင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း မီးရှို့ခံရဖူးကြောင်း ဆရာစန္ဒ(လက္ခဏာဗေဒ ပုရောဟိတ်)က စာရေးသူအား ပြောပြဖူး၏။ တစ်ခါ ညခုနစ်နာရီတွင် ရွာနီးကျောင်းမှ ဘုန်းကြီးတစ်ပါး လာပင့်၍ လိုက်ပါသွားရ၏။ နှစ်ဖာလုံခန့်ဝေးသော လယ်တစ်ခုအတွင်းသို့ ရောက်သောအခါ အသင့်စီရင်ထားသော ရေနံဆီပုံးကို ဒကာတစ်ဦးက ဖွင့်လိုက်ရာ ရေနံဆီအနံ့ရသဖြင့် မီးရှို့ကြတော့မည်ကို သိတော်မူ၏။ "ကိုယ်တော် ရဟန္တာ ဟုတ်–မဟုတ် သိရရောပေါ့"ဟုလည်း အဆိုပါ ဘုန်းကြီးကို ကြိမ်းလိုက်သေး၏။

ဆရာတော် ရောက်လာလျှင် ဝိုင်း၍ ဖမ်းချုပ်ကာ မီးရှို့သတ်ကြသည်။ "တစ်နာရီအတွင်း ငါ၏ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာကိုယ်ကြီး မပျက်စီးစေသတည်း" ဟု အဓိဋ္ဌာန်၍ "နိရောဓသမာပတ်"ဝင်စားတော်မူသည်။ မီးငြိမ်းသွားသော်လည်း ကိုယ်တော်၌ မည်သို့မျှ မရှိဟု ဆိုလေသည်။

ရဟန္တာအရှင်မြတ်တို့၏ စွမ်းအားတော်ကား အစိန္တေယျပင်ဖြစ်၏။ အတိတ်ကြောင်း ကံဟောင်းလုပ်ရပ်ကိုပါ သိကြရသော် လူမိုက်တို့ သံဝေဂ ရယူနိုင်ပေရာ၏။

လောက၌ ခိုးဆိုးတိုက်ခိုက် သောက်စားမူးယစ်သော လူပေလူညစ်များ တရားအလုပ်ခွင်သို့ ရောက်လာကြသောအခါလည်း ကောင်းခဲ၏။ ဘုရားရှင်လက်ထက်တော်က အရက်သမား သရဏာနိ ဥပါသကာနှင့် သန္တတိအမတ်ကြီးတို့ တရားထူး ရခဲ့ကြဖူးပါ၏။ လူဆိုးကြီး အင်္ဂုလိမာလလည်း ရဟန်းကိစ္စ ပြီးစီးခဲ့ပါ၏။

သို့ရာတွင် မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်၌ကား ယခု လူပေကြီး ဦးမြမောင်မှ ဦးမဏိသာရ ဖြစ်လာတော်မူသကဲ့သို့ အစစ်အမှန် ကူးမြောက်နိုင်သူကား ရှားပေလိမ့်မည်။

ကျွန်ုပ်တို့ ကြားသိရသမျှ လူ့ဘဝက ခိုးဆိုးတိုက်ခိုက်သူများ အလုပ်ခွင်သို့ ရောက်သောအခါ ဆရာကောင်းအမှီမရဘဲ (အမှီမယူဘဲ) သမထ လက်နက်ကြီးအားကိုးဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါ သီလ စသောအတွင်းပစ္စည်းများကို လုယက်၍ 'အနတ္တသာသနာ' ကိုပင်စားပြတိုက်ကြသည်ကို တွေ့မြင်နေကြရ၏။

'အရက်သမားကြီး အကျွတ်တရား ရသွားပြီ'ဟု ကြား၍ နားစွင့်ကြည့်လျှင် 'သမထ' အမည်ခံသော လောကီ လမ်းစဉ်သို့သာ တိုးဝှေ့ ဝင်သွားတတ်လေသည်။ ဆရာကောင်း အမှီရရန် သတိပြုကြရာ၏။

အရိယာဖြစ်ရန် ကျန်သေး၍ စောင့်ကြိုတော်မူခြင်း

ဆရာတော်ဘုရားကြီးကို အမှီရ၍ အရိယာဖြစ်တော်မူကြရသော ပုဂ္ဂိုလ်တို့လည်း မရေတွက်နိုင်အောင် ရှိရာပြီ။

ဆရာတော်သည် ၁၃၀၁–ခုနှစ်က တစ်ကြိမ်၊ ၁၃၁၁–ခုနှစ် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ပင့်၍ တစ်ကြိမ်၊ ၁၃၁၃–ခုနှစ် ဘောက်ထော် စွန်းလွန်းဂူဌာန သိမ်သမုတ်ရန် တစ်ကြိမ် ရန်ကုန်သို့ ကြွရောက်ချီးမြှင့်သည်ကို

တွေ့ရ၏ ။

ဆရာတော်၏ တရားများ၊ နီတိပမာ ဥပဒေသ စကားများမှာ အလွန်မှတ်သားဖွယ် ကောင်းလှပေသည်။ အပြည့်အစုံကို 'ထေရုပတ္တိနှင့် သာရဏီယကထာ'စာအုပ်တို့၌ ကြည့်ရှုကြပါကုန်။

အထူးသဖြင့် ဆရာတော်၏ ဩဝါဒတရား၊ ဥပဒေသစကားများကို ဖော်ပြကြရာ၌ ကျမ်းဂန်ပါဠိများကို ကိုးကား၍ အခိုင်အမာ ပြဆိုချင်လွန်းလျှင် မူလစကားများ ဖုံးကွယ်မသွားရအောင် စီစဉ်ကြရာ၏ ။ ဆရာတော်၏ တရားစကားများကို အရင်းကျနိုင်သမျှ ကျအောင် ဖော်ပြကြပါလျှင် ပို၍ ဓမ္မရသ ရှိပါမည်။ နောက်ထပ်လည်း များစွာ ထွက်ပေါ်လာနိုင်ပေသေးသည်။ မူရင်းကား ဆားဖြူးရန်မလို၊ အလိုလိုပင် မြိန်မြတ်လှပါပြီ။

"စာသင်ရန် အခြေအနေမပေး၍ စာမတတ်စေကာမူ တရားအားထုတ်၍ ရနိုင်သည်။ အကျွတ်အလွတ်တစ်ကိုယ်တည်း တောထဲသွား၍ အားထုတ်နိုင်မှ ရသည် မဟုတ်။ တကယ်ယုံ၍ အဟုတ်လုပ်လျှင် မည်သူမဆို ရနိုင်သည်"ဟူသော သင်ခန်းစာ စာတမ်းကြီးကို ပဋိပတ္တိ သာသနာဝင်၌ စိုက်ထူတော်မူခဲ့သော 'စွန်းလွန်းဂူ ဆရာတော်ဘုရားကြီး'ကား ၁၃၁၄–ခုနှစ်၊ ကဆုန်လပြည့်ကျော် ကိုးရက်၊ စနေနေ့ညနေ ငါးနာရီအချိန်တွင် ခန္ဓာဝန်ကို စွန့်တော်မူခဲ့သည်။

"ငါသေရင် ဘာမျှ မလုပ်နဲ့။ ထိုးထားလိုက်" ဟူသော အမှာစကားအရ စွန်းလွန်းဂူကျောင်း၌ပင် ဂန္ဓကုဋီသံသရာအေး စေတီတည်ကာ ပကတိအသွင် မပြောင်းသော အလောင်းတော်ကိုလည်း ယခုတိုင် ဖူးမြော်နိုင်ကြ၏ ။

ပရိနိဗ္ဗာန် ပြုခါနီး နောက်ဆုံး စကားအနေဖြင့် "အရိယာတွေဖြစ်ဖို့ အများကြီးကျန်နေသေးတယ်"ဟု မိန့်တော်မူရာ ဆရာတော်၏ ရုပ်ကလာပ်သည် ကြွင်းကျန်နေသေးသော ဆရာတော်၏ ဝေနေယျများကို ဆိုင်းငံ့တော်မူနေဟန် ရှိစွာ့တကား။

□ ဆက်လက်ဖော်ပြပါမည်




# လောကနီတိ

အကြင်သူသည် တောင်ဇလပ်ပန်းကိုလျှင် ပေါက်ဖက်နှင့် ထုပ်၏။ ထိုသူ၏ တောင်ဇလပ်ပန်းသည်သာလျှင် ကောင်းသော အနံ့ကို လှိုင်စေသည်ကား မဟုတ်။ ပေါက်ဖက်တို့သည်လည်း ကောင်းသောအနံ့ကို လှိုင်စေကုန်၏။ ထို့အတူ ပညာရှိနှင့် ပေါင်းဖက်မှီဝဲရသော သူတို့ကို မှတ်အပ်၏။

One wraps the moonbeam flower with *Pauk* leaves, that person's moonbeam flower alone does not emit fragrance, but the *Pauk* leaves also become fragrant. In the same way, those who associate with the sage become wise.

ရှင်းချက်။ ။ တောင်ဇလပ်ပန်းသည် မွှေး၏။ ပေါက်ဖက်၌ အနံ့မရှိ။ သို့သော် တောင်ဇလပ်ပန်းကို ပေါက်ဖက်နှင့်ထုပ်လျှင် ပေါက်ဖက်သည်လည်း တောင်ဇလပ်ပန်း၏ အနံ့ကိုရသဖြင့် မွှေးသည်။ ထို့အတူပင် ပညာရှိနှင့် ပေါင်းသူတို့သည် ပညာရနံ့စွဲ၍ ပညာရကြကုန်၏။

**Explanation:** The moonbeam flower is sweet-smelling. *Pauk* leaf has no scent. But if the moonbeam flower is wrapped with *Pauk* leaves, the wrapper gets the smell of the flower and becomes fragrant. So also, those who seek the company of a sage get knowledge from him.



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်
အရှင်ဩဘာသာဘိဝံသ

# အမေးအဖြေကဏ္ဍ

## စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

ယခင်လမှအဆက်

**ဆရာ။** သာသနာပအခါမှာ ရှိနေတဲ့ အနိစ္စ၊ ဒုက္ခရဲ့ အနက်သဘောက ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ အသုံးအဆောင်ဆိုတဲ့ ပညတ် ဝတ္ထု အထည်ဒြပ်တွေကို စွဲမှတ်ပြီး ယောကျ်ား၊ မိန်းမ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားတွေဟာ အိုတယ်၊ နာတယ်၊ သေတယ်၊ မမြဲတဲ့ အနိစ္စပဲ၊ ဆင်းရဲတဲ့ ဒုက္ခပဲ၊ ပစ္စည်းဥစ္စာ၊ အိုးအိမ် တိုက်တာ အသုံးအဆောင်တွေဟာလည်း ပြိုတယ်၊ ပျက်တယ်၊ ပျောက်တယ်၊ ခိုင်မြဲခြင်းမရှိဘူး၊ အသစ်အသစ် ပြုပြင်စီမံရှာဖွေနေရတယ်။ မမြဲတဲ့ အနိစ္စပဲ၊ ဆင်းရဲတဲ့ ဒုက္ခပဲလို့ အဲသည်လို ရုပ်နာမ် ပရမတ်မပါတဲ့ လောကသုံး အထည်ပညတ် ဝတ္ထု ဒြပ်တွေကို စွဲပြီး မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခလို့ ထင်မြင်မှတ်သိ နေကြတယ်။ အဲသည် အထင်အမြင် အသိအမှတ်မျိုးဟာ မရှိပညတ် သက်သက်မို့ ဝိပဿနာဉာဏ်အစစ် မဟုတ်ဘူးပဲ။

သာသနာတော်တွင်းမှာ ဘုရားဟောတော်မူတဲ့ အနိစ္စ၊ ဒုက္ခတို့ရဲ့ အနက်သဘောကတော့ ပရမတ္ထဓမ္မဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေတဲ့ ဥဒယဗ္ဗယဉာဏ်သိ အနက်သဘောမျိုးကို ရည်ရွယ်ပြီး ဟောတာကွ။

ဝိပဿနာ ဘာဝနာတရားတွေ တဖွားဖွားဖြစ်ပျက်နေတာကို သန္တိဋ္ဌိက ဂုဏ်ခေါ်တဲ့ ကိုယ်တွေ့ဒိဋ္ဌ ဝိပဿနာဉာဏ်နှင့် မြင်ရသိရသည်အထိ ရှုမှတ်ပွားများရမည်လို့ ဘုရားရှင်က ဟောတော်မူတယ်။ အဲဒါ သာသနာပ အနိစ္စ ဒုက္ခနှင့် သာသနာတွင်း အနိစ္စ၊ ဒုက္ခတို့ ခြားနားကွဲပြားချက် အနက်သဘောပဲ။ ကိုင်း–မင်းဉာဏ်ထဲမှာ ခြားနားကွဲပြားရဲ့လားဟေ့။

**ဒကာ။** မှန်ပါ့၊ နည်းနည်းပါးပါးတော့ ခြားနားသလိုလိုရှိပါ

တယ်။ ဒါပေမယ့် မကွဲပြားတာက မိန်းမ၊ ယောကျ်ား၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားဆိုတာတွေလည်း ရုပ်နာမ်တရားတွေပဲမဟုတ်ဘူးလား ဘုရား။ အဲသည်နေရာမှာ လုံးချာချာကြီး ဖြစ်ဖြစ်နေပါတယ်။

ဆရာ။ အိမ်း…အဲဒါ မင်းရဲ့ ဒိဋ္ဌိစွဲအလုံးကြီးက ချာလည်လိုက်နေတာပဲကွ။အဲသည်သက္ကာယဒိဋ္ဌိအလုံးကြီးကို ကွဲသွားအောင် ခွဲပေးမည်၊ ဉာဏ်နှင့်စေစားပြီး နားထောင်ထားနော်။

မိန်းမ၊ ယောကျ်ား၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားဆိုတာ ရုပ်နာမ်မဟုတ်ဘူးကွ၊ ငါစွဲ ဥပါဒါန်မိစ္ဆာဉာဏ်အမြင်နှင့်သာ ခေါ်ဝေါ်ပြောဆိုနေကြတဲ့ ပညတ်သဘောတွေဖြစ်တယ်။ ရုပ်နာမ်ထဲမှာ မိန်းမ၊ ယောကျ်ားဆိုတာ မရှိဘူး။ ရုပ်နာမ်ဟာ ရုပ်နာမ်သာ ဖြစ်တယ်၊ သတ္တဝါလည်း မဟုတ်ဘူး၊ အသက်ဝိညာဉ်လိပ်ပြာကောင်လည်း မဟုတ်ဘူး၊ ဤလောကထဲမှာ ရုပ်နာမ်မှတစ်ပါးဘာတရားမျှ မရှိဘူးလို့ မှတ်ထားဟေ့နော်။ စွန်းလွန်းယောဂီတွေဟာလည်း ရုပ်နာမ်ကိုပဲ မှတ်စွဲရှုကြည့်ကြတယ်။

အမှန်က သာသနာပကာလ အနိစ္စ၊ ဒုက္ခဆိုတာ မိန်းမယောကျ်ားတို့ရဲ့ အိုတာ နာတာ သေသွားတာကို စွဲမှတ်ပြီး ငါ့မိန်းမ သေသွားပြီ၊ ငါ့ယောကျ်ား သေသွားပြီစသည်ဖြင့် တဏှာစွဲ ဒိဋ္ဌိစွဲတွေနှင့် ခေါ်ဆိုနေကြတာသာ ဖြစ်တယ်။ ဒါ့ကြောင့် မိန်းမ၊ ယောကျ်ားဆိုတဲ့ ပညတ်တရားကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ အနိစ္စ ဒုက္ခမျိုးလို့ မှတ်ထားဦး။ အဲသည် အနိစ္စ ဒုက္ခဟာ ငါ့မိန်းမ မမြဲဘူး၊ ငါ့ယောကျ်ား ဆင်းရဲတယ်၊ ငါ့ဥစ္စာ ပျက်စီးတယ်ဆိုတဲ့ ငါစွဲ ဒိဋ္ဌိလုံးကြီးတွေ ပါနေလို့ ဝိပဿနာဉာဏ် အစစ်မဖြစ်ဘူးလို့ တစ်ထစ်ချ မှတ်ရမည်တဲ့။

သာသနာတော်တွင်းကာလမှာတော့ သူတော်ကောင်း ယောဂီတွေဟာ ပရမတ်အစစ်ဖြစ်တဲ့ ရုပ်တရားရဲ့ ပူမှု အေးမှုထုံကျဉ်ညောင်းညာ ကိုက်ခဲမှုစတဲ့ ဖောက်ပြန်မှုပြောင်းလွဲမှု၊ မမြဲမှုဆိုတဲ့ အနိစ္စသဘောကလေးတွေကို ဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း သိအောင်မိအောင် ရှုရှုစိုက်စိုက်နှင့် လိုက်လိုက်ပြီး သိမှတ်ပွားများ နေကြတယ်။ အဲသာ ရုပ်ပရမတ်နဲ့ မမြဲမှုအနိစ္စသဘော လက္ခဏာပဲ။

အဲသည် ပူမှု အေးမှု စသည်တို့ကို သိသိ သိသိသွားတတ်တဲ့ စိတ်ဆိုတဲ့ နာမ်တရားကလည်း ပူ–သိပျက်၊ အေး–သိပျက်၊ ထုံ–သိပျက်၊ ကျဉ်–သိပျက်၊ ကိုက်–သိပျက် စသည်ဖြင့် သိပျက် သိပျက် သိပျက်ဆိုတဲ့ ဖြစ်ပြီးရင် ပျက်ပျက်သွားတဲ့ သဘောချည်းပဲရှိတယ်။ အဲဒါ နာမ်ပရမတ်ရဲ့ မမြဲမှု အနိစ္စသဘောပဲ။

အဲသည်လို ရုပ်ပရမတ် နာမ်ပရမတ်တို့ရဲ့ မခိုင်မမြဲမှု အနိစ္စ၊ မခိုင်မမြဲသောကြောင့်ပင် အဖန်တလဲလဲ ထပ်ကာထပ်ကာ ပြုပြင်စီမံလုပ်ကိုင်ပေးနေရခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခ၊ အဲသည် အနိစ္စ ဒုက္ခတို့ကို ရှုရှုစိုက်စိုက် မမေ့တဲ့ သတိတရားနှင့် မမိုတ်မသုံ အာရုံပြုကာ မှတ်သားပွားများပြီး သိလာတဲ့ အသိဉာဏ်မျိုးကိုမှ ဝိပဿနာဉာဏ် အစစ်အမှန်လို့ ခေါ်ရတယ်ကွ။

ကိုင်း–ရှင်းလင်း ကွဲပြားပြီလားဟေ့။

ဒကာ။ မှန်ပါ့၊ ခုမှပဲ ကွဲကွဲပြားပြား ခြားခြားနားနား ရှိပါတော့တယ်ဘုရား။ ဩော်–ရုပ်နာမ်ဓမ္မတို့ရဲ့ အမြဲမပြတ် တရစပ်ဖြစ်ပျက်ပြောင်းလွဲမှု သဘောလက္ခဏာကလေးတွေကို အသေးစိတ် လိုက်လိုက်ပြီး သိမှတ်နိုင်တဲ့ ဉာဏ်ကိုမှ ဝိပဿနာတရားဉာဏ်အစစ်လို့ ခေါ်တာကိုဘုရာ့၊ ခုမှပဲ ကွဲပြားတော့တယ်၊ ကျေးဇူးတင်လိုက်တာဘုရား။

ဆရာ။ အိမ်း …ဝိပဿနာဉာဏ်အစစ်က ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်ပြောင်းလဲမှု အနိစ္စ ဒုက္ခ အနတ္တ ပရမတ္ထတရားသဘောအစစ်ကိုသာ အာရုံပြုတယ်။ ပညတ်ဖြစ်တဲ့ ယောကျ်ား၊ မိန်းမ၊ ခြေလက်ပေါင်၊ ခါး၊ တင်ပါး၊ တင်ဆုံတို့ကို အာရုံပြုပြီး ဖြစ်တာမဟုတ်ဘူးလို့ မှတ်ထားပေါ့ကွာ။ အဲဒါ ခြားနားတာပဲ။

ဒကာ။ သိတယ်၊ ကြံတယ်၊ တွေးတော၊စဉ်းစား၊ ဝေဖန်တယ်ဆိုတာကို ဆရာတော်တို့က စိတ်ဆိုတဲ့ နာမ်တရားကသာ သိတာလို့ ဆိုကြပါတယ်။ အဲသည် စိတ်သိနှင့် ဦးနှောက်သိဟာ ဘယ်ဟာကို အမှန်ယူရပါမည်လဲဘုရား။ အမှန်တရားကို မိန့်ကြားတော်မူပါဦး။

ဆရာ။ စိတ်ကသိတယ် ဆိုတာကို အမှန်ယူပေါ့ကွ။ ဦးနှောက်ဆိုတာ ရုပ်တရားပဲ၊ ဘယ်ကလာ အသိဉာဏ်ကို ဖြစ်နိုင်မှာလဲ။ နာမ်ဆိုတဲ့ စိတ်တရား၊ စေတသိက်တရားတို့ကသာ သိ ကြံ တွေးတော ဆင်ခြင် ဝေဖန်တတ်တာပဲဟာ။

ဒကာ။ တပည့်တော်တို့ ကြားဖူး

တာတော့ဖြင့် "ဦးနှောက်
ခြောက်တယ်၊ အားကြီး ဦးနှောက် ရှုပ်တယ်ကွာ၊ မင်းတို့ဟာတွေ ငါဘာမျှမသိဘူး၊ မတွေး မကြံတတ်တော့ဘူးလို့သာ" စတိုင်ပါပါနဲ့ ပြောဆိုနေကြတာ ကြားဖူးတာပဲ။ နောက် ကမ္မဋ္ဌာန်းကျင့်စဉ် စာအုပ်တစ်အုပ်ထဲမှာလည်း–

ပါဠိဝါတံ ဂစ္ဆန္တသာ ဟိ ကုဏပဂန္ဓော ဃာနံ ပဟာရိတွာ မတ္ထလုင်္ဂံ ဝါ သခေါ်ဘေယျ။

သူကောင်ပုပ်ကို အသုဘရှုသော ယောဂီသည် လေအောက်က သွားရောက်နေထိုင်၍ မရှုမပွားရာ၊ လေအောက်က ရှုပွားနေခဲ့သော် အပုပ်နံ့က နှာခေါင်းကို ထိခိုက်ပြီး ဦးနှောက်ကို ချောက်ချားစေတတ်၏ ။

ထို့ကြောင့် ဦးနှောက်သည် ကြံသိ၊ တွေးတော၊ စဉ်းစား၊ ဝေဖန်တတ်၏ဟူသော စကားကို လက်ခံရမည်။အသုဘကမ္မဋ္ဌာနနိဒ္ဒေသအဋ္ဌကထာဟု မှာကြားထားတာ ဖတ်ရမှတ်ရပါတယ်။ ဒါကြောင့် ဦးနှောက်က သိတယ်၊ ကြံစည်၊ စဉ်းစား ဝေဖန်တယ်ဆိုတာ စာပေမှာလည်း အပါသားပဲဘုရား၊ ဒါ မမှန်ဘူးလား။

ဆရာ။ ဟ–မင်းမေးတာက–

"ဦးနှောက်က သိတယ်၊ ကြံတယ်၊ ဝေဖန် စဉ်းစားတယ်ဆို" စာပေမှာပါတာက သခေါ်ဘေယျ= ချောက်ချားတတ်တယ်လို့ ဆိုထားတာ တခြားစီပဲဟာ ဘာဆိုင်လို့လဲကွ။ ဦးနှောက်ဟာ ပထဝီဓာတ်မို့လို့ ဖောက်ပြန်ခြင်း၊ ချောက်ချားခြင်း သဘောရှိတာသူ့ရဲ့လက္ခဏာဖြစ်စဉ် အမှန်တရားပေါ့။ ဒါကိုတော့ တို့များလည်း လက်ခံပါတယ်။

ဓာတုက္ခောဘ=ဓာတ် တစ်ခုက တစ်ခုကို ထိခိုက်မယ်၊ လွှမ်းမိုးမယ်၊ ဖိစီးမယ်ဆိုရင် အဖိစီးခံရတဲ့ ဓာတ်ဟာ ဖောက်ပြန်ချောက်ချားစမြဲပေါ့ကွ။ဒါဟာ ဓမ္မတာပဲ၊ ခုလည်း အပုပ်နံ့ ဓာတ်ရုပ်က ဦးနှောက်ဓာတ်ရုပ်ကို သွားပြီး ထိခိုက်တော့ ဦးနှောက်ဓာတ် ချောက်ချား ပျက်စီးတယ်လို့ ဆိုတဲ့ဟာ သိတယ်လို့ ဆိုတာမှ မဟုတ်ဘဲ။ မင်းတို့က အသိထဲကို ထည့်ထည့်ပြီး ပြောနေတော့ အမှားတွေဖြစ်ကုန်တာပေါ့။ ဒါကြောင့် စိတ်ကသာ သိတာလို့ တစ်ထစ်ချ မှတ်ထားကွာ။

ဒကာ။ ဦးနှောက်ချောက်တယ်ဟော့၊
ဦးနှောက်တွေ ရှုပ်ကုန်ပြီ
ကွာ၊ ငါ့ဦးနှောက်ထဲမှာ ဘာမျှမသိတော့ဘူးဆိုတဲ့ အသုံးအနှုန်းမျိုးကို ဆရာတော်တို့ သံဃာပိုင်းကလည်း စတိုင်ပါပါနဲ့ သုံးစွဲပြောဆိုနေကြတာပါပဲဘုရား။

ဆရာ။ အိမ်း–ဒါကြောင့် ဆဋ္ဌသင်္ဂါယနာတင် သံဃနာယက
ကျေးဇူးရှင် ညောင်ရမ်း ဆရာတော်ဘုရားကြီးကလည်း "ဦးနှောက်ရှုပ်တယ်၊ ဦးနှောက်က သိကြံတွေးဆ ဝေဖန်တယ်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ အယူစကားမျိုးတွေကို သာသနာ့နယ်မြေထဲမှာ လုံးဝမသုံးစွဲ မရေးထည့်ရဘူးလို့"တို့များရဲ့ ဆဋ္ဌပိဋကတ်တော် မြန်မာပြန်အဖွဲ့ကို အမိန့်ပေးထားခဲ့ဖူးတယ်။ ဒါကြောင့် မင်းရဲ့ဦးနှောက်သိကို လုံးဝပယ်ဖျက်ပစ်လိုက်ပေတော့။သည်စကားလုံးကို ဘယ်သောအခါမှလည်း လက်ခံပြီး မသုံးစွဲနှင့်တော့ကွာ။

ဒကာ။ တရားအားထုတ်တဲ့
စွန်းလွန်းယောဂီတွေဟာ သမာဓိရလာတဲ့အချိန်မှာ အင်မတန်မှ ကြည်လင်ပြတ်သားတဲ့ အလင်းရောင်စတဲ့ အဆင်းသဏ္ဌာန်နိမိတ်အာရုံမျိုးတွေ ထင်လာမြင်လာတတ်တယ်လို့ဆိုပါတယ်။ အဲသည်နိမိတ်အာရုံတွေဟာ အဟုတ်ကို မျက်စိထဲမှာ မြင်ရ ခံစားရတဲ့ ရူပါရုံအစစ်အမှန်မျိုးတွေလား၊ ဘယ်လိုဟာမျိုးတွေလဲဆိုတာ သိပါရစေဘုရား။

ဆရာ။ အေး ...မင်း ခုမေးတဲ့
နိမိတ်အထင်မျိုးဟာ စွန်း
လွန်းယောဂီမှသာ ထင်တာ မဟုတ်ပါဘူးကွ။ ဘယ်ယောဂီပဲ ဖြစ်ဖြစ် မိမိအားထုတ်ပွားများတဲ့ တရားအမှတ်ထဲမှာ စိတ်ဓာတ်ဟာ စူးစိုက်တည်ကြည် ငြိမ်သက် ဝင်စားလာပါများပြီး သမာဓိရင့်သည်နှင့် တစ်ပြိုင်နက် သည်အဆင်းသဏ္ဌာန်နိမိတ်မျိုးတွေဟာ ထင်လာ မြင်လာတတ်တာပါပဲ။

စင်စစ်မှာတော့ အဲသည် ထင်မြင်လာတဲ့ အဆင်းသဏ္ဌာန်နိမိတ်အာရုံတွေဟာ ဝဏ္ဏာယတနခေါ်တဲ့ ပရမတ္ထဓမ္မ အဆင်းသဏ္ဌာန်မျိုးမဟုတ်ဘဲ ယောဂီရဲ့ တည်ကြည်တဲ့ သမာဓိတန်ခိုးသတ္တိနဲ့ သညာကြောင့် ဖြစ်ပေါ်လာတဲ့ သဘောတရားတွေသာ ဖြစ်တယ်လို့ မှတ်ရမယ်။ ဆိုလိုရင်းကတော့ ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ ရူပါရုံ၊ စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ်စိတ်တို့က မြင်သိတဲ့ အမြင် အသိမျိုးမဟုတ်ဘူး။ အဘာဝပညတ်ခေါ်တဲ့ မရှိပညတ်မျိုးသာ ဖြစ်တယ်လို့ မှတ်ထားပေါ့ကွာ။ ဒါပါပဲ။

ဒကာ။ စွန်းလွန်း အာနာပါန
ကမ္မဋ္ဌာန်း ကျင့်စဉ်ကျမ်း

စာမျက်နှာ(၂)မှာ "တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အလိုနှင့် အဓိဋ္ဌာန်ပြီး ဘယ်အချိန်အထိ ငါအားထုတ်မည်ဟု အချိန်ကိုတော့ မပိုင်းပါနှင့်၊ စွမ်းအားရှိသမျှ အားထုတ်ပါ"ဟု သီးခြားလျှော့ပေါ့စွာ ခွင့်ပြု မှာကြားထားပြီးမှ အောက်နားကျတော့ "ရှုဆဲအခါ၌ မောမနားနှင့်၊ ညောင်းမပြင်နှင့်၊ ယားမကုတ်နှင့်၊ သည်းခံ၍ နေပါလို့"ဆိုထားပြန်ပါတယ်။ သည်စကားနှစ်ရပ်ဟာ ဆက်စပ်ညီညွတ်မှု မရှိပါ။

အချိန်ကိုတောင်မှ မပိုင်းခြားပါနှင့်၊ ကိုယ်စွမ်းသမျှသာ အားထုတ်ပါလို့ ခွင့်ပြုထားသေးတဲ့ဟာပဲ၊ သည်အောက်နားကျခါမှ "မောမနားနှင့်၊ ညောင်းမပြင်နှင့်၊ ယားမကုတ်နှင့်လို့"ဆိုပြန်တော့ သည်စကားနှစ်ရပ်ဟာ "အထက်ပေါ့ အောက်လေးကြီးမို့" အပေးအယူမညီဘဲ ဖြစ်မနေဘူးလားဘုရား၊ ရှင်းပြပါဦး။

ဆရာ။ အေး–မင်းတို့က စွန်းလွန်းကို အပြစ်တင်သမားတွေ ဆိုတော့ အမှန်တရားကို မမြင်နိုင်တော့ဘူးပေါ့ကွ၊ အထက်စကားနဲ့ အောက်စကား တခြားစီပဲဟာ၊ ဘာဆိုင်လို့ တွဲပြီး ပြောနေရတာလဲ။

အထက်စကားက "တရားထိုင်တဲ့သူဟာ ငါ့သဘောနဲ့ငါ ဘယ်အခါထိအောင် ထိုင်မယ်ဆိုတဲ့"အခါကာလ အချိန်ကို ပိုင်းခြားပြီး အချိန်စေ့မှ ထမည်ဟူသော အဓိဋ္ဌာန်သဘောကို တားမြစ်ထားတဲ့ဟာပဲ။ ဥပမာ ငါ ခုနစ်ရက်ထိအောင် ထိုင်မယ်၊ (၇)ရက်စေ့မှ ဂူတံခါးကိုဖွင့်ကြ ဆိုပြီး တရားဂူထဲဝင်နေ၊ (၇)ရက်စေ့လို့ ဖွင့်ကြည့်လိုက်တော့ သေနေတာတွေ့ရသလို ဖြစ်နေမှာစိုးလို့ ကိုယ့်စွမ်းအားရှိသမျှ တတ်နိုင်သမျှသာ ထိုင်ပါ၊ မစွမ်းနိုင် မဖြစ်နိုင်တဲ့ အချိန်ရှည်ကြီးမျိုးကို ယူပြီးမလုပ်ပါနဲ့လို့ ပြောကြားတားမြစ်တဲ့ စကားသာ ဖြစ်တယ်။

အောက်စကားက အဲသည်ကိုယ်စွမ်းသမျှ ထိုင်တဲ့ အချိန်ပိုင်းထဲမှာ ကိုယ်မှတ်နေတဲ့ ထိသိမှုတစ်ခုတည်းသော တရားအာရုံထဲမှာသာ စိတ်ကိုထားပါ။ သည့်ပြင် ယားတာတွေ၊ညောင်းတာတွေထဲကို စိတ်ပြောင်းဆင်ခြင်ပြီး ပြင်ပြင်မပစ်လိုက်နှင့်၊ သည်လိုသာ ညောင်းရင်ပြင်၊ ယားရင်ကုတ်နှင့် မကြာခဏ လုပ်လုပ်နေရင် ကိုယ်မှတ်တဲ့ တရားထဲ စိတ်မဝင်စား သတိမထားလို့ သမာဓိတရား ရနိုင်မှာမဟုတ်ဘူး။ သမာဓိမရရင် ယောဂီလိုချင်တဲ့ ဈာန်ပညာ၊ မဂ်ပညာ၊ဖိုလ်ပညာကိုလည်း ဘယ်တော့မှ ရမှာမဟုတ်ဘူးပဲ။ ကဲ–တခြားစီပဲဟာ ဘာအပြစ်ရှိလို့လဲ။ မင်းတို့ပဲ ကြံကြံဖန်ဖန် အထက်ပေါ့ အောက်လေး အပေးအယူမညီဘူးရယ်လို့ကွာ။

ဒကာ။ မှန်ပါ့၊ သည်စကားနှစ်ရပ်ရဲ့ သဘောအဓိပ္ပါယ် အယူအဆများကိုတော့ ရှင်းသွားပါပြီဘုရား။ ယားမကုတ်နှင့်၊ညောင်းမပြင်နှင့်ဆိုတာက တရားထိုင်တဲ့သူဟာ သူထိုင်တဲ့အချိန်ပိုင်းထဲမှာ မူလ ထိုင်ထားတဲ့ နည်းအတိုင်း မပြင်ဘဲ၊ မပြောင်းဘဲ တစ်ခါတည်း ထိုင်သွားရတော့မှာလားဘုရား။ သည်လို ဣရိယာပုတ် တစ်ခုမှ နောက်တစ်ခုကို မပြောင်းဘဲ နေရမယ်၊ ထိုင်ရမယ်ဆိုတဲ့ အကြောင်းဟာ စာပေကျမ်းဂန်မှာပါ ပါသလားဘုရား၊ မိန့်ကြားတော်မူပါဦး။

ဆရာ။ ဝေ ...မင်းက ကျမ်းဂန် အကိုးအကားတွေ တောင်းနေပြန်ပြီလား။ သည်အမိန့်စကားဟာ စွန်းလွန်းဆရာတော်တွေရဲ့ အမိန့်စကားမဟုတ်ဘူး။ မြတ်စွာဘုရားသခင်ရဲ့ အမိန့်စကား၊ အဋ္ဌကထာဆရာကြီးတွေရဲ့ အမိန့်စကားတော်လို့သာ မှတ်ထားကွာ။ ဟောသည်မှာ ကြည့်–အဘိဓမ္မာ ပိဋကကာယာနုပဿနာ သတိ ပဋ္ဌာနဝိဘင်္ဂ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဆဋ္ဌမူ၊စာမျက်နှာ ၂၀၉–

ဝိဟာရတီတိ စတူသု ဣရိယာပထေ ဝိဟာရေသု အညတရဝိဟာရသမာယောဂ ပရိဒီပနမေတံ၊ ဧကံ ဣရိယာပထဗာဓနံ အပရေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပတမာနံ အတ္တဘာဝံ ဟရတိ ပဝတ္တေ တီတိ အတ္ထော။

ဘာသာပြန်–

"ကာယာနုပဿနာ သတိပဋ္ဌာန်တရား အားထုတ်ပွားများ မှတ်သားကာ ထိုင်နေ၏ဟူသည်။ ဣရိယာပုထ် လေးပါးတို့တွင် ကိုယ်ကြိုက်ရာ ဣရိယာပုတ် တစ်ပါးပါးဖြင့် နေထိုင်ခြင်းမျိုးကို ပြဆို၏ဟူလို။ ယင်းအနက်ကား မူလနေမြဲ ဣရိယာပုတ် တစ်ခု၏ ကျင်နာနှိပ်စက် အခံရခက် အနေရခက်ခြင်းကို တစ်ပါးသော ဣရိယာပုတ်ဖြင့် ပြုပြင်ပြောင်းလဲ ဖြတ်တောက် ဖျက်ဆီးမှု မပြုဘဲ၊ ပင်ကိုယ်သဘောအတိုင်း ဖြစ်၍ နေခြင်း၊ ထိုင်မြဲထိုင်နေခြင်းကို ဆို၏တဲ့။

ကဲ–ရှင်းရဲ့လား။ အဲဒါ စွန်းလွန်းဆရာတော်များရဲ့ အမိန့်စကား မဟုတ်ဘူးဗျား။ဘုရားစကား၊ အဋ္ဌကထာဆရာများရဲ့ စကားကိုယူပြီး "ညောင်း မပြင်နဲ့၊ ယား မကုတ်နဲ့"လို့ မိန့်ကြားနေကြတာ။ မချိမဆံ့ ပြင်းပြင်းထန်ထန် မခံနိုင်အောင် ဖြစ်လာရင်လည်း ကြပ်ကြပ်သည်းခံပြီး မှတ်ရမယ်၊ မခံနိုင်လွန်းတော့လည်း ပြင်ပစ်လိုက်ပေါ့။ တရားထိုင်တဲ့ ယောဂီဟာ ညောင်းတိုင်းသာ မကြာခဏ ပြောင်းပြောင်းပြီး ထိုင်နေရင် ဘယ်ကောင်းတော့မှာလဲကွ၊ သမာဓိကိုရမှာ မဟုတ်တော့ဘူး။ ဒါကြောင့် သည်နေရာမှာ ခန္တီပါရမီဟာ အရေးအကြီးဆုံးပဲ။ နောက်တစ်ခုကလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ–

ဒုက္ခလက္ခဏံ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ဒုက္ခလက္ခဏံ=ဆင်းရဲတာ အသေအချာ ဒုက္ခလက္ခဏာကို၊ ဣရိယာပထေဟိ ပဋိစ္ဆိန္နတ္တာ=ဘယ်ပြောင်းညာပြန် အဖန်ဖန် ပြင်၍ပြင်၍ ထိုင်နေသော ဣရိယာပုတ်တို့က ဖုံးအုပ်ဖုံးအုပ်၍ ထားသောကြောင့်၊ န ဥပဋ္ဌာတိ=ဒုက္ခဟုတ်၊ ဒုက္ခစစ်၊ ဒုက္ခမှန်ကို ဝိပဿနာဉာဏ်ဖြင့် မမြင်နိုင်တော့ချေ–တဲ့။

အဲသည် စကားရပ်များအရ တရားထိုင်တဲ့ ယောဂီဟာ မကြာခဏ ဟိုပြောင်း သည်ပြင် လုပ်ခြင်းမှ စောင့်ထိန်းနိုင်လေ ကောင်းလေလို့ မှတ်သားထားပေါ့ကွာ။

□ဆက်လက်ဖော်ပြပါမည်



ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်
ရွှေကျင်ကျောင်းတိုက်

## သပြေကန်ဆရာတော်ကြီး၏ အဆိုအမိန့်များ

### ကြီးပွားတိုးတက်လိုလျှင်

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသော လောကအရေးမှန်သမျှမှာ အပ္ပမာဒ အရေးပါလှ၏။ လောက၌ ကြီးပွားတိုးတက်နေသူများသည် သတိမလစ်သူများ ဖြစ်ကြ၏၊ ဆုတ်ယုတ်ပျက်စီးနေသူများကို ကြည့်လျှင် မေ့လျော့နေသူများ ဖြစ်သည်ကို တွေ့နိုင်၏။

### The Root of Success

Diligence or Appamada is the cause of success in all things, whether in business, or education, or in just maintaining our good health. People who are successful are also mindful of their needs and aspirations. Unsuccessful and degenerate people are negligent and lax.







# အနှိုင်းမဲ့အလှူ(၂)

**အရှင်ဆန္ဒာဓိက**

**(ရွှေပါရမီတောရ)**

အလှူအားလုံးကို သဘောတူရာ ပေါင်းစုလိုက်ရင် ပစ္စည်းအလှူနဲ့ တရားအလှူလို့ အလှူနှစ်မျိုးပဲ ရှိပါတယ်။ အဲဒီနှစ်မျိုးထဲမှာ ပစ္စည်းအလှူထက် တရားအလှူက ပိုမြတ်တဲ့အတွက် တရားအလှူဟာ အလှူအားလုံးထဲမှာ အမြတ်ဆုံးအလှူ၊ အနိုင်းမဲ့အလှူပါ။

(အနိုင်းမဲ့အလှူ(၁)မှာ ရေးခဲ့ပြီးပါပြီ။)

တရားအလှူကို တစ်ပိုင်းတစ်ကဏ္ဍထားပြီး ပစ္စည်းအလှူသက်သက်ကိုပဲ ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မယ်ဆိုရင်တော့ ...

လောကမှာ ရှိရှိသမျှ ပစ္စည်းအလှူအားလုံးထဲမှာ သံဃိက ကျောင်းအလှူဟာ အနိုင်းမဲ့အလှူ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သံဃိကကျောင်းအလှူထက် ပိုပြီး အလှူခံပုဂ္ဂိုလ်ကို အကျိုးကြီးစေပါတယ်၊ အလှူပေးပုဂ္ဂိုလ်ကို ကုသိုလ်တိုးစေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားပစ္စည်းအလှူ မရှိတော့လို့ပါပဲ။

သံဃိကကျောင်းအလှူနဲ့ လဲလှယ်သင့်၊လဲလှယ်ထိုက်တဲ့ တခြားပစ္စည်းအလှူ လောကမှာ မရှိတော့တဲ့အတွက် သံဃိကကျောင်းအလှူဟာ အနိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက နတ်သားတစ်ပါးက ...

"ဘယ်အရာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာ ရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ချမ်းသာသုခကို ပေးလှူရာ ရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ မျက်စိအမြင်ဓာတ်ကို ပေးလှူရာရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ကောင်းကျိုးအားလုံးကို ပေးလှူရာရောက်ပါသလဲ"

လို့ မေးလျှောက်တော့ မြတ်စွာဘုရားရှင်က ...

"အစားအစာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာ ရောက်ပါတယ်၊ အဝတ်အထည်ကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာ ရောက်ပါတယ်၊ ဆီမီးအလင်းရောင်ကို ပေးလှူတဲ့သူဟာ မျက်စိအမြင်ဓာတ်ကို ပေးလှူရာရောက်ပါတယ်၊ အိမ်ကျောင်းအဆောက်အအုံ ပေးလှူတဲ့သူဟာ ကောင်းကျိုးအားလုံးကို ပေးလှူရာ ရောက်ပါတယ်"

လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အစားအစာအလှူက အလှူခံပုဂ္ဂိုလ်ကို ခွန်အားပြည့်ဖြိုးစေသလို၊အဝတ်အထည်အလှူက အလှူခံပုဂ္ဂိုလ်ကို ရုပ်ဆင်းလှပတင့်တယ်စေပါတယ်။ စီးစရာယာဉ်အလှူက အလှူခံပုဂ္ဂိုလ်ကို ခရီးသွားလာတဲ့အခါ ချမ်းသာသုခဖြစ်စေသလို၊ ဆီမီး၊ ဓာတ်မီး၊ လျှပ်စစ်မီး စတဲ့ အလင်းရောင်အလှူက အလှူခံပုဂ္ဂိုလ်ကို မြင်သင့်မြင်ထိုက်တာတွေ ပြတ်ပြတ်သားသား မြင်တွေ့စေနိုင်ပါတယ်။

ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း စတဲ့ အဆောက်အအုံအလှူကတော့ အလှူခံပုဂ္ဂိုလ်ကို ခွန်အားလည်း ပြည့်ဖြိုးစေသလို ရုပ်အဆင်းလည်း လှပတင့်တယ်စေပါတယ်။ ချမ်းသာသုခလည်း ဖြစ်ပွားစေသလို မျက်စိအမြင်ဓာတ်လည်း အားကောင်းစေပါတယ်။ ရှေ့အလှူလေးမျိုးကြောင့် ရရှိနိုင်တဲ့ ကောင်းကျိုးလေးမျိုးလုံးကို အလှူတစ်မျိုးတည်းနဲ့ ရရှိစေနိုင်တာ ကျောင်းအလှူပါ။ (အနိုင်းမဲ့အလှူ(၁)မှာ အကျယ်ရှုပါ။)

မေးခွန်းရှင်နတ်သားက ကောင်းကျိုးလေးမျိုးကိုပဲ ရှေ့ကခံပြီး မေးလို့သာ ကျောင်းလှူရင် ကောင်းကျိုးလေးမျိုးလုံး လှူရာရောက်တယ်လို့ ထင်ရပေမယ့် တကယ်တမ်းကတော့ ကျောင်းလှူရင် ကောင်းကျိုးချမ်းသာအားလုံး လှူရာရောက်ပါတယ်။

နတ်သားက ကောင်းကျိုးအမျိုးတစ်ရာ ရှေ့ကခံပြီး မေးရင် ကျောင်းအလှူက ကောင်းကျိုးအမျိုးတစ်ရာကို လှူရာရောက်ပါလိမ့်မယ်။ နတ်သားက ကောင်းကျိုးအမျိုးတစ်ထောင် ရှေ့ကခံပြီး မေးရင် ကျောင်းအလှူက ကောင်းကျိုးအမျိုးတစ်ထောင်ကို လှူရာရောက်ပါလိမ့်မယ်။ နတ်သားက ကောင်းကျိုးအမျိုးအနန္တ ရှေ့ကခံပြီး မေးရင် ကျောင်းအလှူက ကောင်းကျိုးအမျိုးအနန္တကို လှူရာရောက်ပါလိမ့်မယ်။

"သော စ သဗ္ဗဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ - ကျောင်းလှူတဲ့သူဟာ ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်ပါတယ်"ဆိုတဲ့ ဗုဒ္ဓစကားတော်ဟာ နတ်သားတိုက်ရိုက်မေးတဲ့ကောင်းကျိုးလေးမျိုးတည်းကိုသာ ရည်ရွယ်တာ မဟုတ်ပါဘူး။ ရှိရှိသမျှ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ကောင်းကျိုး အားလုံးကို ရည်ရွယ်ပါတယ်။

နေထိုင်စရာ အဆောက်အအုံတွေ အားလုံးထဲ

မှာ ရဟန်းသံဃာတော်တွေ သီတင်းသုံးတဲ့ကျောင်းက အမြတ်ဆုံးဖြစ်လို့သာ 'ကျောင်းလှူတဲ့သူဟာ'လို့ အထွတ်အထိပ်ကိုင်ပြောထားပေမယ့် ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ လိုဏ်ဂူ၊ မဏ္ဍပ် ...စတဲ့ နေထိုင်စရာ၊ ခိုနားစရာ အဆောက်အအုံမှန်သမျှ ဘာပဲလှူလှူ 'ကျောင်းအလှူ'ဆိုတဲ့အထဲ အကျုံးဝင်ပါတယ်။ ဘာအဆောက်အအုံပဲလှူလှူ ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်ပါတယ်။

ရန်ကုန်မှာ အလုပ်လာလုပ်ချင်တဲ့ နယ်ကလူပျို လူလွတ် တစ်ယောက်အတွက် ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း ငှားရမ်းပေးထားတယ်ဆိုပါတော့။ တိုက်ခန်းငှားရမ်းခကို ကိုယ်က မေတ္တာစေတနာ အပြည့်အဝနဲ့ အကုန်အကျခံ လှူဒါန်းတယ်ဆိုရင် အဲဒီတိုက်ခန်းဟာ ငှားရမ်းသက်တမ်း မကုန်မချင်း ကိုယ်လှူတဲ့တိုက်ခန်းပါပဲ။ အဆောက်အအုံအလှူ ဖြစ်သွားပါတယ်။

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာနေရင်း အလုပ်လုပ်လို့ ရလာတဲ့ သူ့စီးပွားဥစ္စာတွေဟာ ကိုယ်လှူလိုက်တဲ့ စီးပွားဥစ္စာတွေပါ။ ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာနေရင်း တိုးပွားလာတဲ့ သူ့မိတ်ကောင်းဆွေကောင်းတွေဟာ ကိုယ်လှူလိုက်တဲ့ မိတ်ကောင်းဆွေကောင်းတွေပါ။ ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာနေရင်း ဖူးစာဆုံတဲ့ သူ့ဘဝကြင်ဖော်ဟာ ကိုယ်လှူလိုက်တဲ့ ဘဝကြင်ဖော်ပါ။ (ဘုရားရေ ...အဆောက်အအုံအလှူက ဘဝကြင်ဖော်အလှူထိအောင် အလှူဆက်စေနိုင်ပါသတဲ့လား ..။)

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းထက် ပိုအဆင့်မြင့်တဲ့ တိုက်ခန်း၊ သို့မဟုတ် လုံးချင်းအိမ်ကို သူ့ရဲ့ကိုယ်ပိုင်ပိုက်ဆံနဲ့ ငှားရမ်းနိုင်၊ သို့မဟုတ် အပြီးအပြတ်ဝယ်ယူနိုင်သွားပြီဆိုရင်လည်း အဲဒီတိုက်ခန်း၊ အဲဒီလုံးချင်းအိမ်ဟာ ကိုယ်လှူလိုက်တဲ့ တိုက်ခန်း၊ ကိုယ်လှူလိုက်တဲ့ လုံးချင်းအိမ်ပါပဲ။

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းကနေ စတင်သန္ဓေတည်ပြီး ပေါ်ပေါက်တိုးပွားလာတဲ့ ကောင်းကျိုးချမ်းသာအဆက်ဆက်ဟာ ကိုယ့်ရဲ့အလှူတွေချည်းပဲလို့ ဉာဏ်ဖြန့်နလုံးသွင်းနိုင်ပါတယ်။ ကိုယ်ကသာ သူ့ကိုရန်ကုန်မှာ နေရာလေးတစ်ခု စတင်ဖန်တီးမပေးခဲ့ရင် သူ့ဘဝ ဒီလိုတိုးတက်လာမှာမှ မဟုတ်တာ။ သူ့ဘဝအခုလို ခိုင်သွားတာ ကိုယ့်ရဲ့ အိမ်အလှူကြောင့်ပါ။ သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယလည်း ပါတာပေါ့လေ။

အိမ်လခ မပေးနိုင်သူအတွက် အိမ်လခ ခေတ္တစိုက်ပေးတာ (အတိုးမဲ့)၊ ဒါမှမဟုတ် ကိုယ်နိုင်သလောက် ဘယ်နှလစာဆိုပြီး အပြီးလှူလိုက်တာ၊ အပေါင်ဆုံးတော့မယ့်အိမ်ကို ခေတ္တစိုက်၊ သို့မဟုတ် အပြီးလှူ ကူရွေးပေးတာ၊ ကိုယ်ပိုင်ဆိုင်တဲ့ အိမ်အလွတ်၊ အခန်းအလွတ်တွေမှာ ခေတ္တခဏ နေခွင့်ပေးတာ၊ ရပ်ဝေးရပ်နီး ဧည့်သည်ကို အိမ်မှာ တည်းခိုခွင့်ပေးတာ စသည်အားဖြင့် ...ဒါတွေအားလုံးဟာ မေတ္တာစေတနာသန့်သန့်နဲ့ ကူညီခဲ့ရင် အိမ်အလှူ ဖြစ်သွားပါတယ်။ ဥပဿယဒါန-အဆောက်အအုံအလှူ၊ အာဝါသဒါန-နေရာအလှူပေါ့။ အလှူခံပုဂ္ဂိုလ်ကို ကောင်းကျိုးချမ်းသာအားလုံး လှူရာရောက်ပါတယ်။ ပစ္စည်းအလှူတွေထဲမှာတော့ အမြတ်ဆုံးအလှူ၊ အနှိုင်းမဲ့အလှူပါပဲ။

မလွှဲသာလို့ အိမ်မှာလာတည်းတဲ့ ဧည့်သည်ကို 'ငါ့အိမ်ကို တည်းခိုခန်းများ မှတ်နေလားမသိဘူး'ဆိုပြီး မကျေမနပ်နဲ့ ဒေါသထွက်နေမယ်ဆိုရင်တော့ 'နေရာအလှူ'ကုသိုလ်မဖြစ်ဘဲ 'သေရာအပူ'ကုသိုလ်ပဲ ဖြစ်ပါလိမ့်မယ်။ လူတကာကို တည်းခိုခွင့် ပေးရမယ်လို့တော့ မဆိုလိုပါဘူး။ မကင်းရာမကင်းကြောင်း မလွှဲမရှောင်သာ ပတ်သက်လာခဲ့ရင် စိတ်ထားတတ်ဖို့ ပြောတာပါ။

လူဝတ်ကြောင်တစ်ယောက်ကို အိမ်လှူတာတောင် အလှူခံပုဂ္ဂိုလ်မှာ ဒီလောက်အကျိုးများရင် ရဟန်းသံဃာတော်တွေကို ကျောင်းလှူတာ ရဟန်းသံဃာတော်တွေအတွက် ဘယ်လောက်တောင် အကျိုးများလိုက်မလဲဆိုတာ သာမန်ဉာဏ်နဲ့ တွေးကြည့်လို့တောင် မရနိုင်ပါဘူး။ ဆွမ်း၊ သင်္ကန်း၊ ဆေးဝါး၊ အသုံးအဆောင်၊ အပ်စပ်ရာ ပစ္စည်းလေးပါး၊ ပရိယတ္တိ ဗဟုသုတ၊ ဈာန်အဘိညာဉ်၊ ဝိပဿနာဉာဏ် စတဲ့ လောကီကောင်းကျိုးတွေ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကောင်းကျိုးတွေ၊ ကိုယ့်ရဲ့ ကျောင်းအလှူကြောင့် ကျောင်းအလှူခံ ရဟန်းသံဃာတော်တွေမှာ လောကီကောင်းကျိုးအမျိုးမျိုး၊ လောကုတ္တရာကောင်းကျိုးအမျိုးမျိုး ပွားတိုးရရှိနိုင်ပါတယ်။

ဝေလာမသုတ္တန်မှာ မြတ်စွာဘုရားရှင်က ...

"ပုထုဇဉ်လူသား ထောင်သောင်းများစွာကို ရွှေခွက်ပေါင်းရှစ်သောင်းလေးထောင်၊ ငွေခွက်ပေါင်းရှစ်သောင်းလေးထောင် ...စတဲ့ အဆင့်မြင့်လှူဖွယ်ဝတ္ထုမျိုးစုံ ရှစ်သောင်းလေးထောင်စီ အပါအဝင် စားဖွယ်၊

သောက်ဖွယ်တွေ မြစ်ချောင်းစီးအောင် လှူဒါန်းရတဲ့ အလှူဒါနကြီးထက် သောတာပန်တစ်ယောက်ကို ထမင်းတစ်နပ်ကျွေးရတဲ့ အလှူက ပိုပြီးအကျိုးကြီးပါတယ်”

“သောတာပန် အယောက်တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့ အလှူထက် သကဒါဂါမ်တစ်ယောက်ကို ထမင်းတစ်နပ်ကျွေးရတဲ့အလှူက ပိုပြီးအကျိုးကြီးပါတယ်”

“သကဒါဂါမ် အယောက်တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့ အလှူထက် အနာဂါမ်တစ်ယောက်ကို..၊အနာဂါမ်အယောက်တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့ အလှူထက် ရဟန္တာတစ်ယောက်ကို ...၊ ရဟန္တာအယောက်တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့အလှူထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ...၊ ပစ္စေကဗုဒ္ဓါ အပါးတစ်ရာကို ဆွမ်းတစ်နပ်ကျွေးရတဲ့ အလှူထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို ...၊ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို ဆွမ်းတစ်နပ်ကပ်ရတဲ့အလှူထက် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို ဆွမ်းတစ်နပ်ကပ်ရတဲ့ အလှူက ပိုပြီး အကျိုးကြီးပါတယ်”

“ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို ဆွမ်းတစ်နပ်ကပ်ရတဲ့အလှူထက် အရပ်လေးမျက်နှာက ရောက်လာသမျှ သံဃာတော်အပေါင်းကို ရည်စူးပြီး ကျောင်းဆောက်လှူရတဲ့အလှူက ပိုပြီးအကျိုးကြီးပါတယ်”

လို့ အလှူအဆင့်ဆင့် အကျိုးပေးမြင့်သွားပုံကို နှိုင်းယှဉ်ဟောပြထားပါတယ်။ ပစ္စည်းအလှူအားလုံးထဲမှာ ‘သံဃိကကျောင်းအလှူ’ဟာ အကျိုးပေးအကြီးကျယ်ဆုံး၊ အဆင့်အတန်းအမြင့်မားဆုံးလို့ ဆိုလိုတာပါ။

‘သံဃိကကျောင်းအလှူ’လို့ စကားလုံးကျဉ်းကျဉ်းနဲ့ မှတ်သားရလွယ်အောင် ပြောလိုက်ပေမယ့် အပြည့်အစုံကတော့ ‘စာတုဒ္ဒိသသံဃိကကျောင်းအလှူ’ပါ။ ‘အရပ်လေးမျက်နှာက ရောက်လာကြမယ့် အယုတ်၊ အလတ်၊ အမြတ်မရွေး ရဟန်းသံဃာအားလုံးနဲ့ သက်ဆိုင်တဲ့ကျောင်း’လို့ ဆိုလိုပါတယ်။

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာက ရောက်လာပြီး၊ ရောက်လာဆဲ၊ ရောက်လာလတ္တံ့ ရဟန်းသံဃာအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်ကစလို့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါး



ဘုရားအမှူးရှိတဲ့
ရဟန်းသံဃာတော်ကို
ဆွမ်းတစ်နပ်ကပ်ရတဲ့အလှူထက်
အရပ်လေးမျက်နှာက
ရောက်လာသမျှ
သံဃာတော်အပေါင်းကို ရည်စူးပြီး
ကျောင်းဆောက်လှူရတဲ့အလှူက
ပိုပြီးအကျိုးကြီးပါ တယ်”

လုံးမှာ ရှိခဲ့ပြီး၊ ရှိနေဆဲ၊ ရှိလာလတ္တံ့ အရိယာသံဃာတော်များအားလုံး၊ ပုထုဇဉ် သံဃာတော်များအားလုံးဟာ ‘စာတုဒ္ဒိသသံဃိက ကျောင်းအလှူ’ရဲ့ အလှူခံပုဂ္ဂိုလ်တွေချည်းပါပဲ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကို ရည်စူးတဲ့ ပုဂ္ဂလိကအလှူထက် ရဟန်းသံဃာအားလုံးကို ရည်စူးတဲ့ သံဃိကအလှူက အလှူခံ ပိုမြင့်မြတ်ပြီး ပိုအကျိုးကြီးတဲ့အတွက်ကြောင့်ရော၊ အလှူခံရဟန်းသံဃာတော်တွေကို ပစ္စည်းလေးပါး၊ ထင်ရှားကျော်ကြားမှု၊ ပရိယတ္တိဗဟုသုတ၊ ဈာန်၊ အဘိညာဉ်၊ ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်နိဗ္ဗာန် ...စတဲ့ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ အားလုံးလှူလိုက်ရာရောက်တဲ့အတွက်ကြောင့်ပါ ‘သံဃိကကျောင်းအလှူ’ဟာ ပစ္စည်းအလှူအားလုံးထဲမှာ အမြတ်ဆုံးအလှူ၊ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။ ဒါက အလှူခံပုဂ္ဂိုလ်ဘက် ရှုထောင့်ကနေ အနှိုင်းမဲ့ဖြစ်ပုံပါ။

အလှူပေးပုဂ္ဂိုလ်ဘက်ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ကိုယ့်ကျောင်းအလှူကို ကိုယ်ပြန်သတိရတိုင်း ကိုယ့်လှူဖွယ်ဝတ္ထုက လောလောဆယ်ဆယ်မှာလည်း ထင်ရှားရှိနေတာမို့ တခြားအလှူတွေနဲ့မတူတဲ့ ကုသိုလ်စေတနာအသစ်အသစ်တွေ တစ်ရစ်ပြီးတစ်ရစ် ထပ်ထပ်တိုးနေတဲ့အတွက် အနှိုင်းမဲ့ဖြစ်နေပြန်ပါတယ်။

ရဟန်းသံဃာကို ဒီနေ့ဆွမ်းကပ်လိုက်ရင် မနက်ဖြန်မှာ အဲဒီဆွမ်းက မစင်ကျင်ကြီးအဖြစ် ပြောင်းလဲသွားပြီး မနက်ဖြန်မှာ လှူဖွယ်ဝတ္ထု ထင်ရှားမရှိတော့ပါဘူး။ သင်္ကန်းကပ်လိုက်ရင်လည်း အဲဒီသင်္ကန်းက သိပ်မကြာခင်ကာလမှာပဲ ဟောင်းနွမ်းပျက်စီးသွားမှာမို့ ကိုယ်သတိရတဲ့အချိန်မှာ လှူဖွယ်ဝတ္ထုထင်ရှားရှိချင်မှ ရှိတော့မှာပါ။ တခြားဘယ်လှူဖွယ်ဝတ္ထုမဆို သိပ်ကြာကြာ အသုံးမခံတဲ့အတွက် ကိုယ်ပြန်သတိရတဲ့အချိန် လောလောဆယ်မှာတော့ လှူဖွယ်ဝတ္ထု ထင်ရှားမရှိတော့ဖို့က များပါတယ်။

'ကျောင်း'ဆိုတဲ့ လှူဖွယ်ဝတ္ထုကတော့ အဲဒီလိုမျိုး အလွယ်တကူ ပျောက်ပျက်မသွားနိုင်ပါဘူး။ မြေကြီးထဲမှာ အခိုင်အမာစိုက်ထူထားတာမို့ အချိန်ကာလကြာမြင့်စွာ မြဲမြံတည်တံ့နိုင်ပါတယ်။ ကိုယ်ဘယ်အချိန်ပဲသတိရ သတိရ၊ သတိရလိုက်တဲ့အချိန်တိုင်းမှာ ကိုယ်လှူထားတဲ့ ကျောင်းတည်းဟူသော လှူဖွယ်ဝတ္ထုက လောလောဆယ် ထင်ရှားရှိနေတဲ့အတွက် 'ကျောင်းအလှူလှူပါတယ်၊ ကျောင်းအသုံးပြုနေတဲ့ ပုဂ္ဂိုလ်အားလုံး အစစအရာရာ အဆင်ပြေကြပါစေ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိကြပါစေ'လို့ ထပ်တလဲလဲ နှလုံးသွင်းရင်း ကုသိုလ်စေတနာ အသစ်အသစ်တွေ၊ ကုသိုလ်ပီတိ အသစ်အသစ်တွေ တစ်ရစ်ပြီးတစ်ရစ် တိုးပွားလာနိုင်ပါတယ်။

ဒါကြောင့် ကျောင်းအလှူကို 'ထာဝရဒါန–ခိုင်မြဲတဲ့အလှူ၊ ခိုင်မာတဲ့အလှူ'လို့ ခေါ်ပါတယ်။ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းလှူတာထက် မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းလှူတာက ပိုပြီးခိုင်မာတာပေါ့။ ဘဏ်တွေမှာ ငွေချေးမယ်ဆိုရင်တော့ မရွှေ့ပြောင်းနိုင်တဲ့ အိမ်၊ ခြံ၊ တိုက်၊ တိုက်ခန်းတွေကို အပေါင်အနှံထားရတာပဲ မဟုတ်လား။

အကျိုးပေး'ခိုင်'ချင်ရင် အကြောင်းကံ'ခိုင်'ဖို့ လိုအပ်ပါတယ်။ ကျောင်းအလှူဟာ 'ခိုင်'တဲ့ပစ္စည်း လှူတာမို့ အကြောင်းကံ'ခိုင်'တဲ့ အလှူပါ။ အလှူ'ခိုင်'မှတော့ ဘဝ'ခိုင်'ပြီပေါ့။ ဘဝ'ခိုင်'ချင်သူတိုင်း အလှူ'ခိုင်'အောင် ကြိုးစားကြရပါမယ်။ အလှူ'ခိုင်'ဖို့ကတော့ ကျောင်းဆောက်လှူရုံပါပဲ။

လွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာ၊ ဝိပဿီဘုရားရှင်လက်ထက်တုန်းက ဗန္ဓုမတီမြို့မှာ 'ကိုနေဇာ'ဆိုတဲ့ သူဆင်းရဲတစ်ဦးရှိခဲ့ဖူးပါတယ်။ သူတစ်ပါးခိုင်းသမျှလုပ်ပြီး



အကျိုးပေးခိုင်ချင်ရင်
အကြောင်းကံခိုင်ဖို့ လိုအပ်ပါတယ်။
ကျောင်းအလှူဟာ ခိုင်တဲ့ပစ္စည်း
လှူတာမို့ အကြောင်းကံခိုင်တဲ့
အလှူပါ။ အလှူခိုင်မှတော့
ဘဝခိုင်ပြီပေါ့။ ဘဝခိုင်ချင်သူတိုင်း
အလှူခိုင်အောင်
ကြိုးစားကြရပါမယ်။
အလှူခိုင်ဖို့ကတော့
ကျောင်းဆောက်လှူရုံပါပဲ။

သူတစ်ပါးကျွေးသမျှ စားနေရတဲ့ သူတစ်ပါးအိမ်မှာ မှီခိုကပ်ရပ်နေရသူ၊ သူတစ်ပါးရဲ့ အမှုလုပ် အစေအပါးတစ်ဦးပါ။

တစ်နေ့တော့ ဆိတ်ငြိမ်ရာနေရာတစ်ခုမှာ အေးအေးဆေးဆေးထိုင်ရင်း ကိုနေဇာ ကိုယ့်ဘဝ ကိုယ်ဆင်ခြင်သုံးသပ်နေမိပါတယ်။

"သြော် ...ငါ့မလဲ(ငါ့မှာလည်း) ဆင်းရဲလိုက်တာလွန်ရော ...၊ လောကမှာ ဘုရားပွင့်နေတာတောင် ဘာကုသိုလ်မှ မည်မည်ရရ မလုပ်နိုင်သေးဘူး၊ ဒီအတိုင်းသာ ကုသိုလ်လက်မဲ့နဲ့ သေသွားမယ်ဆိုရင် အပါယ်လေးပါး လားရောက်ရုံပဲရှိတယ်၊ ကုသိုလ်မရှိသူတွေရဲ့ သွားရာလမ်းဟာ အပါယ်ရဲကလွဲလို့ ဘာမျှမရှိဘူးလေ"

"ဒီအတိုင်း ကုသိုလ်လက်မဲ့နဲ့ နေလို့တော့ မဖြစ်သေးပါဘူး၊ ဘဝလမ်းကြောင်းကောင်းအောင် သုတ်သင်ရှင်းလင်းဦးမှပါ၊ ဒီအချိန်မှ ကုသိုလ်မလုပ် ဘယ်အချိန်သွားလုပ်မလဲ၊ ဘုရားပွင့်နေတဲ့ အခွင့်ကောင်းအခါကောင်းကို အကောင်းဆုံး အသုံးချမှဖြစ်မယ်"

"မရှိလို့ မလှူ၊ မလှူလို့ မရှိဆိုရင် မရှိသံသရာကြီး ဘယ်တော့မှ လည်ပတ်လို့ ဆုံးမှာမဟုတ်တော့ဘူး၊

မရှိတဲ့ကြားထဲကပဲ အကောင်းဆုံးအလှူတစ်ခုတော့ ပြု ဖြစ်အောင် ပြုဦးမှ”

“သူများတွေလို ခဏခဏလည်း လှူနိုင်တာ မဟုတ်တော့ တစ်ခါလှူရုံနဲ့ တစ်သက်လုံး ခိုင်မြဲနေတဲ့ အလှူ လှူမှဖြစ်မယ်၊ တစ်သက်လုံး ခိုင်တဲ့အလှူ … ဘာအလှူများပါလိမ့်”

“အင်း …ဟုတ်ပြီ …ဟုတ်ပြီ …၊ တစ်သက်လုံးခိုင်တဲ့အလှူဟာ ကျောင်းအလှူလို့ ဘုရားဟောတာ ငါကြားဖူးတယ် …၊ငါ ကျောင်းဆောက်မယ် …၊ ငါ ကျောင်းအလှူ လှူမယ် …၊ ငါ ကျောင်းဆောက်မယ် …၊ ငါ ကျောင်းအလှူ လှူမယ်”

အသပြာချို့တဲ့ပေမယ့် သဒ္ဓါမချို့တဲ့တဲ့ ကိုနေဇာ၊ အရှိဆင်းရဲပေမယ့် အသိမဆင်းရဲတဲ့ ကိုနေဇာ၊ တစ်ကြိမ်လှူရုံနဲ့ တစ်သက်လုံး ခိုင်နေမယ့် တစ်ကွက်ကောင်း အလှူကို အတိအကျရွေးချယ်နိုင်ခဲ့ပါတယ်။ ခုခေတ်စကားနဲ့ ဆိုရင်တော့ ‘တစ်လုံးအပိုင်’ဖမ်းနိုင်ခဲ့တယ်လို့ပဲ ပြောရလိမ့်မယ်ထင်ပါရဲ့။

ငွေကြေးတစ်ပြားတစ်ချပ်မျှ မရှိပေမယ့် ကျောင်းအလှူကိုမှ လှူချင်တဲ့ ကိုနေဇာ …အလုပ်ရှင်ထံ ခွင့်တစ်ရက်တောင်းပြီး ဓားတစ်ချောင်းနဲ့ တောထဲထွက်လာခဲ့ပါတယ်။ ကျောင်းတိုင်အတွက် သစ်ပင်သုံးပင်ခုတ်၊ ကျောင်းအခင်းအတွက် ဝါးတွေ၊ နွယ်တွေဖြတ်၊ ကျောင်းအကာနဲ့ အမိုးအတွက် သစ်ရွက်တွေ၊ မြက်တွေ ရှုးပြီး တောရကျောင်းတစ်ခုမှာ မြက်မိုး သစ်ရွက်ကာ သုံးတိုင်စင်ကျောင်းလေး နေ့ချင်းပြီး ဆောက်လုပ်လိုက်ပါတယ်။

“အရပ်လေးမျက်နှာက ရောက်လာကြမယ့် သံဃာတော်အရှင်မြတ်အပေါင်းအား လှူဒါန်းပါတယ်၊ ဤကျောင်းမှာ သီတင်းသုံးပြီး ပရိယတ်၊ ပဋိပတ်အလုပ်အားထုတ်တော်မူနိုင်ကြပါစေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူနိုင်ကြပါစေ”လို့ သံဃာကို ရေစက်ချလှူဒါန်းပြီး ကိုနေဇာ အလုပ်ရှင်ထံ ပြန်လာခဲ့ပါတယ်။ အဲဒီတစ်သက် အဲဒီကျောင်းအလှူတစ်ခုကလွဲလို့ ကိုနေဇာ ဘာမျှမလှူဖြစ်တော့ပါဘူး။

ဒါပေမယ့် တစ်ကွက်ကောင်းအလှူ၊ တစ်လုံးအပိုင်အလှူဆိုတော့ သတိရတိုင်း အလှူအသစ်ထပ်ဖြစ်ပြီး ကိုနေဇာရဲ့ သန္တာန်မှာ ကုသိုလ်စိတ်တွေ အမြဲပွားနေပါတယ်။

ကုသိုလ်ပွားနေတဲ့ ကိုနေဇာ …သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည်က ဘုံဆင့်တစ်ရာ (အထပ်ပေါင်းတစ်ရာ)ရှိတဲ့ ရွှေဗိမာန်ကြီးမှာ နတ်သားဖြစ်ခဲ့ရပါတယ်။ ဘဝဆက်တိုင်းလည်း ကုသိုလ်အသစ်အသစ်တွေ ပွားအောင် ထပ်မံပြုလုပ်နိုင်တဲ့အတွက် ကိုးဆယ့်တစ်ကမ္ဘာလုံး အပါယ်လေးပါး မလားရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်၊ ကောင်းရာသုဂတိဘုံတွေမှာပဲ အဆင့်အတန်းမြင့်မြင့်၊ အထက်တန်းကျကျ ကျင်လည်ခဲ့ရပါတယ်။ အခုမြတ်စွာဘုရားရှင်လက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးနဲ့တကွ ရဟန္တာဖြစ်ပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခဲ့ပါတယ်။

ဆရာတော်ဦးနေဇာ ပြန်ပြောင်းပြောပြတဲ့ ကျောင်းအလှူအကျိုးတွေထဲမှာ လူမင်းစည်းစိမ် အကြိမ်ကြိမ်၊ နတ်မင်းစည်းစိမ် ခဏခဏဆိုတဲ့ သမားရိုးကျအကျိုးတွေအပြင် မြတ်နိုးဖွယ်ကောင်းတဲ့ ထူးခြားဆန်းကြယ်အကျိုးတွေ ပါလာပါတယ်။

“ကောင်းရာလားရောက်၊ ဗိမာန်ပေါက်၍၊ လန့်ကြောက်ကင်းစွာ၊ သားရဲခွာလျက်၊ အိပ်မက်ကောင်းမြင်၊ သတိထင်သည်၊ စံဝင်နိဗ္ဗာန် ကျောင်းကျိုးတည်း”…တဲ့။

“ကောင်းရာလားရောက်” …ကျောင်းအလှူရှင်ဟာ နိဗ္ဗာန်ရောက်တဲ့ဘဝတိုင်အောင် ဘဝတိုင်း ဘဝတိုင်း ကောင်းရာသုဂတိမှာပဲ ကျင်လည်ရပါတယ်။ တစ်ကြိမ်တစ်ခါ ကျောင်းလှူဖူးတဲ့ကုသိုလ်က ဘဝတိုင်း ဘဝတိုင်းရဲ့ သေခါနီးမှာ နိမိတ်လာထင်လို့ ကမ္ဘာပေါင်းများစွာ ကောင်းရာသုဂတိချည်း လားရောက်ရတာ မဟုတ်ပါဘူး။ ကျောင်းအလှူကြောင့် ရလာတဲ့ ကောင်းကျိုးချမ်းသာတွေကို အသုံးပြုပြီး ကုသိုလ်အသစ်အသစ်တွေ ဘဝတိုင်းထပ်ဆင့်ပြုလုပ်သွားနိုင်တဲ့အတွက် ဘဝတိုင်းရဲ့ စုတိစိတ်တိုင်းမှာ ယူစရာကုသိုလ်အာရုံ တစ်ခုမဟုတ်တစ်ခု ရှိသွားလို့ပါ။

“ဗိမာန်ပေါက်၍” …ကျောင်းအလှူရှင်ဟာ ဖြစ်လေရာဘဝတိုင်း အဆောက်အအုံကောင်းကောင်းနဲ့ နေရပါတယ်။ နတ်ဖြစ်လည်း နတ်ဗိမာန်ကောင်းကောင်း၊ လူဖြစ်လည်း လူဗိမာန်ကောင်းကောင်းပေါ့။ ကိုယ့်ကို မမွေးခင်ကတည်းက ကိုယ့်မိဘက အိမ်ဟောင်း၊ တိုက်ဟောင်းကိုဖျက်ပြီး နတ်ဗိမာန်တမျှ ခမ်းနားကြီးကျယ်တဲ့ အိမ်သစ်၊ တိုက်သစ် ကြိုတင်ဆောက်လုပ်ပြီးသား ဖြစ်နေပါလိမ့်မယ်။

“လန့်ကြောက်ကင်းစွာ”…ကျောင်းအလှူရှင်

ဟာ ကျောင်းအလှူအကျိုးပေးရာဘဝတိုင်း ကြောက်ရွံ့ခြင်းကင်းတဲ့သူ၊ ရဲစွမ်းသတ္တိရှိတဲ့သူ ဖြစ်နိုင်ပါတယ်။ ဟင်းလင်းပြင်မှာနေတာထက် အဆောက်အအုံတွင်းမှာ နေတာက ကြောက်စိတ်ပိုကင်းစေနိုင်တာမို့ ကျောင်းလှူခြင်းဖြင့် ကျောင်းနေပုဂ္ဂိုလ်ကို ကြောက်စိတ်ကင်းအောင် ပြုလုပ်ပေးရာ ရောက်တဲ့အတွက် တူသောအကျိုးပေးတာပါပဲ။ ကျောင်းတိုင်နဲ့ အမိုး၊ အကာ၊ အခင်းတွေ ခိုင်မာရင် ခိုင်မာသလောက် စိတ်ဓာတ်လည်း ပိုပြီး ခိုင်မာလာနိုင်ပါတယ်။ စိတ်ဓာတ်ခိုင်မာလေ၊ ကြောက်ရွံ့ခြင်း ကင်းရှင်းလေပါပဲ။

"သားရဲခွာလျက်" ...ခြင်္သေ့၊ သစ်၊ ကျား စတဲ့ သားရဲတိရစ္ဆာန်တွေ၊ မြွေ၊ ကင်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ၊ မှင်စာ၊ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး၊ နဂါး၊ ကုမ္ဘဏ် စတဲ့ မကောင်းဆိုးဝါးတွေဟာ ကျောင်းအလှူလှူခဲ့ဖူးသူရဲ့ ထံပါးကနေ ဝေးရာကို ပြေးခွာရှောင်ကွင်းသွားကြပါလိမ့်မယ်။ တကယ်လို့ ရှောင်ကွင်းမသွားခဲ့ရင် တောင်မှ ဘာမျှအန္တရာယ် မပြုနိုင်ပါဘူး။

"အိပ်မက်ကောင်းမြင်"...လုံခြုံတဲ့အဆောက်အအုံတစ်ခုဟာ နေထိုင်သူကို ဘဝအိပ်မက်၊ ပန်းအိပ်မက်တွေ စိတ်တိုင်းကျ မက်ခွင့်ရစေနိုင်တဲ့အတွက် ကျောင်းအလှူရှင်ဟာ ဖြစ်လေရာဘဝတိုင်း အိပ်မက်လှလှလေးတွေပဲ မြင်မက်ရပါတယ်။ အိပ်စက်နားနေချိန်မှာလည်း အိပ်မက်လှသလို နေ့စဉ် လက်တွေ့ဘဝရဲ့ စိတ်ကူးယဉ် အိပ်မက် (ဘဝမျှော်လင့်ချက်)တိုင်းဟာလည်း မျှော်လင့်ရင် မျှော်လင့်သလို ဖြစ်လာတတ်တဲ့အတွက် အချိန်တိုင်းမှာ အိပ်မက်လှနေပါတယ်။

"သတိထင်သည်" ..အိမ်တစ်လုံး၊ ကျောင်းတစ်ဆောင် စတဲ့ အဆောက်အအုံတစ်ခုဟာ အလွယ်တကူ မေ့ပျောက်သွားနိုင်တဲ့ လှူဖွယ်ဝတ္ထုမျိုး မဟုတ်တဲ့အတွက် အလှူရှင်ကလည်း လှူဖွယ်ဝတ္ထုကို အမြဲသတိရသလို အလှူခံပုဂ္ဂိုလ် အဆက်ဆက်ကလည်း အလှူရှင်ကို အမြဲသတိရနေတတ်ပါတယ်။ အကြာကြီးသတိရစရာ လှူဖွယ်ဝတ္ထုမျိုး ပေးလှူခဲ့တာမို့ ကျောင်းအလှူရှင်ဟာ အကျိုးပေးရာဘဝတိုင်း သတိအားကောင်းတဲ့သူ ဖြစ်ရပါတယ်။ မှတ်ဉာဏ်သတိအားကောင်းတဲ့အတွက် ပညာရေး၊ စီးပွားရေးတွေမှာ အလွယ်တကူနဲ့ အောင်မြင်သလို အသက်ကြီးတဲ့အခါမှာလည်း ဘယ်တော့မှ သူငယ်မပြန်တော့ပါဘူး။

"စံဝင်နိဗ္ဗာန်"...ကျောင်းလှူကတည်းက 'ဒီကျောင်းအလှူဟာ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်ပါစေ'၊ 'ဒီကျောင်းအလှူကြောင့် သံဃာတော်အရှင်မြတ်များ ထိုးထွင်းသိတဲ့ သစ္စာလေးပါးတရားကို သိခွင့်ရပါစေ'လို့ ဆုတောင်း စိတ်ညွတ်ခဲ့တဲ့အတွက် နောက်ဆုံးပါရမီ ပြည့်တဲ့ဘဝမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပြီး ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရပါတယ်။ နိဗ္ဗာန်ကို မရည်စူးဘဲ ကျောင်းလှူရင်တော့ နိဗ္ဗာန်မရောက်နိုင်ပါဘူး။

"ကျောင်းကျိုးတည်း"...ဒီအကျိုး ခုနစ်မျိုးဟာ ကျောင်းအလှူကြောင့် ရရှိနိုင်တဲ့ အကျိုးတရားများစွာထဲက အထူးနှစ်သက်ဖွယ်ကောင်းတဲ့ ဝိသေသအကျိုးတွေပါပဲ ...။

ကျောင်းလှူတယ်ဆိုတာ သူတစ်ပါးကို နေရာကောင်းတစ်ခု ရအောင် ဖန်တီးပေးတာဖြစ်လို့ တုံ့ပြန်မှုနိယာမသဘောအရ ကိုယ့်ဘဝမှာလည်း နေရာကောင်းတွေနဲ့ချည်း တွေ့ကြုံဆုံဆည်းရမှာ မလွဲပါဘူး။ ဘယ်လောက်ထိတောင် နေရာကောင်းလိုက်ပါသလဲဆိုရင် ကျောင်းအလှူ လှူဖူးတဲ့သူ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေတဲ့အခါ သူတကာတွေလို ကျဉ်းကျဉ်းကျုတ်ကျုတ် မနေရဘဲ ဆယ့်နှစ်တောင်တိုက်ခန်းထဲမှာ နေရသလို ချောင်ချောင်ချိချိ သက်သောင့်သက်သာ နေရပါသတဲ့။ ဇာတိဒုက္ခကို လျော့ပါးသက်သာစေတာ ကျောင်းအလှူတစ်ခုတည်း ရှိပါတယ်။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က သံဃိကကျောင်းအလှူဟာ အနှိုင်းမဲ့အလှူဖြစ်တယ်လို့ 'ဝိဟာရ ဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ'ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ သဒ္ဓါတရားရှိသူတိုင်း သံဃိကကျောင်းအလှူဆိုတဲ့ အနှိုင်းမဲ့အလှူကို စွမ်းအားရှိသမျှ လှူဒါန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ် ...။

**အပ္ပမာဒေန သမ္ပာဒေထ**

**□ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

(ပြင်သစ်နိုင်ငံ၊ ပါရီမြို့ မြန်မာဗုဒ္ဓဘာသာကျောင်းတော်ကြီး ဖြစ်မြောက်ရေးသို့ အထူးအမှတ်တရ။)



# သာသနာပြုရှင်ပြုမင်္ဂလာ (၅)

မောင်သန္တ

### ခံယူသူ၊ ရရှိသူ

“သီလ၊ သမာဓိ၊ ပညာဆိုင်ရာ အကျင့်မြတ်တွေကိုတော့ ကျင့်ကြံအားထုတ်တယ်။ ဒါပေမယ့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးရင် သာသနာ့အမွေမရသေးဘူးပေါ့ ဟုတ်လားအစ်ကို”

“မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို မရရှိသေးပေမယ့်၊ ပဋိပတ်ကျင့်စဉ်တွေကို အားထုတ်ကြိုးပမ်းနေသူတွေ၊ နေ့စဉ်လက်တွေ့ လူမှုဘဝထဲမှာ ဗြဟ္မစိုရ်တရားလေးပါးကို ချသုံးပြီး တရားအားထုတ်နေသူတွေဟာ သာသနာ့အမွေကို ခံယူနေသူတွေဖြစ်ပါတယ်။ ကိုယ့်ရဲ့စိတ်၊ ကိုယ့်ရဲ့နှလုံးသား၊ ကိုယ့်ရဲ့ကံသုံးပါးတွေဟာ ဗုဒ္ဓဓမ္မနဲ့ ညီညွတ်ခြင်းရှိ မရှိဆန်းစစ်နေသူတွေဟာလည်း သာသနာ့အမွေကို ခံယူနေသူတွေပါ။ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုတဲ့အခါမှာတော့ သာသနာ့အမွေကို ခံယူနေတဲ့အဆင့်က လွန်မြောက်ပြီး သာသနာ့အမွေစစ်စစ်ဖြစ်တဲ့ လောကုတ္တရာတရားကိုးပါးကို လက်ဝယ်ပိုင်ပိုင် ရရှိသွားသူလို့ ဆိုနိုင်ပါတယ်”

“ဆရာတော်ကြီး ခွဲခြားပြတဲ့ ဒကာလေးမျိုးကို လေ့လာကြည့်တဲ့အခါ၊ ရှင်ဒကာ၊ ရဟန်းဒကာဖြစ်ရုံနဲ့ သာသနာ့အမွေ မရဘူး။ ရှင်ဒကာ ရဟန်းဒကာ မဖြစ်ဘဲနဲ့လည်း သာသနာ့အမွေ ရနိုင်တယ်လို့ ကောက်ချက်ချနိုင်တာပေါ့”

“ဟုတ်ပါတယ်၊ အမှန်

ပြောရရင် ရှင်ဒကာ ရဟန်းဒကာ မပြောနဲ့။ရှင်ဖြစ်၊ ရဟန်းဖြစ်ရုံနဲ့လည်း သာသနာ့အမွေကို မရပါဘူး"

"ဟင်"

ရဟန်းလေးမျိုး

"မင်း အံ့သြသွားသလား။ လေးလေးနက်နက်တွေးကြည့်လိုက်။ သာသနာ့အမွေဆိုတာ ကျင့်စရာရှိတာကို ကျင့်မှ၊ သိစရာရှိတာကို သိမှ ရရှိနိုင်တာပါ။ ပုဆိုးကနေ သင်္ကန်းပြောင်းဝတ်ရုံနဲ့ သာသနာ့အမွေ မရပါဘူး။ ဘုရားရှင်ကိုယ်တော်တိုင်က "သင်္ကန်းဝတ်ရုံမျှနဲ့ ရဟန်းဟု ငါမဆိုလို"လို့တောင် မိန့်တော်မူခဲ့သေးတာ။ သာမဏေဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် ပရိယတ်ကိုလည်း မသင်၊ ပဋိပတ်ကိုလည်း မကျင့်ရင် ဘယ်လိုနည်းနဲ့ သာသနာ့အမွေရမှာလဲ။ ဒါကြောင့်လည်း ကျေးဇူးရှင် ဓမ္မဒူတအရှင်ပညာဇောတဆရာတော်ကြီးက ဒကာလေးမျိုးကို ခွဲပြတော်မူခဲ့သလို၊ ရှင်ရဟန်းလေးမျိုးကိုလည်း ခွဲခြားပြတော်မူခဲ့ပါတယ်။

"သိပါရစေအစ်ကို"

"ဆရာတော်ကြီး မိန့်တော်မူခဲ့တာက (၁) ရှင်ရဟန်းသာဖြစ်ပြီး သာသနာ့အမွေ မရသူ၊(၂) ရှင်ရဟန်းမဖြစ်ပေမယ့် သာသနာ့အမွေ ရသူ၊ (၃) ရှင်ရဟန်းလည်းမဖြစ်၊သာသနာ့အမွေလည်း မရသူ၊ (၄) ရှင်ရဟန်းလည်းဖြစ်၊ သာသနာ့အမွေလည်း ရသူ ...ဆိုတဲ့ ရဟန်းလေးမျိုးပါ။ တစ်မျိုးချင်း ရှင်းစရာ မလိုတော့ဘူး ထင်တယ်။

တစ်ခုတော့ရှိတယ်၊ သာသနဒါယဒကို 'သာသနာ့အမွေ'ဆိုတဲ့ အဓိပ္ပါယ်အပြင်၊ အချို့ဋီကာတွေမှာ အခြားအဓိပ္ပါယ်တစ်ခုနဲ့ ဖွင့်ဆိုထားတာ ရှိတယ်"

"ဘယ်လိုများလည်း အစ်ကို"

သာသနာတော်၏အတွင်းလူ

''သာသနဒါယဒ – ကို သာသနာတော်၏ ဆွေမျိုး၊သာသနာတော်၏ အတွင်းလူလို့ ဋီကာတွေမှာ အဓိပ္ပါယ်ဖွင့်ကြတယ်။ မိမိရဲ့ သားဟာ သာမဏေအဖြစ်နဲ့ ဘုန်းကြီးကျောင်းမှာ ရှိနေတဲ့အတွက် သားသံယောဇဉ်နဲ့ ဘုန်းကြီးကျောင်းကို အသွားအလာ များလာမယ်။ အရောက်အပေါက် များလာမယ်။ အဲဒီအခါ ကျောင်းမှာရှိတဲ့ သံဃာတော်တွေနဲ့ ရင်းရင်းနှီးနှီး ဖြစ်လာမယ်။ ကျောင်းတိုက်ရဲ့အခြေအနေ အရပ်ရပ်ကို အတွင်းကျကျ သိမြင်လာမယ်။ ဒီအခါ သဒ္ဓါတရား ဖြစ်ဖြစ်လာပြီး ကျောင်းတိုက်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်လာမယ်။ သား သာမဏေကို အကြောင်းပြုပြီး သာသနာနဲ့ ရင်းနှီးသူဖြစ်လာတယ်။ ဒီလိုနည်းနဲ့ သာသနာတော်ရဲ့ အတွင်းလူဖြစ်လာတာ၊ သာသနာတော်နဲ့ ဆွေမျိုးတော်စပ်လာတာ၊ အဲဒါကို ဆိုလိုတာပါ။"

"ခေတ္တခဏ ရက်ပိုင်းမျှသာ ဝတ်တဲ့ တစ်ခဏရှင်သာမဏေရဲ့ မိဘတွေကရော၊ သာသနာတော်ရဲ့ အတွင်းလူ ဖြစ်နိုင်ပါ့မလားအစ်ကို"

"ခေတ္တခဏရက်ပိုင်းမျှသာ သင်္ကန်းဆီးတဲ့ ကိုရင်ရဲ့ အမိအဖတွေကတော့ သာသနာတော်ရဲ့ အတွင်းလူ ဖြစ်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့သားကိုရင် ရှိနေစဉ် ရက်ပိုင်းမျှသာ ဘုန်းကြီးကျောင်း ရောက်ပြီး၊ ကိုရင်လည်း လူဝတ်လဲရော၊ နောက်ပိုင်း ဘုန်းကြီးကျောင်းကို တကူးတက သွားတာမျိုး မရှိတော့ဘူး၊ မိဘအတော်များများက သားလူထွက်လိုက်ပြီဆိုကတည်းက ဘုန်းကြီးကျောင်းနဲ့ 'ခုတော့လည်း သူ့စိမ်းတွေလိုပါပဲလား'လို့ ဖြစ်သွားတတ်တယ်။ အဲဒီလို မိဘမျိုးတွေကတော့ ဘယ်လိုနည်းနဲ့မျှ သာသနာတော်ရဲ့ အတွင်းလူ ဖြစ်လာမှာ မဟုတ်ပါဘူး"

"အချို့လူတွေက သာသနာ့အမွေကို ခံယူမယ်ဆိုရင်၊ ပထမဆုံး သာသနာတော်နဲ့ ဆွေမျိုးတော်စပ်အောင် လုပ်ဖို့လိုမယ်။ သာသနာတော်ရဲ့ အတွင်းလူဖြစ်ဖို့ လိုမယ်လို့ ပြောတာကို ကြားဖူးတယ်အစ်ကို၊ အဲဒါအပေါ် အစ်ကိုရဲ့ အယူအဆက ဘယ်လိုလဲ"

ရုပ်ဝတ္ထုအမွေ၊ ဓမ္မအမွေ

"အမွေဆိုတာ လိုချင်တိုင်း ခံယူလို့မရဘူး။ လောကကြောင်းမှာဆိုရင် ဥပဒေအရ သွေးသားအနေနဲ့ ဆွေမျိုးတော်စပ်မှ၊ သူ့ရဲ့ ကျန်ရစ်တဲ့ စည်းစိမ်ဥစ္စာတွေကို အမွေခံယူနိုင်တယ်။ အဲဒီလိုပဲ၊ သာသနာတော်နဲ့ ဆွေမျိုးစပ်မှ သာသနာ့အမွေကို ခံယူနိုင်တယ်လို့ ယူဆနေသူတွေရှိတယ်၊ ရေးသားခဲ့သူတွေလည်း ရှိတယ်။ အစ်ကိုကတော့ သဘောမတူပါဘူး။ အဲဒါ 'ရုပ်ဝတ္ထုအမွေ' နဲ့ 'ဓမ္မအမွေ' သဘောသဘာဝ မတူတာချင်းကို ဥပမာပြုပြီး နှိုင်းယှဉ်စဉ်းစားရာက ထွက်ပေါ်လာတဲ့ အယူအဆပါ။ ရွှေငွေဥစ္စာ စတဲ့ ရုပ်ဝတ္ထုတွေဟာ



ဘုရားရှင်ကိုယ်တော်တိုင်
သားတော်ရာဟုလာကို
‘သာသနာ့အမွေဖြစ်တဲ့
မဂ်ဖိုလ်နိဗ္ဗာန်ကို
သားတော်ရာဟုလာ
ယူလော့”ဆိုပြီး
လက်ထဲထည့်ပေးခဲ့
တာမဟုတ်ပါဘူး။
သားတော်ရာဟုလာ
ကိုယ်တိုင်
သင်စရာရှိတာသင်၊
ကျင့်စရာရှိတာကို
ကျင့်ပြီးမှသာ
သာနာ့အမွေကို ရခဲ့တာပါ။

တစ်ဦးက တစ်ဦးကို အမွေပေးလို့ လွယ်တယ်။ အမွေခံယူရမယ့်သူ ဘက်က ဘာအားထုတ်ကြိုးပမ်းမှုမှ မလိုဘူး။ ဥပမာ ...မင်းအဖေက မင်းကို သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အမွေပေးမယ်၊ ဒီအတွက် မင်းက အဆင်သင့် လက်ဖြန့်ခံဖို့ပဲ လိုတယ်။ မင်းအနေနဲ့ ရုပ်ရည်ချောမှ၊ ပညာတွေ တတ်နေမှ၊ အကျော်အစောတွေ ရှိနေမှဆိုတဲ့ အရည်အချင်းတွေ မလိုဘူး။ လောကုတ္တရာတရားကိုးပါးဆိုတဲ့ ဓမ္မအမွေကတော့ အဲဒီလို အလွယ်တကူ လက်ဆင့်ကမ်း အမွေပေးလို့မရဘူး။ သူက ရုပ်ဝတ္ထုပစ္စည်း မဟုတ်ဘူး။ ‘ရော့–အင့်’ဆိုပြီး ပေးတဲ့သူက ပေးလို့ မရသလို အလွယ်တကူ လက်ဖဝါးဖြန့်ခံရုံနဲ့ မရပါဘူး။ အဲဒါကို အလေးအနက် သဘောပေါက်ဖို့၊ နားလည်ဖို့ အင်မတန်အရေးကြီးပါတယ်။ အပေါ်ယံလုပ်ပြီးပြောတာကို အပေါ်ယံလုပ်ပြီး မစဉ်းစားဘဲ လက်ခံလိုက်ရင် အမှန်တရားနဲ့ အလှမ်းအတာကွာတတ်ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် သားတော်ရာဟုလာကို ‘သာသနာ့အမွေဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို သားတော်ရာဟုလာ ... ယူလော့”ဆိုပြီး လက်ထဲထည့်ပေးခဲ့တာ မဟုတ်ပါဘူး။သားတော်ရာဟုလာကိုယ်တိုင် သင်စရာရှိတာသင်၊ ကျင့်စရာရှိတာကို ကျင့်ပြီးမှ သာသနာ့အမွေကို ရခဲ့တာပါ။ ပြီးတော့ ရှင်ဒကာ၊ ရဟန်းဒကာ ဖြစ်လို့ သာသနာတော်နဲ့ ရင်းနှီးသူ မဆိုထားနှင့်၊ ဘုရားရှင်နှင့် ညီဝမ်းကွဲလည်းဖြစ်၊ ယောက်ဖလည်းဖြစ်၊ ကိုယ်တိုင်လည်း ရဟန်းဖြစ်တဲ့ ရှင်ဒေဝဒတ်ဆိုရင် အသိနဲ့အကျင့် လမ်းလွဲတော့ သာသနာ့အမွေ ခံယူဖို့ မဆိုထားနှင့် အဝီစိငရဲတောင် ရောက်သွားသေးတာပဲ”

## သာသနာ့ဝေယျာဝစ္စ

“ဒါပေမယ့် သာသနာတော်နှင့် ရင်းနှီးတာ၊ သာသနာ့အတွင်းလူဖြစ်ရတာ သာသနာနဲ့ သူစိမ်းပြင်ပြင် ဖြစ်နေသူတွေနဲ့ နှိုင်းစာရင် သဒ္ဓါတရားပိုဖြစ်တာ၊ ကုသိုလ်ရတာကတော့ အမှန်ပါ။ သာသနာတော်ကြီးကို အဓိကတာဝန်ခံထားတာ ‘သံဃအဖွဲ့အစည်းကြီး’ပါ။ ဒီသံဃအဖွဲ့အစည်းကြီးရဲ့ လိုအပ်ချက် အဝဝကို သာသနာတော်ရဲ့ အတွင်းလူ တစ်နည်းအားဖြင့် ကျောင်းကန်ဘုရားတွေနှင့် နီးစပ်သူတွေက အသိဆုံးပါ။ သာသနာတော်ကို တကယ်ကြည်ညိုတဲ့သူတွေက မိမိရဲ့ရင်သွေးငယ် သာမဏေရဟန်းမရှိပေမယ့် ဘုန်းတော်ကြီးကျောင်းတွေကို မကြာခဏ သွားတတ်ပါတယ်။ ကျောင်းရဲ့လိုအပ်ချက်တွေကို စွမ်းနိုင်သမျှ သယ်ပိုးတယ်။ ဒီလူတွေဟာ သူတို့ရဲ့ရင်သွေး သာမဏေမရှိငြား သာသနာရဲ့ အတွင်းလူလို့ မဆိုနိုင်ဘူးလား။

မိမိရဲ့ရင်သွေးတွေ သာသနာ့ဘောင်မှာ ရှိမှသာ သာသနာ့အတွင်းလူ၊ သာသနာတော်နဲ့ ဆွေမျိုးတော်စပ်သူလို့ ဆိုနိုင်မှာမဟုတ်ပါဘူး။ သာသနာတော်ကို တကယ်တမ်းကြည်ညိုပြီး ကျောင်းဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စ၊ ဘုရားဝေယျာဝစ္စတွေကို ဆောင်ရွက်နေသူမှန်သမျှ သာသနာတော်ရဲ့အတွင်း လူ၊ သာသနာတော်နဲ့ ဆွေမျိုးတော်စပ်သူတွေလို့ ဆိုနိုင်ပါတယ်။ ဒီနေ့ ကျောင်းကန်ဘုရားတွေ တင့်တင့်တယ်တယ်ဖြစ်နေတာ၊သာသနာရေးကိစ္စတွေကို ချောချောမွေ့မွေ့ဆောင်ရွက်နေနိုင်တာတွေဟာ သံဃာ့ဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စတွေကို သာသနာစိတ်နဲ့ ဆောင်ရွက်နေသူအားလုံးရဲ့ ကောင်းမှုကုသိုလ်တွေပါ။ မိမိရဲ့ရင်သွေး သာမဏေ သာသနာ့ဘောင်မှာ မရှိပေမယ့် သာသနာ့ဝေယျာဝစ္စတွေကို တက်တက်ကြွကြွ ဆောင်ရွက်ပြီး သာသနာတော်ရဲ့ အတွင်းလူအဖြစ် ခံယူကုသိုလ်ယူနိုင်ပါတယ်။”

■ မောင်သန္တ



# နေရာ

## အရှင်ပါရမီ

နေရာဟာ အခြေအနေအမျိုးမျိုးအတွက် အရေးပါတဲ့စကားလုံးတစ်ခုပါ။ ရာထူး၊ ဌာနန္တရအတွက်ရော၊ လူ့အဆင့်အတန်းအတွက်ပါ၊ ဒါ့အပြင် အများအသိဖြစ်တဲ့ ကိုယ့်ရဲ့ အိုးအိမ်၊ တိုက်ခန်းစသည်ကိုလည်း နေရာလို့ပြောလေ့ရှိပါတယ်။ ‘ဒူးနေရာဒူး၊ တော်နေရာတော်’လို့လည်း ပြောကြသေးတယ်။ တစ်ခါတစ်ရံ တစ်ယောက်ယောက်က ကိုယ်လုပ်ရမယ့်အလုပ် မလုပ်ဘဲ သူနှင့်မဆိုင်တာတွေ ဝင်ရှုပ်နေရင် ‘မင်းက ကိုယ့်နေရာ ကိုယ်နေမှပေါ့ကွ’ လို့ ပြောပြတတ်ကြတယ်။ ကိုယ်နှင့်ထိုက်တန်တဲ့ နေရာကို ရောက်ရှိနေသူတွေအတွက်‘လူမှန် နေရာမှန်’ဆိုတဲ့ စကားကိုလည်း လောကမှာ တော်တော်ပြောကြပါတယ်။ဒါကြောင့် လူသားတစ်ယောက်ရဲ့ အဆင့်အတန်း၊ဗုဒ္ဓဘာသာအလိုကျလူသားတစ်ယောက် ပိုင်ဆိုင်ထားတဲ့နေရာအကြောင်းကိုလည်း သိစေချင်ပါတယ်။ ၁၃၆၅–ခုနှစ်၊ မဟာသင်္ကြန်ဒုတိယအကြပ်နေ့က ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ သီရိမင်္ဂလာရေကန် ဆွမ်းလောင်းအသင်းဓမ္မာရုံမှာ ‘နေရာ’ဆိုတဲ့ ခေါင်းစီးနဲ့ ဟောကြားခဲ့တဲ့တရားတော်ကို ပြန်လည်အကျဉ်းချုပ်၍ တင်ပြတာပါပဲ။

လူသားတွေဟာ ကိုယ့်ဘဝကိုယ့်အခြေအနေကိုသိရင် ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေတတ်လာပါတယ်။ ကိုယ့်နေရာကိုသိရှိထားရင် ကိုယ်လုပ်သင့်လုပ်ထိုက်တာကိုသာ လုပ်ကြတာပါပဲ။မသိရင်တော့ အလွဲအမှားတွေ များတာပေါ့။ ခဏတာလွဲမှားတယ်ဆိုတာ မပြောပလောက်ပေမယ့် တစ်ဘဝတာလွဲမှားသွားမယ်ဆိုရင်တော့ အထိနာတတ်ပါတယ်။ လောကမှာ လူဟာ တန်ဖိုးအရှိဆုံးပါ။ အထက်တန်းအကျဆုံးပါ။ ဂုဏ်အရှိဆုံးပါ။ နတ်တွေ ဗြဟ္မာတွေရဲ့ဘဝဟာ ဘယ်လောက်ချမ်းသာတယ်ပြောပြော လူ့ဘဝလောက်

မမြင့်မြတ်ဘူး။ အထက်တန်းမကျဘူး။ ခဲငါးခဲထဲမှာ နတ်ဘဝရခဲတယ်။ ဗြဟ္မာဘဝရခဲတယ်လို့ မပါဘူးလေ။ လူ့ဘဝသာလျှင် ရခဲတယ်'မနုဿတ္တဘာဝ ဒုလ္လဘာ'လို့ ဘုရားရှင်ဟောခဲ့တာပဲ။ သဗ္ဗညုတဘုရားအဆူဆူပွင့်တော်မူကြတဲ့ နေရာဘုံဗိမာန်ဟာလည်း လူ့ပြည်ပါ။ ပြီးတော့ လူသားစစ်စစ်ဖြစ်မှပါ။ ရဟန်းခံကမ္မဝါစာမဖတ်မီ အန္တရာယ်တွေ မေးစိစစ်ရတဲ့အထဲမှာ 'မနုဿော သိ–လူသားစင်စစ်' ဖြစ်မှပါ။ နတ်ဗြဟ္မာတွေ၊လူယောင်ဖန်ဆင်းနိုင်တဲ့ တိရစ္ဆာန်တွေရောနှောဝင်ရောက်လာမှာစိုးလို့ပါ။ နတ်တို့၊ ဗြဟ္မာတို့မှာ ဘုရားဖြစ်ဖို့မဆိုထားနဲ့ ရဟန်းသာမဏေပင် ဖြစ်ခွင့်မရှိရှာတဲ့ ဘဝတွေပါ။ လူ့ဘဝ၊ လူ့နေရာဟာ ထိပ်ဆုံးမှာ ရှိနေတာကို သိစေချင်တာပါ။

သိကြားမင်းက သူ့ရဲ့ဗိမာန်တော်အဝမှနေ အောက်လူ့လောကဆီသို့ ဦးတည်လက်အုပ်ချီမိုး ရှိခိုးနေတာကို သူ့ရဲ့အစေအပါး မာတလိနတ်သားကမြင်တော့"အရှင်သိကြားမင်း၊ ရှိခိုးရင်းရှိခိုး တစ်လောကလုံးမှာရှိတဲ့သူတွေကသာလျှင် အရှင်သိကြားမင်းကို ရှိခိုးရမှာပါ။ အရှင်သိကြားမင်းက ရှိခိုးရမယ့်သူမရှိဘူးလို့ ထင်ပါတယ်။အခု အရှင်သိကြားမင်းဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရှိခိုးနေတာပါလဲ။ အရှင်သိကြားမင်းရှိခိုးရမယ့်သူ လောကမှာ ရှိသေးလို့လား"လို့ မေးတဲ့အခါ သိကြားမင်းက–

"ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။

ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ" စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဓိပ္ပါယ်က "လောကမှာ –

၁။ အလှူဒါနစတဲ့ ကုသိုလ်ကောင်းမှုအမြဲပြုလုပ်နေတဲ့သူတွေ၊

၂။ ငါးပါး၊ ရှစ်ပါးစတဲ့ ကိုယ့်ကျင့်သီလအမြဲ စောင့်ထိန်းနေတဲ့သူတွေ၊

၃။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို အမြဲယုံကြည်ကိုးကွယ်ဆည်းကပ်နေတဲ့သူတွေ၊

၄။ သားသမီး၊ ဇနီးမယားကို တရားသဖြင့် အမြဲပြုစုလုပ်ကျွေးနေတဲ့သူတွေ ရှိနေတယ်။ အဲဒီလိုလူပုဂ္ဂိုလ်တွေကို ငါသိကြားမင်းကရှိခိုးနေတာ မာတလိနတ်သား"လို့ ဖြေကြားခဲ့ပါတယ်။ နတ်တို့သနင်းသိကြားမင်းကြီးသည်ပင် လူသား(လူဝတ်ကြောင်)တို့ကို ရှိခိုးနေရတယ်ဆိုတာ သိစေချင်တာပါ။ ဒါပေမယ့်သိကြားမင်းရဲ့ ရှိခိုးမှုကို ခံနိုင်ဖို့ ဒါနမြဲရမယ်။ သီလမြဲရမယ်။ သရဏဂုံမြဲရမယ်။ တရားသဖြင့် စီးပွားရှာဖွေကြရမယ်။ ဒါဆိုရင် လူသားသိက္ခာနဲ့ပြည့်စုံနေပါပြီ။ မြင့်မြတ်တဲ့နေရာ၊ မြင့်မြတ်တဲ့ အဆင့်အတန်းမှာရှိတဲ့ လူသားတစ်ယောက် ပီသနေပါပြီ။ သိကြားမင်းရဲ့ ရှိခိုးမှုကို ခံယူထိုက်တဲ့ လူသားတစ်ယောက်ဖြစ်နေပါပြီ။ သိကြားမင်းကပင်လျှင် ရှိခိုးရမှတော့သူ့တပည့်လက်ပါးစေ နတ်တွေလည်း လူသားတွေကို ရှိခိုးကြတော့တာပေါ့။ ဒါလောက်ဆို လူသားနှင့်နတ် ဘယ်သူ မြတ်သလဲဆိုတာ သိလောက်ပါပြီ။

ဒါဆို လောကမှာ မြင့်မြတ်တဲ့နေရာမှာ ရှိနေတဲ့ လူသားတွေအတွက် ကိုးကွယ်ရာဟာလည်း အမြင့်ဆုံးအမြတ်ဆုံးပဲ ဖြစ်ရမယ်လေ။ ပစ္စေကဗုဒ္ဓါဖြစ်ဖို့ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ဆည်းရပါတယ်။ ဘုရားဆုရဲ့ တစ်ဝက်လောက်အထိ ဖြည့်ရတာပါ။ ဒါပေမယ့် ကိုးကွယ်ရာသရဏဂုံသုံးပါးမှာ ပစ္စေကဗုဒ္ဓါကို ထည့်မထားပါဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်မှ ဖြစ်တော်မူရတဲ့ အမြင့်ဆုံး၊ အမြတ်ဆုံး သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုသာလျှင် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'လို့ ကိုးကွယ်ရာစာရင်းမှာ ထည့်သွင်းထားတာပါ။ ဒါဟာ အမြင့်မြတ်ဆုံးနေရာမှာရှိနေတဲ့ လူသားတွေရဲ့ ကိုးကွယ်ရာဟာလည်း အမြင့်မြတ်ဆုံးပဲ ဖြစ်နေလို့ပါ။လောကမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးသည်သာလျှင် မြင့်မြတ်တဲ့လူသားတွေအတွက် ကိုးကွယ်ရာဖြစ်ပါတယ်။ ရတနာမြတ်သုံးပါးကို ကိုးကွယ်ခြင်းဟာ ဘေးကင်းတယ်။မြင့်မြတ်တယ်။ အလုံးစုံသော ခန္ဓာဒုက္ခ၊ သံသရာဒုက္ခတို့မှ ကင်းလွတ်ရာ အစစ်အမှန်ဖြစ်တဲ့ နိဗ္ဗာန်ကိုလည်း ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှုမရှိဘဲ မရနိုင်။ ယုံကြည်ကိုးကွယ်သူတို့သာလျှင် ရနိုင်တယ်။ ဒါကြောင့် ရတနာမြတ်သုံးပါးလို့ဆိုရတဲ့ သရဏဂုံသုံးပါးဟာ လူသားတို့အတွက် ထိုက်တန်သော မြင့်မြတ်သော စစ်မှန်သော ကိုးကွယ်ရာဖြစ်ပါတယ်။'ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ'စသည်ဖြင့် ဘုရားရှင် ဟောတော်မူထားတဲ့အတိုင်းပါ။

သို့ပါလျက် မိမိတို့ထက် အဆင့်အတန်းနိမ့်ကျလှတဲ့ နတ်တွေကို လူတွေရှိခိုးဦးတိုက်နေကြတာဟာ အံ့ဩစရာတွေ ဖြစ်နေပါတယ်။

သိကြားမင်းကပင် ရှိခိုးဦးတိုက်ခံနေကြရတဲ့ လူသားတွေဟာ သိကြားမင်းရဲ့ နောက်လိုက် တပည့်သာဝကငယ်သားတွေဖြစ်တဲ့ နတ်တွေကို ရှိခိုးဦးတိုက်နေကြတာဟာ အမြင်မတော်လှပါဘူး။ မိမိကိုယ်ကို လက်မြှောက် အရှုံးပေးတာနဲ့ တူပါတယ်။ ရှင်ဘုရင်က ကျွန်ကို ရှိခိုးနေသလိုမျိုး ဖြစ်နေပါတယ်။ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေထိုင်နိုင်ဖို့ အရေးကြီးလှပါတယ်။ ဒီလိုလက်မြှောက်အရှုံးပေးနေကြတဲ့အခါမှာ သိကြားမင်းကလည်း 'ငါ့တပည့်တွေကို ရှိခိုးနေတဲ့သူတွေကို ငါ ဂရုမစိုက်တော့ဘူး'ဆိုပြီး ဥပေက္ခာပြုထားလိုက်တော့ နတ်တို့ကလည်း သူတို့သခင်သိကြားမင်းက ဥပေက္ခာပြုထားရတဲ့ လူသားတွေကို ထင်ရာပြုစားနိုင်သွားတော့တာပါပဲ။ကိုယ်တိုင်ကြိုးစားစီးပွားရှာလို့ အောင်မြင်လာတာကို နတ်တို့က မ'စလို့ဆိုပြီး ကိုယ့်ရဲ့အားထုတ်မှုတွေကို သူတစ်ပါးထံ ပုံချနေကြတဲ့ နတ်ယုံကြည်မှုဝါဒီတွေအတွက် သိပ်သနားစရာကောင်းလှပါတယ်။ တကယ်တော့ သူတို့က မ'စတာမဟုတ်ပါဘူး။ ဒုက္ခပေးစရာရှိလျှင်သာ သူတို့အား ကိုးကွယ်နေတဲ့သူတွေကို ဒုက္ခလှလှကြီးပေးတတ်တာပါ။ မကိုးကွယ်သူကို ဒုက္ခမပေးကြပါဘူး။ ဒါကို ဘုရားရှင်က 'ဓာတံ သရဏာတော ဘယံ–ကိုးကွယ်ရာမှ ဘေးဖြစ်တတ်၏'လို့ ဟောတော်မူခဲ့တာပါ။ ကိုးကွယ်ရာစာရင်းမှာ မပါဝင်တဲ့နတ်တွေကို ကိုးကွယ်ရာအဖြစ်နဲ့ ယုံကြည်ကိုးကွယ်နေခြင်းဟာ မိမိကိုယ်ကို ဆင်းရဲတွင်းထဲ ဆွဲသွင်းနေခြင်းပါပဲ။ ဘုရားရှင်က မြင့်မြတ်တဲ့နေရာမှာရှိနေတဲ့ လူသားတွေအတွက် ကိုးကွယ်ရာစာရင်း၌ နှစ်သချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဖြစ်ခွင့်ရှိတဲ့ ပစ္စေကဗုဒ္ဓါတို့ကိုပင် ထည့်သွင်းမထားခဲ့ပါဘဲလျက် အခြေအနေအရပ်ရပ်ကြောင့် ဖြစ်နေကြတဲ့ နတ်တွေကို ရှိခိုးကိုးကွယ်နေကြတဲ့ လူသားတွေအတွက် 'နတ်တို့သာလျှင် ငါတို့ရဲ့ ကိုးကွယ်ရာပဲ' လို့ ခံယူမိသွားရင် သရဏဂုံပျက်လို့ မိစ္ဆာဒိဋ္ဌိဖြစ်သွားနိုင်ပါတယ်။ နတ်၊ ဘိုးတော်၊ဘရသေ့ စတဲ့ သာသနာနဲ့ မလျော်တဲ့အရာတွေကို ကိုးကွယ်လိုက်စားရင်း မိစ္ဆာဒိဋ္ဌိဖြစ်မှန်းမသိဖြစ်သွားတတ်ကြပါတယ်။ တကယ်တော့ အနန္တောအနန္တငါးပါးထဲမှာပင် ရတနာသုံးပါးနဲ့ မိဘဆရာတို့ကိုသာ တွေ့ရပါတယ်။ နတ် စတာတွေ မပါရှိပါဘူး။ ဒါကြောင့် နတ်ဆိုတာတွေကို ကိုးကွယ်ဆည်းကပ်နေတာဟာ ကိုယ့်မိဘ၊ ကိုယ့်ဆရာသမားကို ရိုရိုသေသေ ပြုစုလုပ်ကျွေးနေသူလောက် မမြင့်မြတ်ပါဘူး။ ရတနာသုံးပါး ဆရာမိဘတို့ကို နေ့စဉ်ပုံမှန်ရှိခိုးဦးချ အိပ်သူတစ်ယောက်လောက် လူဖြစ်ရကျိုး နပ်မှာမဟုတ်ပါဘူး။

ဗုဒ္ဓအလိုကျ လူ့ဘဝရဲ့နေရာဟာ နတ်တွေထက်လည်း သာတယ်။ ဗြဟ္မာတွေထက်လည်း သာတယ်။ အောက်အောက်မှာရှိတဲ့ အပါယ်ဘုံသားတွေထက်ဆိုလျှင် ပြောစရာမလိုတော့ပါဘူး။ လူ့ဘဝ၊ လူ့နေရာမှာသာ ဘုရားဖြစ်ခွင့်ရှိလို့၊ ရဟန်း သာမဏေဖြစ်ခွင့်ရှိလို့ အခြားဘုံသားတွေထက် အစစအရာရာမှာ သာလွန်မြင့်မြတ်တယ်ဆိုတာ သိရှိထားရင် ကိုယ့်ထက်နိမ့်ကျတဲ့ နတ်တွေကို ဒူးထောက် လက်မြှောက်အရှုံးပေး ကိုးကွယ်နေစရာ မလိုတော့ပါဘူး။ ဒါကြောင့် ဗုဒ္ဓဘာသာမှာ လူသားတွေကလည်း အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သလို လူသားတို့ရဲ့ ကိုးကွယ်ရာဟာလည်း အမြင့်ဆုံး၊ အမြတ်ဆုံးအဖြစ်နဲ့ သရဏဂုံသုံးပါးကိုသာ ထာဝစဉ်ကိုးကွယ်တတ်ကြတဲ့ ဗုဒ္ဓဝါဒီစစ်စစ်များဖြစ်ကြဖို့ လိုအပ်ပါတယ်။ တကယ်တမ်း နတ်တို့ရဲ့ ကူညီမစမှုကို ခံယူချင်တယ်ဆိုရင် သူတို့ကို ရှိခိုးဦးတင်နေရမှာ မဟုတ်ပါဘူး။ သူတို့ကို မေတ္တာပို့သပေးရမှာပါ။ဒါမှ နတ်တွေက ချစ်ခင်လာပြီး ကူညီစရာရှိလျှင် ကူညီစောင့်ရှောက်လို့ ကောင်းကျိုးချမ်းသာခံစားနိုင်စရာရှိပါတယ်။ ဒါမှသာလျှင် နတ်တို့ရဲ့ ကူညီမစမှု အစစ်ကို ခံယူရရှိနိုင်ပါတယ်။ သူတို့ကို ရှိခိုးဦးတင်နေသူတွေကို ဒုက္ခသာ ပေးနိုင်ပြီး ကောင်းကျိုးမပေးနိုင်ပါဘူး။ မေတ္တာပို့သပေးနေသူကိုသာ စောင့်ရှောက်ကူညီမ'စနိုင်ပါတယ်။ ဒါကြောင့် အမြင့်ဆုံး၊ အမြတ်ဆုံးနေရာမှာ ရှိနေတဲ့ လူသား၊ သိကြားမင်းရဲ့ ရှိခိုးမှုကိုပင် ခံယူထိုက်တဲ့ လူသားတွေဟာ လောကမှာ အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်တဲ့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ ရရှိတော်မူလာတဲ့ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားရှင်ကိုသာလျှင် ကိုးကွယ်ကြဖို့၊ ဘုရားရှင်ရဲ့တရားတော်တွေကိုသာလျှင် ကိုးကွယ်ကြ ဖို့၊ ဘုရားရှင်ရဲ့ တပည့်သားသာဝကသံဃာတော်တွေကိုသာလျှင် ကိုးကွယ်ကြဖို့ အရေးကြီးတယ်ဆိုတာ တင်ပြလိုက်ပါတယ်။ ရတနာသုံးပါး၊ ထိပ်မှာထား၊ ကိုးစားယုံကြည်လေ။

□ **အရှင်ပါရမီ**



# ပညာရှိတစ်ဆူကိုပူဇော်ခြင်း

## ကျော်နန္ဒအောင်

တောကျောင်းလမ်းမှာ ပြောခဲ့တယ်

လွန်ခဲ့သည့် ငါးနှစ်ခန့်ကဖြစ်သည်။ ကျွန်တော်သည် ပန်းတနော်မြို့နှင့် ခုနစ်မိုင်ခန့်ဝေးသည့် တောကျောင်းကျေးရွာသို့ ဟောပြောပွဲခရီးတစ်ခု သွားဖြစ်ခဲ့သည်။ ဟောပြောရသည့် အခမ်းအနားမှာ သာသနာ့အလင်းရောင်စာမေးပွဲ ဆုနှင်းသဘင်အတွက် ဖြစ်သည်။ ကျွန်တော်၏ရှေ့တွင် ဆရာတော်ကြီးသုံးပါးခန့် ဟောပြောကြဦးမည် ဖြစ်သည်။ထိုနေ့က ရန်ကုန်မှ ပန်းတနော်သို့ အထွက်တွင် ကားနောက်ကျခဲ့သည်။ ဟောပြောရမည့်အချိန်က နေ့လယ် နှစ်နာရီတိတိ၊ ပန်းတနော်မြို့ မြတောင်စာသင်တိုက်သို့ ကျွန်တော်ရောက်သွားသည်မှာ နေ့လယ်တစ်နာရီထိုးနေပြီဖြစ်သည်။ တောကျောင်းကျေးရွာမှ ဟောပြောပွဲအတွက် လာကြိုသည့်ကားက အချိန်နီးပြီမို့ မြတောင်စာသင်တိုက်မှ ထွက်သွားခဲ့ပြီဖြစ်သည်။ ကျွန်တော် စိတ်မောသွားရသည်။

စိတ်ပျက်ပျက်ဖြင့် ပန်းတနော်မြတောင်ကျောင်းတိုက် သုံးထပ်ကျောင်းကြီးရှေ့တွင် ကျွန်တော်ထိုင်နေမိသည်။ ဦးပဉ္စင်းတစ်ပါးက လာရောက်မေးသဖြင့် ဟောပြောပွဲသို့လာသည်ဟု သိရသောအခါ အခန့်သင့်ရောက်နေသည့် ပန်းတနော်ပြည်သူ့ဆေးရုံမှ ကွန်ပေါင်ဒါတစ်ဦး၏ စက်ဘီးဖြင့် တောကျောင်းကျေးရွာသို့ လိုက်ပို့စေခဲ့ပါသည်။ တောကျောင်းကျေးရွာရှိ တောကျောင်းကျောင်းတိုက်ကို မော်တော်ကားဖြင့် တိုက်ရိုက်သွား၍ မရောက်နိုင်ပါ။ သို့သော် နွေအခါတွင် လယ်ကွင်းကို ဖြတ်ပြီး မောင်းနှင်သွားလို့ရသည်။ လမ်းကတော့ ကြမ်းသည်၊ (ယခုတော့ လမ်းခင်းပြီးသွားပြီဖြစ်သည်)။ အများနှင့်သွားမည်ဆိုလျှင် မြတောင်တိုက်မှ ပဲ့ထောင်(ခေါ်) စက်လှေဖြင့် ခရီးတစ်ဝက်ရောက်အောင်သွားရသည်။ လမ်းတစ်ဝက်ကို တာရိုးအတိုင်း လျှောက်သွားရသည်။ စက်ဘီး၊ ဆိုက်ကားနှင့်သွားလျှင်လည်း ရသည်။ အချို့နေရာများတွင် လမ်းဆင်း၍ လျှောက်ပေးရသည်။

ဤသို့ဖြင့် ကျွန်တော်သည် ပန်းတနော်ပြည်သူ့ဆေးရုံမှ ကွန်ပေါင်ဒါတစ်ဦး၏ အကူအညီဖြင့် နေပူကျဲကျဲတွင် စက်ဘီးဖြင့် တောကျောင်းသို့သွားခဲ့ရသည်။ ကွန်ပေါင်ဒါလေးကလည်း သာသနာ့အရေးမို့ နေပူထဲတွင် ကျွန်တော့်ခန္ဓာကိုယ်ဝဝကြီးကိုတင်၍ နင်းရရှာသည်။ ကျွန်တော်သည် ဖုန်အလူးလူးဖြင့် တောကျောင်းကျေးရွာ တောကျောင်းတိုက်ရှေ့သို့ နေ့လယ် နှစ်နာရီတိတိတွင် ရောက်ရှိခဲ့သည်။ ကျင်းပသည့်ပွဲသည် တောကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဣန္ဒက မထေရ်မြတ်၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတု၊ စေတီတော် အုတ်မြစ်ချပွဲနှင့် သာသနာ့အလင်းရောင် ယဉ်ကျေးမှုဆုပေးပွဲဖြစ်သည်။ ကျွန်တော် ခန်းမရှေ့ရောက်တော့ အခမ်းအနားက စနေပြီဖြစ်သည်။

အခမ်းအနားမှူးလုပ်သူမှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မာစရိယတန်းမှ ဦးနန္ဒိယဖြစ်သည်။ "ယခုဟောပြောဖို့ အလှည့်ကျတာကတော့ ရန်ကုန်မြို့က စာရေးဆရာကျော်နန္ဒအောင် ဖြစ်ပါတယ်၊

သို့သော်လည်း အချိန်မီ မလာရောက်နိုင်တဲ့အတွက် ....”

အခမ်းအနားမှူးက ကျွန်တော့်ကို လှမ်းမြင်သွားသည်။ “ဟော–ပြောရင်းဆိုရင်း ဆရာကျော်နန္ဒအောင် ရောက်လာပါပြီ။ ဆရာကျော်နန္ဒအောင် ဟောပြောဖို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်”ဟူ၍ ဆက်တိုက် ကြေညာလိုက်သည်။ ကျွန်တော်လည်း ဖုန်များကိုခါ၍ တိုက်ပုံအင်္ကျီကို ကပျာကယာဝတ်ကာ ဆရာတော်ကြီးများကို ဦးတိုက်ပြီး တစ်နာရီခန့် ဟောပြောလိုက်ပါသည်။ ထိုနေ့ည တောကျောင်းတွင်အိပ်ပြီး နောက်တစ်နေ့ ညနေတွင် ပန်းတနော်မြို့တောင်တိုက်သို့ ပြန်ခဲ့ကြသည်။

ကျွန်တော်တို့ထားခဲ့သည့် စက်လှေရှိရာသို့ ကုန်းကြောင်းပြန်လျှောက်သွားရသည်။ နှစ်မိုင်ခန့်ခရီးဖြစ်သည်။ တောကျောင်းမှအပြန်လမ်းတွင် ကျွန်တော်၊ မြို့တောင်ဆရာတော် ဦးကုမာရ၊ ဦးနန္ဒိယ (မဟာဓမ္မာစရိယ)တို့နှင့် ဆရာဒကာ စကားပြောဖြစ်ကြသည်။အမှတ်မထင်ဘဲ ကျွန်တော်က နောင် လေးငါးဆယ်နှစ်ဆိုရင် ဘာသာရေးစာပေလောကမှာ ရဟန်းစာဆိုများကလွဲလို့ လူပညာရှင်များ သိပ်ရှိကြတော့မှာ မဟုတ်ဘူးဘုရား။ အခုတောင် လက်ချိုးရေကြည့်လို့ရပါတယ်။ ဆရာ ...၊ ဆရာ ...၊ စသည်နှင့် ဆရာကြီးဓမ္မာစရိယဦးဌေးလှိုင်တို့လောက်ပဲ ကျန်တော့တယ်၊ ဒီဆရာကြီးတွေ မရှိရင်တော့ ဒုက္ခပါပဲဘုရား။ တပည့်တော်တို့ကလည်း ဘာမျှသေသေချာချာ တတ်ကြတာမဟုတ်ဘူး၊ ကြက်ဆူပင်တော မင်းမူတဲ့ကိန်းဆိုက်တော့မှာပဲဟု ညည်းပြောပြောလိုက်မိပါသည်။ ထိုအခါ–မြို့တောင်ဆရာတော်က ဒီလိုလည်း ဘယ်ဟုတ်မလဲလေ၊ ကိုကျော်နန္ဒအောင်တို့လည်း သဒ္ဓါတရား၊ စေတနာတရားနဲ့ ရေးဟောနေကြတာပဲ။ မြတ်စွာဘုရားရှင်ရဲ့ အံ့ဖွယ်ရှစ်ဖြာ သာသနာဆိုတာ ရှိသေးတာပဲဗျာ။ အားမငယ်ပါနဲ့ဟု နှစ်သိမ့်ရှာပါသည်။ ထိုအချိန်ကတည်းကပင် ကျွန်တော်သည် ဘာသာရေးစာပေပညာရှင်ကြီးများ တိမ်းပါးသွားမှာကို လွန်စွာစိုးရိမ်ခဲ့မိပါသည်။

## ဘကကျောင်းမှာသင်ခဲ့တယ်

ဘက–ကျောင်းဟူသည့် အခေါ်အဝေါ်သည် သည်ဘက်ခေတ်တွင်မှ ထင်ရှားခဲ့သော အမည်ဖြစ်ခဲ့သည်။ ကျွန်တော်တို့ ငယ်စဉ်က ဘကဟူသည့် ဘုန်းတော်ကြီးသင် ပညာရေးစနစ်ကျောင်းဟူ၍ သီခြားအမည်မတပ်သေးပါ။ငယ်ရွယ်စဉ်တွင် ဘုန်းတော်ကြီးကျောင်းသို့ မိဘများက ပို့ကြရစမြဲဖြစ်သည်။ ကျွန်တော့်တွင် ဘုန်းကြီးဆွေမျိုးများစွာ ရှိခဲ့သည်။ ဘကြီးဖြစ်သူကလည်း ဘုန်းကြီး၊ တူတော်သည့်ဘုန်းကြီး၊ ညီအစ်ကိုဝမ်းကွဲ ဘုန်းကြီးများလည်း ရှိသဖြင့် ဘုန်းကြီးလောကနှင့် ကျွန်တော်သည် မစိမ်းခဲ့ပါချေ၊ ငယ်စဉ်တွင် မိဘများ ပို့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် အခြေခံစာပေများကို သင်ယူခွင့်ရခဲ့သည်။ ဤသည်မှာလည်း တစ်မျိုးကောင်းခဲ့ပါသည်။

ကျွန်တော်ကြီးပြင်းလာသောအခါ ငယ်စဉ်က သင်ကြားခဲ့ရသဖြင့် ပါဠိစာပေများကို သိပ်မစိမ်းတော့။ ပါဠိစာပေတွေ့လျှင် ဖတ်ရတာ ဝန်မလေးတတ်တော့။ ဘုန်းကြီးကျောင်းနေဖူးလျှင် ၁၀–စောင်တွဲ၊ ၁၅–စောင်တွဲလောက်တော့ သင်ကြားဖူးသူချည်းသာ ဖြစ်သည်။ အတန်းကျောင်းသို့ ရောက်သွားခဲ့သော်လည်း အခြေခံဘုန်းတော်ကြီးကျောင်းတွင် သင်ခဲ့ရသည့် ပရိယတ္တိစာပေများကို မေ့မသွားခဲ့ပါ။ ကျွန်တော်ဖြစ်လိုသည့် စာရေးဆရာအမျိုးအစားမှာ ဆရာကျော်အောင်၊ ဆရာမြသန်းတင့်၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်တို့လိုဖြစ်သည်။ ထို့ကြောင့်လည်း ဝတ္ထုတို၊ ရှည်၊ ကဗျာများကို စမ်းသပ်ရေးသားခဲ့ဖူးသည်။ ကျွန်တော် အသက်၂၈–နှစ်သားအထိ ရသစာပေလိုင်းကိုသာ စိတ်ဝင်စားခဲ့ရာမှ ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့သည်။ ဤသို့ ပြောင်းရခြင်းမှာလည်း စီးပွားရေးအဆင်မပြေမှုကြောင့်ဖြစ်သည်။ သားသမီးနှစ်ဦး ထွန်းကားသောအခါ ကျွန်တော့်အသက် (၂၈–၂၉)သို့ ရောက်နေပြီဖြစ်သည်။

အလုပ်က အဆင်မပြေသဖြင့် ညဘက်များတွင် ဟိုတွေးသည်တွေးလုပ်၍ အိပ်မပျော်သည်က များသည်။ ဤသို့ လုပ်နေမည့်အစား တစ်ခုခုအကျိုးရှိအောင် လုပ်နေတာမှ ကောင်းမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။ ဤသို့ဖြင့် ကျွန်တော် ကမာရွတ် ကျွဲကုန်းလမ်းထိပ်တွင် နေထိုင်စဉ် အောင်စည်ဟိန်းဝတ်အဖွဲ့နှင့် တွေ့ဆုံခဲ့ရသည်။ အဖွဲ့ခေါင်းဆောင်သည် မော်ကွန်းဝင်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ရထားသူ သခင်စံရင်ဖြစ်သည်။ ထိုဝတ်အဖွဲ့သည် စနေ၊ တနင်္ဂနွေနေ့များတွင် ရွှေတိဂုံကုန်းတော်သို့ တက်၍ ပုတီးစိပ်ကြသည်။ ဝတ်လည်းရွတ်သည်။ ဦးစံရင်၏ကျေးဇူးကြောင့် တစ်နှစ်နီးပါးမျှ ပုတီးစိပ်ခြင်းအလုပ်ကို စိတ်ပါလက်ပါ လုပ်ခဲ့လေသည်။

တစ်နေ့တွင် ရွှေတိဂုံကုန်းတော်ပေါ်မှ ပုတီးစိပ်ပြီးအဆင်းတွင် ဗဟန်းတွင်နေထိုင်သည့် မိတ်ဆွေတစ်ဦးနှင့် အမှတ်မထင်ဆုံဖြစ်သည်။ သူက ခင်ဗျား ဒီစာအုပ်ကို ဖတ်သင့်တယ်ဟူ၍ စာအုပ်တစ်အုပ်ကို ခေတ္တငှားလိုက်သည်။ သေကျွတောင်ဆရာတော် ရေးသားစီရင်သည့် ပဋ္ဌာနဒေသနာဒီပနီကျမ်း ဖြစ်သည်။ ဤစာအုပ်ကို နှစ်ခေါက်မျှ အကျေအလည်ဖတ်ကြည့်မိသည်။ ဤစာအုပ်၌ ကသိဏ်းအစီအရင်များ ပါသည်။ အချိန်ရသဖြင့် ဘုရားစင်ရှေ့တွင် ပထဝီကသိဏ်းကို ဆက်၍ လေ့ကျင့်ဖြစ်သည်။ သုံးလမျှ ကြိုးကြိုးစားစား လေ့ကျင့်လိုက်သောအခါ ကသိဏ်းအဝန်းအဝိုင်းကို ကောင်းစွာနိုင်နင်းခဲ့ပါသည်။ သေး၍ရသည်။ ကြီး၍လည်းရသည်။ အဝေးအနီးသို့လည်း ပို့လွှတ်၍ရခဲ့သည်။ ထိုမှတစ်ဆင့် အင်္ဂကမ္မဋ္ဌာန်းသို့ ပြောင်းခဲ့ပြန်သည်။ အင်္ဂကကမ္မဋ္ဌာန်းကိုလည်း အတော်အသင့် အောင်မြင်ခဲ့ပါသည်။ သို့သော် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ ဘယ်လိုရောက်သလဲဆိုတာကိုသာ သိလိုနေခဲ့ပြန်ပါသည်။

ဤသို့ဖြင့် ပဋ္ဌာနဒေသနာဒီပနီကျမ်းကို ကျွန်တော့်မိတ်ဆွေထံသို့ ပြန်အပ်ချိန်တွင် သူက စာအုပ်အထူကြီးတစ်အုပ်ကို ထုတ်ပေးပြန်သည်။ စာအုပ်ငှားသည့် မိတ်ဆွေသည် ဦးစိန်သန်းဖြစ်သည်။ သူက မြတ်သစ်၊ အောင်ဝိုင်း စသည့် ကလောင်အမည်များဖြင့် ပင်ကိုယ်ရေး၊ ဘာသာပြန်ခြင်းများဖြင့် စာပေလောကတွင် အောင်မြင်နေခဲ့ပြီဖြစ်သည်။ သူပေးလိုက်သည့် စာအုပ်ကြီးမှာ ဆရာကြီးဦးဌေးလှိုင်၏ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်ဖြစ်သည်။ ကျွန်တော် အသက်(၂၉)နှစ်အရွယ်တွင် ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်ကို ဖတ်မိခြင်းဖြစ်သည်။ ရှေ့တွင် ဓမ္မာစရိယ တပ်ထားသဖြင့် ထူးဆန်းနေသည်။ ထိုအချိန်တွင် ဓမ္မာစရိယအမည်ခံ၍ စာရေးသူ အတော်ရှားသည်။ ကမ္ဘာ့စွယ်စုံကျမ်းရေးသည့် ဆရာကြီးဓမ္မာစရိယဦးထွန်းရွှေသည်လည်း ဓမ္မာစရိယ တပ်သည်။ သို့သော် သိပ်ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ခဲ့။ ဆရာကြီးဦးဌေးလှိုင်က ရှေ့က ဓမ္မာစရိယတပ်တော့မှ အခြားအခြားသော ဓမ္မာစရိယ, B.A စသည်များ တပ်လာခဲ့သည်ကို တွေ့ရသည်။

ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးစာအုပ်မှ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများကို ဖတ်ရသောအခါ ကျွန်တော် အလွန်သဘောကျသွားခဲ့သည်။ ဆရာတော်ကြီးများ၏

ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးစာအုပ်မှ
ဆရာတော်ကြီးများ၏
ထေရုပ္ပတ္တိများကို
ဖတ်ရသောအခါ ကျွန်တော်
အလွန်သဘောကျသွားခဲ့သည်။
ဆရာတော်ကြီးများ၏
သီလ၊ သမာဓိ၊ ပညာများကို
ထင်ထင်ရှားရှား ဖတ်ခွင့် ဖူးခွင့်
ရသွားခဲ့သည်။
ဆရာ၏ စာအုပ်ကြီးကြောင့်
ကျွန်တော်တရားအားထုတ်
လိုသည့်စိတ်များ
တဖွားဖွား
ဖြစ်ပေါ်ခဲ့မိပါတော့သည်။

သီလ၊ သမာဓိ၊ ပညာများကို ထင်ထင်ရှားရှား ဖတ်ခွင့်ဖူးခွင့် ရသွားခဲ့သည်။ ဆရာ၏ စာအုပ်ကြီးကြောင့် ကျွန်တော် တရားအားထုတ်လိုသည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်ခဲ့မိပါတော့သည်။ စာအုပ်ငှားသူ ဦးစိန်သန်းနှင့် စာအုပ်ရေးသားသူ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်တို့ကို များစွာမှပင် ကျေးဇူးတင်ရှိခဲ့ရပါသည်။ သို့သော် တရားရှုမှတ်နည်းကိုကား မည်မည်ရရ မသိခဲ့ရသေးပါ။

## ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး

တိုက်ဆိုင်သည်ပဲဆိုဆို၊ မိမိ၏ဆန္ဒ ပြင်းပြမှုကြောင့်ပဲဖြစ်ဖြစ်၊ တစ်နေ့တွင် ကျွန်တော်နေထိုင်ရာလမ်းတွင်းရှိ အောင်မြေသာစည်ဘုန်းတော်ကြီးကျောင်းသို့ မဟာစည်ဆရာတော်ကြီး တရားလာရောက်ဟောကြားခဲ့သည်။ ဆရာတော်ကြီး၏ တရားကို နာယူဖြစ်ခဲ့သည်။ တရားတော်အမည်မှာ ရုစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်ဖြစ်သည်။ တရားပွဲပြီးခါနီးတွင် ငါးမိနစ်မျှ တရားရှုမှတ်ကြရသည်။ တရားရှုမှတ်ခွင့်ရသောအခါ ကျွန်တော် အလွန်သဘောကျသွားခဲ့ပါသည်။ ဤအချိန်မှစ၍ တစ်ဖက်တွင် ရေးခဲ့သော ဝတ္ထုများ၊ ကဗျာများ စသည်တို့ကို အပြီးတိုင် စွန့်လွှတ်လိုက်သည်။ မဟာစည်ဆရာတော်

ကြီး၏ တရားမှတ်နည်းဖြင့် အားထုတ်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ ထို့ကြောင့် ဦးစွာကျေးဇူးတင်ရမည်မှာ စာအုပ်ငှားသူ ကျွန်တော့်မိတ်ဆွေ၊ ဒုတိယကျေးဇူးတင်ရမည်မှာ ဓမ္မာစရိယဦးဋ္ဌေးလှိုင်၊ တတိယ ရှုနည်းမှတ်နည်းကို သင်ကြားပေးခဲ့သည့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးတို့ ဖြစ်သည်။

နောက်ပိုင်းတွင် မဟာစည်ရိပ်သာခွဲတစ်ခုဖြစ်သည့် လှိုင်မဟာစည်သို့ ကျွန်တော် ရောက်သွားသည်။ ဘဒ္ဒန္တစန္ဒာဝရနှင့် ဘဒ္ဒန္တဝါယာမာဂုဓထေရ်တို့သည် ကျွန်တော်၏ ကမ္မဋ္ဌာန်းဆရာများ ဖြစ်ခဲ့ပါသည်။

## ကမ္ဘာကိုချုပ်ကိုင်မည့်သူ

ကျွန်တော်တို့ရိပ်သာမှ နှစ်စဉ်နှစ်တိုင်းပင် မဟာစည်ဆရာတော်ကြီးထံ သွားရောက်၍ ဩဝါဒခံယူကြသည်။ နှစ်စဉ် ရိပ်သာအသီးသီးမှ ကမ္မဋ္ဌာနာစရိယများနှင့် တပည့်ယောဂီများ မဟာစည်ဆရာတော်ကြီးထံ သွားရောက်၍ ပူဇော်ခြင်း၊ ဩဝါဒခံယူခြင်း ပြုကြရသည်။ တစ်နေ့တွင် ရိပ်သာမှ ဆရာတော်က မင်းတို့နဲ့ မဟာစည်ဆရာတော်ကြီးကို သီးခြားမိတ်ဆက်ပေးဦးမည်ဟု မိန့်ပြီး ဆရာတော်ကြီးထံ ခေါ်သွားခဲ့ပါသည်။ ဆရာတော်ကြီးက စံကျောင်း၏အပေါ်ထပ်တွင် သီတင်းသုံးသည်။ အောက်တွင် စားပွဲတစ်လုံးဖြင့် ရဟန်းတော်တစ်ပါး မှတ်တမ်းစာအုပ်နှင့် ထိုင်လျက်ရှိသည်။ ထိုရဟန်းတော်သည် ဆရာတော်ကြီးကို အနီးကပ်စောင့်ရှောက်နေသူ ဖြစ်သည်။ ဆရာတော်ကြီးနှင့် လာရောက်ဖူးမြော်သူများ အဆင်ပြေစေရန် စီစဉ်ပေးရသူလည်းဖြစ်သည်။ ယခုတော့ ထိုရဟန်းတော်သည် ဆရာကောင်း၏အရိပ်ကို ခိုလှုံခွင့်ရသဖြင့် ရွှေမင်းဝံဆရာတော်ကြီး ဦးသောဘဏ ဟု ထင်ရှားနေပြီဖြစ်သည်။

ဆရာတော်ကြီးကို ဖူးမြော်ပြီးသောအခါ ရိပ်သာမှ ဆရာတော်က ဆရာတော်ကြီးကို တပည့်တော်လည်း ဒီကလေးတွေနဲ့ အစပျိုးပြီး သာသနာပြုနေရတာပါပဲ ဘုရားဟု လျှောက်သောအခါ ဆရာတော်ကြီးက ကျွန်တော်တို့ကိုကြည့်၍ တရားအားထုတ်တယ်ဆိုတာ အသက်ငယ်တယ် ကြီးတယ်မဟုတ်ပါဘူး။ အားထုတ်ဖို့က လိုရင်းပဲဟု မိန့်ပါသည်။ ဆက်လက်သာသနာပြုကြဖို့ ဩဝါဒပေးပါသည်။ ကျွန်တော်က စာအုပ်တွေ့လျှင် မနေနိုင်သဖြင့် ဆရာတော်ကြီးစားပွဲ၏ ဘေးနားတွင် ချထားသည့်စာအုပ်တစ်အုပ်ကို ကောက်၍ ဖတ်ကြည့်မိလိုက်သည်။ ထိုစာအုပ်တွင် စာရေးသူက လက်မှတ်ရေးထိုးလှူဒါန်းထားသည်ကို တွေ့ရသည်။ ကျွန်တော်က အရဲစွန့်၍ ဆရာတော်ကြီးထံမှ စာအုပ်ကို ဖတ်ချင်ကြောင်း လျှောက်သောအခါ ဆရာတော်ကြီးက စွန့်လိုက်ပါသည်။ ထိုစာအုပ်တွင် ဆရာကြီးဦးဋ္ဌေးလှိုင်၏ လက်ရေးမူကို တွေ့လိုက်ရခြင်းဖြစ်သည်။ ဆရာတော်ကြီးကို ဆရာဦးဋ္ဌေးလှိုင်က လက်မှတ်ရေးထိုး၍ လှူထားခြင်းဖြစ်သည်။ စာအုပ်၏အမည်မှာ ကမ္ဘာကိုချုပ်ကိုင်မည့်သူဖြစ်သည်။ စာအုပ်ကိုဖတ်ပြီးသောအခါ ဆရာ့ကို ပိုမို၍တွေ့ဆုံချင်လာပါသည်။ ဆရာ့၏စာအုပ်များကို ထွက်သမျှဝယ်ယူပြီး ဖတ်ရှုဖြစ်ခဲ့သည်။ ကြည်ညိုဖြစ်ခဲ့ပါသည်။ ဤသည်တို့မှာ ဆရာ့လက်ရေး၊ ဆရာ့စာအုပ်နှင့် ကျွန်တော် တွေ့ခဲ့ရပုံလေး ဖြစ်ပါသည်။

## ဝိပဿနာရှုနည်း (၉)နည်း

၁၉၈၆–ခုနှစ်တွင် ဆရာမင်းယုဝေဦးစီး၍ မြစ်မခ စာပေတိုက်ကို တည်ထောင်ခဲ့သည်။ ထိုတိုက်တွင် လစဉ် မြစ်မခအင်္ဂလိပ်စာဥယျာဉ်နှင့် မြစ်မခစာပဒေသာတို့ကို ထုတ်ဝေသည်။ ထို့ပြင် ကောင်းနိုးရာရာစာအုပ်များကို လည်း ထုတ်ဝေသေးသည်။ ဆရာမင်းယုဝေ၏ ကောင်းမှုကြောင့် ထိုတိုက်တွင် ကျွန်တော်သည် ဆရာမင်းယုဝေနှင့်တွဲဖက်၍ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ရဖူးသည်။ ထိုတိုက်မှ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဓမ္မာစရိယဦးမောင်မောင်လေးတို့၏ စာအုပ်များကို ထုတ်ဝေခဲ့သည်။ တစ်နေ့တွင် ဆရာမင်းယုဝေက ကျွန်တော် ရိပ်သာတွင် ဝေယျာဝစ္စလုပ်ရင်း တရားအားထုတ်နေသည်ကို သိထားသဖြင့် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများကို စုပေါင်း၍ ရေးပါ၊ မြစ်မခစာပေတိုက်က ထုတ်ဝေပေးမည်ဟု အကြံပြုခဲ့ပါသည်။

ဆရာမင်းယုဝေ အကြံပေးသည့်အတိုင်း ကျွန်တော်သည် ရိပ်သာအသီးသီးသို့ သွားရောက်၍ ဝိပဿနာရှုနည်း အသီးသီးကို လေ့လာ၍ စုပေါင်းပူဇော်ဖြစ်ခဲ့ပါသည်။ ယခုအခါ ပထမတွဲမှ ပဉ္စမတွဲအထိ (၅)တွဲ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ပထမတွဲထုတ်ဝေမည်ပြုသောအခါ စာအုပ်တွင် အမှာစာရေးသားရန်အတွက် ကျွန်တော် လေးစားသော ဆရာကြီးနှစ်ဦးထံမှ အမှာစာတောင်းခံခဲ့ပါသည်။ တစ်ဦးမှာ ဆရာကြီး ဓမ္မာစရိယဦးမောင်မောင်လေးဖြစ်ပြီး၊ တစ်ဦးမှာ ဆရာကြီးဓမ္မာစရိယဦးဋ္ဌေးလှိုင်ဖြစ်သည်။ ဤသို့ဖြင့် ပညာအလင်းပြစာအုပ်တိုက်မှ

ဆရာ ရာမဦးအုန်းမောင်ကို အဖော်ပြု၍ ဆရာကြီး ဦးဌေးလှိုင်အိမ်သို့ သွားရောက်ခဲ့သည်။ ဤအမှာစာကို အကြောင်းပြု၍ ဆရာ့ကို ဦးစွာ လူချင်းတွေ့ဆုံခွင့်ရခဲ့ခြင်းဖြစ်သည်။ ဆရာ့အိမ်က ဘုန်းကြီးကျောင်းခပ်ဆန်ဆန်ဖြစ်သည်။ ခြံ၏ထောင့်တွင် တဲတစ်လုံးတွေ့သည်။ ထိုတဲလေးတွင် ဆရာ တရားအားထုတ်ရှုမှတ်သည်ဟု သိရသည်။ ဆရာ့လက်ကြားတွင် ဆေးပေါ့လိပ်ခပ်ကြီးကြီး ညှပ်ထားသည်ကို တွေ့ရသည်။

ဆရာက စာမူကိုထားခဲ့ပါ။ နောက်တစ်ပတ်လောက်ကျရင် လာယူဖို့ပြောသည်။ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ၊ မျက်လုံးအရောင်တောက်တောက်၊ စကားပြောသည့်အသံမှာ ပီပြင်သူဖြစ်ကြောင်း သတိထားမိသည်။ အမှာစာသွားယူသောအခါ ကျွန်တော်တစ်ယောက်တည်း သွားယူခဲ့သည်။ ဆရာက ဒီစာအုပ်မျိုး ပူဇော်တာ ဝမ်းသာကြောင်း၊ သူလည်း လုပ်ဖို့အစီအစဉ်ရှိကြောင်း၊ သူတွင်မက အခြားအခြားသော ပညာရှင်များလည်း လုပ်ဖို့သင့်ကြောင်း၊ ရှုနည်းများကို အပင်ပန်းခံ၍ တစ်စုတစ်စည်း လုပ်ဖော်ရတာကို ဝမ်းသာချီးကျူးကြောင်း လှိုက်လှိုက်လှဲလှဲ ပြောခဲ့သည်။ ဤကဲ့သို့ ဆရာကြီးတစ်ဦးက ချီးကျူးသောအခါတွင် ကျွန်တော့်မှာ ဝမ်းသာမဆုံးဖြစ်ရသည်။ အမှာစာကို သေသပ်စွာ ရေးပေးထားသည်။ စာအုပ်ထွက်သည့်အခါ ဆရာ့ကိုသွား၍ ကန်တော့ခဲ့သည်။ မှတ်တမ်းဓာတ်ပုံလည်း ရိုက်ခဲ့သေးသည်။ စာအုပ်ကိုသာ လက်ခံ၍ ဉာဏ်ပူဇော်ခကို လက်မခံဘဲ ပြန်၍ပေးသည်။ စာအုပ်ရရင် တော်ပါပြီ၊ အခုလို ရေးသားတာကိုပဲ ကျေးဇူးတင်ပါတယ်၊ နောင်လည်း ကိစ္စရှိလျှင်လာပါဟု ဆရာက ဖိတ်ခေါ်ပါသည်။ ဤသည်မှာ ဆရာကြီးဓမ္မာစရိယဦးဌေးလှိုင်နှင့် ကျွန်တော် ဦးဆုံးတွေ့ဆုံခဲ့ရပုံဖြစ်သည်။

နောက်ပိုင်း ကျွန်တော် စာအုပ်များထွက်တိုင်း ဆရာ့ထံသို့ ကိုယ်ထိလက်ရောက် တကူးတကန့် သွားရောက် ကန်တော့ဖြစ်ပါသည်။ ထိုအခါတွင် ဆရာက သူ၏စာအုပ်များကို ပြန်၍ လက်ဆောင်ပေးလေ့ရှိသည်။ လက်ဆောင်ပေးတိုင်း အမှတ်တရလက်မှတ်ထိုး၍ ပေးလေ့ရှိသည်။

## သီတဂူဓမ္မခရီးစဉ်

၁၉၉၈-ခုနှစ်တွင် သီတဂူဆရာတော်ကြီးက ရန်ကုန်မြို့မှ ဘာသာရေးစာရေးဆရာများကို စစ်ကိုင်းဗုဒ္ဓတက္ကသိုလ်သို့ ဖိတ်ကြားခဲ့သည်။ ဆရာတော်၏ လုပ်ငန်းစဉ်ကြီး လေးရပ်ဖြစ်သည့် သီတဂူရေအလှူတော်၊ သီတဂူအာယုဒါနဆေးရုံတော်၊သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်းနှင့် နိုင်ငံရပ်ခြား သီတဂူသာသနာပြုနှင့် ကျောင်းဝိဟာရများအကြောင်းကို ရှင်းပြပြီး စုပေါင်း၍ စာပေများရေးစေလိုသည်။ ထိုခရီးစဉ်တွင် ကျွန်တော်လည်းပါသည်။ ဆရာကြီးဦးဌေးလှိုင်လည်း ပါခဲ့ပါသည်။ သီတဂူဆရာတော်၏ ငါးရက်တာကာလအတွင်း ခရီးစဉ်တွင် ဆရာနှင့်ကျွန်တော် အနီးကပ် တစ်ပူးတွဲတွဲရှိနေခဲ့သည်။ ဆရာက စစ်ကိုင်းတောင်တစ်ဝိုက် နေရာတိုင်းတွင် ဒီနေရာတွေက အထပ်ထပ်အခါခါ ရောက်ခဲ့ပြီးပါပြီကွဟု ပြောလေ့ရှိသည်။ ကျွန်တော့်ကိုတွေ့တိုင်း ဘာတွေရေးနေလဲဟု မေးလေ့ရှိသည့် ဆရာကြီးသုံးဦးရှိသည်။ဆရာကြီးဦးရွှေအောင်၊ ဗိုလ်မှူးကြီးအောင်သိမ်း(မင်္ဂလာဗျူဟာဥက္ကဋ္ဌကြီး)နှင့် ဆရာကြီးဦးဌေးလှိုင်တို့ဖြစ်ကြသည်။ စာရေးသူအချင်းချင်းမို့ အားပေးသည့်အနေဖြင့် မေးတာဖြစ်သည်ဟု ကျွန်တော်က ခံယူသည်။ မေး၍လည်း ဝမ်းသာပါ၏။

သီတဂူခရီးစဉ် သွားလာရင်း ဆရာက ကျွန်တော့်၏ ဇာတိကို မေးသည်။ ကျွန်တော်က မြစ်ဝကျွန်းပေါ်တွင် ကြီးပြင်းခဲ့ရသော်လည်း အဖေ၏ဇာတိမှာ ဘုတလင်မြို့အပိုင် ဝက်လူးအိုင်ကျေးရွာမှဖြစ်ကြောင်း ပြောသောအခါ ဆရာက အံ့သြနေသည်။ ဆရာကိုယ်တိုင်လည်း ဘုတလင် မောင်းထောင်ဇာတိဖြစ်၍ ဒေသစွဲရှိဟန်တူသည်။ ကျွန်တော့်ကို ဆရာက ပို၍ခင်မင်သွားသည်။ အဲဒီဘက်ကို ရောက်သေးလားဟုမေးသည်။ တစ်ခေါက်တော့ရောက်ကြောင်း၊ အဖေကလည်း ဘုန်းကြီးဝတ်ပြီး (၁၁)ဝါအရတွင် ပျံလွန်တော်မူသွားကြောင်း ပြောသောအခါ ဆရာက ခေါင်းညိတ်နေသည်။နောက်ပိုင်း ဆရာနှင့်တွေ့ဆုံလျှင် အနီးရှိသူများနှင့် မိတ်ဆက်ပေးရာတွင် ကိုကျော်နန္ဒအောင်အဖေလည်း ဘုတလင်ဇာတိကွဟု ပြောလေ့ရှိသည်။ ဒေသစွဲဖြင့် ဆရာနှင့် ကျွန်တော်သည် သီတဂူခရီးစဉ်တွင် ပိုမို၍ နားလည်ကာ ခင်မင်ခွင့်ရခဲ့ပါတော့သည်။

■ ဆက်လက်ဖော်ပြပါမည်



# ကြာပန်းသူခိုး

အဆိုးမဆိုသော်

## အရှင်ဉာဏိက

ပိဋကတော်လာ သိဃ်ပုပ္ဖ ဇာတကဝတ္ထု မြန်မာပြန်ကို ပြန်လည်ဖတ်ဖြစ်မိတော့ အတွေးတစ်ခု ဝင်လာတယ်၊ ဒီဝတ္ထုမှာ နောက်ဆက်တွဲ တစ်ခုခု ကျန်နေသလိုလည်းပဲ ခံစားမိတယ်၊ အဲဒီနောက်ဆက်တွဲ ဇာတ်လမ်းကိုလည်း ဖြည့်စွက်လိုစိတ် ဖြစ်မိတယ်၊တိတိကျကျ ပြောရရင်တော့ မေးခွန်းတစ်ခု မေးချင်လာတယ်၊ ဒီမေးခွန်းကို မေးချင်တာက ဒီဇာတ်တော်ကို ဟောကြားခဲ့တဲ့ မြတ်ဗုဒ္ဓဘုရားရှင်ကိုလည်း မဟုတ်သလို ဇာတ်လမ်းထဲမှာပါဝင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း မဟုတ်ပါဘူး။ ဒီဇာတ်လမ်းကို ဖတ်ခွင့်ကြုံလို့ ဖတ်ခဲ့ကြတဲ့၊ ဖတ်ကြမည့် စာဖတ်သူတွေကိုပါ။ စာရေးသူမေးခွန်းထုတ်ချင်တဲ့သူတွေထဲမှာ စာဖတ်သူ

သင်လည်း ပါဝင်နိုင်ဖို့ ဟောဒီအောက်က သိဃ်ပုပ္ဖဇာတကဝတ္ထုကို အကျဉ်းလောက်ဖတ်လိုက်ပါဦး။

ရှေးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုစဉ်၊ ဘုရားအလောင်းက ပုဏ္ဏားရွာတစ်ရွာမှာ လူသားတစ်ဦးဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်တဲ့အခါမှာ တက္ကသိုလ်ပြည်ကနေ ပညာသင်ကြားတတ်မြောက်ခဲ့တယ်၊ နောက်တော့ တောထွက်ရဟန်းပြုခဲ့ပြီး၊ တောတွင်းက ပဒုမ္မာကြာကန်အနီးမှာ သီတင်းသုံးနေထိုင်ခဲ့တယ်။ အဲဒီပဒုမ္မာကြာကန်ဘေးက ရဟန်းတော်ဟာ ရေကန်ထဲကိုဆင်းပြီး ပွင့်နေတဲ့ကြာပန်းတစ်ပွင့်ကို နမ်းရှုခဲ့တယ်။ ဒါကိုမြင်တွေ့တဲ့ ကြာကန်စောင့်နတ်သမီးက ရဟန်းတော်ကို၊ ပိုင်ရှင်မပေးတဲ့ အနံ့ကိုခိုးတဲ့ နံ့သာခိုးရယ်လို့ စွပ်စွဲပြောဆိုတယ်။ ဒီတော့ ရဟန်းတော်က "ငါကသင့်ရဲ့ကြာပန်းကိုလည်း မချိုး၊ ကြာပန်းတွေကို အဝေးသို့လည်း ဆောင်ယူပြီးမသွား၊ အနံ့ကိုသာ နမ်းရှုရုံမျှဖြစ်တယ်၊ဘယ်လိုအကြောင်းကြောင့် သင်က ငါ့ကို နံ့သာခိုးလို့ စွပ်စွဲရတာလဲ"လို့ ပြန်လှန်မေးမြန်းခဲ့တယ်၊ ဒီအချိန်မှာပဲ မလှမ်းမကမ်းမှာ အခြားသူတစ်ဦးက ကြာစွယ်ကိုလည်း တူး၊ ကြာပန်းကိုလည်း ချိုးနေတာကို ရဟန်းတော်နဲ့ နတ်သမီးတို့ မြင်ရတယ်။ သို့ပေမယ့် အဲဒီကြာပန်းကို ချိုး၊ ကြာစွယ်ကို တူးနေသူကိုတော့ နတ်သမီးက ဘာစကားမျှ မဆိုဘဲနေခဲ့တယ်၊ ဒီအခါမှာ ရဟန်းတော်က "အဝေးမှရပ်ပြီး ကြာနံ့လောက်ကိုသာရှူတဲ့ ငါ့ကိုတော့ သင်က ခိုးသူလို့ စွပ်စွဲပြောဆိုတယ်။ ကြာစွယ်ကို တူး၊ ကြာပန်းကိုလည်း ချိုးတဲ့ ကြမ်းကြမ်းတမ်းတမ်း ပြုသူ ဟိုလူကိုတော့ ဘာကြောင့် ကြာပန်းသူခိုးရယ်လို့ သင်က မပြောဆိုဘဲ နေသလဲ"လို့ မေးပါတယ်။ ဒီတော့ နတ်သမီးက "အို–ရဟန်း၊ အဲဒီလို ကြမ်းကြုတ်တဲ့အလုပ်ကို ပြုလုပ်တဲ့ ဒီလိုသူမျိုးဆိုတာက ကျင်ကြီးကျင်ငယ်၊ မစင်၊ တံတွေးတွေနဲ့ ပေရေနေတဲ့ နို့ထိန်းကျွန်မရဲ့ အဝတ်နဲ့ အလားတူဖြစ်တယ်၊ သူ့မှာက မကောင်းမှုအညစ်အကြေးတွေနဲ့ ညစ်ထေးလိမ်းကျံနေပြီး ဖြစ်တယ်၊ သူလိုသူအတွက် ငါ့မှာ အထူးပြောဆိုနေဖို့ မလိုဘူး၊ သင်ကဲ့သို့ စင်ကြယ်ဖြူစင်မှုကို ရှာဖွေနေသူ တစ်ယောက်အတွက်တော့၊ သားမြီးဖျားလောက်မျှ အပြစ်ကပေမယ့် တိမ်တိုက်ပမာထင်ရှားတယ်၊ ဒါကြောင့် သင့်ကိုသာ ငါက ကြာသူခိုးလို့ ပြောဆိုရခြင်းဖြစ်တယ်"လို့ ပြန်ပြောခဲ့တယ်။ ဒီတော့မှ ရဟန်းတော်က နတ်သမီးရဲ့ရည်ရွယ်ချက်ကို သဘောပေါက်ပြီး နတ်သမီးကို ကျေးဇူးစကား ပြန်လည်ပြောကြားခဲ့တယ်။ နောက်ပြီး နောင်မှာလည်း ငါ့မှာ ခုလိုချွတ်ယွင်းချက်မျိုးရှိခဲ့ပါက ရင်ဝယ်သားကဲ့သို့ ထောက်ပြပြောဆိုဖို့ ဖိတ်မံပန်ကြားခဲ့တယ်။ ဒီတော့ နတ်သမီးက "အိုရဟန်း၊ ငါက သင့်ကိုမှီပြီး အသက်မွေးနေတဲ့ သင်ရဲ့သူရင်းငှား၊ သူခစားမဟုတ်လို့ သင့်ကို စောင့်ရှောက်ကြည့်ရှုပြီးလည်း မနေနိုင်ဘူး၊ ဒီအလုပ်ဟာ ကောင်းကျိုးရလဒ်ကို ဖြစ်စေသလား၊ မဖြစ်စေဘူးလားဆိုတာကို သင်ကိုယ်တိုင်ပဲ သိအောင်လုပ်ရလိမ့်မယ်၊ နောက်ပြီး ဒီအလုပ်ကို လုပ်လို့ ကောင်းကျိုး ရလဒ်ဖြစ်စေနိုင်တယ်ဆိုရင် အဲဒီ အလုပ်မျိုးကို သင်ကိုယ်တိုင် လုပ်ရလိမ့်မယ်"လို့ ပြန်ပြောခဲ့ပါတယ်။ ဒါကတော့ သိဃ်ပုပ္ဖဇာတကဝတ္ထုပါပဲ။

တကယ်တော့ မကောင်းမှုဆိုတာ အနည်းငယ်မျှလောက်လေး ဖြစ်စေဦး၊ မကျူးလွန်မိစေဖို့၊ ကောင်းမှု မကောင်းမှုကို ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆုံးဖြတ်ပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ဖို့၊ သူတစ်ပါးကို မှီခိုပြီးမနေဖို့ ပြောဆိုခဲ့တဲ့ စကားပါပဲ။ ကြာပန်းကို နမ်းရှုခဲ့တဲ့ ဘုရားအလောင်းရဟန်းတော်လည်း ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး တရားနဲ့အညီ နေထိုင်ခဲ့တာကြောင့်၊ အဲဒီဘဝမှာလည်း ဈာန်သမာပတ်များ ရရှိခဲ့တယ်၊ သေလွန်တဲ့အခါမှာလည်း ဗြဟ္မာ့ပြည်ကို လားရတယ်၊ အဆုံးဘဝမှာ ကြာပန်းကို နမ်း ရှုတဲ့ ရဟန်းဟာ ဘုရားရှင်ဖြစ်လာပြီး၊ နတ်သမီးကတော့ ဥပ္ပလဝဏ်ထေရီမ ဖြစ်လာတယ်ဆိုပြီး ဇာတ်တော်ကို ပေါင်းခဲ့ပါတယ်။

ဒီဇာတ်တော်မှာ အဓိကဇာတ်ဆောင်ဟာ ဘုရားအလောင်းရဟန်းတော်ပါ၊ဒါကြောင့် အလောင်းတော်ရဟန်းကို ဦးတည်ပစာနအားဖြင့် ပြောထားတဲ့ ဇာတ်လမ်းဖြစ်ပေလိမ့်မယ်၊ သူတော်ကောင်းအကျင့်ကို ကျင့်ကြံအားထုတ်နေတဲ့ အလောင်းတော်လို ပုဂ္ဂိုလ်အတွက်တော့ အနည်းငယ်မျှသော အပြစ်ကလေးသည်ပင် ဘေးလို့ရှုမြင်ပြီး ရှောင်ကြဉ်ရမည်ဆိုတဲ့အကြောင်းကို သင်ခန်းစာပေးလိုခြင်းဖြစ်ကြောင်း၊ နားလည်မိတယ်၊ အကျင့်သိက္ခာဖြူစင်မှုကို မြတ်နိုးတန်ဖိုးထားသူတို့

အတွက် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးတဲ့ အဆုံးအမတစ်ခုလည်းပဲ ဖြစ်တယ်။

စာရေးသူကတော့ ဒီဇာတ်ဝတ္ထုမှာလို အစိကဇာတ်ဆောင် ဘုရားလောင်းရဟန်းကိုသာ ရည်ရွယ်တာမျိုးမဟုတ်ဘဲ၊ ကြာစွယ်ကိုတူး၊ ကြာပန်းကိုရူးတဲ့ လူရမ်းကားမျိုးအတွက်လည်းပဲ စဉ်းစားမိတယ်၊ နောက်ပြီး "နို့ထိန်းသည်မရဲ့ အဝတ်လို ညစ်ထေးနေတာကြောင့် ကြာပန်းချိုးတဲ့ ကြာသူခိုးကို သူ့အနေနဲ့ ဘာမျှ အထူးပြောနေဖို့ မလိုဘူး" ဆိုတဲ့ နတ်သမီးရဲ့စကားဟာ အဲဒီလိုပုဂ္ဂိုလ်တွေ ဘာပဲလုပ်လုပ် ခွင့်လွှတ်ရမယ်၊ ဘာမျှမပြောဘဲ ကြည့်နေရမယ်လို့ ဆိုလိုတာ မဟုတ်ပေဘူးလို့လည်း နားလည်မိတယ်။ ဒါတွင်မက စောင့်ရှောက် ထိန်းသိမ်းရမည့် တာဝန်ရှိသူ၊ ပြောဆိုဆုံးမရမည့် တာဝန်ရှိသူတို့ အနေနဲ့လည်း လူကောင်းလူမွန် လူပီသသူတို့ရဲ့ အနည်းငယ်သော ချွတ်ယွင်း အားနည်းမှုကိုသာ ထောက်ပြဝေဖန် ပြစ်တင်စကားဆိုကြရမှာ မဟုတ်ဘဲ၊ လူရိုင်း၊လူကြမ်း၊လူသရမ်းတို့ရဲ့ လူမပီသတဲ့လုပ်ဆောင်မှုများကိုလည်း ရဲရဲဝံ့ဝံ့ မကြောက်ရွံ့ဘဲ ထောက်ပြဝေဖန်ပြောဆို ဆုံးမဖို့ လိုတယ်ရယ်လို့လည်း နားလည်မိတယ်။ဘယ်လို အဂတိတရား အရင်းခံမျိုးကြောင့်နဲ့မျှ မသမာသူတို့ရဲ့ ကောက်ကျစ်ယုတ်မာမှုကို မျက်ကွယ်မပြုသင့်ပေဘူးရယ်လို့လည်း ဆင်ခြင်မိတယ်။

ဟုတ်တယ်၊ မကောင်းမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နေသူတွေကိုတွေ့လျှင် သူတို့မှာ အကုသိုလ် အညစ်အကြေးတွေနဲ့ ညစ်ထေးနေတာကြောင့် ဘာမျှမပြောဘဲ၊ ဒီလိုပဲ ကြည့်နေရမယ်ဆိုရင် အဲဒီလိုသူတွေ အနေနဲ့ မကောင်းမှုကို နောက်ထပ် တစ်ဖန်ဆတက်တိုးလို့ ပြုလုပ်နိုင်ဖို့ အခွင့်ပေးသလို ဖြစ်သွားနိုင်တယ်၊ ဒီကတစ်ဆင့်တက်လို့ အဲဒီလိုအပြစ်ကျူးလွန်သူတွေကို ထိုက်တန်တဲ့ အပြစ်ပေးမှု၊ အရေးယူမှုမပြုဘဲ လျစ်လျူရှုထားခဲ့မယ်ဆိုရင် သူတို့ရဲ့ လုပ်ရပ်ဟာ မှန်ကန်တဲ့ လုပ်ရပ်ဖြစ်တယ်၊ တရားနည်းလမ်းကျတဲ့ လုပ်ရပ်ဖြစ်တယ်လို့ ထင်မြင်ယူဆသွားနိုင်တယ်၊ နောက်ပြီး သူတစ်ပါးတွေကိုပါ သူတို့နည်းတူလုပ်စေဖို့ တွန်းအားပေးလာနိုင်တယ်၊ သူတို့ကိုယ်တိုင်က တွန်းအားမပေးသည့်တိုင် သူတို့ကို အတုပြုလို့ မကောင်းမှုတွေကို အခြားသူများလည်းပဲ သူတို့နည်းတူ ပြုလုပ်လာနိုင်ပါတယ်၊ ဒါကြောင့် တစ်ဦးတစ်ယောက် မတရားမှုလုပ်တာကို မြင်တွေ့ရရင် သူလုပ်တာ မတရားဘူးဆိုတာကို သူသိအောင် တစ်နည်းနည်းနဲ့ အသိပေးဖို့ လိုတယ်၊ သူက အားကြီးသူမို့၊ သူကရမ်းကားသူမို့ စတဲ့အကြောင်းမျိုးကြောင့် ဘာကိုပဲ မတရားလုပ်လုပ် ခွင့်လွှတ်ရမည်၊ခေါင်းငုံ့ သည်းခံပြီး နေပြရမည်ဆိုတာမျိုး သာမန်လူသားအသိုင်းအဝိုင်းထဲမှာ ဖြစ်ကိုမဖြစ်သင့်ပေဘူး။ ဒါကြောင့် တစ်ယောက်တစ်ဖွဲ့ တစ်သင်း တစ်စုစိတ်ထင်တိုင်းရမ်းကားဖို့၊ အေးချမ်းစွာ နေထိုင်လိုတဲ့ လူ့အဆောက် အအုံအဖွဲ့အစည်းကြီး တစ်ခုလုံးက အဆုံးမရှိ သဘောထားကြီးပြရ၊ ခွင့်လွှတ်ပြရမည်ဆိုတာမျိုးကိုလည်း ဘယ်ဘာသာရေး အဆုံးအမ၊ ဘယ်လောက ဥပဒေကမျှ သွန်သင်ပြလိမ့်မယ် မဟုတ်ဘူးလို့လည်း ယုံကြည်မိတယ်၊ တကယ်လို့ ရှိခဲ့တယ်ဆိုရင်တောင် ဒါဟာ မျှတမှုကင်းမဲ့တဲ့၊ တရားနည်းလမ်းမကျတဲ့ အဆုံးအမ ဥပဒေသသာ ဖြစ်ပေလိမ့်မယ်။ နောက်ပြီး တရားမျှတတဲ့ အဆုံးအမ ဥပဒေသတွေ လောကထဲက နေ ကွယ်သွားအောင် ပြုလုပ်ဖို့ရန်အတွက် လူသားတိုင်းမှာ တာဝန်ရှိတယ်ဆိုတာကိုလည်း လုံးဝဥဿုံ ယုံကြည်မိတယ်။

ဒီဇာတ်လမ်းမျိုးမှာဆိုရင် ကြာပန်းသူခိုး ကိုလူဆိုးက ပထမအကြိမ်မှာတော့ ကြာပန်းကိုရူး၊ ကြာစွယ်ကိုသာတူးမယ်၊ အဲ–နောက်တစ်ကြိမ်မှာဆို ကြာပန်းရူး၊ကြာစွယ်တူးရုံပါမက ကန်ထဲက ရေကိုလည်းနှောက်၊ ကန်ပေါင်ကိုပါ ချိုးဖောက်မလာနိုင်ပေဘူးလားလို့ မေးချင်ခဲ့တယ်၊ ဒီလိုဖြစ်လာမည်ဆိုလျှင်တော့ နတ်သမီးခမျာ စောင့်ရှောက်စရာ ကြာရေကန် မရှိနိုင်တော့တာကြောင့် အလုပ်မဲ့ဖြစ်လို့ သူ့ရဲ့ဘုံဗိမာန်ပါ ပျောက်သွားနိုင်ပါတယ်၊ ဒီလိုဆိုနောင်မှာ ဘုရားအလောင်းလိုသူတော်ကောင်းတွေကိုလည်း ဘယ်မှာ လာလို့ ဆုံးမစကား ဆိုနိုင်တော့မှာလဲ၊ အဲ–အဆင်းလည်းလှ၊ အနံ့လည်းသင်း မွှေးမြလှပခြင်း ဂုဏ်ရနံ့များနဲ့ ထုံပျံ့သင်းနေလေမည့် ကြာပန်းခင်းဆိုတာမျိုး ရှိနိုင်ဖို့ဆိုတာကတော့ ဝေးမှဝေးခြင်းကြီးသာ ဖြစ်ပေလိမ့်မပေါ့။ ဘယ်မှာလာလို့ ရှိနိုင်ပါတော့မလဲ၊ ဟုတ်တယ်မို့လား။

□ **အရှင်ဉာဏိက**



# ပစ္စေကဗုဒ္ဓါနှင့် အနုမောဒနာ

သာမဏေကျော်

သဗ္ဗညုဘုရားရှင်တွေနဲ့ မတူဘဲ သီးသန့်ဖြစ်တဲ့ ဘုရားရှင်ဟာ ပစ္စေကဗုဒ္ဓါမည်တယ်၊ သီးခြားဘုရား၊ ဘုရားငယ်လို့ ခေါ်ဆိုကြပါတယ်၊ ပစ္စေကဗုဒ္ဓါတွေဟာ သဗ္ဗညုဘုရားရှင်တွေလို ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ကြပါ။ စားဖွယ်စတဲ့ ပစ္စည်းတွေကို လှူသူတွေအား ချီးမြှောက်ကြတဲ့အခါမှာလည်း ဂါထာနှစ်ပုဒ်နဲ့ပဲ တရားကို ဟောကြပါတယ်။ ဟောကြတဲ့အခါမှာလည်း မရေမတွက်နိုင်တဲ့ သတ္တဝါတွေကို သစ္စာလေးပါးသိအောင် လုပ်မပေးနိုင်ကြပါ။ ဒါကြောင့် သဗ္ဗညုဘုရားရှင်တွေနဲ့ မတူတဲ့ သီးခြားဘုရားတွေ ဖြစ်ကြပါတယ်။

ပစ္စေကဗုဒ္ဓါတွေဟာ အောက်ပါဂါထာနှစ်ပုဒ်နဲ့ပဲ အလှူရှင်တွေ ဝမ်းသာဖွယ်ဖြစ်အောင် ဟောကြားတော်မူကြပါတယ်။ အဲဒီဂါထာနှစ်ပုဒ်ပဲ ဘုရားငယ်တွေရဲ့ အနုမောဒနာဂါထာတွေ ဖြစ်ကြပါတယ်။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော
ယထာ။

သင့်ရဲ့ လိုလား၊ တောင့်တမှုဟာ လျင်မြန်စွာပဲ ပြီးစီးပါစေ၊ လဆန်း(၁၅)ရက် လပမာ သင့်ရဲ့အကြံအစည် အားလုံး ပြည့်စုံကြပါစေ။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော
ယထာ။

သင့်ရဲ့ လိုလား၊ တောင့်တမှုဟာ လျင်မြန်စွာပဲ ပြီးစီးပါစေ။

အလိုရှိတာအားလုံးကို ပေးနိုင်တဲ့ ဇောတိရသ ပတ္တမြားရတနာကပေးတဲ့ပမာ အကြံအစည်အားလုံး ပြည့်စုံကြပါစေ။

(အပဒါန၊ ဋ္ဌ၊ ပ၊ ၁၁၂။ ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၂၇)

အထက်ပါဂါထာနှစ်ပုဒ်ထဲက "သဗ္ဗေ ပူရေန္တု

သက်ပွါ"နေရာမှာ "ပူရေန္တု စိတ္တသက်ပွါ"လို့ အပါဒါနန္တကထာ ရှိပါတယ်။ စိတ်အကြံတွေ ပြည့်စုံကြပါစေလို့ အဓိပ္ပါယ်ရပါတယ်။ သဗ္ဗညုဘုရားရှင်တွေကတော့ စာရသတစ်ပုဒ်တည်းနဲ့တောင်မှ မရေမတွက်နိုင်တဲ့ သတ္တဝါအပေါင်းတို့အား အမြိုက်တရားကို တိုက်ပေးကာ နိဗ္ဗာန်သို့ ပို့ပေးတော်မူကြပါတယ်၊ ပစ္စေကဗုဒ္ဓါတွေရဲ့ အနုမောဒနာဂါထာနှစ်ပုဒ်ရဲ့ အဓိပ္ပါယ်က အလှူရှင်တွေအဖို့ အားရကျေနပ်ဝမ်းမြောက်ဖွယ် ဖြစ်လှပါတယ်။

## ပစ္စေကဗုဒ္ဓါနဲ့ ရှေးဘဝအမြင်

သာသနာပ ရသေ့တိတ္ထိတွေက အတိတ်ကကမ္ဘာပေါင်း (၄၀)ကိုသာ အောက်မေ့နိုင်ကြပါတယ်။ အဲဒီထက်လွန်ပြီး မအောက်မေ့နိုင်ကြပါ။ အကြောင်းကတော့ ပညာအားနည်းလို့ပါပဲ။ မှန်တယ်၊ အဲဒီတိတ္ထိတွေမှာ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ်ကင်းလို့ ပညာအားနည်းတယ်။

ပကတိသာဝကတွေက ပညာအားကောင်းလို့ ကမ္ဘာတစ်ရာဖြစ်စေ၊ ကမ္ဘာတစ်ထောင်ဖြစ်စေ အောက်မေ့နိုင်ကြတယ်။ (၈၀)သော မဟာသာဝကတွေက ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြတယ်၊ အဂ္ဂသာဝကနှစ်ပါးက ကမ္ဘာပေါင်း တစ်အသင်္ချေနဲ့ တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြတယ်။ ပစ္စေကဗုဒ္ဓါတွေက နှစ်အသင်္ချေနဲ့ တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြတယ်။အကြောင်းကတော့ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါတွေမှာ ဆုတောင်းပြီး ပါရမီဖြည့်ခဲ့ရာ ကာလက အဲဒီလောက် အတိုင်းအရှည်ရှိလို့ပါပဲ။ သဗ္ဗညုဘုရားရှင်တွေမှာတော့ ကမ္ဘာအပိုင်းအခြား မရှိပါ။ အလိုရှိတိုင်း အောက်မေ့နိုင်ကြပါတယ်။

တစ်ချိန်က ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့က ဣသိဂိလိတောင်မှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီနေရာမှာ ဘုရားရှင်က ရဟန်းတွေကို "ရဟန်းတို့ ..." လို့ ခေါ်တော်မူလို့ ရဟန်းတွေက "အရှင်ဘုရား"လို့ ပြန်လည်လျှောက်ထားကြပါတယ်။ ဘုရားရှင်က အောက်ပါစကားကို မိန့်တော်မူပါတယ်။

"ရဟန်းတို့ ...အဲဒီ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဣသိဂိလိတောင်တွေကို မြင်ကြတယ်မဟုတ်လား"

"မြင်ကြပါတယ်ဘုရား"

"ရဟန်းတို့ ...ဝေဘာရ၊ ပဏ္ဍဝ၊ ဝေပုလ္လ၊ ဂိဇ္ဈကုဋ်တောင်တွေဟာ အခြားနာမည်နဲ့ နာမည်တွင်ခဲ့ဖူးတယ်။ ဒီဣသိဂိလိတောင်မှာတော့ ဒီဣသိဂိလိအမည်ပဲ တွင်ခဲ့တယ်"

"ရဟန်းတို့ ...ရှေးအခါက ဖြစ်ခဲ့ဖူးတယ်။ ပစ္စေကဗုဒ္ဓါ (၅၀၀)ဟာ ဒီဣသိဂိလိတောင်မှာ အချိန်ကြာမြင့်စွာ သီတင်းသုံးခဲ့ကြတယ်၊ အဲဒီပစ္စေကဗုဒ္ဓါတွေ ဒီဣသိဂိလိတောင်ကို ဝင်သွားကြတာ တွေ့ကြရတယ်။ ဝင်သွားပြီးရင် မတွေ့ကြရတော့ဘူး။ အဲဒါကို လူတွေက မြင်ပြီး ဒီလိုပြောကြတယ်"

"ဒီတောင်က ဒီပစ္စေကဗုဒ္ဓါတွေကို မျိုသွားတယ်"

ဒါကြောင့် ဒီတောင်ဟာ ဣသိဂိလိ (ပစ္စေကဗုဒ္ဓါတွေကို မျိုတဲ့တောင်)လို့ပဲ နာမည်တွင်ခဲ့တယ်။

(ဥပရိပဏ်၊ ပါဠိ၊ ၁၁၃)

သဗ္ဗညုဘုရားရှင်တွေဟာ အတိတ်ကာလမှာ ပွင့်တော်မူသွားကြတာ မရေမတွက်နိုင်အောင်ပဲ ရှိပါတယ်။ ပစ္စေကဗုဒ္ဓါတွေဟာလည်း အတိတ်ကာလမှာ ပွင့်တော်မူသွားကြတာ မရေမတွက်နိုင်အောင်ပဲ ရှိကြပါတယ်။ သဗ္ဗညုဘုရားရှင်တွေက တစ်ချိန်တည်းမှာ နှစ်ဆူပြိုင်တူပွင့်ရိုးထုံးစံမရှိပါ။ ပစ္စေကဗုဒ္ဓါတွေက တစ်ချိန်တည်းမှာ ရံခါတစ်ပါးတည်း၊ ရံခါ များစွာပဲ ပွင့်တော်မူကြပါတယ်။ သဗ္ဗညုဘုရားရှင်တွေက အိန္ဒိယအလယ်ပိုင်းက ဘုရားတိုင်း ဘုရားပွင့်ရာ ဗောဓိပင်အောက်မှာပဲ ရဟန်းအသွင်နဲ့ ဘုရားဖြစ်တော်မူကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေကတော့ ဘုရားဖြစ်ရာဌာန သီးခြားကန့်သတ်ချက်မရှိပါ။ သင့်လျော်တဲ့နေရာမှာပဲ လူ့အသွင်နဲ့ဖြစ်စေ၊ ရဟန်းအသွင်နဲ့ဖြစ်စေ ပစ္စေကဗောဓိဉာဏ်ကို ရကာ ဘုရားငယ်တစ်ဆူ ဖြစ်တော်မူကြပါတယ်။

သဗ္ဗညုဘုရားရှင်နဲ့ တပည့်သာဝကတွေရဲ့ တရားကို ကြားနာရသူတွေဟာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေရဲ့ တရားကို ကြားနာရသူတွေကတော့ လူ၊ နတ်၊ ချမ်းသာ (၂)မျိုးကိုသာ ရရှိကြပါတယ်။ (ခုဒ္ဒက၊ ဋ္ဌ၊ ၁၁၂၊ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၁၇)

## စေတီတည်ထားထိုက်သူများ

အာပတ်သင့်ခြင်းငှာ မထိုက်တဲ့ပုဂ္ဂိုလ်(၂)ဦး ရှိတယ်။ သဗ္ဗညုဘုရားရှင်တွေနဲ့ ပစ္စေကဗုဒ္ဓါတွေပဲ။

(ပရိဝါ၊ ပါဠိ၊ ၂၁၄)

မိမိရဲ့အစွမ်းနဲ့ (ကိုယ်ပိုင်ဉာဏ်နဲ့) သစ္စာလေးပါး (ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ)တွေကို သိတဲ့ပုဂ္ဂိုလ် နှစ်ဦးရှိတယ်။ သဗ္ဗညုဘုရားရှင်နဲ့ ပစ္စေကဗုဒ္ဓါပဲ။ (အံ၊ ပါဠိ၊ ပ၊ ၇၆)

ဓာတ်တော်တွေကိုထည့်ပြီး စေတီပြုလုပ်ကာ ကိုးကွယ်ထိုက်တဲ့ ပုဂ္ဂိုလ်(၄)ဦးရှိတယ်။ သဗ္ဗညုဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်ရဲ့တပည့် အရိယာသာဝက၊ စကြဝတေးမင်းပါပဲ။ (အံ၊ ပါဠိ၊ ပ၊ ၅၆၇)

စေတီပြုလုပ်ဖို့ ဘုရားရှင်ခွင့်ပြုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ လူ့ဘောင်မှာနေပြီး သေသွားတဲ့ စကြဝတေးမင်း ပါဝင်ပြီး၊ သီလရှိတဲ့ ပုထုဇဉ်ရဟန်း မပါဝင်ရခြင်းရဲ့ အကြောင်းကတော့ အံ့သြစရာမဟုတ်လို့ပါပဲ၊ဟုတ်တယ်၊ ပုထုဇဉ်ရဟန်းတွေ ပျံလွန်တော်မူတဲ့အခါ စေတီတည်ခွင့် ပြုခဲ့ရင် သီရိလင်္ကာတစ်ကျွန်းလုံးမှာ စေတီတွေရဲ့ နေရာ မရှိတော့ရာ။ အခြားနေရာတွေမှာလည်း အဲဒီလိုပါပဲ။ ဒါကြောင့် အဲဒီသီလရှိတဲ့ ပုထုဇဉ်ရဟန်းတွေ အံ့သြစရာမဟုတ်ဘဲ ရှိလိမ့်မယ်လို့တွေးကာ ခွင့်မပြုခဲ့ပါ။ ဒါပေမယ့် သီလရှိတဲ့ ပုထုဇဉ်ရဟန်းအား ပရိနိဗ္ဗာန်စံပြီးတဲ့ ရဟန္တာရဟန်းမှာလို အကြီးအကျယ် ပူဇော်မှုကိုလည်း ပြုလုပ်သင့်တာပါပဲ။ (အံ၊ ဋ္ဌ၊ ဒု၊ ၃၉၅)

ပစ္စေကဗုဒ္ဓါအား လှူရကျိုး

ဘုရားလောင်း ဝေလာမပုဏ္ဏားဟာ အလွန့်အလွန် ကြီးကျယ်တဲ့အလှူကြီးကို လှူခဲ့ပါတယ်။ သင့်လျော်တဲ့ အလှူခံပုဂ္ဂိုလ်ကို မရခဲ့ပါ။ဝေလာမပုဏ္ဏားရဲ့ အလှူကြီးထက် သောတာပန်တစ်ဦးကို ဆွမ်းကျွေးရ တာက ပိုအကျိုးကြီးပါတယ်။ သောတာပန်တစ်ရာအား ဆွမ်းလှူရတာထက် သကဒါဂါမ်တစ်ဦးအား ဆွမ်းလှူရ တာက ပိုအကျိုးကြီးပါတယ်။ သကဒါဂါမ်တစ်ရာအား လှူရတာထက် အနာဂါမ်တစ်ဦးအား လှူရတာက ပို အကျိုးကြီးပါတယ်။ အနာဂါမ်တစ်ရာအား လှူရတာထက် ရဟန္တာတစ်ဦးအား လှူရတာက ပိုအကျိုးကြီးပါတယ်။ ရဟန္တာတစ်ရာအား လှူရတာထက် ပစ္စေကဗုဒ္ဓါတစ်ပါး အား လှူရတာက ပိုအကျိုးကြီးပါတယ်။ ပစ္စေကဗုဒ္ဓါ တစ်ရာအား လှူရတာထက် သဗ္ဗညုဘုရားရှင်အား လှူရတာက ပိုအကျိုးကြီးပါတယ်။ (အံ၊ ပါဠိ၊ တ၊ ၁၉၆)

□ **သာမဏေကျော်**

# မြသန်းစံ

၏

ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း

**စာအုပ်မှ ထုတ်နုတ်တင်ပြပါသည်။**

ဒုက္ခသစ္စာ သည်ခန္ဓာ

**အစားကောင်းလေး စားရတဲ့အခိုက်၊**
**အဝတ်ကောင်းလေး ဝတ်ရတဲ့အခိုက်၊**
**အနေကောင်းလေး နေရတဲ့အခိုက်၊**
**ဒုက္ခသစ္စာ သည်ခန္ဓာကြီးကို၊**
**တင့်တယ်လှပြီ ဟန်ကျလှပြီလို့**
**မထင်လိုက်ပါနဲ့။**
**တရားကောင်းလေး မတွေ့ရသေးသမျှ၊**
**ဒုက္ခသစ္စာ သည်ခန္ဓာကြီးက**
**နှိပ်စက်နေဦးမယ်ဆိုတာ၊**
**မမေ့ပါနဲ့။ ။**

## This woeful body, the truth of suffering

While eating some relishing food, while putting on some fine clothing, while enjoying an easeful living don't consider the woeful body, which is a veritable mass of suffering, as beautiful or pleasing.

Don't forget that-

unless you discover the true dhamma you will be subject to persecu tion by this woeful body.

**ဦးတင်ဦး(မြောင်)**
**ဘာသာပြန်ဆိုသည်**

# တောရပ်မြိုင်ပေါ် နှစ်လေးဆယ်ကျော် ပျော်တော်မူသည်

**စလင်းမောင်မွေးကြိုင်**

နတ်လူတို့၏ တစ်ဆူတည်းသောဆရာ ဗုဒ္ဓမြတ်စွာသည် ဒေဝဒဟနှင့် ကပိလဝတ် နှစ်ပြည်ထောင်အကြား လုမ္ဗိနီအင်ကြင်းတောတွင် ဖွားမြင်တော်မူ၍ မိဂဒါဝုန်တွင် ရဟန်းပြုကာ နေရဉ္ဇရာမြစ်၏အနီး မဟာဗောဓိပင်အောက်၌ ရွှေပလ္လင်တော်ကို အောင်မြင်တော်မူ၏။ မိဂဒါဝုန်တောတွင်ပင် ပထမဝါဆိုတော်မူ၍ ဒသမဝါကို ပလလဲတောတွင် ဆိုတော်မူသည်။ နောက်ဆုံးတွင် ကုသိနာရုံပြည်အနီး မလ္လာမင်းတို့၏ အင်ကြင်းတော၌ပင် ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သည်။

ထိုအရာတို့ကို သုံးသပ်ရသော် ဗုဒ္ဓမြတ်စွာသည် တော၊တောင်တို့ကို မြတ်နိုးနှစ်သက်တော်မူကြောင်းကို သိသာထင်ရှားလှပေ၏။ သို့ပါ ငြားလည်း ရဟန်းတော်တို့အား ဂါမ၊ နိဂမ၊ အရညစသည်တို့တွင် မိမိနှစ်သက်ရာ တရားရရှိမည့်အရပ်တွင် သာ သီတင်းသုံးနိုင်ကြောင်းကို ခွင့်ပြုတော်မူခဲ့သည်။


အခါအားလျော်စွာ တော၊တောင်တို့အလယ်မှာ တရားကျင့်လျှင် မြန်စွာရနိုင်ကြောင်းကို အခွင့်သင့်တိုင်း မိန့်တော်မူ၏။ ထို့ကြောင့်လည်း အချို့သော တပည့် ရှင်၊ ရဟန်းတို့သည် တောထွက်၍ တစ်ပါးတည်း'ဧကစာ'ကျင့်၍ တရားဘာဝနာပွားများကြသည်။ တရားထူး၊ တရားမြတ်ကိုလည်း လက်ကိုင်မိမိ ရရှိတော်မူကြသည်။

ထိုထိုအတုလိုက်၍ နောက်ပိုင်း ထေရဝါဒရဟန်းတော်တို့သည် အရညကင် တောရပ်သို့ဝင်ကာ တရားကျင့်ကြသည်။ တရားထူးများလည်း ရတော်မူကြသည်။ ခေတ်အဆက်ဆက်တွင် ပေါ်ထွက်ခဲ့ကြ၏။ ယနေ့တိုင်လည်း တောရတွင် ပျော်ရွှင်စွာ တရားရှာကြသည့် သကျပုတ္တိယ၊ သာကီယဇာတ် ရဟန်းမြတ်တို့ ထင်ပေါ်လျက်ရှိကြသည်။ ထိုအနက်- လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်မှသည် ယနေ့အထိ မြို့ရွာကို ပယ်စွန့်ကာ၊ တောရမှာ ဘာဝနာပွား၍ ရှေးမထေရ်မြတ်တို့ ကျင့်ထုံးကို လိုက်နာလျက်ရှိသော ဆရာတော်အရှင်မြတ်တစ်ပါးကို ဖော်ပြရသော်-

## ဆရာတော်၏ ဘဝအစနှင့် အောင်မြင်မှု

ထိုအရှင်မြတ်သည် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ရန်ကင်းတောရတွင် သီတင်းသုံးလျက်ရှိသော 'ဘဒ္ဒန္တတိသာရ'မထေရ်မြတ် ဖြစ်သည်။ အရှင်မြတ်သည် ပရိယတ်နယ်တွင် (ဂန္ထဓုရတွင်)နှစ်ပေါင်း (၄၀)ကျော်တိုင်၊ သင်ကြားပို့ချပြီး၍ ပဋိပတ်နယ်သို့ (ဝိပဿနာဓုရသို့) ကူးပြောင်းခဲ့သည့် ဆရာတော်ဖြစ်သည်။

အရှင်မြတ် လောင်းလျာကို ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာ ခမည်းတော်ဦးဘ၊မယ်တော်ဒေါ်အေးမှန်တို့က ၁၂၈၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့တွင် သန့်စင်ဖွားမြင်တော်မူသည်။ မွေးချင်း(၄)ဦးတွင်၊ အကြီးဆုံးသော သား



နဘူးကျင်း၊ ရန်ကင်းတောရဆရာတော်
အရှင်တိယရမဟာထေရ်

ရတနာဖြစ်သည်။ ညီမတစ်ယောက် ညီနှစ်ယောက်ရှိသည်။ ညီအငယ်ဆုံးမှာ သာသနာ့ဘောင်သို့ ဝင်ရောက်သည်။ (ယခု၊ ပျဉ်းမနား၊ အိုးဖိုဂူတောရတွင် သီတင်းသုံးလျက်ရှိ သော ဘဒ္ဒန္တကုသာရဖြစ်သည်။)

(၆)နှစ်သားတွင် စတင်ကျောင်းနေ၍ မြန်မာစာအခြေခံ သင်ပုန်းကြီးနှင့် မင်္ဂလသုတ်စသည့် ဆယ်စောင်တွဲတို့ကို သင်ယူတတ်မြောက်သည်။ (၁၃)နှစ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သရက်ကန်ဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ပြု၍ ရှင်အဖြစ်သို့ရောက်သည်။ရှင်ဘဝဖြင့်ပင် ပိဋကတ်အခြေခံ ကျမ်းစာတို့ကို သရက်ကန်ဆရာတော် ဦးဥက္ကံသ၊ ကံကြီးဆရာတော် ဦးဝိမလနှင့် သက်ကယ်ကျင်းတောရ ဆရာတော်ဦးသီဟတို့ထံတွင် အဝါးဝစွာ သင်ယူခဲ့သည်။

အသက်ပြည့်သော် ကြာပင်အင်းရွာ၊ ဆရာတော် ဦးစက္ကိန္ဒကို ဥပဇ္ဈာယ်ပြုကာ၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မူလဆရာတော်များထံတွင် ရဟန်းတော်တို့ ကျင့်ရမည့် ဝိနည်းတော်နှင့်ပိဋကတ် ကျမ်းစာများကို သင်ယူသည်။

ထိုမှတစ်ဖန် ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်သို့ ရောက်ရှိကာ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တပညာဝံသထံတော်တွင် အတန်းဆိုင်ရာ ကျမ်းစာများနှင့် ပါဠိတော်၊ အဋ္ဌကထာကျမ်းစာတို့ကို ကျွမ်းကျင်လိမ္မာအောင် သင်ယူသည်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူသည်။ ၁၃၁၅–ခုတွင် ကျမ်းရင်းသုံးကျမ်း နှင့် ဂုဏ်ထူးဆောင် (၆)ကျမ်းတို့ကို အောင်မြင်၍ အစိုးရဓမ္မာစရိယစာချတန်း "သာသနဓဇသိရီပဝရ"(ဂုဏ်ထူးဆောင်စာချ) ဘွဲ့တံဆိပ်ကိုရရှိသည်။ 'ဝိနယာနုဂ္ဂဟအကျော်'ကိုလည်း အောင်မြင်တော်မူသည်။

## ဂန္ထဓုရတာဝန်ထမ်းဆောင်ခဲ့

ပရိယတ္တိအကျော်အမော်တို့ ပေါ်ထွန်းရာ မန္တလေးသို့ ကြွရောက်ကာ ဝိသုဒ္ဓါရုံတိုက်သစ်နှင့် ဘုရားကြီးတိုက်တို့တွင် စာသင်သားအဖြစ်နေထိုင်ကာ စာတတ်၊အကျော်အမော် ဆရာတော်တို့ထံတွင်နည်းခံ သင်ယူပြန်သည်။ 'နယျန္တရ'နည်းမျိုးစုံနှင့် စာချနည်းတို့ကို ဆရာဖြစ် (၂)နှစ်ကျော် သင်ယူခဲ့သည်။

မန္တလေးတွင် ဆရာဖြစ်တက်ရောက်ခဲ့ပြီး၍ ဘုရားဖြူကျောင်းသို့ပြန်ကြွကာ 'ဂဏဝါစက'စာချဆရာတော်ဘဝဖြင့် စာပေများကို

သင်ကြားပို့ချပေးတော်မူသည်။(၉)နှစ်တိုင် စာချပေးလျက်က ခုတင်တို့၏အစ 'ဆွမ်းခုတင်ငါးပါး'ကို စတင်၍ကျင့်ဆောင်လေသည်။ တတ်သိနားလည်သောအခါ စာသင်သားဘဝမှစ၍ 'ရူပိယသံဝေါဟာရ'သိက္ခာပုဒ်နှင့် 'နိဿဂ္ဂိယဝတ္ထု'တို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် အထူးလေးစား လိုက်နာခဲ့သည်။

တစ်ဖက်က စာချ၍ နိကာယ်ငါးရပ် ပိဋကတ်စာပေများကို အထူးလေ့လာတတ်မြောက်သည်။ ရှင်သာမဏေဘဝမှပင် စတင်၍ တရားသိနိုင်သည့် ပုဂ္ဂိုလ်(၄)ဦးရှိသည့်အကြောင်းကို မှတ်သားနားလည်ခဲ့မိ၏။ ထို့ကြောင့် ဂါမဝါသီဝိနယဂရုကအဖြစ်မှ'အရညဝါသီ ဝိနယဂရုက'အဖြစ် သို့ရောက်ရန် အထူးစိတ်ရည်သန်ခဲ့သည်။

"မြင်သည့်သစ်ပင်၊ တောဟုထင်၍၊ အရညကင် ဘယ်သို့ဝင်အံ့"ဟူသော ဆရာ ဆရာများ၏ မိန့်မှာစကားကို နှလုံးဘဝင်စွဲငြိခဲ့သည်။ သို့ကြောင့် စာချ(၈)နှစ်ကျော်(၂၁)ဝါအရတွင် အရညကင်တောရသို့ဝင်ရန် ရည်သန်ဆုံးဖြတ်ခဲ့သည်။ သပိတ် တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် စိတ်ကြိုက်တောရ ရှာဖွေခရီးစတင်ခဲ့သည်။တစ်လခန့်အကြာ စိတ်ကြိုက် 'ဝိဝေက'အရပ်ကို တွေ့ခဲ့၍ ဆရာများထံ ခွင့်ပန်ရန်အတွက် ရန်ကုန်သို့ ပြန်လည်ကြွရောက်ခဲ့သည်။ (၂၂)ဝါတွင် ဆရာများ၏ ခွင့်ပြုချက် ရရှိ၍ တောရစခန်းသို့ စတင်၍ ကြွမြန်းတော်မူသည်။

## လဇ္ဇီသူမွန် သီလဝန်တို့ပျော်မွေ့ရာ

ဝါတော်(၂၂)အလွန်(၁၃၂၅) ခု၊ နယုန်လတွင် တိစီဝရိတ်နှင့် သပိတ်တို့ကို ဆောင်ယူ၍ တောရခရီးကို ကြွချီတော်မူသည်။ ကြွတော်မူသည့်တောရကား 'ရွှေစက်တော်' တောရပင်ဖြစ်သည်။ ရွှေစက်တော် တောရသည် ညိုမှိုင်း၊ အုံ့ဆိုင်း၍နေသော တော၊ တောင်၊ သစ်ပင်တို့အပြင် တစ်သွင်သွင်စီးဆင်း၍နေသော ကြည်လင်သည့် နမ္မဒါမြစ်(မုန်းချောင်း)မှ ရေအလျဉ်တို့ဖြင့် ကြည်နူးသာယာလှ၏။ ကေစာကျင့်တောရဝင်လိုသူတို့အတွက် နှစ်လိုဖွယ်ရာ နေရာမွန်၊ နေရာမြတ်ဖြစ်၏။

ရွှေစက်တော်ကို ရှေးလဇ္ဇီသူမွန်မြတ်တို့ ကြွရောက်၍ ချီးကျူးခဲ့ကြသည်။အင်းဝစာဆို၊ကဝိအကျော်ဖြစ်သည့် အရှင်မဟာရဋ္ဌသာရက "နဂါး၊ မုဆိုး၊ ရိုကျိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမန္ဒာနား၊ ရှာ့တစ်ပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနိုပ်ရာတော်၊ နှစ်ဖော်ရွှေစက်၊ ရောင်ပြိုးပြက်သည်၊ ဖိုလ် မင်္ဂနိဗ္ဗာန် ရူးရူးတည့်" အစချီသော ရွှေစက်တော်သွား တောလားရတု (၄)ပုဒ် စပ်ဆိုပူဇော်ခဲ့သည်။

တစ်ဖန် စာတတ်အကျော် ဆရာတော် ဦးဗုဓ်မထေရ်မြတ်ကလည်း "ရွှေစက်နှစ်လီ"အစချီသော တောလားကဗျာလေးပုဒ် ရေးသား စပ်ဆို၍ ချီးကျူးပူဇော်တော်မူခဲ့သည်။

ကျော်လေးကျော်ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာဆရာတော် အရှင်မြတ်သည်လည်း ရွှေစက်တော်သို့ ကြွချီတော်မူ၍ စက်တော်ရာနှစ်ဆူအား 'ပဋ္ဌာန်းတရား'စသည်တို့ရွတ်ဖတ်ပူဇော်ကာ ဘုရားဆုကို ပန်တော်မူခဲ့သည်။

ရွှေစက်တော်သည် ရှေးအဆက်ဆက်သော လဇ္ဇီသူမွန် သီလဝန်တို့ ကိန်းအောင်းပျော်မွေ့ရာ ဆုတောင်းရာ၊တရားကျင့်ကြံအားထုတ်ကြရာ နေရာမှန်၊ နေရာမြတ်ဖြစ်ခဲ့၍ အရှင်တိဿရ မထေရ်မြတ်သည်လည်း ဦးစွာအစ ရွှေစက်တော် တောရကိုပင် ရွေးချယ်ခဲ့သည်။

## တောရစခန်းမှ ထူးဆန်းဖွယ်ရာ

အရှင်မြတ်သည် ရွှေစက်တော်တောရတွင် ရွှေစက်နှစ်စုံကို ဦးခိုက်ခိုလှုံပူဇော်ရင်းက အရညိကင်ခုတင်ကိုဆောင်လျက် တရားဘာဝနာ ပွားများရှုမှတ်၍ (၁)နှစ်ကျော်သီတင်း သုံးတော်မူသည်။ ဆရာတော်အရှင်မြတ် သီတင်းသုံးရာ တောရသည် လူသူအလွန်ကင်းသည်၊ သီတင်းသုံး တရားအားထုတ်သည့် ဂူသည်လည်း လွန်စွာတောနက်၍ တောကြမ်းကာ အခြောက်အလှန့်များသည်ဟု နာမကြီးလေ၏။

ဆရာတော်အရှင်မြတ်သည် ရွှေစက်တော် တောရသို့ စတင်တရားဝင်သည့်နေ့မှာပင် ထူးဆန်းအံ့ဖွယ်ရာ စတင်၍ ကြုံတွေ့ရလေသည်။ အဓိဋ္ဌာန်ဝင် တရားမှတ်အပြီး ဂူမှအပြင်သို့ ခဏထွက်၍ နားမည်ပြင်စဉ်တွင် ဂူဝတွင် (မြွေဆိုးဟုထင်မှတ်ရ)မြွေတစ်ကောင်သည် ခွေ၍ပိတ်နေလေ၏။ သာမန် သမာဓိအား နည်းပါးသူတို့ဆိုလျှင် ကြောက်လန့် တုန်လှုပ်စရာပင်ဖြစ်၏။ ဆရာတော်သည်ကား ထိုသို့မဟုတ်–

"သင်ကား အဆိပ်ရှိသူဖြစ်၏၊ လူတို့နဲ့ အတူနေရန်မသင့်၊

သင့်လျော်ရာသို့ သွား၍ ချမ်းသာစွာနေပါ”ဟု မေတ္တာပို့ ပြောဆိုသည်မှ မြွေသည် လျှာတစ်လစ်ထုတ်၍ သွားလေသည် ဟူ၏။

ဆရာတော်သည် ရွှေစက်တော်တောရတွင် (၁)နှစ်ကျော်ခန့် တောရဓုတင်ဆောက်တည်၍ စကုမြို့နယ်၊ ရန်ကင်းတောရသို့ ကြွရောက် သီတင်းသုံးသည်။ ရန်ကင်းတောရတွင် ထူးဆန်းဖွယ်ရာများကြုံတွေ့ရ၏။ တရားရှုမှတ်ရာ ဂူအနီးသို့ ကျားသစ်မတစ်ကောင်သည် ဖြတ်သန်းသွားခြင်း၊သမင်များနေ့ခင်းအချိန်တွင် တောရကျောင်းဝင်းအတွင်းလာ၍ အိပ်ခြင်းများကို အနီးနေတပည့်တစ်ဦးက မျက်မြင်မှတ်တမ်းရေး၍ထားသည်။

## သီလဝန္တတို့၏ ချီးမွမ်းသံ

ဆရာတော်သည် မကွေးတိုင်း၊ ရွှေစက်တော်တောရနှင့် မန္တလေးတိုင်းစသည့် တောရပေါင်း (၈)ခုတို့တွင် လှည့်လည်ဆောက်တည်ခဲ့သည်။ တောရတိုင်းတို့တွင် ထူးခြားအံ့ဖွယ်တို့ဖြင့် ကြုံတွေ့ခဲ့ရလေသည်။

ဆရာတော်သည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့တွင် ရောင့်ရဲတင်းတိမ်မှု 'သန္တောသ'တရားနှင့်လည်း ပြည့်စုံတော်မူသည်။ ဓုတင်အကျင့်ကို မည်သည့်အခါမျှ အပျက်မခံ၊ ခေတ္တ ခဏ မြို့သို့ ကြွရောက်ခိုက်ပင် ထိန်း၍ရသော ဓုတင်တို့ကို ထိန်းခဲ့သည်။ အနီးကပ်ပြုစုသည့် အထူးကုဆရာဝန်ကြီးကပင် ဆရာတော်သက်တော်ရလာပြီမို့ 'နိသဇ္ဇဓုတင်'ကို ပယ်ဖျက်တော်မူပါဟု လျှောက်ထားအသနားခံသည်ကိုပင် ငြင်းပယ်တော်မူသည်။ နှစ်ပေါင်း (၄၀)ကျော်တိုင် တောရဆောက်တည် ဓုတင်ဆောင်၍ နေပါငြားလည်း ဆီး၊ ဝမ်း၊သွေး၊ နှလုံးနှင့် အဆုပ်တို့မှအစ အားလုံး ကောင်းမွန်နေ၍ ဆရာဝန်များကပင် အံ့သြကြရသည်။ သက်တော် ရှစ်ဆယ်ကျော်သော်လည်း အနီးကြည့်မျက်မှန်မလို ကျမ်းစာများကို ကိုယ်တိုင်ရေးနိုင်၊ ဖတ်ရှုနိုင်သည်။

တစ်ခါသော် ငယ်မိတ်ဆွေ သီလဝန္တ သက်တော်ရှည်ဆရာတော်ကြီးတစ်ပါးက “တောထဲမှာနေပြီး ဆွမ်းကြမ်းတွေ သုံးဆောင်နေတာ၊ အရှင်ဘုရားကို ပျံလွန်ပြီလို့ ထင်နေတာ၊ အခုတော့ ကျမ်းစာတွေတောင် ရေးနေနိုင်သေးပါလား” ဟု အံ့သြစွာ မိန့်ဖူးလေ၏။

ဝိနည်း အလွန်လေးစား၍ ပရိသတ်လေးပါးတို့၏ ကြည်ညိုခံရသော 'တိပိဋကဓရ'ဆရာတော်တစ်ပါးက “သာသနာတော်မှာ အလွန်ကြည်ညိုဖွယ်ကောင်းပြီး၊ တန်ဖိုးထား လေးစားထိုက်တဲ့ ဆရာတော်ကြီးဖြစ်တယ်”ဟူ၍ မိန့်ကြားလေ၏။

နိုင်ငံတော် သံဃမဟာနာယက (ဒု-ဥက္ကဋ္ဌ)ဆရာတော်ကြီးတစ်ပါးကလည်း “ဝိနည်းအလွန်လေးစားလိုက်နာတဲ့ ဆရာတော်၊ သူနဲ့အတူ ခရီးသွားရတာ တို့ပါ ဝိနယ ဂရုက ဆရာတော်ဖြစ်နေပြီ” ဟု မိန့်ကြားဖူးလေ၏။

## ကိုးတိုင်းကိုးဌာန သာသနာပြုမထေရ်တို့အသွင်

ဆရာတော်သည် တပည့်ရှင်၊ ရဟန်းနှင့် ဒါယကာတို့က တောင်းပန်လျှောက်ထားသည့်အတွက် သာသနာတော်အား ကျေးဇူးများ၍ အလွန်လိုအပ်သော ကျမ်းစာ(၉)အုပ်ခန့် ရေးသားတော်မူသည်။ အလွန်လိုအပ်မှသာ ရေး၍၊ ရေးသားနိုင်သလောက် မရေးပါ။ တရားကိုလိုအပ်မှသာ ဟောပါသည်။ ဓုတင်ဆောင်ခြင်း၊ ဘာဝနာရှုပွားခြင်းမှ တစ်ပါး၊ တစ်ပါးသော 'ပလိဗောဓ' များကို အတတ်နိုင်ဆုံးရှောင်ကြဉ်သည်။

အချို့တောရများတွင် လူ သူ ပရိသတ်များလှ၍ အခြားသော တောရသို့ ပြောင်းခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။တပည့်ရှင်၊ ရဟန်းတို့အား ပရိယတ်ကို တတ်မြောက်အောင် သင်ယူဖို့လည်းကောင်း၊ ပရိသတ်လေးပါး အကြည်ညိုခံနိုင်အောင် နေကြရန်လည်းကောင်း အမြဲတမ်းသွန်သင်ဆုံးမတော်မူသည်။

ဥပါသိကာများသာ ကြည်ညိုခံရသော ရဟန်းသည်ညံ့၍၊ဥပါသကာများသာ ကြည်ညိုသောရဟန်းသည် သင့်ရုံသာရှိ၍၊ သီတင်းသုံးဖော်များ ကြည်ညိုခံရသောရဟန်းသည် ကောင်း၏။ ထို့ထက်ပို၍ မိမိကိုယ်မိမိ ကြည်ညိုခံရသောရဟန်းသည် 'အတိသုန္ဒရ'အလွန်ကောင်းသောကြောင့် 'အတိသုန္ဒရ'ရဟန်းအဖြစ်သို့ရောက်အောင် ကြိုးစားဖို့ မိန့်ကြားလေ့ရှိ၏။

ဆရာတော်သည် သက်တော် အရွယ်ကြီးမား၍လာသော်လည်း သာသနာတော်တွင် မရှိမဖြစ်လိုအပ်သော 'သိမ်'များကို ကြိုးပမ်း၍ ဦးဆောင်သမုတ်ပေးတော်မူခဲ့ရာ ယနေ့တွင် ဦးဆောင်သမုတ်ပေးသည့် သိမ်တော်ပေါင်း(၁၇၀)ကျော်



ရန်ကင်းတောရ မဟာသိမ်တော်ကြီး

ရှိခဲ့လေပြီ။

ထိုမှာလည်း ကိုးတိုင်း၊ကိုးဌာနသို့ ကြွရောက်၍ သာသနာပြုတော်မူခဲ့ကြသည့် အရှင်မဟိန္ဒ၊အရှင်သောဏနှင့် အရှင်ယသစသည့် ရဟန္တာမထေရ်မြတ်တို့ကဲ့သို့ သာသနာတော်အရှည်ခန့်၊ တည်တံ့စေလိုသော ဆန္ဒတော်ကြောင့်သာ ဟူ၍ ခန့်မှန်းရပေသည်။

## မြင်းထိန်း "ငတာ" မဖြစ်လိုသူ

ပုဂ္ဂလပညတ် ပါဠိတော်တွင် တောရရတင်စသည့် ဓုတင်ကျင့်သည့် ပုဂ္ဂိုလ်အမျိုးအစား(၅)မျိုးကို ဟောတော်မူ၏။ ဆရာတော်အရှင်မြတ်၏ တောရဓုတင်ကျင့်မှုသည် မည်သို့သော အမျိုးအစားတွင် ပါဝင်မည်ကို ပညာရှင်များခန့်မှန်းသိနိုင်ကြ၏။

ဆရာတော်၏ သက်တော်(၈၃)နှစ်အနက် ထက်ဝက်ကျော်သည် တောရဆောက်တည်သက်ဖြစ်၏။ ဩဝါဒကို ခံယူ၍ တောရဆောင်နေကြသည့် (ပညာတတ်များပါဝင်) ရဟန်းတော်များ ရှိနေကြပေပြီ။ ဩဝါဒခံကျောင်း (၂၁)ကျောင်းရှိသည်ဟု သိရ၏။ ဆရာတော်သည် 'အပ္ပိစ္ဆတာ'ဂုဏ်နှင့် ပြည့်ဝ၍ ထင်ရှား ကျော်ကြား၍ လူသိများမည်ကို 'ဘင်အိမ်နှင့်အဆိပ်'ကဲ့သို့ လွန်စွာ စက်ဆုတ်တော်မူ၏။

ထိုအကြောင်းတို့ကို ရိပ်စားမိသော ဤစာရေးသူသည် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်ကပင် ဆောင်းပါးကို စဉ်းစားမိ၏။ လက်တွန့်၍ နေခဲ့၏။အကြောင်းက "ရော့ ဒီငွေနဲ့ ပုဆိုးဝယ်ပြီးဝတ်၊ နောင်အခါ ငါ့ကို (ငါရေးတဲ့ကျမ်းကို) ဘယ်တော့မှ မချီးမွမ်းနဲ့"ဟူသော စကားကိုဆို၍ ယောမင်းကြီးဟု လူသိများသည့် ဦးဘိုးလှိုင်က မြင်းထိန်း 'ငတာ'ကို ဒေါင်းဒင်္ဂါး (၁၆)ပြားပေး၍ နှုတ်ပိတ်လိုက်ရသည်ဟူ၏၊ စာရေးသူလည်း ဒုတိယ'ငတာ'ဖြစ်မည်ကို လွန်စွာ ကြောက်လန့်မိ၏။

'လူမိုက် ချီးမွမ်း၊ ဂုဏ်နာန္တမ်း၏' စကားတော်အရ၊ ဆရာတော်၏ သီလ၊ သမာ၊ ပညာနှင့် ဂုဏ်ကျေးဇူးတို့ကား သမုဒ္ဒရာအလား လွန်စွာ ကျယ်ပြန့်လှ၏။ တစ်ထွာ၊ တစ်ညို့သောဉာဏ်ဖြင့် ပြည့်စုံမည်

မထင်။ ဂုဏ်မြင့်ခြင်းကြောင့် ဂုဏ်နိမ့်မည်ကို စိုးရိမ်ရလေ၏။

## ဆရာတော်၏ နောက်ဆုံးအချိန်

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်တန်ဆာဆင်ထားသည့် လူသား(ရှင်၊ ရဟန်း)အားလုံးတို့သည် အသက်အရွယ်လွန်စွာ ရလာသောအခါ ဗျာဓိဒဏ်နှင့်အတူ ပသာဒရုပ်ငါးပါးတို့ သဘာဝအရ ချို့ယွင်းအားနည်း၍ လာတတ်ကြလေ၏။ သို့သော် ဆရာတော်သည် သက်တော် ရှစ်ဆယ်ကျော်သည်အထိ ဆံဖြူသည်မှအပ မျက်စိမှုန်ခြင်း၊ နားထိုင်း၊ ခါးကိုင်းခြင်းမရှိသည့်ပြင် သတိလည်းလွန်စွာကောင်းလှ၏။ ကြီးမားသည့်ရောဂါ၊ အနာဟူ၍ မဖြစ်ပေါ်ခဲ့ပါ။

ထိုသို့ ထူးခြားရသည်မှာ တရားရှင် (ဘာဝနာတရားနှင့်မွေ့လျော်သူတို့)မှာ ယေဘုယျတွေ့ရမြဲဓမ္မတာဖြစ်၏။

၁၃၆၆–ခု၊ ဒုတိယဝါဆိုလဆန်းပိုင်းက ရန်ကုန်သို့ကြွ၍ ပါရဂူဆရာဝန်များနှင့် ဆေးစစ်ခံယူ၏။ ထိုသို့ပင်ဖြစ်သော်လည်း သတိလွန်စွာအားကောင်း၏။ အရည်ကြင်ခုတင်ကိုအပျက်မခံ၊ မြို့တွင်းမှာ အနားယူ၍ နေ့စဉ် အရဏ်မတက်မီ ကြိုတင်၍ တောရအင်္ဂါပြည့်စုံရာသို့ ကြွ၍ အရဏ်ယူတော်မူ၏။ ဝိနည်းကိုလည်း အသက်မက မြတ်နိုးတော်မူ၏။

အထူးက ပါရဂူများ၏ ဆေးမှတ်တမ်းအရ ဆရာတော်၏ နောက်ဆုံးအချိန်သည် အလွန်ဆုံး သုံးလခန့်သာ ရှိတော့၏ဟူ၍ တပည့်များကို မှာကြားလိုက်၏။သက်သာ၍ ရန်ကင်းတောရသို့ ပြန်လည်ကြွချီပြီး အနားယူတော်မူ၏။ ပါရဂူများ၏ မှာကြားချက်ကို လျှောက်ထားသည့်အခါ "ငါလည်း (၈၃)နှစ်ကျော်အထိ မနေချင်ပါ"ဟူ၍ မိန့်သည်ဟူ၏။ ထိုစကားတော်ကား လွန်စွာတွေးရခက်လှ၏။

အထူးသဖြင့် ရန်ကင်းတောရကျောင်းသို့ ဝါတွင်းသုံးလပတ်လုံး၊ လူရှင်ရဟန်းအားလုံး ဝင်ထွက်ခွင့်မပြု။ သာသနာ့ဝန်ထမ်းတပည့်တို့ကိုလည်း ဝါတွင်းသုံးလပတ်လုံး၊ မည်သည့်အကြောင်းနှင့်မျှ ဝါပန်၍ ကြွခွင့်မပြု။ ကိုယ်တိုင်လည်း လိုက်နာတော်မူ၏။

တပည့်အားလုံး ရန်ကင်းတောရသို့ စုရောက်ကြ၍ ဆရာတော်အား 'အန္တိမပဏာမ'ပူဇော်ကန်တော့ကြ၏။ 'အားလုံးကျန်းမာချမ်းသာ၍ လိုရာပြည့်စုံကြပါစေ'ဟု အန္တိမဆုပေးလေ၏။ ထိုနေ့သည်ကား (၂၂–၇–၂၀၀၄)နံနက်တွင်ဖြစ်လေ၏။

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်မြတ်နှင့် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံကြသော အဂ္ဂမဟာသာဝကများဖြစ်သည့် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်တို့သည်ပင် တန်ခိုးတွင်ပုန်းဝင်၍မရ 'ပရိနိဗ္ဗာန်ဝင်စံကြရသည့်အလားပမာ'–

တောရတွင် ရာသက်ပန်ပျော်မွေ့သည့် ဆရာတော်သည် ရန်ကင်းတောရတွင်ပင် ၁၃၆၆–ခု၊ ဒုတိယဝါဆိုလဆန်း (၆)ရက်၊ (၂၂–၇–၂၀၀၄)နေ့၊ ည (၈း၁၅)မိနစ်တွင် တစ်ဘဝခန္ဓာချုပ်ငြိမ်း၍ ရုပ်သိမ်းတော်မူလေသည်။ ဆရာတော်၏ အန္တိမပူဇာပွဲအပြီးတွင်ကား သတင်းထူးတို့ ပေါ်ထွက်လာချေ၏။သို့သော် ကိုယ်တိုင်သွားရောက်မလေ့လာနိုင်ခြင်း၊ ခိုင်ခံ့သော အထောက်အထားတို့ မရသေးခြင်းတို့ကြောင့် အံ့ဖွယ်ရာအကြောင်းတို့ကို မတင်ပြနိုင်သေးပါကြောင်းနှင့် အနာဂတ်သာသနာတော်၏ အညွန့်အဖူးတို့အားကျ၊ အတုယူ လိုက်နာနိုင်ကြပါစေရန် ရည်သန်၍ ရေးသားဂုဏ်ပြုပူဇော်ကန်တော့လိုက်ပါရသတည်း။

## □ စလင်းမောင်မွှေးကြိုင်

ရည်ညွှန်းအကိုး–

၁။ တရားနှင့်ယှဉ်နေစေချင် – ဘဒ္ဒန္တတိဿရ၊

၂။ သိမ်တစ်ရာမှတ်တမ်း– ဘဒ္ဒန္တတိဿရ၊

၃။ မြန်မာစာညွှန့်ပေါင်းကျမ်း – ပထမတွဲ၊

၄။ ဆရာတော်ဦးဗုဓ်၏ဘဝဖြစ်စဉ် – ဦးသုဒဿန၊

၅။ ဇိနတ္ထပကာသနီ – ကျီးသဲလေးထပ်၊

၆။ မှူးကြီးမတ်ကြီးများ – မှော်ဘီဆရာသိန်း၊

၇။ တပည့်တစ်ဦး၏မှတ်တမ်းနှင့် စာရေးသူ၏ မှတ်စု။



ဖတ်ဖူး၍ သံဝေဂစိတ်တရား ဝင်လာရသလို တရားအားထုတ်ချင်သော သမ္မာဆန္ဒများပေါ်ခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ကာလများတွင် မြန်မာနိုင်ငံမှာ မင်းကွန်းတရားအားထုတ်နည်း

# ကျွန်တော် ဝိပဿနာနည်းများသုတေသိ

## ဦးဟန်ငွေး(သုတေသန)

### ဝိပဿနာနှင့် ကျွန်တော်

ကျွန်တော့်ဖခင် ဦးထင်ကျော်(ကွယ်လွန်)B.A.B.E.S (1)၊တိုင်းပညာဝန်သည် လယ်တီဒီပနီစာအုပ်မှန်သမျှ စုဆောင်းဖတ်ရှုသူဖြစ်ခဲ့ရာ ကျွန်တော်လည်း ငယ်စဉ်(၁၄)နှစ်သားလောက်ကပင် ဥတ္တမပုရိသဒီပနီ၊ ဝိပဿနာဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ မဂ္ဂင်ဒီပနီ၊ နိဗ္ဗာနဒီပနီစသည်တို့နှင့် ရင်းနှီးခဲ့ရသည်။ ထိုခေတ်က စာဖတ်ချိန်များများရခဲ့သောကြောင့် ယခုရှားပါးလှသော သူရိယတိုက်ထုတ် လယ်တီပုစ္ဆာပေါင်းချုပ်ကြီးကိုလည်း အကြိမ်ကြိမ်

အလွန် လူကြိုက်များခဲ့သည်။မင်းကွန်းဇေတဝန်(သထုံ)ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနာရဒမှာလည်း ရဟန္တာဟု ထင်ပေါ်ကျော်ကြားပါသည်။ ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးကို အခြေခံပြီး တရစပ်ရှုမှတ်ရသောစနစ်ဖြစ်၍ မဟာသတိပဋ္ဌာနသုတ်တော်နှင့် ညီညွတ်ကြောင်း သတိပြုမိပါသည်။ ဤသို့လျှင် အသက်(၂၄)နှစ်အရွယ်ကစပြီး မဟာစည်နည်း၊ မင်းကွန်းနည်းများကို လက်တွေ့ရခဲ့ပါသည်။ ထိုနည်းနှစ်ခုမှာ ဆက်နွှယ်ပါသည်။

ထို့နောက် မကြာမီ ပဲခူးမှ ကသစ်ဝိုင်ဆရာတော် ဘဒ္ဒန္တအရှင်ရေဝတက ကသစ်ဝိုင်နည်းတစ်ခု သင်ကြားပြသရာ ပဲခူးသို့သွားရောက်၍ လိပ်ပြာကန်ကျောင်းမှာ ဆယ်

ရက်စခန်းဝင်၍ အားထုတ်ခဲ့ပါသည်။ ဤကသစ်ပိုင်နည်းမှာ ယခုခေတ်လူသားများအတွက် ရှုကွက်(၅)ခု ထားပြီး ပေါ်ရာမှတ်နိုင်းပါသည်။ ဆရာတော်၏ စေတနာနှင့် ဆုံးမချက်ကောင်းမွန်လှသောကြောင့် ကျေနပ်အားရမှုရှိပြီး တရားအတော်ပင် တိုးတက်ခဲ့ရပါသည်။ တရားကောင်း ထင်ထင်ရှားရှားတွေ့ခဲ့ရ၍ ကျေးဇူးတင် ဝမ်းမြောက်ကြည်နူးမှုဖြစ်ခဲ့ပါသည်။ ထို့ကြောင့် အသက်(၃၀)မတိုင်မီကပင် ဝိပဿနာနှင့် ကျွန်တော် အကျွမ်းဝင် ရင်းနှီးခဲ့ပေသည်။ လယ်တီဒီပနီတရား၏ အခြေခံနှီးဆော်မှုပင် ဖြစ်ပါသည်။

## ဝိပဿနာ ကျင့်နည်းများ

ထို့နောက် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှာ သုတေသနအရာရှိ၊ လက်ထောက်ညွှန်မှူး (သုတေသနဌာနစိတ်)မှာ နှစ်ပေါင်းသုံးဆယ်နီးပါး အမှုထမ်းခဲ့ရပြီး ဆရာဦးဖေအောင်၊ ဆရာဦးစဝ်ထွန်းမှတ်ဝင်း၊ အဘိဓမ္မာဆရာ ဆရာမြ၊ ဒုတိယညွှန်ကြားရေးမှူး ဆရာဦးလှအောင်စသော ပညာရှင်များထံမှ သုတေသနပြုစုနည်းများ၊ ယမိုက်၊ ပဋ္ဌာန်းများ သင်ယူခဲ့ရ၍ ဝိပဿနာလက်တွေ့ကျင့်စဉ်များနှင့် ဆက်စပ်သုတေသနစာတမ်းများ ပြုစုခဲ့ရပါသည်။ နိုင်ငံခြားမှ ဝိပဿနာတရားလာရောက်အားထုတ်သူ ဒေါက်တာကင်းနှင့်ဇနီးတို့နှင့်အတူ ငွေစာရင်းမင်းကြီး ဆရာကြီးဦးဘခင် ရိပ်သာမှာ (၇)ရက် နစ်ကြိမ်ဝင်ရောက်အားထုတ်ခဲ့ရပါသေးသည်။

ထို့နောက် ဓမ္မမိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ဘောက်ထော်စွန်းလွန်းကမ္မဋ္ဌာန်းရိပ်သာမှာ ရဟန်းဝတ်ပြီး နှစ်လတိတိ အထူးအားထုတ်ခဲ့ရာ အတွေ့အကြုံအသစ်များ တိုးတက်ရခဲ့ပါသည်။ထို့ကြောင့် လေ့လာချက်အရ တင်ပြရလျှင် ယောဂီအများ ကျင့်သုံးပွားများနေကြသည့် အခြေခံဝိပဿနာကျင့်နည်းအချို့ကို တွေ့ရှိရပါသည်။ ယင်းတို့မှာ ထိထိရောက်ရောက်ရှိပြီး ဆရာခိုင်းသည့်အတိုင်း ရိုသေစွာလိုက်နာအားထုတ်သင့်ပါသည်။ဘယ်ရိပ်သာ၊ ဘယ်နည်းမဆို ထိုနည်းများကို အခြေခံကြပါသည်။ ယင်းတို့မှာ ပါဠိနှင့်လည်း ညီညွတ်၍ ပညတ်အမည်နာမအားဖြင့် မဟာစည်နည်း၊ မိုးကုတ်နည်း၊ တေဇော်တွင်း (ဉာဏစာရီ)နည်း၊ မင်းကွန်းနည်း စသည်တို့ဖြစ်ပါသည်။ထို့နောက် ယခုခေတ်လူများ ကာမဂုဏ်အာရုံဘက် အလွန်စိတ်ဝင်စားနေကြသောကြောင့် တရားမြန်မြန်တွေ့၊ မြန်မြန်လူကောင်းလူတော်ဖြစ်ရန် ကသစ်ပိုင်နည်း၊ စွန်းလွန်းနည်းဟူ၍ အကျိုးကြီးပြီး လူတိုင်းအကျိုးရှိစေသော ဝိပဿနာနည်းများ ပေါ်လျက်ရှိပါသည်။ဘယ်နည်းက ပိုကောင်းတယ်ဟူ၍ ပညတ်နာမစွဲ ဥပါဒါန်မထားဘဲ၊ ဂိုဏ်းဟုမသတ်မှတ်ဘဲ တရားစခန်းဟုသာ ခေါ်ဝေါ်သင့်ပါသည်။ ကြိုက်ရာနည်းကို သဒ္ဓါ၊ သတိ၊ သီလ၊ ဝီရိယ စိုက်ထုတ်၍ တကယ်ပိုင်ပိုင် အားထုတ်မှသာ တရားရနိုင်ပါသည်။

## သုံးသပ်ချက်များ

ဤသို့ ယောဂီဘက်က သံဝေဂစိတ် များများထား၍ ဆရာတို့ဘက်ကလည်း သင်ပြလမ်းညွှန် စစ်ဆေးမှုကောင်းလျှင် ထိရောက်စွာ တရားရကြပါသည်။ ဆရာ့ညွှန်ကြားချက်၊ စစ်မေးချက်တို့ အရေးကြီးသောကြောင့် တပည့်ယောဂီများကလည်း တစ်သဝေမတိမ်းလိုက်နာကြရန်၊ ပွင့်လင်းရိုးသားစွာ ဖြေဆိုကြရန် လိုအပ်ပါသည်။ ယောဂီတိုင်း ယုံကြည်သဒ္ဓါရှိရမည်။ ကျန်းမာရေးကောင်းရမည်။ ရိုးသားစိတ် ရှိရမည်။ ဝီရိယကြီးကြီးနှင့် တရားအားထုတ်ကြရပါမည်။ ရုပ်နာမ်ဖြစ်မှု၊ ပျက်မှုမြင်သိ နားလည်သော ပညာဉာဏ်ရဖို့ ဝါသနာဗီဇ ဝါသနာရှိရပါသည်။ ရိုးသားမှုသည် ပဓာနကျ၍ ကြိုးစားနေမှသာ တရားထူးရကြပါသည်။ သည်းခံပြီး ရှုမှတ်ရပါသည်။ ဤငါးချက်သည် ခန္ဓာကို ရရှိရန် အခြေခံငါးခုဟုဆိုရပါမည်။ ခန္ဓာမပါရင် နိဗ္ဗာန်မရပါ၊ ခန္ဓာတစ်လုံးလိုနေ၍ နိဗ္ဗာန်မရကြဟု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ပါသည်။ မှန်ပါသည်။ တရားအားထုတ်ရာမှာ ဝေဒနာအမျိုးမျိုးတွေ့ရမြဲပါ။ ဘာပေါ်ပေါ် သည်းခံပြီး ဖွဲ့နှင့်မှတ်ရပါသည်။


ယောဂီတို့သည် ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဂိုဏ်းစွဲ၊ နာမည်စွဲကင်းရှင်းကြပြီး နိဗ္ဗာန်ရဖို့သာ စူးစူးစိုက်စိုက်အားထုတ်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။ တရားရဖို့သာ အရေးကြီးသည်ဟု ခံယူလျှင် အငြင်းပွားစရာလည်း မရှိတော့ပါ။ သူတော်ကောင်းစိတ်ကိုလည်း ရ၍ ချမ်းသာနေကြပါသည်။

**တရားရကြပါစေသတည်း**

**အပ္ပမာဒေန သမ္ပာဒေထ**

**■ ဦးဟန်ဌွေး (သုတေသန)**





အင်အားကြီးမားလှသော တဏှာလက်သမားကြီး သို့မဟုတ် သံသရာလည်စေတတ်သည့် ဓာတ်သတ္တိကြီးတစ်ခုသည် ကျွန်တော့်ရင်ထဲ ကိန်းဝပ်နေဆဲဖြစ်၍ ကျွန်တော့်ကိုယ်ကျွန်တော် ကြည်ညို၍ မရနိုင်သေးပါ။

ဤသည့်စကားကို ပဏ္ဏာမအနေဖြင့် ဦးစွာပြောထားချင်ပါသည်။

သို့မဟုတ်ပါက ကျွန်တော်ဆက်လက်ရေးသားမည့် အကြောင်းအချက် အချို့ကို ဖတ်ရသောအခါ "ဒီကောင် ကိုယ့်ဂုဏ် ကိုယ်ဖော်နေတာပါ"ဟု စွပ်စွဲပြောဆိုချက်များ ရှိလာနိုင်၍ဖြစ်ပါသည်။ မြန်မာစကားပုံတွေထဲတွင် "ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်"ဟူသော စကားပုံရှိနှင့်နေ၍လည်း ဤအကြောင်းအရာကို ရေးမည်ဆိုသောအခါ အထူးသတိထားရပါသည်။ ရွေးချယ်ရေးသားသော စကားလုံးများသည် အမှန်တရားတည်းဟူသော သစ္စာနှင့်အနီးကပ်ဆုံးဖြစ်အောင် ဂရုပြုရပါသည်။ တည်ကြည်မှုတည်းဟူသော သမာဓိကို အကူအထောက်အပံ့အဖြစ် ဖိတ်မန္တကပြုရပါသည်။ သစ္စာတရားအပေါ်၌ ရဲရင့်မှုတည်းဟူသော ဝီရိယကိုလည်း လက်တွဲဖော်အဖြစ် အကူအညီတောင်းရပြန်ပါသည်။

ပြောလိုသည်က ဓမ္မအကြောင်းဖြစ်ပါသည်။

သို့သော် ပြောသည့်သူက ပုဂ္ဂိုလ်ဖြစ်နေပြန်ပါသည်။

တစ်ဖန်ပြောချင်သည်က ပရမတ်တရားဖြစ်ပါသည်။

သို့သော် ပြောချင်သည့်အရာကို ပေါ်လွင်အောင်ပုံဖော်နေရသည့်အရာကား စကားလုံး၊ ဘာသာစကားတည်းဟူသော ပညတ်တရားဖြစ်နေပြန်ပါသည်။

ပြီးတော့ ပြောသူနှင့် နားထောင်သူ၊ ရေးသူနှင့်ဖတ်သူအကြား ယုံကြည်မှုသဒ္ဓါတရားသည်ကား အနိမ့်အမြင့် ကွာခြားနေမည်မှာ ဓမ္မတာတည်း။

ဆိုရလျှင် ဓမ္မအပေါ်ထားရှိသော ကျွန်တော့်ယုံကြည်မှုသဒ္ဓါတရားထက် မြင့်မားနေသော ပုဂ္ဂိုလ်ကြီးများ အဖို့ကား ကျွန်တော့်အပေါ် အားမလို အားမရဖြစ်မိပါလိမ့်မည်။ ဓမ္မအသိအမြင် ဉာဏ်ပညာ မြင့်သူတို့၏ရှေ့၌မူ ကျွန်တော်သည် ခြသေ့်တို့၏အလယ်က ယုန်သူငယ်ကလေးသဖွယ် ဖြစ်နေပါလိမ့်မည်။

သို့သော် ဤသို့ ယုန်သူငယ်ဖြစ်နေရသည်ကား အမှန်တရားဖြစ်၍ ကျွန်တော်မကြောက်ပါ။ မရှုံ့ပါ။ ကျေနပ်စွာနှင့်ပင် ခြသေ့်တို့အလယ်၌ ကျုံ့ကျုံ့ယုံ့ယုံ့ကလေးထိုင်နေမည်သာ ဖြစ်ပါသည်။

ကျွန်တော် ကြောက်ရွံ့သည်ကား ကျွန်တော့်ကို ခြသေ့်အရာထား၍ ယုန်သူငယ်တွေ ဝိုင်းဝိုင်းလည် ခြံရံလျက် ရှိနေသည့်အနေအထားကိုပင်တည်း။ ထိုသို့သော နေရာပေး အရာထားမှုတွေ မကြာခဏကြုံရသောအခါ ကျွန်တော်သည် ခြသေ့်များအလယ်တွင် ထိုင်နေရသော ယုန်သူငယ်ထက်ပင် အနေကျုံ့ရပါသည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် "ဟုတ်မယ်ထင်တာပဲလေ"ဟူ၍ မှန်းဆ၍ အထင်ကြီးခြင်းမျိုး ရှိတတ်ပါသည်။ ထိုသူတို့သည် အထင်ကို ရှေ့တန်းတင်၍ ချဉ်းကပ်လာကြပြီးနောက် သူတို့ထင်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသည့်အခါ သူတို့၏ အထင်ကြီးမှုကို အလွယ်တကူပင် ရုပ်သိမ်းသွားတတ်ကြပါသည်။ အထင်နဲ့အမြင် တခြားစီပါပဲဟုလည်း ထွက်ခတ်ခတ် ပြောသွားတတ်ကြပါသေးသည်။

နောက်တစ်မျိုးမှာ "ဟုတ်မယ်မထင်ပါဘူး" ဟူ၍လည်း အထင်သေးခြင်းမျိုး ရှိတတ်ပါသည်။ ထိုသူတို့ကား မချဉ်းကပ်မိဖို့ကိုပင် ရှေ့တန်းတင်ထားလေသဖြင့် သူ့ဘာသာသူ ဘာဖြစ်နေနေ ငါတို့နဲ့ ဘာဆိုင်တာမှတ်လို့ မယုံပါဘူး" ဟူ၍သာ 'ဘူး'တစ်လုံးကိုင်၍ အဝေးမှ ဝေဖန်အပြစ်တင်ခြင်းဖြင့်သာ အချိန်ကုန်သွားတတ်ကြပါသည်။

ထို့ကြောင့် အထင်ကြီးခြင်း၊ အထင်သေးခြင်း နှစ်မျိုးစလုံးသည် အမှန်တရားနှင့် သွေဖည်သော အနေအထားတွင် ရှိနေတတ်သဖြင့် အထင်ခံရသူ၏ အမှန်တကယ်ရောက်ရှိနေသော အနေအထားမဟုတ်သည် ကားသေချာလှပါသည်။

ဤတွင် အထင်သေးတတ်သောဉာဉ်ရှိသူများ အား မေတ္တာမပျက်၊ ကရုဏာဖက်၍ ဥပေက္ခာနှလုံးသား ကို အခြေပြုကာ အမုန်းမပွားသော အပြုံးများဖြင့် ရင်ဆိုင်ဖြေရှင်းလိုက်လျှင် ပြီးသည်သာဖြစ်ပါသည်။ နိစ္စဘတ်လုပ်နေကျအလုပ်ဖြစ်နေသဖြင့်လည်း ရင်ဆိုင်ဖြေရှင်းရာ၌လည်း မခက်ခဲလှတော့ပါ။

ခက်နေသည်မှာ အထင်ကြီးမှုဖြင့် ချဉ်းကပ်လာ

ခြင်းများကိုပင်တည်း။ဆိုပါစို့။ ကျွန်တော်သည် ကလျာဏ မိတ္တခေါ် ဆရာသမားကောင်းနှင့် မမျှော်လင့်သောအချိန် မမျှော်လင့်သောနေရာတွင် ဆုံဆည်းခဲ့ပြီးနောက် သံဝေဂ ဉာဏ်တို့ ထင်ဟပ်၊ ဘဝအချိုးအကွေ့ဖြစ်၊ ဘဝအမြင်နှင့် ပတ်သက်၍ နလုံးသွင်းပြောင်းလဲပြီး သကာလ ဓမ္မတည်း ဟူသော လမ်းကြောင်းတစ်ခုတည်းဆီသို့သာ ဦးတည်၊ ပြီးတော့ ယုံယုံကြည်ကြည် ရဲရဲရင့်ရင့်လျှောက်လှမ်း၊ ဘဝလမ်း မည်သို့ပင်ကြမ်းကြမ်း ဓမ္မပန်းတော့ မနွမ်းစေ ရဟူသော ခံယူချက်ဖြင့် ခရီးဆက်လာခဲ့ရာ ကိုးနှစ်နီးပါး ပင် ရှိခဲ့ပါပြီ။

သည်သောအခါ အထိုက်အလျောက်သော စွန့်လွှတ်ခဲ့ရမှုတို့ ရှိခဲ့သည်သာတည်း။ ဤသည်ကို ကြည့်၍လည်းကောင်း၊ ကျွန်တော် လျှောက်လှမ်းခဲ့ရာ ဓမ္မခရီးတစ်လျှောက် သိမြင်ခဲ့သမျှ ဓမ္မအတွေ့အကြုံတို့ကို စာအုပ်၊ စာပေတို့ဖြင့် ပြန်လည်ဖောက်သည်ချပြတတ် သည့် ကျွန်တော့်ဥာဉ်ကြောင့်လည်းကောင်း၊ စာဖတ် ပရိသတ်အချို့၏ အထင်ကြီး လေးစားချစ်ခင်အားရစွာ ဖြင့် ချဉ်းကပ်လာမှုကို ခံရပါတော့သည်။

ချဉ်းကပ်ရှေ့တိုးလာသူများထဲတွင် ကိုယ့်ထက် အသက်ငယ်သူများ၏ ကြည်ညိုလေးစား ညွတ်တွား ရှိခိုးခံရခြင်း၌ကား ကျွန်တော့်ဘက်တွင် အသက်အရွယ် ကြီးမြင့်ခြင်းဟူသော အကြောင်းခံရှိနေသဖြင့် ထူးထူး ခြားခြား အံ့သြခြင်းမျိုးမရှိခဲ့ပါ။

"ဆရာဟာ ကျွန်မတို့ ကျေးဇူးရှင်ပါ၊ ဆရာ့ စာတွေဖတ်ရလို့ ဒီလို တရားစခန်းတွေ ရောက်လာ ရတာပါ။ တရားတွေ အားထုတ်ဖြစ်လာတာပါ"

"ဆရာ့စာတွေ ကျွန်တော်တို့ အမြဲဖတ်ပါတယ်။ သီချင်းတွေ ရေးခဲ့တုန်းကတည်းက ကြိုက်ခဲ့တဲ့ ပရိသတ် တွေပဲဆိုပါတော့။ အခုနောက်ပိုင်း ဆရာရေးတဲ့စာတွေ ပိုလေးနက်လာတယ်။ အချို့စာအုပ်တွေဆို ကျွန်တော်တို့ လိုက်မမီတော့ဘူး။ ဒါပေမယ့် တရားကတော့ အားထုတ်ဖြစ်နေပါတယ်"

ကြားရသည်က ဝမ်းသာကြည်နူးဖွယ်ရာတည်း။ ကိုယ်ရေးသား လှုံ့ဆော်ချက်ကြောင့် တရားအားထုတ် ဖြစ်လာသည်ဟု သိရသောအခါ ထာဝရကုသိုလ်ပဒေသာ ပင် စိုက်ထားသည့်နှယ် ခံစားရပါသည်။ သူတို့ ကြည်ညို၍ ကန်တော့ပါရစေဆိုသောအခါ မေတ္တာပို့ ဆုပေးရုံမှ တစ်ပါး ဘာများတတ်နိုင်ပါဦးမည်နည်း။ သို့သော် ထိုအချိန်တွင် ကျွန်တော်သည် သတိကို ရှေ့တန်းတင် ထားရပါသည်။အကန်တော့ခံပုဂ္ဂိုလ်ကြီး ဖြစ်နေပြီပဲဟူ၍ သာယာမသွားမိစေရန် ဖြစ်ပါသည်။

ကိုယ့်ထက်အသက်ကြီးသူ၊ ဂုဏ်ကြီးသူ၊ ပညာ ဉာဏ်ကြီးသူ အချို့က တစ်ခါတစ်ရံမမျှော်လင့်ပါဘဲ ဆရာ့ကို ကြည်ညိုလို့ ဦးတင်ပါရစေ ဆိုသောအခါ ကျွန်တော် တော်တော်အံ့သြရပါသည်။ တားမြစ်နေသည့် အကြားမှပင် ရှိခိုးခံလိုက်ရသောအခါ ကျွန်တော်သည် အကြွေးတင်သွားသည့် ပုဂ္ဂိုလ်နှယ် ခံစားလိုက်ရပါသည်။

"ဟေ့ကောင်၊ မင်းကို ကြည်ညိုလို့ မင်းထက် အသက်ကြီးတဲ့၊ ဂုဏ်ကြီးတဲ့၊ ပညာဉာဏ်ကြီးတဲ့ သူတွေ က ရှိခိုးနေကြပြီ၊ မင်းကိုယ်မင်းရော အကြည်ညိုခံထိုက် ရဲ့လား၊ ပြန်ကြည့်ဦးနော်၊ မင်းက ကိလေသာတွေ ဘယ် လောက် စင်ကြယ်နေလို့လဲ။ ညာဝါးပြီး မှိန်းမနေနဲ့ဦး၊ ငါ့ကို ကြည်ညိုနေကြပြီဆိုပြီး သာယာမနေနဲ့ဦး၊ မင်းက ဘုန်းကြီးလည်း မဟုတ်၊ ဘာလည်း မဟုတ်ဘဲနဲ့ အဥ္စလိကရဏီယောဖြစ်ထိုက်သေးလို့လား၊ လူတွေဆိုတာ ဒီလိုပဲ၊ သဒ္ဓါတွေ သိပ်ထက်သန်လာရင် ဖြစ်တတ်တာပဲ၊ မင်းကိုယ်မင်း အဟုတ်ကြီး ထင်မနေနဲ့"

သူတို့ရှိခိုးနေစဉ် ကျွန်တော့်စိတ်ထဲက အသံ တစ်သံက ကျွန်တော့်ကို မပြတ်ဆုံးမနေပါတော့သည်။ ဤသည်နှင့် မပြီးသေးပါ။ သူတို့တွေ ပြန်သွား သောအခါ ကျွန်တော်သည် ဘုရားခန်းသို့ဝင်၍ (တရားစခန်း၌ ရှိနေ စဉ်မူ ဓမ္မာရုံသို့ ဝင်၍) ဝီရိယနှင့် သတိကို မြင့်တင်ရင်း နာရီရှည်ရှည်ထိုင်၍ တရားရှုမှတ်လိုက်မိပါသည်။သူတို့၏ တဒင်္ဂအခိုက်အတန့် ကြည်ညိုမှုနှင့် ထိုက်တန်အောင် ကျွန်တော့်ဘက်မှအကျင့်တရားကို မြင့်မားအောင် စွမ်း ဆောင်လိုက်ရပါသည်။

သို့မှသာ ကျွန်တော့်စိတ်တွင် ဘဝင်ကျသွားမည် ဖြစ်ပါသည်။ထိုသို့ ရှုမှတ်ပွားများခြင်း မပြုခဲ့ပါက၊ ငါဟာ အကြည်ညိုခံ၊ အရှိခိုးခံထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်နေပြီပဲဟူ၍ ကျွန်တော့်ဘဝင်စိတ်တွေ မြင့်တက်သွားမည်မှာ သေချာ လှပါသည်။ ဘဝင်မမြင့်မီ "ဘဝင်မြင့်ချင်နေပြီ" ဟူသော ပစ္စုပ္ပန်တည့်တည့် ဖြစ်ပေါ်နေသောစိတ်ကို ဦးစားပေး ရှုမှတ်လိုက်ခြင်းဖြင့် ဘဝမြင့်ချင်သောစိတ်တို့လည်း ဖြစ်ရာမှပျက်၊ ပေါ်ရာမှ ပျောက်သွားပါတော့သည်။ ထိုသည့်နောက် ရုပ်နာမ်ဓမ္မ သဘာဝတရားတို့သည် လည်း ရှုကွက်ထဲတွင် အထင်းသားပေါ်လာပါတော့သည်။

ရှေးဦး ရုပ်နာမ်တို့ "ဖြစ်ပျက်" ပြခဲ့ပြီဖြစ်သဖြင့်လည်း နောက်ထပ်ပေါ်လာသော ရုပ်နာမ်တို့သည်လည်း သူတို့သဘာဝအရ"ဖြစ်ပျက်"ကိုပင် အထင်အရှားပြသနေပါတော့သည်။ ထိုအချိန်တွင် ကျွန်တော်၏ တရားရှုမှတ်မှုများလည်း ကောင်းမွန်တိုးတက်ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ ဤသည်မှာ လတ်တလောကြုံလိုက်ရသော အခြေအနေအပေါ် ကျွန်တော့်ဘက်က "သတိ"ဦးနိုင်လိုက်၍ ဖြစ်ပါသည်။

ထို့ထက်ပိုဆိုးသော အခြေအနေကား ဒုလ္လဘရဟန်းဘဝသို့ ရောက်ခိုက်ပါတည်း။ ကျွန်တော်သည် တရားအားထုတ်စဉ် ပြင်ပ ပလိဗောဓကို ဖြတ်ထားရန်နှင့် သံဃာတော်တို့၏ အတွင်းသဘာဝအခြေအနေမှန်ကို ထဲထဲဝင်ဝင် သိရှိကြည်ညိုခွင့်ရရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် တရားစခန်းဝင်ရင်း (၂)လ၊ (၃)လ စသည်ဖြင့် ဒုလ္လဘရဟန်းဝတ်လေ့ရှိပါသည်။သည်မှာတွင် ပြဿနာကလာပါပြီ။

ကြည်ညိုရင်းစွဲရှိသူတို့က ရဟန်းဘဝဖြင့် မြင်ရသောအခါ အဥ္စလိ ကရဏီယောလည်း ဖြစ်နေပြီ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိဟူသော ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်သောဂုဏ်နှင့် ပြည့်စုံသော သံဃာဖြစ်နေပြီဟူသော အစွဲများဖြင့် ဝတ္ထုပစ္စည်းတွေလှူဒါန်း၊ တရားအားထုတ်ရာနေရာသို့ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ လာကြ၊ ပူဇော်ကြ၊ ရှိခိုးကြနှင့်ဆိုသောအခါ သီတင်းသုံးဖော် ဝါရင့်ကိုယ်တော် အချို့၏ မျက်စိ ဆံပင်မွေးစူးခြင်းကို ခံရလေပြီ။

"ဒီကိုယ်တော် ဒုလ္လဘပဲရှိသေးတာ၊ တရားအားထုတ်တဲ့နေရာမှာ ပရိသတ်တရုန်းရုန်းနဲ့ တရားလာအားထုတ်တာမှ ဟုတ်ရဲ့လား"

"ဘယ်လောက်နာမည်ကြီးနေတဲ့ စာရေးဆရာပဲဖြစ်ဖြစ်၊ တစ်ဝါတောင် မရသေးဘဲနဲ့နေဦး၊ သာသနာမှာ မြဲမယ်ဆိုလို့ကတော့ ကောင်းကောင်း ပညာပေးရဦးမယ်"

ခက်ချေပြီ။ကိုယ့်ကိုယ်ထဲက တဏှာလက်သမားကိုမှ နိုင်အောင်မတိုက်နိုင်သေး။ အခြားသူတွေရဲ့ တဏှာလက်သမားတွေကိုပင် အရင်တိုက် ပေးရမလို ဖြစ်နေပြန်ပါပြီ။ ဤသို့ဖြင့် သာသနာတော်ကို ကြည်ညိုရင်းစွဲစိတ်ဖြင့် ဘုရားသားတော်အဖြစ် စမ်းပြီးခံယူကြည့်ကြည့်ဦးမယ် စိတ်ကူးလေးသည် နေထိနှင်းနယ် ပျက်ပြယ်ခဲ့ရချေပြီ။ သို့သော် ဘာပဲဖြစ်ဖြစ် သီတင်းသုံးဖော် ဝါရင့်ကိုယ်တော်တို့ကိုပင် ကျေးဇူးတင်ခဲ့ရပါသေးသည်။ အဘယ့်ကြောင့်နည်း။

လှူဖွယ်ပစ္စည်းတွေ များလာသောအခါ တဏှာလက်သမားကြီးက ခပ်တည်တည်ကြီးနှင့် ရောက်ချလာပါတော့သည်။ စိတ်ထဲတွင် တဏှာလက်သမားကြီးသည် မြိန့်မြိန့်ကြီးထိုင်နေပါတော့သည်။ ပြုံးပြုံးကြီး သီတင်းသုံးနေပါတော့သည်။

"တယ် ..ဘုန်းကြီးတဲ့ငါကိုး၊ ဒါတောင် ဒုလ္လဘရှိသေးတာ။ အမြဲ ဆိုရင် – အင်း"

ရာသက်ပန်ပစ္စည်းလေးပါး ဒကာတွေပေါ်လာသောအခါ တဏှာ လက်သမားကြီးသည် ပြုံးရုံတွင်မက သွားပင် ဖြီးလာချေပြီ။ မြေလှူ၊ ကျောင်း ဆောက်ပေးမည့်သူတွေ ပေါ်လာသောအခါ တဏှာလက်သမားကြီးသည် အားရကျေနပ်စွာ ရယ်နေလေပြီ။ ပလ္လင်ပေါ်ဆွဲတင်၍ တရားဟောခိုင်းမည့်၊ ချီးမြှင့်မြှောက်စားသူတွေ ပေါ်လာသောအခါ တဏှာလက်သမားကြီးသည် ဣန္ဒြေမရနိုင်အောင်ပင် ကခုန်နေချေပြီ။

ဤသို့သော ဆွဲဆောင်ပင့်ဖိတ်ချက်များနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသော တဏှာလက်သမားကြီး၏ ဣန္ဒြေမရ ဖြစ်နေပုံအဆင့်ဆင့်တို့ကို သတိဉာဏ်ဖြင့် ဆင်ခြင်ရှုမှတ်မိမှပင် တဏှာလက်သမားကြီး၏ အပြုံး အရယ်တို့ ရုပ်တန့်ခဲ့တော့သည်။ မဖြစ်ချေပြီ။ တဏှာလက်သမား၏ အလိုကိုလိုက်လျှင် ရှေ့ခရီးသည် မီးလိုပူရော့မည်။ ဘေးက ဝါရင့်ကိုယ်တော်အချို့၏ "တိုက်လုံး"နှင့် ကိုယ့်ကိုယ်ထဲက တဏှာလက်သမား၏ "ကြိုက်လုံး"တို့ကား အချိန်မရွေး တိုက်ပွဲဖြစ်နိုင်သည့် အခြေအနေရှိသည်။ အချိန်မဆိုင်းပါဘဲ ထိကွဲ ကွဲသွားနိုင်သည်။

သည်တော့၊ နောက်ဆုတ်ခေါင်းလျှို၍ တဏှာလက်သမားနှင့် အေးအေးဆေးဆေးတစ်နေရာမှာ ပြန်လည်တိုက်ပွဲဝင်ဖို့ ပြင်ရသည်။ တဏှာ လက်သမားအတွက် ကြိုက်လုံးတွေ ဖြစ်စေတတ်သည့် ပရိသတ်တွေနှင့် ဝေးအောင်နေထိုင်ရသည်။ အနေအထိုင်ကျစ်လျစ်ရတော့မည်။ ပါးနပ်ရတော့သည်။ အရေးကြီးသည်မှာ ကိုယ့်ကိုယ်ထဲက ကိလေသာကို နိုင်ဖို့။ တစ်နည်းအားဖြင့် တဏှာလက်သမားကို မသေမီ နိုင်သလောက် ချေမှုန်းသွားနိုင်ဖို့။ သည်မူလရည်ရွယ်ချက်ကို

တစ်ပြားသားမျှ မပွန်းပွဲ့စေရ။

ပရိသတ်တွေ အုံကျင်း၊ အဖွဲ့အစည်း အသိုက်အဝန်းတွေ ဝိုင်းရံနေလျှင် တဏှာလက်သမား ကို တိုက်ရခက်သည်။ ပရိသတ်တွေ၊ အဖွဲ့အစည်း အသိုင်းအဝိုင်းတွေမှာလည်း သူ့တဏှာလက်သမားနှင့်သူ၊ ကိုယ်စီ၊ ကိုယ်စီ အသီးသီး။ တဏှာလက်သမားကို မြင်သူတွေလည်း ရှိသည်။ မမြင်သူတွေလည်း ရှိသည်။ သို့သော် မမြင်သူတွေက ပိုလို့များပါသည်။

"ကဲ–ဒီတော့ လာ၊ တဏှာလက်သမားရေ၊ မင်းနဲ့ငါ ချောင်ကောင်းကောင်း တစ်နေရာမှာ မျက်နှာ ချင်းဆိုင် စီးချင်းထိုးကြစို့ရဲ့"

ထိုအခါ တဏှာလက်သမားကြီး ပြန်ပြော လိုက်သောစကားကား မှတ်မှတ်သားသား ဖြစ်စရာ ပါတည်း။

"အေးလေ၊ စမ်းကြည့်ပေါ့ကွာ။ ဘုရား အလောင်းတော်တောင်မှ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တိုက်ခဲ့ပြီးမှ ငါ့ကို နိုင်တာပါကွာ။ ဗောဓိပင်နှင့် ရွှေပလ္လင် ရောက်မှလည်း၊ ငါ့ကို မြင်သွားရင်းက အောင်တော်မူ သွားတာပါကွာ။ မင်းတို့ကတော့ ဘုရားရှာပေးခဲ့တဲ့လမ်းနဲ့ ဘုရားညွှန်ခဲ့တဲ့အတိုင်း ကျင့်ကြလို့ ငါ့ကို မြင်နိုင်တာပါ။ ဒါပေမယ့် နိုင်အောင်တိုက်ကြည့်ပါဦးကွ။ အပြောမကြီး ပါနဲ့၊ အပြောမစောပါနဲ့ဦး။ ဘုရားအလောင်းတော်က ရိုးရိုးပါရမီတွင်မက အထူးပါရမီတွေဖြစ်တဲ့ ဥပပါရမီတို့၊ ပရမတ္ထပါရမီတို့ရင်းပြီး အသက်ပေးပြီး တိုက်ခဲ့တာ။ မင်းက အဲဒီလိုတိုက်နိုင်လို့လား။ တိုက်ရဲလို့လား။ မဖြစ်စလောက်ကလေး စွန့်လွှတ်ခဲ့ရရုံနဲ့၊ မဖြစ်စလောက်ပါရမီ အရှိန်ကလေးနဲ့ ငါ့ကို အနိုင်တိုက်မယ်လို့ ကြုံးဝါး နေသေးတယ်။ ရယ်တောင် ရယ်လိုက်ချင်သေးတယ်။ မင်းထက်မက သီလ၊ သမာဓိစင်ကြယ်တဲ့၊ ပညာဉာဏ် ကြီးတဲ့ ရှေးရှေးဆရာတော်ကြီးတွေရော ငါ့ကို အကုန်လုံး နိုင်ခဲ့ကြလို့လား။ မင်းတို့ ဘုရားဟောခဲ့တာပဲ ကြည့် ပါလား။ မဟာသတိပဋ္ဌာနသုတ်ရဲ့ နောက်ဆုံးမှာလေ။ ငါဘုရားဟောတော်မူခဲ့တဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်တရားတွေကို ယုံယုံကြည်ကြည် ကျင့်ကြံပွားများအားထုတ်ခဲ့ရင်တဲ့ အများဆုံး (၇)နှစ်မှ အနည်းဆုံး (၇)ရက်အတွင်း အနာဂါမ်၊ ရဟန္တာဖြစ်ခွင့် ရှိမယ်တဲ့။ အနာဂါမ် မျဉ်းစောင်း ရဟန္တာတဲ့နော်။ သောတာပန်၊ သကဒါဂါမ်တောင် စာရင်းမဝင်သေးဘူး။ သောတာပန်၊ သကဒါဂါမ်ဆိုတာ ဘာမျှမဟုတ်သေးဘူး နော်။ အပါယ်မကျအောင်နဲ့ အရိယာနယ်မြေထဲ သိမ်းသွင်း၊ ဆွဲဆောင်ထားတာလောက်ပဲ ရှိသေးတာ။ နပ်ချေးတွဲလောင်း လွတ်ခါစ ကလေးသာသာပဲ ဆိုပါ တော့။ ငါ့ကိုယ်စားလှယ် 'လောဘ'၊ 'ဒေါသ'တွေနဲ့ ငါ့မိတ်ဆွေကြီး 'မောဟ'တို့ ထင်သလို ခြယ်လှယ်နိုင်ခွင့် ရှိသေးတာ။ အိမ်ထောင်သားမွေး ကိလေသာ အညစ် အကြေးတွေနဲ့ နံစော်နေသေးတာ။ ကာမရာဂနဲ့ ဒေါသ ကင်းသွားတဲ့ အနာဂါမ်လောက်မှ နည်းနည်းသန့်စင် သွားတာ။ ငါ့ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဒေါသ လုံးဝ ဝင်ခွင့်မရတော့မှ နည်းနည်းကြည့်ကောင်းသွားတာ။ ဣန္ဒြေအတော်ရသွားတော့တာ။

ဒါတောင်မှ အနာဂါမ်လောက်နဲ့ ရပ်သွားခဲ့ကြပြီး၊ ဘဝသံသရာထဲက အပြီးတိုင် မလွတ်သွားခဲ့ကြတဲ့ ရှေး သူတော်ကောင်းတွေ တစ်ပုံကြီး။ ဒါကြောင့် ငါ့ကို ကုန်စင် အောင်တိုက်လို့ ရဟန္တာဖြစ်မယ့်သူဆိုရင် မဟာသမယ သုတ်ရဲ့ နောက်ဆုံး အပိုဒ်မှာ မာရ်နတ်ကြီးက ရဟန္တာ တို့ရဲ့ မတုန်လှုပ်ပုံကို ရှိခိုးကြည်ညိုခဲ့သလိုမျိုး မာရ်နတ် ကြီးနဲ့အတူ ရှိခိုးကြည်ညိုလိုက်ချင်ပါရဲ့"

တဏှာလက်သမားကြီးကား ပြောသည့်အတိုင်း အမှန်တကယ် အစွမ်းပြသူပင်တည်း။ သူ့ကို မနိုင်နိုင် သေးမှန်းတော့ သိပါသည်။ သို့သော် နိုင်နိုင်၊ မနိုင်နိုင် တိုက်ဖို့က ကိုယ့်တာဝန်မဟုတ်လော။

တိုက်လေယာဉ်မောင်းသူတို့တွင် ဆောင်ပုဒ် တစ်ခုရှိပါ၏။

"Fight or Flight" တိုက်မလား၊ ပျံသန်း မလား။

□ ဆက်လက်ဖော်ပြပါမည်



# ဩဝါဒအလင်းပွင့်(၁၂)

မင်းနန်(မော်ကျွန်း)

## စိတ်ကောင်းနှင့်စိတ်ဆိုး

စိတ်နှင့်စပ်ဆိုင်သော သဘောတရားတို့သည် (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်းဟူသမျှတို့သည်) စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ ကြည်လင်သောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ထိုသူ့နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

မကောင်းသောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ထိုသူနောက်သို့ လှည်းဘီးစက်သည် ဝန်ကိုဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့၊ ဆင်းရဲသည် အစဉ်လိုက်လေ၏။ (ဓမ္မပဒ)

ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူ၍ 'ကံသုံးပါး'ရှိရာတွင် 'စိတ်'သည် ခေါင်းဆောင်ဖြစ်ပါ၏။ အကြီးအမှူးဖြစ်ပါ၏။ စိတ်၏ စေခိုင်းရာနောက်သို့ ကိုယ်မှု၊ နှုတ်မှုတို့က လိုက်ပါဆောင်ရွက်နေကြပါ၏။ စိတ်က ကြိုးဆွဲရာသို့ ရုပ်သေးရုပ်ကလေးများပမာ ကိုယ်မှု၊နှုတ်မှုတို့က လိုက်ပါလှုပ်ရှားရခြင်း ဖြစ်ပါ၏။ လူတို့သည် မိမိတို့၏ ဘဝကို မိမိတို့၏ 'ကိုယ်မှု' 'နှုတ်မှု' 'စိတ်မှု'တို့ဖြင့် တည်ဆောက်နေခြင်းဖြစ်ပါ၏။ ပုံဖော်ဖန်တီးနေခြင်း ဖြစ်ပါ၏။ လူသား၏ဘဝကို မည်သည့်တန်ခိုးဣဒ္ဓိပါဒ်ရှင်ကမျှ ဖန်တီးနေခြင်းမဟုတ်ပါ။ မည်သည့်အရာကမျှ ဖန်တီးနေခြင်းမဟုတ်ပါ။ ဤစစ်မှန်စင်ကြယ်သော အမှန်တရားကို သဘောပေါက်နားလည်ခြင်း မရှိလျှင်၊ မှန်သောအမြင် မရှိနိုင်။ မှန်သောအယူမရှိနိုင်။

မိမိ၏ ဘဝကို မိမိ၏ ကံသုံးပါးက ဖန်တီးခြင်းဖြစ်သည်ဟူသော အယူမှန်ကို သက်ဝင်ယုံကြည်သောသူမှသာလျှင် မိမိကိုယ်ကို အားကိုးသူ ဖြစ်လာပေမည်။ မိမိကိုယ်ကိုသာ မိမိ၏ မှီခိုအားထားရာ အစစ်အမှန်ဖြစ်၏ဟူသော ဘုရားဟောတော်မူချက်ကို သဘောပေါက်သူ

ဖြစ်လာပေမည်။ ဘဝ၏ဖန်တီးရှင်မည်သော ကံသုံးပါးတွင် 'စိတ်'က ဦးဆောင်သူဖြစ်ရကား၊ 'စိတ်'သည်ပင် 'ဘဝ၏ပန်းပုဆရာ'ဟု ဆိုနိုင်ပါလိမ့်မည်။

'စိတ်'ဟူရာ၌ 'စိတ်ကောင်း'လည်း ရှိ၏။ 'စိတ်ဆိုး'လည်း ရှိ၏။ 'ကုသိုလ်စိတ်'လည်း ရှိ၏။ 'အကုသိုလ်စိတ်'လည်း ရှိ၏။ ကောင်းသောစိတ်က ကောင်းသောကာယကံ၊ ကောင်းသောဝစီကံတို့ကို ဖြစ်ထွန်းစေ၏။ 'ဆိုးသောစိတ်'က ဆိုးသောကာယကံ၊ ဆိုးသောဝစီကံတို့ကို ဖြစ်ထွန်းစေ၏။ ကောင်းသောစိတ်ဖြင့် ပြောသမျှ ပြုသမျှတို့၌ ကုသိုလ်ဓာတ် ထွန်းပ၏။ ဓမ္မနှင့်ယှဉ်၏။ မကောင်းသောစိတ်ဖြင့် ပြုသမျှ ပြောသမျှတို့၌ အကုသိုလ်ဓာတ် ထွန်းပ၏။ အဓမ္မနှင့်ယှဉ်၏။

စိတ်ကောင်းမွေးသူ၏ အတွင်းသန္တာန်သည် တည်ကြည်၏။ ငြိမ်းချမ်း၏။ အေးမြကြည်လင်၏။ အေးမြငြိမ်းချမ်းသော အတွင်းသန္တာန်မျိုးစေ့က အေးမြငြိမ်းချမ်းသော ဘဝကို ဖူးပွင့်လာစေ၏။ ဤသည်မှာ ကုသိုလ်၏ စွမ်းအင်သတ္တိဖြစ်၏။ ဓမ္မ၏တန်ခိုးတေဇော်ဖြစ်၏။

စိတ်ကောင်းမမွေးသူ၏ အတွင်းသန္တာန်သည် မငြိမ်းချမ်း။ ပူလောင်ဆူပွက်၏။ ခက်ထန်ကြမ်းတမ်း၏။ ပူလောင်ကြမ်းတမ်းသော အတွင်းသန္တာန်မျိုးစေ့က ပူလောင်ခက်ထန်သော ဘဝကို ဖူးပွင့်လာစေ၏။ ဤသည်မှာ အကုသိုလ်၏ စွမ်းအင်သတ္တိဖြစ်၏။ အဓမ္မ၏ အကျိုးရလဒ်ဖြစ်၏။

စိတ်ကောင်းမွေး၍ စိတ်ထားကောင်းသူဖြစ်မှသာလျှင် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို သန့်ရှင်းစင်ကြယ်စွာ ကောင်းမွန်ပြည့်ဝအောင် တည်ဆောက်ပျိုးထောင်နိုင်ပါမည်။ သန့်ရှင်းကောင်းမွန်သော ကိုယ်ရည်ကိုယ် သွေး စုဆောက်တန်ဆာပလာဖြင့်သာ စင်ကြယ်သော ဘဝကောင်း ဘဝမွန်ကို ထုဆစ်နိုင်ပါလိမ့်မည်။

စိတ်ကောင်းမမွေး၍ စိတ်ထားမကောင်းသူသည် သူ၏ ကိုယ်ရည်ကိုယ်သွေးကို သန့်သန့်ရှင်းရှင်းဖြင့် ကောင်းမွန်ပြည့်ဝအောင် တည်ဆောက်နိုင်စွမ်းမရှိ။ ထိုလူမျိုးသည် ကောင်းမွန်လှပသန့်ရှင်းသော ဘဝရုပ်တုကို မည်သို့မျှ ပုံဖော်ထုဆစ်နိုင်မည် မဟုတ်ပေ။ ကျေးဇူးရှင် မန်လည်ဆရာတော်ကြီးက စိတ်ကောင်းနှင့်စိတ်ဆိုးတို့၏ အကျိုးပေးမှုအပေါ် ဤသို့ တိုတိုရှင်းရှင်း အမိန့်ရှိတော်မူခဲ့ပါ၏။

"စိတ်ကောင်း
ကောင်းကောင်းနှင့်တွေ့
ကောင်းကောင်းခံစားရ။
စိတ်ဆိုး
ဆိုးဆိုးနှင့်တွေ့
ဆိုးဆိုးခံစားရ။"

မေတ္တာပို့ မေတ္တာထား

ဗုဒ္ဓဘာသာဝင်တို့သည် မေတ္တာပို့များကို ရွတ်ဆိုတတ်ကြပ်သည်။ မေတ္တာပို့နည်း အမျိုးမျိုးရှိရာတွင် မိမိနှစ်သက်ရာ မေတ္တာပွားနည်းဖြင့် ရွတ်ဆိုပွားများတတ်ကြပါသည်။ စင်စစ် မေတ္တာပို့ခြင်းသည် မေတ္တာဗြဟ္မစိုရ်တရား ပွားများခြင်း ဖြစ်ပါသည်။ တရားပွဲများတွင်လည်းကောင်း၊ ဥပုသ်သီလ ခံယူဆောက်တည်ရာတွင်လည်းကောင်း၊ သာသနာရေး အခမ်းအနားများတွင်လည်းကောင်း စုပေါင်း၍ မေတ္တာပို့နေသံကို မြိုင်မြိုင်ဆိုင်ဆိုင် ကြားရစဉ် စိတ်နှလုံးသည် ငြိမ်းအေးချမ်းမြေ့ရပါ၏။ ကြည်လင်ရွှင်လန်းရပါ၏။ အရဏ်တက်အချိန် ကြေးစည်သံတဝေဝေဖြင့် မေတ္တာပို့သံကို နားဆင်ရခြင်းသည်လည်း မင်္ဂလာကျက်သရေ ရှိလှပါ၏။ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရပါ၏။

မေတ္တာ၏ တရားကိုယ်မှာ 'အဒေါသစေတသိက်'ဖြစ်ပါ၏။ ဒေါသသည် လောင်မီးပမာ သတ္တဝါတို့အား ပူလောင်စေ၏။ မေတ္တာကား စမ်းရေစင်ပမာ သတ္တဝါတို့အား အေးမြစေ၏။ မေတ္တာတွင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူ၍ သုံးမျိုးရှိပါ၏။သူတစ်ပါးတွင် ကောင်းကျိုးဖြစ်ထွန်းစေရန် ကိုယ်ထိလက်ရောက် အပြုအမူဖြင့် ရွက်ဆောင်ခြင်းသည် ကာယကံမေတ္တာ မည်ပါ၏။ နှုတ်အားဖြင့် ဆောင်ရွက်ခြင်းသည် ဝစီကံမေတ္တာ မည်ပါ၏။ စိတ်ဖြင့် မေတ္တာပွားခြင်းသည် မနောကံမေတ္တာ မည်ပါ၏။မေတ္တာပွားပို့ရာတွင် (၅၂၈)သွယ်နည်းအရ၊

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ နှလုံးမသာယာခြင်း ကင်းကြပါစေ၊
၃။ ကိုယ်၌ဖြစ်သော ဆင်းရဲကင်းကြပါစေ၊
၄။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ကိုယ်ကို စောင့်ရှောက်နိုင်ကြပါစေ (ဝါ) အသက်မွေးမှု လွယ်ကူကြပါစေ ..ဟူ၍၊

လေးဖြာသော ကောင်းစေလိုမှုကို စိတ်က ပွားများရပါ၏။

ယင်းသို့ စိတ်က ပွားများသည့်အတိုင်း မိမိ၏ ကာယကံမှု၊ ဝစီကံမှုတို့က လိုက်ပါဆောင်ရွက်ဖို့ လိုပါသည်။ မေတ္တာပို့မှုကို မရွတ်ဆိုမီ၊ စိတ်ထဲတွင် သူတစ်ပါးကောင်းစားစေလိုသော မေတ္တာကို နက်နက်ရှိုင်းရှိုင်း သက်ဝင်ဖြစ်တည်ဖို့ လိုပါသည်။ သူတစ်ပါး၌ ကောင်းကျိုးဖြစ်ထွန်းစေလိုသော မေတ္တာကို စိတ်ထဲ၌ နစ်နစ်နဲနဲ စွဲမြဲမှုမရှိဘဲ နှုတ်ဖျားတွင်သာ အပေါ်ယံရုပ်၍ ရွတ်ဆိုနေလျှင်မူ "မေတ္တာပွားပို့ခြင်းအစစ်"မဖြစ်နိုင်ပါ။ ဆိုရလျှင် မိမိ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတိုင်း၌ မေတ္တာနှင့်ယှဉ်မှသာ၊ မေတ္တာထားတတ်သူ ဖြစ်ပါလိမ့်မည်။

မေတ္တာပို့သူများအနေဖြင့် မေတ္တာပို့ကို နှုတ်က ရွတ်ဆိုနေရုံမျှ မဟုတ်မူလျက်၊ မေတ္တာပြွမ်းသော စိတ်နေစိတ်ထား၊ မေတ္တာထုံမွမ်းသော အပြုအမူ၊ မေတ္တာလွှမ်းခြုံသော အပြောအဆိုတို့ ရှိဖို့လိုပါသည်။ အချို့က နှုတ်မှ ရွတ်ဆိုမေတ္တာပို့ခြင်းကို "ဝစီကံမေတ္တာ"ဟု ထင်မှတ်တတ်ကြပါ၏။ စင်စစ် ဝစီကံမေတ္တာ၏ နယ်ပယ်မှာ ဤတစ်ခုတည်းမဟုတ်ပါ။ဤမျှ မကျဉ်းမြောင်းပါ။ သူတစ်ပါးကောင်းစားစေလိုသော စေတနာမွန်ဖြင့် အကြံဉာဏ်ပေးခြင်း၊ ဆုံးမခြင်း၊ ပညာပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း၊ မသင့်မြတ်သူနှစ်ဦးအကြား စေ့စပ်ဖြန်ဖြေပေးခြင်း၊ ခရီးလမ်းကို ကောင်းစွာညွှန်ကြားခြင်း၊ ချစ်ခင်နှစ်လိုဖွယ် ပြောဆိုခြင်း ...စသည် မေတ္တာဓာတ်ကို စိုစွတ်သော ဝစီကံမှုတိုင်းသည် "ဝစီကံမေတ္တာ"တွင် အကျုံးဝင်ပါသည်။ နှုတ်က မေတ္တာပို့ရွတ်သည့်အခါ ရွတ်စေကာမူ၊ နေ့စဉ် လက်တွေ့လူမှုဘဝ၌ ဝန်တိုသောစကား၊ ပြုံးရွှင်ဘွယ်ရာ/ ငြူစူစောင်းမြောင်းသောစကား၊ သူတစ်ပါးအကျိုးမဲ့ဖြစ်စေသောစကား၊ ရင်းနှီးသူအချင်းချင်း ချစ်ခင်ညီညွတ်မှုကို ပျက်ယွင်းစေသော စကားတို့ကို ပြောဆိုနေလျှင် ထိုသူ၏ သန္တာန်၌ "ဝစီကံမေတ္တာ"မတည်ပါလေ။ နှုတ်ကတခြား အကျင့်က တခြားသာ ဖြစ်နေပေလိမ့်မည်။ သို့ဖြစ်၍ မေတ္တာပို့ကို နှုတ်မှရွတ်ဆိုနေရုံ သက်သက်မျှ မဟုတ်မူလျက်၊ အတွင်းအဇ္ဈတ္တနှင့် အပြင်ဗဟိဒ္ဓ နှစ်ဌာနစလုံး၌ မေတ္တာဓာတ်လွှမ်းပတ်ဖို့ လိုပါသည်။

နံနက်ခင်း၌ ဘုရားရှိခိုးဝတ်ပြုခြင်း၊ ပန်း ရေချမ်း ဆီမီး နံ့သာတိုင်တို့ဖြင့် ဘုရားရှင်အား လှူဒါန်းပူဇော်ခြင်း၊ သတ္တဝါဝေနေယျတို့အား မေတ္တာပွားပို့ခြင်းအားဖြင့် နေ့သစ်တို့ကို ကြိုဆိုခြင်းသည် မင်္ဂလာကျက်သရေရှိပါ၏။ နံနက်ခင်းတွင် နှုတ်က ပို့သသော မေတ္တာအတိုင်း၊ တစ်နေ့တာကာလ ထိတွေ့ဆက်ဆံရသူအားလုံးတို့အပေါ် မေတ္တာရှေးရှုအပ်ပါ၏။ အပြုအမူ၌လည်း မေတ္တာဓာတ် စိုစွတ်မည်။အပြောအဆို၌လည်း မေတ္တာဓာတ် စိုစွတ်မည် ဆိုလျှင် မေတ္တာဗြဟ္မစိုရ်တရား ပွားများသူ ဖြစ်ပါ၏။ မေတ္တာဝါဒီစစ်စစ် ဖြစ်ပါ၏။ စိတ်ထဲက ချမ်းသာစေလိုသော ဆန္ဒမရှိမူလျက်၊ နှုတ်က ရွတ်ဆိုနေခြင်းသည် မေတ္တာပွားခြင်းမဟုတ်ကြောင်း သေက္ခတောင် ဦးတိလောက ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"အလွန်သားချစ်သော အမိသည် အချိန်လွန်ခါနီးမှ ရရှိလာသော တစ်ယောက်တည်းသော သားငယ်ကို အလွန်သနားစောင့်ရှောက် ချစ်ခင်ဘိသကဲ့သို့၊ အဟုတ်ကို ချစ်ခင်မှ၊ချမ်းသာလိုတဲ့ စိတ်ဆန္ဒဖြစ်မှသာ မေတ္တာတည်း။ စိတ်က မပါဘဲနှင့် ပါးစပ်က ချမ်းသာပါစေဟု ဆိုရုံနှင့် မေတ္တာမဟုတ်၊ စိတ်ထဲက ချမ်းသာစေလိုတဲ့ ဆန္ဒမရှိဘဲလျက်နှင့်၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု'စသည်ကို အနက်ပါဋ္ဌိရွတ်၍ နေငြားသော်လည်း မေတ္တာပို့တာ မေတ္တာပွားတာမဟုတ်၊ စာအံနေမှုမျှသာတည်း"

## ဗုဒ္ဓဝါဒီ

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတော်အတိုင်း နေထိုင်ကျင့်ကြံကြရပါမည်။ ယင်းသို့ နေထိုင်ကျင့်ကြံနိုင်ရေးအတွက် ဘုရားရှင်၏ အဆုံးအမ ဓမ္မဒေသနာများကို ကြားခြင်း၊ ဖတ်ရှုလေ့လာခြင်း၊ နှလုံးသွင်းခြင်း၊ ရှင်းရှင်းလင်းလင်း သိမြင်နားလည်သဘောပေါက်အောင် အားထုတ်ခြင်းတို့ကို ပထမအဆင့်အနေဖြင့် ဆောင်ရွက်ကြရပါသည်။ ထို့နောက် သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများဆောက်တည်ခြင်း၊ ဒါနပြုခြင်း၊ ဗြဟ္မစိုရ်တရားလေးပါးကို နေ့စဉ်လက်တွေ့လူမှုဘဝတွင် ချသုံးခြင်းတို့ကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်ရပါသည်။ ဘုရားရှင်၏ အဆုံးအမတော်များကို မိမိ၏ အတွင်းသန္တာန်ထဲ ပို့ဆောင်နေစဉ်၊ လက်တွေ့ကျင့်ကြံအားထုတ်နေစဉ် စိတ်နှလုံးသည် တည်ငြိမ်လာသည်။ အေးချမ်းလာသည်။ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို ခွဲခြားစိတ်ဖြာနိုင်သော 'အသိဉာဏ်'လည်း ပိုမိုလင်းပွင့်လာသည်။

နေ့စဉ်လူမှုဘဝတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမတော်များကို 'ဘဝလမ်းညွှန်'အဖြစ် ခံယူကျင့်သုံးနေသူ၏ ဘဝသည် ရှင်းရှင်းသန့်သန့်၊ ကြည်ကြည်လင်လင်။

စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် မည်သည့်အရှုပ်အထွေးမျှမရှိ။ ကိုယ်ကျင့်တရားနှင့်စပ်လျဉ်း၍ နာမည်ပျက်မရှိ။ မြတ်ဘုရား၏ 'အတ္တာဟိ အတ္တနော နာထော' ဟူသော အဆုံးအမကို ဦးထိပ်ပန်သူတစ်ဦးအဖို့ မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ စေတနာတို့ကိုသာ အားကိုး၏။ အမှီသဟဲပြု၏။ သမ္မာအာဇီဝမှုဖြင့်သာ ကိုယ့်ခြေထောက်အပေါ် ကိုယ်မြဲမြဲခိုင်ခိုင် ရပ်တည်၏။ ဟိုလူ့အားကိုး၊ သည်လူ့အားကိုးဖြင့် တစ်ဘဝစာအတွက် အရှက်မဲ့စွာ အောက်ကျို့ခံခြင်းမျိုး အလျှင်းမရှိ။ ထားသင့်ထားထိုက်သော လူ့အားမာန်ကို တည်တည်ကြည်ကြည်ထား၏။ တစ်ဘဝ တစ်ခန္ဓာအတွက် မိစ္ဆာအာဇီဝမှုမျိုးဖြင့် အသက်မမွေး။ မိစ္ဆာအာဇီဝမှုဖြင့် ကြီးပွားချမ်းသာမှုကိုလည်း အားကျခုံမင်ခြင်း အလျှင်းမရှိ။

မြတ်ဗုဒ္ဓ၏ ဓမ္မကို နက်နက်နဲနဲ လေ့လာလေ 'ဘဝနေနည်းကောင်း'ကို ပို၍ပို၍ တွေ့ရှိလေဖြစ်ပါသည်။ ဆင်းရဲချမ်းသာ လောကဓံအပေါ်တွင်လည်း ခံနိုင်ရည် ပို၍ပို၍ ရှိလာလေဖြစ်ပါသည်။ အကုသိုလ်မှု ကင်းလာသည်နှင့်အမျှ မိမိအပေါ် ယုံကြည်စိတ် ပိုမိုခိုင်ခံ့လာလေ ဖြစ်ပါသည်။ ကိုယ်ကျင့်သိက္ခာအရာ၌ အစွန်းအထင်း မရှိအောင် နေထိုင်နိုင်စွမ်းရှိလာသည်နှင့်အမျှ စိတ်၏ချမ်းမြေ့ခြင်း၊ လွတ်လပ်ပေါ့ပါးခြင်းများကို ရလဒ်အဖြစ် ရရှိလာပေလိမ့်မည်။ ဗုဒ္ဓဓမ္မကို နှစ်နှစ်ကာကာ ယုံကြည်ပြီး စွမ်းနိုင်သမျှ ကျင့်ကြံလိုက်နာ နေထိုင်သူ၏ ဘဝသည် လူဖြစ်ရကျိုးနပ်သောဘဝ ဖြစ်ပါ၏။ ဗုဒ္ဓဝါဒကို ကြည်ကြည်ညိုညိုနှင့် လိုက်နာနေသူသည် မည်သို့သော လူစားမျိုးဖြစ်ကြောင်း ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"ဗုဒ္ဓဝါဒကို ကြည်ကြည်ညိုညိုနှင့် လိုက်နာနေသူသည် အနေအထိုင် ဣန္ဒြေရ၏။ အသုံးအစွဲမျှတ၏။ မပျင်းမရိ လုံ့လရှိ၏။ မတရားလောကကြီးဝယ် သာ၍တင့်တယ်၏။ သံသရာရေးကို တွေးပြန်လျှင် သူ၏တရားမျှတမှုကို အားပြုကာ သာယာကျေနပ်၏။ တရားနည်းလမ်းကျသော အလုပ်ကိစ္စဟူသမျှဝယ် ရှက်ဖွယ်မရှိဟု နားလည်ထားသဖြင့် မည်သည့်ဂုဏ်အသရေရှိ လူကြီးကိုမျှ အချည်းနှီးမကြောက်ရွံ့တတ်ပါ။"

□ မင်းနန်(မော်ကျွန်း)



ကျမ်းပြုအကျော် အမရပူရမြို့
မဟာဂန္ဓာရုံဆရာတော်
## အရှင်ဇနကာဘိဝံသ
၏
## ဘဝလမ်းညွှန် အဆိုအမိန့်များ

### ပြုံးပြုံးလေးနဲ့ သေနိုင်အောင်

စိတ်ကို ပြုပြင်ပေးကြပါ၊ ဒီဘဝအတွက် သိပ်အရေးမကြီးပေမယ့် နောက်ဘဝတွေအတွက် ဒီလိုအခြေအနေ၊ ဒီလို နေရာမျိုးနဲ့ ပြန်တွေ့ဖို့ဆိုတာ မလွယ်ပါဘူး။

ဘဝခရီးကို ပေါ့ပေါ့ဆဆနဲ့တော့ သွားမယ် မကြံပါနဲ့၊ မတတ်သာလို့ သွားရရင်တောင်မှ 'မဲ့'မသွားရဘဲ ပြုံးပြုံးလေးနဲ့ သွားနိုင်အောင် ကြိုးစားကြရမယ်။

ပြုံးပြုံးဆိုတာကလည်း အလကားတော့ ပြုံးမလာနိုင်ဘူးပေါ့၊ ပြုံးနိုင်တဲ့ သတ္တိရှိမှ ပြုံးလာနိုင်တယ်။

■



# ညှာဖိနပ်ကလေးတစ်ရံ

## လင်းရောင်တင်

ကပ္ပိလတိုင်း ...ဥတ္တရပဥ္စလမြို့။

ဥတ္တရပဥ္စလမင်းကြီး မင်းပြုနေသောအချိန် ...။ ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၏။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပညာတို့ကို သင်ယူတတ်မြောက်၏။ လူ့ဘောင်ကို မနေလို၍ ရဟန်းပြုပြီးလျှင် ဟိမဝန္တာတော၌ သီတင်းသုံးခဲ့လေ၏။ နှစ်ပေါင်းများစွာကြာသည့်တိုင် ဟိမဝန္တာတောအတွင်းမှာပင် သစ်သီးသစ်ဖုတို့ဖြင့် အသက်မွေးကာ တရားအားထုတ်နေခဲ့၏။

ထို့နောက် ချဉ်ဆားကို အလှူခံလိုသောအခါ ဥတ္တရပဥ္စလမြို့နားသို့ ကြွလာပြီး မင်းကြီးနန်းတော်သို့ ရောက်လာ၏။ အလောင်းတော် ရဟန်းဖြစ်သောကြောင့် လက္ခဏာကြီးငယ်နှင့် ပြည့်စုံ၍ ကြည်ညိုဖွယ်အဆင်းကို ဆောင်သောကြောင့် ဥတ္တရပဥ္စလမင်းကြီးသည် ရဟန်းအား ကြည်ညိုလေးစား၍ ဆွမ်းနေ့စဉ် လောင်းလေသည်။

မိုးလများ လွန်သောအခါ ရဟန်းတော်သည် ဟိမဝန္တာတောသို့ ပြန်လိုသောစိတ်သည် ဖြစ်ပေါ်၏။ ထိုသို့ ခရီးသွားမည်ပြုသောအခါ လွှာဖိနပ်နှင့် သစ်ရွက်ဖြင့် ပြုလုပ်ထားသော ထီးတစ်လက်ကို မင်းကြီးထံမှ အလှူခံရန် လိုအပ်လာ၏။ သို့သော်လည်း ရဟန်းသည် အရှက်အကြောက်ကြီးသော ပုဂ္ဂိုလ်ဖြစ်၍ အလှူခံခြင်းကို ချက်ချင်း အလွယ်တကူ မပြောဆိုခဲ့ပေ။

"အင်း ...အလှူခံတယ်ဆိုတာ တကယ်တော့ တောင်းယူရတာပဲ။ ဥစ္စာပစ္စည်းတောင်းရတယ်ဆိုတာဟာလည်း မရှိလို့တောင်းဆိုရတာမို့လို့ ငိုတာနဲ့ အတူတူပဲ။ တကယ်လို့ အတောင်းခံရတဲ့သူက မပေးနိုင်လို့ မပေးနိုင်တဲ့အကြောင်း ပြန်ပြောမယ်ဆိုရင်လည်း ဒါဟာ အငိုတု၊ အတုငိုတာပဲ ..."

ရဟန်းတော်ရဲ့ စိတ်ထဲမှာ တွေးတောမိရင်း အလှူခံဖို့ရာ မဝံ့မရဲ ဖြစ်နေလေ၏။ လူတွေရှေ့တွင် တောင်းခံရမည်ကိုလည်း ဝန်လေးနေလေ၏။ သို့ဖြစ်၍ မင်းကြီးအနားသို့ကပ်ကာ–

"သင်မင်းကြီးနဲ့ ကျွန်ုပ် နှစ်ကိုယ်ကြား ပြောစရာရှိတယ်"

ဟု မိန့်လိုက်လေ၏။

မင်းကြီးကလည်း ရဟန်းကို ကြည်ညိုသောစိတ် ရှိသောကြောင့် သူ့အနီးအပါးတွင် ခစားနေကြသူများအား အဝေးသို့ ရှောင်ဖယ်နိုင်းလိုက်လေ၏။ အနားမှာ မည်သူမျှ မရှိတော့ပေမယ့် အလောင်းတော်ရဟန်းသည် လွှာဖိနပ်နှင့် ထီးတစ်လက်ကို အလှူခံဖို့ ခက်နေပြန်သည်။

"အင်း ...ငါတောင်းတဲ့ အလှူခံပစ္စည်းကို မင်းကြီးဟာ အလွယ်တကူ မပေးဘူးဆိုရင် ငါနဲ့ မင်းကြီးရဲ့ ချစ်ခြင်းမေတ္တာဟာ ပျက်ပြယ်သွားနိုင်တယ်။ဒီတော့ မပြောဘဲ နေတာပဲ ကောင်းပါတယ်လေ .."

ထိုကဲ့သို့ ဆုံးဖြတ်ပြီးနောက်၊ မင်းကြီးကို–

"ဒီကနေ့တော့ ပြန်ပေဦးတော့၊ နောက်တစ်နေ့မှပဲ ပြောပါတော့မယ် ..."

ဟုဆိုကာ ပြန်လွှတ်လိုက်၏။နောက်နေ့တွင်လည်း အလောင်းတော်ရဟန်းသည် မေတ္တာပျက်မည်



စိုးသောစိတ်ကြောင့် လွှာဖိနပ်နှင့် ထီးကို မတောင်းခံဖြစ်ပြန်ချေ။ ဤကဲ့သို့ နောက်တစ်နေ့ နောက်တစ်နေ့ဖြင့် နေ့တွေ ရက်တွေ ရွှေ့ခဲ့လေရာ နောက်ဆုံးတွင် ဆယ့်နှစ်နှစ်ကာလကို လွန်မြောက်ခဲ့လေတော့၏။

ထိုသို့ ဆယ့်နှစ်နှစ်ကြာကာလသို့ရောက်သောအခါ မင်းကြီးသည် ဤသို့တွေးလေ၏။

"ဩော်–ငါ့ဆရာ ရဟန်း ခမျာ ရဟန်းအလုပ်ကို ငြီးငွေ့လာတဲ့အတွက် ငါ့ရဲ့မင်းစည်းစိမ်ကို ခံစား

ချင်တဲ့စိတ် ပေါ်ပေါက်လာလို့များ ဒီစကားကို ပြောမယ်ပြောမယ်နဲ့ ပြောမထွက်ဖြစ်နေခဲ့ရှာတာလား။ ဘာပဲဖြစ်ဖြစ် ဒီကနေ့တော့ ရဟန်းတော် အလိုရှိတဲ့ ကိစ္စကို ဘာပဲဖြစ်ဖြစ် မေးရမယ်။ မင်းစည်းစိမ်ကို လိုတယ်ဆိုရင်လည်း ငါပေးမယ်။ ဒါမှမဟုတ် တခြားဘယ်ပစ္စည်းကို မဆို ရဟန်းတော်က လိုချင်တယ်ဆို ငါလှူမယ် …"

သူ့အတွေးနှင့်သူ မင်းကြီးသည် ရဟန်းရှိရာ ဥယျာဉ်သို့သွား၍ လက်အုပ်ချီကာ စောင့်ဆိုင်းနေလေသည်။

ရဟန်းတော် ရောက်လာသောအခါ–

"ရှင်ရဟန်းဟာ တပည့်တော်ကို သင်မင်းကြီးနဲ့ ကျွန်ုပ်နှစ်ကိုယ်ကြား ပြောလိုတယ်ဆိုတဲ့ စကားကို နေ့တိုင်းလာလာ မိန့်ကြားခဲ့ပြီး ဘာတစ်ခုမျှ မပြောခဲ့ဘဲ နေ့ရွေ့ညရွေ့ ရွေ့လာခဲ့တာဟာ အခုဆိုရင် ဆယ့်နှစ်နှစ်တောင် ရှိခဲ့ပါပြီဘုရား။ ဒီကနေ့တော့ အရှင်ဘုရား မပြောဘဲ မနေပါနဲ့တော့ဘုရား။ တပည့်တော် အနေနဲ့ မင်းစည်းစိမ်ကစပြီး အရှင်ဘုရား အလိုရှိသမျှ အရာဝတ္ထုမှန်သမျှကို ပေးလှူပါ့မယ်ဘုရား။ မိန့်စရာရှိတာကိုသာ မထောက်မညှာ ရဲရဲဝံ့ဝံ့ မိန့်ပါဘုရား။ စိုးရိမ်ထိတ်လန့်စရာလည်း မလိုပါဘူးဘုရား။ အရှင်ဘုရား အလိုရှိတဲ့ပစ္စည်းကို ပေးလှူဖို့ တပည့်တော် ဆုံးဖြတ်ချက်ချထားပြီးသားပါဘုရား"

ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ အလောင်းတော်ရဟန်းက–

"သင်မင်းကြီး ငါတောင်းတဲ့အရာကို ပေးမှာသေချာရဲ့လား"ဟု ပြန်လည်မေးမြန်းလေ၏။

"မှန်လှပါဘုရား၊ ဘယ်အရာကိုမဆို ပေးဖို့ အဆင်သင့်ပါဘုရား"

"ဒါဆိုရင် ငါခရီးသွားတဲ့အခါ အသုံးပြုဖို့ လွှာဖိနပ်တစ်ရံနဲ့ သစ်ရွက်ထီးတစ်လက်ကို လှူပေတော့"

"ဘာရယ် …လွှာဖိနပ်တစ်ရံနဲ့ သစ်ရွက်ထီးတစ်လက်၊ ဟုတ်ရဲ့လားဘုရား"

ဥတ္တရပဉ္စလမင်းကြီးက အံ့အံ့သြသြ ပြန်မေးလိုက်၏။

"ဟုတ်ပါတယ်။ ငါအလိုရှိတာ လွှာဖိနပ်တစ်ရံနဲ့ သစ်ရွက်ထီးတစ်လက်ပါပဲ ဒကာတော်"

"သြော်–ဒါနဲ့များ အရှင်ဘုရားရယ်၊ ဒီပစ္စည်းကလေး မဖြစ်စလောက်နဲ့ အရှင့်မှာ ဆယ့်နှစ်နှစ်လုံးလုံး ပြောမထွက်အောင် ဖြစ်ခဲ့ရတယ်လို့။ ဖြစ်မှဖြစ်ရလေတယ်"

"ဒါကတော့ ငါ့အနေနဲ့ ပေးပါလော့လို့ တောင်းရတာဟာ ငိုတာနဲ့ အတူတူပဲ။ တကယ်လို့များ မပေးနိုင်ပါလို့ တုံ့ပြန်ခဲ့ရင်လည်း အဲဒီသူဟာ အတုငိုတယ်လို့ခေါ်ပါတယ်။ တောင်းသူအတွက်ရော ပေးသူအတွက်ပါ အကျိုးမဲ့ဖြစ်လိမ့်မယ်လို့ တွေးမိတဲ့အတွက် ခုလောက်ကြာရှည်လေးမြင့်ခဲ့ရခြင်းဖြစ်တယ်"

တောင်းခံရန် ဝန်လေးသော ရဟန်း၏စကားကို ကြားရသောအခါ မင်းကြီးသည် ရွှင်လန်းဝမ်းမြောက်၍ သွား၏။ သို့ဖြစ်၍ ရဟန်းအား အလှူကြီးပေးရန် စိတ်ကူးမိလေ၏။

"အရှင်ရဟန်း …အရှင်ဟာ မကောင်းမှုကိုလည်း နည်းနည်းလေးမျှ မပြုခဲ့ဖူးဘူး။ မြတ်သော အကျင့်ကို အမြဲကျင့်တယ်။မှန်ကန်တဲ့ တရားတွေလည်း အမြဲဟောကြားခဲ့တယ်။ ဒီကျေးဇူးကို ချီးမြှောက်တဲ့ အနေနဲ့ တပည့်တော်က နွားလားဥသဘနဲ့ အနီရောင်နွားမတစ်ထောင်ကို လှူပါ့မယ်ဘုရား"

မင်းကြီး၏ သဒ္ဓါစိတ် ယိုဖိတ်သောစကားကို ကြားရသောအခါ အလောင်းတော်ရဟန်းသည် ခေါင်းကို သွက်သွက်ယမ်းခါလေ၏။

"မြတ်သောမင်းကြီး … ငါဟာ ကိလေသာကာမဂုဏ်တွေကို အလိုမရှိပါ။ သင်လှူဒါန်းမယ့် နွားလားနဲ့ နွားမတစ်ထောင်ကိုလည်း မယူလိုပါ။ ငါ့အတွက် ခရီးသွားတဲ့အခါအသုံးဝင်မယ့် လွှာဖိနပ်ကလေးတစ်ရံနဲ့ သစ်ရွက်ထီးကလေး တစ်လက်ကိုသာ လှူပါ။ အစဉ်အမြဲသီလကို ဆောက်တည်ပါ။ ဥပုသ်သီတင်းစောင့်ပါ"ဟု မိန့်ကြားလေ၏။

ဥတ္တရ ပဉ္စလမင်းကြီးလည်း ရှင်ရဟန်းလိုအပ်သည့် လွှာဖိနပ်ကလေးတစ်ရံနှင့် သစ်ရွက်ထီး တစ်လက်ကို လှူလေ၏။ ရဟန်းတော်လည်း ဟိမဝန္တာတောသို့ ကြွသွားလေ၏။ဟိမဝန္တာတောမှာပင် အဘိညာဉ်သမာပတ်တို့ကို ရအောင်ကျင့်ကြံ၏။

သူတော်ကောင်းပုဂ္ဂိုလ်တို့၏ လောဘမဲ့သောနှလုံးသားနှင့် အကျင့်တရားတို့ကား အံ့သြကြည်ညိုဖွယ်ကောင်းလေစွ။

(ငါးရာ့ငါးဆယ်ဇာတ်တော်
ဗြဟ္မဒတ္တဇာတ်)

ဇေယျတုသဗ္ဗမင်္ဂလံ

■ **လင်းရောင်တင်**

ငြိမ်းငြိမ်းချမ်းချမ်း စိမ်းစိမ်းလန်းလန်း

# လယ်တီမူတရားစခန်း

## မြင့်ဦးမှာခင်လေး



မြို့လှ ရွှေမင်းဝံတောရကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ

တစ်ခါတစ်ရံ၌ မထင်မှတ်သည်တို့ အမှတ်ထင်ထင် ရှိတတ်ကြသည်။ ရွှေမင်းဝံတောရကျောင်း တရားစခန်းအတွက် ဘုရားပန်းလာဝယ်သော သရက်ပင်ကျေးရွာမှ ကျောင်းသားကလေး သက်စိုးအောင် ကျွန်မထံသို့ ရောက်လာသည်။ ဘုရားပန်း လိုက်ဝယ်ပေးပြီး တောရစခန်းအကြောင်း မေးမြန်းစူးစမ်းမိလိုက်သည်။ ကျွန်မကို ပြည့်ပြည့်စုံစုံသိရှိစေချင်သည်။ သူလည်း ကုသိုလ်ရချင်သည်။ တစ်ခါတည်း လိုက်ခဲ့ရန်ခေါ်လေ

တော့သည်။

ရမည်းသင်းမှ မကျီးကုန်းကျေးရွာအထိ မြေပြင် ညီလမ်း၊ နေကြာ ဂန္ဓမာပန်းခင်းများ၊ စိမ်းစိမ်းစိုစိုစိုက်ခင်း ကလေးများက ခပ်ကြမ်းကြမ်း၊ ဆိုင်ကယ်နောက်တွင် တရိပ်ရိပ်ကျန်ခဲ့ပြီ။မကျီးကုန်းလွန်သည်နှင့် သျှောင်မထုံး နိုင်တော့သည့် တောင်ကုန်းမြင့်မြင့်တွေ မြင်ရသည်။ တောင်ကုန်းလေးလုံး အနိမ့်အမြင့် အဆင့်ဆင့်ဖြတ်ကျော် ရသည့်အခါ မိမိဘဝလမ်းသည်ပင် ဤသို့ရှိနေခဲ့သည် လား။ နောက်ဆုံးတောင်ကုန်းထိပ်မှ ဘုရားတစ်ဆူ၊ ရမည်းသင်းနှင့် မြို့လှသွား ကားလမ်းပေါ်တွင် တည်ရှိနေ သော ကျောက်ခဲတောင်ဘုရား၊ကပ်၍ကျော်သွားနေရသော ကပ်ကျော်ဘုရား၊ ထိုဘုရားခြေတော်ရင်းကို ကွေ့ဝိုက်၍ လျှိုမြောင်ကြီးတစ်ခုအတွင်းသို့ ဆင်းသွားခဲ့သည်။ မီးဖို ချောင် ဇရပ်အနီးသို့ ဆိုင်ကယ်ထိုးရပ်ပါမှ သက်ပြင်းချ လိုက်နိုင်သည်။ဂုဏ်တော် ပရိတ်တော်တွေ အကြိမ်များစွာ ရွတ်ဆိုမိသော ကုသိုလ်ရခရီးစဉ်တစ်ခု ဖြစ်ခဲ့သည်။

လူအများ ချက်ပြုတ်လုပ်ကိုင်နေသော်လည်း တိတ်ဆိတ်နေသည်။ တောရနှင့် ဓမ္မကို အလေးဂရုထား ကြသည့် လုပ်အားဒါနကုသိုလ်ရှင်များကို မြင်ရုံမျှနှင့်ပင် တောရ၏ သဘောသဘာဝကို သတိပြုမိပါသည်။ လေ ဒဏ်၊ မိုးဒဏ်အကာအကွယ်ရသော လျှိုမြောင်သဲလွင် ပြင်ကြီးတစ်ခုအတွင်း ကျောင်းသစ်တစ်ဆောင်၊ ကျောင်း ဟောင်းကြီးတစ်ကျောင်း၊ အသစ်အဟောင်းယှဉ်တွဲလျက် ရှိနေခြင်းသည်ပင်လျှင် တောရ၏ ရင့်ကျက်သောကာလ အနေအထားကို ခန့်မှန်းနိုင်ပေသည်။ တောင်ကုန်းများနှင့် အပြိုင် မြင့်မတ်နေသော အင်ကြင်းပင်များ၊ လိပ်ပြာလေး များသဖွယ် ပျံဝဲ၍ သဲပြင်ပေါ်သို့ ကျဆင်းနေသော အင်ကြင်းသီးများ၊ အင်ကြင်းလိပ်ပြာကလေးများကို ဖမ်း ရင်း ကျောင်းသစ်ပေါ်သို့တက်ခဲ့သည်။ အပူငြိမ်းသတ် အအေးဓာတ်ရှာနေသူများက တိတ်ဆိတ်စွာရှိနေကြ သည်။ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်ယောဂီစုံလင်သည့် တရားစခန်း၊ ငြိမ်သက်နေသူများ၏ နောက်တွင် အသာ အယာဝင်ထိုင်လိုက်မိသော ကျွန်မ၊ သွေးခုန်နှုန်းမြန်ခဲ့ သော ကျွန်မ၏နှလုံးအိမ်သည် ပုံမှန်ဖြင့် ကြည်လင် ငြိမ်သက်လာသည်။

လယ်တီမူ ဝိပဿနာ(၇)ရက်တရားစခန်းဟူ သော စာတန်းကို ဖတ်မိသည်။ မျက်စိကိုမှိတ် စိတ်ကို ငြိမ်အောင်ထားလိုက်ရသည်။အသက်ရှင်သန်ခြင်းအတွက် အစဉ်အမြဲရှိနေသော ရှူမှု၊ ရှိုက်မှုကိုပင် သတိမပြုနိုင်ခဲ့ သော ကျွန်မလိုလူစား အများအပြားရှိနေပေလိမ့်မည်။ အသက်ရှူမှု၊ ရှိုက်မှုကို သတိပြုစောင့်ကြည့်ရသော အလုပ်သည် လွယ်မယောင်နှင့်ခက်လှပါသည်။ အခက်ကို စောင့်ကြည့်ရင်ဆိုင်ခြင်းသည်ပင် အောင်မြင်မှုနည်း လမ်းတစ်ခုဟု ဆိုပါလျှင် ထိုလမ်းကိုပင် ရွေးချယ်ရပါ မည်။

တောရကျောင်းဆရာတော်ဦးရေဝတ၏ ခွင့်ပြု ချက်ရရှိသော လေ့လာသူယောဂီအဖြစ် တိတ်ဆိတ်စွာ လှုပ်ရှားခွင့်ကို ကျွန်မရရှိထားသည်။ နှစ်ဦးသကြိန်ရက် များတွင် သီတင်းသီလဆောက်တည်သူများဖြင့် စည်ကား ပြည့်ကျပ်နေသော ရွှေမင်းဝံတောရကျောင်း (၆၄)ဧက ကျယ်ဝန်းသော တောရနယ်မြေတစ်ခုလုံး လှုပ်ရှားသက် ဝင်နေသည်ဟု ဆိုကြသည်။ လူရှင်းသည့် နွေကဆုန်၏ နေပြင်းပြင်းအောက်တွင် (၇)ရက်တရားစခန်းဖွင့်ရသည်။ နွေမည်မျှပူပူ၊ နေမည်မျှပြင်းပြင်း လျှိုမြောင်အတွင်း အအေးဓာတ်ရှိနေသည်။တောတောင်၏ အေးမြလေညင်း က ပန်းရနံ့တို့နှင့်အတူ ချိုမြမွှေး၍ အေးနေသည်။ ကျေး ငှက်သံ၊ ချိုးကူသံမှအပ တိတ်ဆိတ်အေးချမ်းသော ဝန်းကျင်အနေအထားတွင် ယောဂီများ၏ ငြိမ်သက်မှုကို ယှဉ်တွဲမြင်နေရသည်။ တရားဓမ္မတို့ ရှင်သန်တည်ရှိ ဖြန့်ကြက်မှု တောရ၏ အနှစ်သာရကို ပြည့်ဝစွာတွေ့မြင် လိုက်ရပါသည်။

သတိအမှတ်ဖြင့် နေခြင်း၊ သွားခြင်း၊ စားခြင်း သည်ပင် ယောဂီတို့အလုပ်၊ ဆွမ်းဘောဇဉ်အလှူရှင်များ သို့ မေတ္တာပို့၊ ဆင်ခြင်သတိဖြင့် စားရသောဆွမ်းတစ်နပ် မြင့်မြတ်လှချေသည်။

ရမည်းသင်းမြို့နယ်အတွင်း မဟာစည်ဝိပဿနာ ရိပ်သာ၊ မိုးကုတ်ဝိပဿနာရိပ်သာများရှိသည်။ ပိဋကတ် လမ်းညွှန်ကျမ်းပြု ထီးလှိုင်ဆရာတော်ကြီး၏ ညောင်လွန့် တောရတရားအားထုတ်နည်းဖြင့် ဝိပဿနာတရားစခန်း တွေလည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ သာသနာဝင် သမိုင်းတွင် နေတစ်ဆူ၊ လတစ်စင်းပမာ ထွန်းလင်း တောက်ပခဲ့သော လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာ နိဿယျ ဝိပဿနာအလုပ်စခန်းတစ်ခု လစ်ဟာလျက် ရှိနေသည်ကို သတိပြုမိခဲ့သည်မှာ ကြာခဲ့ပြီ။

လယ်တီဆရာတော် (၁၈၄၆–၁၉၂၃)သည် မွေးဖွားစဉ်ကပင် အိမ်မိုးအိမ်ခေါင် သက်တံရောင်စုံထိုး

ဖောက်ခဲ့သည်။ ငယ်မည် မောင်ထက်ခေါင်နှင့် လိုက်လျောညီစွာ စာပေအရာတွင် ခေါင်စွဲခဲ့သည်။ အရှင်ဥာဏဓဇဟူသော ဘွဲ့မည်နှင့်လျော်ညီစွာ ပရိယတ်၊ပဋိပတ်သာသနာနှစ်ဖြာ၌ တံခွန်စိုက်ထူနိုင်ခဲ့သည်။ ကထာဝတ္ထုပါဠိတော် ပြန်ဆိုခြင်းဖြင့် ပဋ္ဌမသင်္ဂါယနာတင်ကိုဆင်နွှဲခဲ့သည်။ ပါရမီဆိုင်ရာ ခက်ခဲပုစ္ဆာ (၂၀)ကို ပါရမီဒီပနီအဖြစ် ဖြေကြားကျမ်းပြုခြင်းမှအစ ဒီပနီကျမ်းပေါင်း (၁၀၁)ကျမ်း ပြုစုခဲ့သည်။

အရှင်သာရိပုတ္တရာထုံး နှလုံးမူ၍ (၁၆)နှစ်လုံးလုံး ရဟန်းသံဃာများအတွက် သောက်သုံးရေခပ်ထည့်၊ ကုဋ္ဌိဆေး၊ ကနုတ်ဆေး ပါရမီဖြည့်ခဲ့သည်။ ဘုရားလမ်း ချောက်၊ ကျင်း၊ ချိုင့်များ မြေဖို့၊ တံမြက်လှည်း နေ့စဉ် ဝတ်ပြုဖျားနာရဟန်းမှအစ ဝမ်းရောဂါဖြစ်သောရဟန်း အထိကိုယ်တော်တိုင် မရွံ့မရှာ သေချာစွာ ပြုစုစောင့်ရှောက်ခဲ့သည်။

နယ်ချဲ့တို့၏ သားသတ်ရုံထားရှိမှု ဆန့်ကျင်၊ လယ်ယာကျေးရူးရှင် နွားသတ္တဝါများကို ငဲ့ညှာသနား၊ နွားသားမစားရေးအတွက် နွားမေတ္တာစာများ ရေးသားဖြန့်ဝေခဲ့၊ လှုံ့ဆော်ခဲ့သည်။ တရားဟောခဲ့သည်။ မည်မျှတောကြမ်းကြမ်း တောရဆောက်တည်၍ တရားအလုပ်အားထုတ်ခဲ့သည်။ကြမ်းသည့်တောတို့သည် ဆရာတော်၏ မေတ္တာဖြင့် ချောမွေ့ခဲ့သည်။ တောရှာ၍ ဘာဝနာမှီးသော်လည်း တပည့်ဒါယကာ ရဟန်းသံဃာများ ဝန်းရံလာတတ်ကြသည့် ဆရာတော်ဖြစ်သည်။

မြန်မာပြည်ထက်အောက် တနံတလျား မနေမနား ကြွချီသွားရောက်၍ တရားဟောသည်။ ပရမတ္ထသံခိပ်ကျမ်းပြုစု၍ သံခိပ်ကျောင်းသား (၃)သိန်းကျော်သင်ကြားနာယူနိုင်ခဲ့ကြသည်။ နွားသားရှောင်ကြဉ်ရေး၊ အရက်သေစာ ရှောင်ကြဉ်ရေး၊ လောင်းကစားရှောင်ကြဉ်ရေး ဦးတည်ဟောပြောခြင်းဖြင့် လူအများအကျိုးစီးပွားကို ရှေးရှုခဲ့သည်။ မိုးခေါင်၍ လယ်သမားတို့ အခက်ကြုံခဲ့သော ဟသ်ာတမြို့သို့ ဆရာတော်ကြွလာသည့်နေ့တွင်ပင် မိုးကြီးရွာချခဲ့သည်။ ၁၉၀၈–ခုနှစ်၊ မြန်မာပြည်အတွင်း ပလိပ်ရောဂါဖြစ်ပွားရာဒေသများသို့ ကြွရောက်၍ စက်ပရိတ်များရွတ်ဆို၊ ဘုရားအမိန့်ပြန်တမ်းများ ရွတ်ဖတ်၊ တရားဟောဖြင့် ပလိပ်ရောဂါကင်းငြိမ်းရေး ဆောင်ရွက်ပေးတော်မူခဲ့သည်။ ဆရာတော်၏ လူသတ္တဝါများပေါ်ထားရှိသော မေတ္တာပါရမီ၊ ဆရာတော်၏ အကျင့်သီလ၊

> ရေတို့မည်သည်
> နိမ့်ရာသို့ စီးမြဲ၊
> သတ္တဝါတို့ စိတ်သည်
> မကောင်းရာသို့ တိမ်းညွတ်မြဲ၊
> ရေသည် အထက်ကို ဆန်ခဲ၊
> ကောင်းမှု၌ စိတ်သန်ရန်လည်း ဖြစ်ခဲ၊
> သတိကို ပြဋ္ဌာန်းသော စိတ်ဖြင့် တရား
> အားထုတ်ခြင်းသည် လူတို့၏စိတ်ကို ပိုင်စိုး
> စေ၏။ ဒုက္ခတို့ အေးငြိမ်းရာ ဖြစ်စေ၏။

ပါရမီ၊သစ္စာပါရမီတို့ဖြင့် လူအများ ဘေးဒုက္ခမှလွတ်မြောက်ခဲ့ကြသည်။

တစ်ညလျှင် ခဲတံတစ်ရာနှစ်ရာ ချွန်ထား၊စာရွက်များ စုပုံထား၊ လေးထောင့်ရေနံဆီပုံး မီးခွက်ကြီးဖြင့် တစ်ညလုံး စာရေးသည့်ဆရာတော်၊ ဘုရားဟောကျမ်းစာများ ညက်ညက်ကျေအောင် ဖတ်မှတ်ပြီးမှ လူပြိန်းနားလည်၊ တောသူတောင်သားတွေ နားလည်စေသည့် အရေးအသားဖြင့် ကမ္မဋ္ဌာန်းတရားအားထုတ်မှုနှင့် ဒီပနီများ ရေးသားခဲ့သည်။ မျက်စိကွယ်သည်အထိ စာရေးသားခဲ့သည့် ဆရာတော်ဖြစ်သည်။ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် နိုင်ငံခြားသာသနာပြုအသင်း တည်ထောင်ခဲ့သည်။ အင်္ဂလန်မှ အတွေးအခေါ်ပညာရှင် ဘာထရန်ရပ်ဆဲ ကပင် လယ်တီဆရာတော်ကြီးထံသို့ စာရေး၍ လျှောက်ထားမေးမြန်းခဲ့သည်။ ဗုဒ္ဓအဘိဓမ္မာများကို သာမန်လူတို့ သိလွယ်နားလည်လွယ်အောင် ရှင်းလင်းဖြေဆိုခဲ့သည်။

လယ်တီပဏ္ဍိတ၊ အနာဂါမ်ဆရာသက်တို့ဖြင့် စာပေနှင့် ဝိပဿနာပြန့်ပွားစေခဲ့သော ဆရာတော်လည်း ဖြစ်နေသည်။ဗုဒ္ဓကျေးဇူးဆပ်သည့် ဆရာတော်၏ ထူးခြားသော ဆောင်ရွက်ချက်မှာ မဟာသရဏဂုံတော်ကြီး ရေးဖွဲ့၍ လိုက်နာဆောင်ရွက်မှုပင်ဖြစ်သည်။ ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ မဟာသရဏဂုံတော်ကြီးကို (၅)လတိုင်တိုင် ရွတ်ဆိုပူဇော်ခဲ့သည်။ တစ်နေ့လျှင် အကြိမ်(၁၄၄၀၀)ဖြင့် (၅)လပြည့်သည့်အခါ အကြိမ်ပေါင်း

(၂၂)သန်းကျော် ပူဇော်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ဤမျှအဓိဋ္ဌာန် ပြင်းထန်ခဲ့သော ဆရာတော်၏ လုံ့လ၊ ဝီရိယ၊ ဉာဏ် ပညာတော်အား ကြည်ညို၍မဆုံးရှိရပါသည်။

"သာသနာနောက်ဖျား၊ ပေါက်ပွားကြဆူဆူ၊ ယောက်ျားပင်ါလိုလူ၊ ဗမ္ဗူမှာရှာစမ်း၊ အားလုံ့လအလံထူ၊ စံမတူထိုးတော့ ဥဒါန်း"ဟု စာဖွဲ့ကြွေးကြော်ခဲ့သော လယ်တီဆရာတော်ဦးဉာဏဓဇသည် တော်သလောက် ကျော်၍ ကျော်သလောက်တော်ခဲ့သည်။ အင်္ဂလိပ်အစိုးရ လက်ထက် (၁၉၁၁)ခုနှစ်တွင် ပထမဆုံးသော အဂ္ဂမဟာ ပဏ္ဍိတဘွဲ့နှင့် ဂုဏ်ထူးဆောင် စာပေပါရဂူ(ဒေါက်တာ ဘွဲ့)ကို ဆက်ကပ်လှူဒါန်းခံရသော ဆရာတော်ကြီးဖြစ် ခဲ့ပေသည်။

ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်စွမ်းအင်သတ္တိ တို့သည် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်တွင် အရှိန် တောက်လျှောက်ရှိနေဆဲဖြစ်သည်။ မျက်မှောက်ခေတ်ရှိ သက်ကြီးရွယ်အိုတို့သည် လယ်တီဆရာတော်ကြီး၏ နေ့ ခုနစ်နေ့ ဘုရားရှိခိုး၊ နွားမေတ္တာစာ၊ နွားသားမစားရေး၊ လယ်တီသံခိပ်၊ မဟာသရဏဂုံတော်ကြီး၊ လယ်တီ ဝိပဿနာ စသည်တို့ကို စွဲမှတ်ကြည်ညို သတိရနေကြဆဲ ဖြစ်သည်။မြို့လှ ရွှေမင်းဝံတောရ၏ လယ်တီမူတရားစခန်း တွင်လည်း သက်ရွယ်ကြီးရင့်သူ အများဆုံးဖြစ်သည်။ ဆရာတော်ကြီး ရေးသမျှ စာတို့သည်ပင် လူပြိန်းနားလည် စေ၊တောသူတောင်သားတွေ နားလည်စေသော ကမ္မဋ္ဌာန်း အားထုတ်နိုင်ရေး စာများပင်ဖြစ်ခဲ့သည်။

ရွှေမင်းဝံတောရကျောင်း ဆရာတော်ဦးရေဝတ သည်ပင် လယ်တီဆရာတော်ကြီး ခင်းခဲ့သော လမ်း အတိုင်း လျှောက်လှမ်းခဲ့ပေသည်။ မြို့လှမြို့ ဟောင်းဇာတိ၊ သာလဝတီကဗျာတောရကျောင်း ဆရာတော်ကြီး ဦးရေဝတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဖြစ်ခဲ့ သည်။ သက်တော် (၄၄)၊ ဝါတော် (၂၂)ဝါရှိပြီဖြစ်သည်။ တောရကျောင်းတွင်စာသင်၊ တောရကျောင်းတွင် ရဟန်း ဖြစ်၊ တောရတွင် သီတင်းသုံးသည်၊ တောရပျော်ဆရာ တော်ဖြစ်ခဲ့သည်။ ဗုဒ္ဓပေးသည့် အမွေအနှစ်တောရကို ချစ်မြတ်နိုးခဲ့သည်။

ပျဉ်းမနား လယ်တီစကျောင်းဆရာတော် ဦးအာစိဏ္ဏာဘိဝံသနှင့် ဦးဣန္ဒာဂုဏတို့ထံတွင် ပရိယတ္တိ စာပေသင်ကြား၍ ဝိပဿနာနည်းယူခဲ့သည်။ ထိုမှ ရန်ကုန်လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာတွင် နည်းယူ ကြိုးကုတ် အားထုတ်ခဲ့သည်။ လယ်တီဆရာတော်ကြီး၏ ပရိယတ်၊ ပဋိပတ် ကြိုးပမ်းအားထုတ်မှုကို ကြည်ညို အားကျခဲ့သည်။ ဆရာတော်ကြီးကဲ့သို့ နေတစ်စင်း၊ လ တစ်မင်းလို ထွန်းလင်းမှု မပေးနိုင်သော်မှ အမှောင်ည များတွင် ထွန်းလင်းသည့် ကြယ်တစ်ပွင့်ပမာ လယ်တီမူ လယ်တီနည်းကို လူအများ မြင်သာထင်သာစေချင်သည်။ ဆရာတော်ကြီး၏ဂုဏ်အား ရည်မြော်ကျေးဇူးဆပ်ခြင်း အပြင်၊မိမိဇာတိဒေသ ရပ်သူရွာသားများကိုလည်း လယ်တီ ဝိပဿနာနည်းဖြင့် တရားသိစေချင်ခဲ့သည်။ ကမ္မဋ္ဌာနာ စရိယတစ်ပါးအဖြစ် ဆောင်ရွက်နိုင်သည်အထိ ကြိုးစားမှု အောင်မြင်ခဲ့သည်။

ယခင်က ရွှေမင်းဝံတောရသည် ဆရာတော်



တရားစခန်းဝင်ကြသည်မှာ
အပူထဲကလာပြီး
အေးငြိမ်းတဲ့တရား
လာရှာခြင်းဖြစ်ကြောင်း၊
ရှုပ်နေသောနေရာမှ
ရှင်းနေသောနေရာသို့
လာခြင်းဖြစ်ကြောင်း၊
သီလလုံခြုံအောင် စောင့်ထိန်းပြီး
တရားအလုပ်
လုပ်နေသော ယောဂီသည်
ဖြူစင်မြင့်မြတ်နေကြောင်း
ဟောကြားသည်။

ဦးဥတ္တမမှစ၍ ဆရာတော်(၄)ဆက်တိုင် ရဟန်းတစ်ပါးချင်း တရားအားထုတ်သော တောရအဖြစ်ရှိခဲ့သည်။ တစ်ပါးနေကျောင်းကလေးများ ဟိုတစ်ကျောင်း၊ သည်တစ်ကျောင်းဖြင့် လူသူအရောက်နည်းသော တောရ၊ တရားမွေ့လျော်သော ရဟန်းတော်များနှင့် ကျေးငှက်တိရစ္ဆာန် တောကောင်များပျော်ရာ တောဖြစ်ခဲ့သည်။

တောရကျောင်း၏ ငါးဆက်မြောက် လက်ရှိဆရာတော်ဦးရေဝတလက်ထက်တွင် တစ်ပါးချင်းရဟန်းများ လာရောက်တရားအားထုတ်မှုသာမက လူအများတရားအားထုတ်နိုင်သော (၇)ရက်တရားစခန်း ဖွင့်လှစ်ပေးခဲ့ရာ (၇)ကြိမ်ရှိပြီ ဖြစ်ပေသည်။နှစ်စဉ် စုပေါင်း ဒုလ္လဘများသည်လည်း တရားစခန်းဝင်၍ တရားအားထုတ်ကြခြင်းဖြင့် သီလ၊ သမာဓိ၊ ပညာ သုံးပါးသော သိက္ခာဆောင် ရဟန်းများ ဖြစ်ခွင့်ရခဲ့ကြပေသည်။ နှစ်စဉ်တရားစခန်းတိုင်း ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်ယောဂီ တစ်ရာနီးပါး တရားစခန်းဝင်ခဲ့ကြသည်။

ရောက်သည့်နေ့မှာပင် သီလဆောက်တည်သီလစင်ကြယ်သော ယောဂီဖြစ်ရန် စောင့်ထိန်းကြရသည်။ နံနက် (၄)နာရီမှ ည(၁၀)နာရီအထိ တရားအလုပ်ချိန် (၁၀)ချိန်ရှိသည်။ ပထမနေ့တွင် လေကို ရှူသွင်းရှူထုတ် အမှုမဲ့ အမှတ်မဲ့သဘော၊ ဒုတိယနေ့တွင် ဝင်လေထွက်လေ၏ ပကတိသဘောကို သတိအမှတ်ဖြင့် စောင့်ကြည့်၊ တတိယနေ့တွင် ဝင်လေ ထွက်လေ၏ ထိချက်အတိုင်း မလွတ်တမ်းသိနေသော သမာဓိအခြေတည်၊ စတုတ္ထနေ့တွင် အရောင်အဆင်း အလင်းနိမိတ်တို့၏သဘောမြင်။ ပါရမီနည်း၊ သမာဓိကျဲသူများအတွက် အဖြူရောင်စက်ဝိုင်းကလေး၏ အဝန်းအဝိုင်းမှ မလွတ်စေသော ကသိဏ်းရှုနည်းဖြင့်ရှု၊ နိမိတ်မြင်ခန္ဓာတွင် တရားကို ရှုမှတ်။ ပဉ္စမနေ့၊ ဆဋ္ဌမနေ့တွင် ဝိပဿနာသို့ကူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တစ်ပါးပါးတင်၍ရှု။ ငယ်ထိပ်မှခြေဖျား၊ ခြေဖျားမှ ငယ်ထိပ် အစဉ်လိုက် ရှုမှတ်။ ရုပ်နာမ်၏ ပကတိသဘော၊ ဖြစ်ပေါ်မှုတစ်ခုမှအစပြု ပြောင်းလဲမှုကိုရှုမှတ်၊ သတ္တမနေ့တွင် ဖြစ်ခြင်း၊ ပြောင်းလဲခြင်း၊ပျက်ခြင်းကို ခွဲခြားသိမြင်လာသော ဝိပဿနာရှုနည်းပင်ဖြစ်သည်။ လျောင်း၊ ထိုင်၊ ရပ်၊သွားအားလုံးသော အမူအရာများတွင် တရားရှုမှတ်၍ရကြောင်း လက်တွေ့သိရှိစေသည်။ ယောဂီစစ်တမ်း၊ တရားစစ်ချက်မှတ်တမ်းက ယောဂီများ၏ တိုးတက်မှုအခြေအနေ၊ တရားစခန်း၏ အနေအထားကို သိရှိစေသည်။

ညစဉ်တရားပွဲသို့ ယောဂီများသာမက အနီးအပါးကျေးရွာများမှ တရားနာ ရောက်လာကြသည်။အနီးအပါးဆိုသော်လည်း တစ်မိုင်ကျော် နှစ်မိုင်နီးပါးခန့်ဝေးသော ကျေးရွာများမှ လာရခြင်းဖြစ်သည်။ လယ်တီဆရာတော်ကြီး၏ သာသနာအတွက် အားထုတ်ကြိုးပမ်း စွမ်းဆောင်မှုဂုဏ်ရည်၊ဆရာတော်ကြီး တရားအားထုတ်သည့် လယ်တီဝိပဿနာ။ တရားစခန်းဝင်ကြသည်မှာ အပူထဲကလာပြီး အေးငြိမ်းတဲ့တရား လာရှာခြင်းဖြစ်ကြောင်း၊ ရှုပ်နေသောနေရာမှ ရှင်းနေသောနေရာသို့ လာခြင်းဖြစ်ကြောင်း၊ သီလလုံခြုံအောင် စောင့်ထိန်းပြီး တရားအလုပ် လုပ်နေသော ယောဂီသည် ဖြူစင်မြင့်မြတ်နေကြောင်း ဟောကြားသည်။ တစ်ညတွင်မူ ရွာသို့ ဘိုးတော်ဆရာရောက်လာ၍ ယောဂီတချို့ ပျောက်သွားကြောင်း၊ ကိုယ့်လောက်သီလလုံအောင် မစောင့်နိုင်၊ နာမည်ပျက်သတင်းပျက်နေသော သူကို ဘိုးတော်ခေါ်၍ ကန်တော့ကြမည်လား။ အကိုးကွယ်မှား၍ ဒုက္ခများကြသော နောက်ကြောင်းသတင်းများကို ဆန်းစစ်သင့်ကြောင်း၊ အရာရာကို အသိဉာဏ်ပညာဖြင့် ခွဲခြားဝေဖန်ကြစေလိုကြောင်း၊ ဘိုးတော်မ၍ ကြီးပွားချမ်းသာခြင်းမဟုတ်၊ မိမိအားထုတ်ကြိုးပမ်း အလုပ်လုပ်၍ ချမ်းသာခြင်းဖြစ်ကြောင်း ဘုရားဟောသော လောကီကြီးပွားချမ်းသာကြောင်း တရားလေးပါးကို ဟောကြားခဲ့ပေသည်။ အမှားကိုမြင် အမှန်ကို သိစေချင်သော ရဟန်းတော်တစ်ပါး၏ စေတနာမေတ္တာကို သိရှိခွင့်ရလိုက်ပါသည်။

ရေတို့မည်သည် နိမ့်ရာသို့ စီးမြဲ၊ သတ္တဝါတို့စိတ်သည် မကောင်းရာသို့ တိမ်းညွတ်မြဲ၊ ရေသည် အထက်ကိုဆန်ခဲ၊ ကောင်းမှု၌ စိတ်သန်ရန်လည်း ဖြစ် ခဲ၊ သတိကိုပြဋ္ဌာန်းသော စိတ်ဖြင့် တရားအားထုတ်ခြင်း သည်လူတို့၏စိတ်ကို ပိုင်စိုးစေ၏။ ဒုက္ခတို့ အေးငြိမ်းရာဖြစ်စေ၏။ မိမိတို့ ဖြစ်ခဲ့သော လူ့ဘဝ၊ ကြုံနေရသော ဘုရားသာသနာတွင် လူဖြစ်ရကျိုးနပ်ကြစေချင်သည်။ ပူလောင်ပြင်းပြသော လူ့ဘဝတွင် တရားဓမ္မဖြင့် အနှစ်သာရရှိကြစေချင်၍ လယ်တီဆရာတော်ကြီး၏ မူအတိုင်း တရားစခန်းဖွင့်လှစ်ပေးခဲ့သည်ဟု ဆရာတော်က မိန့်ကြားသည်။

တရားထိုင်ရန် သတိပေး နာရီမောင်းသံကြား

သည်နှင့် တစ်ပါးနေကျောင်းကလေးများ၊ သိမ်ကျောင်း ဘုရားများဆီမှ ရဟန်းယောဂီ၊ အမျိုးသားယောဂီများ တဖြည်းဖြည်း ဆင်းသက်လာသည်။ နေဖြစ်ရုံမျှ ဆောက်ထားသော တဲကလေးများဆီမှ အမျိုးသမီးယောဂီများ တောင်ကုန်းပေါ်သို့ တရွေ့ရွေ့တက်လာကြသည်။ ခါးကုန်းနေသူ၊ တောင်ဝှေးထောက်ရသူ၊ သက်ကြီးရွယ်အို ယောဂီတို့ကမူ ဇရာကို အကြောက်အကန်ပြု၍ တရား ရှုမှတ်ကြသည်။ ကျောင်းရှေ့ သဲလွင်ပြင်တွင် ဆုံစည်းကြသည့်အခါ ရဟန်းယောဂီများက ဦးဆောင်၍ ကျောင်းပေါ်သို့ တက်ကြသည်။အကုသိုလ်ကပ်ငြိမှုကင်း၊ ကုသိုလ်စိတ်ဖြင့် ရှင်းသန့်ကြည်လင်နေသော ယောဂီများ၏ အသွင်အပြင်သည် အေးငြိမ်း၍ နေပေသည်။

တရားမထိုင်မီ ရတနာသုံးပါး၊ အနန္တငါးပါးကို ကန်တော့ကြသည်။ (၃၁)ဘုံ ကျင်လည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့အား မေတ္တာပို့ကြသည်။ ဘဝအဆက်ဆက်မှ ယနေ့တိုင် ပြုခဲ့ဖူးသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှဝေ၊ သာဓု ခေါ်ကြသည်။ ကြည်လင်ငြိမ်းချမ်းနေသော ယောဂီတို့သည် မိမိတို့ ခန္ဓာကိုယ်အား ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ကြသည်။ နွေလေက တောတောင်များကို ဖြတ်သန်း၊ တောပန်းရနံ့ကို သယ်ဆောင်၊ ယောဂီတရားဆောင်တွင် အေးမြ မွှေးပျံ့နေသည်။ အေးသော မွှေးသော အသိ၊ သတိ၊ အဝေးမှချိုးကူသံသဲ့သဲ့၊ ကျောင်းခေါင်မိုးပေါ်မှ လိပ်ပြာအင်ကြင်းသီးတို့ တဖေါက်ဖေါက်ကျသံ၊ကြားသော အသိ–သတိ၊အမှတ်ကျဲသော်လည်း ဖြစ်သော၊ ပြောင်းလဲသော၊ ပြီးသွားသော သတိအမှတ်များ၊ ခန္ဓာ၏ ပကတိ တည်ရှိမှုနှင့် ဝေဒနာဖြစ်မှုများကို ဉာဏ်အမြင်ဖြင့် ယောဂီများ ရှုမြင်နေကြသည်။

ကျေးလက်တရားစခန်းကလေးမှာ တောတောင် လျှိုမြောင်အတွင်း တရားဓမ္မသဘာဝတို့ဖြင့် အေးငြိမ်း လျက်ရှိနေသည်။ ရွှေမင်းဝံတောရ လယ်တီမူ ဝိပဿနာ တရားစခန်းသည် အညာနွေရက်များတွင် စိမ်းစိမ်းလန်းလန်း ငြိမ်းငြိမ်းချမ်းချမ်း ရှိနေပါတော့သည်။

□ **မြင့်ဥမ္မာခင်လေး**



## နှလုံးသွေးရောင်မျိုး (၆)ပါး

၁။ ရာဂစရိုက် ထူပြောသူ၏ နှလုံးသွေးရည်သည် ချိပ်ရည်ကဲ့သို့ နီမောင်းသော အရောင်ရှိ၏။

၂။ ဒေါသစရိုက် ထူပြောသူ၏ နှလုံးသွေးသည် ထောက်ရှာသီးမှည့်ကဲ့သို့ မည်းနက်သော အဆင်းရှိ၏။

၃။ မောဟစရိုက် ထူပြောသူ၏ နှလုံးသွေးသည် ဟင်းလျာဆေးရည်ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏။

၄။ ဝိတက်စရိုက် ထူပြောသူ၏ နှလုံးသွေးသည် မဖြူမည်း ပဲစင်ငုံအဆင်းကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏။

၅။ သဒ္ဓါစရိုက် ထူပြောသူ၏ နှလုံးသွေးသည် မဟာလှေကားပန်းအဆင်းကဲ့သို့ ဝါဝင်း ကြည်လင်သော အဆင်းရှိ၏။

၆။ ပညာစရိုက်ထူပြောသူ၏ နှလုံးသွေးသည် ပွတ် သစ်စပတ္တမြားကဲ့သို့ သန့်ရှင်းစင်ကြယ်သော အရောင်အဆင်းရှိ၏။



သုခမှတ်စုမှ-


အရှင်ဉာဏောဘာသ

"ဒကာ ဦးမောင်မောင် ကြည်လား။ လာ၊ လာ ဟောဒီမှာ စာလေးတစ်စောင် ပြရဦးမယ်"

"ဘယ်က စာပါလဲဘုရား"

"ဝနဝါသီ အရှင်ဉာဏ၊ တောင်ပုလုတောရ (တယ်လီဖုန်းရုံး မှ)၊ ပျဉ်းမနားမြို့တဲ့"

"တပည့်တော်သိရအောင် ဖတ်ပြပါဦးဘုရား"

"အရှင်ဉာဏောဘာသ ဆရာတော်ဘုရား။ ဘုရားတပည့် တော် ဆရာတော်ရေးသားသော 'ပိဋကပါတ်ရတင်ဆိုတာ' ဖတ်ရ၍ များစွာ အသိတိုးရပါသည်။ နောက် ကျန်သော ရတင်များကိုလည်း ဆက် လက်ရေးသားပြီး အသိဉာဏ်တိုး အောင် အများအား စွမ်းဆောင်ပေး ပါရန် ရိုသေစွာ လျှောက်ထားပါ သည် အရှင်ဘုရား။

တပည့်တော်ရဲ့ဘွဲ့ကတော့ အရှင်ဉာဏဖြစ်ပြီး ရှမ်းပြည်နယ်မှာ ရဟန်းဖြစ်တစ်ဝါကို ရိပ်သာတစ်ခု နှန်းနဲ့ မဟာစည်၊ ချမ်းမြေ့မဟာစည် နဲ့ တောရတိုက်တွေသွားပြီး နေပါ တယ်ဘုရား။ နောက် ကမ္ဘာအေးမှာ ဖွင့်တဲ့ ဝိသုဒ္ဓိမဂ် သင်တန်းတက်ပြီး နောက်တောရ ဆောက်တည်တာပါ ပဲ ဘုရား။

တပည့်တော်အတွက် အရှင် ဘုရားရဲ့ စာတွေဟာ ပိုမိုပြတ်သား တဲ့ လုပ်ဆောင်ချက်များကို မီး မောင်းထိုးပြသလို ခံစားရပါတယ် ဘုရား။ဆရာတော်လည်း ကိုယ်စိတ် ချမ်းမြေ့ပါစေတဲ့"

"အရှင်ဘုရားဆီ လိပ်စာ မမှန်လို့ အခုမှ ရောက်လာတာလား ဘုရား"

"လိပ်စာကတော့ ဆောင်းပါးထဲပါတဲ့အတိုင်း ရေးထည့်လိုက် တာဆိုတော့ ရောက်ပါတယ်။ဦးပဥ္စင်း ဆီရောက်နေတာ အတော်ကြာပါပြီ။ ဘယ်စာအုပ်ကြား ညှပ်လိုက်မိမှန်း မသိလို့။ အခုမှ တွေ့တာနဲ့ ဒကာ့ ကို ပြရတာ"

"စာဖတ်သူတွေကတော့ အရှင်ဘုရားစာတွေဖတ်ပြီး အသိ ဉာဏ်တွေ တိုးလို့ အကျင့်ထူးတွေ ကျင့်နိုင်အောင် ကြိုးစားနေကြပြီ ထင်ပါရဲ့။ အရှင်ဘုရားမှာသာ ..."

"ပြောတော့ ဒကာရေ။ 'တောခိုချင်စိတ်ကယ်နဲ့ သပိတ်ကို တဲ့လွယ်၊သားရေနွယ်ရှာတုန်း၊ချောင် အနီးမှာလ မောင်ကြီးတစ္ဆေကိုက် လိမ့်မယ်ကွယ်၊ မင်းလိုက်ခဲ့ဦး။'ဆိုတဲ့ စာချိုးကလေးလိုပါပဲ ဒကာရယ်"

"ထားပါတော့ဘုရား၊ ဒီနေ့ ဘယ်ရတင်ဆွေးနွေးမှာပါလဲဘုရား"

"အဗ္ဘောကာသိကရတင်၊ လွင်တီးခေါင်မှာနေတဲ့ အကျင့်ကို ဆွေးနွေးမှာပါ။"

"လွင်တီးခေါင်ဆိုတာ ဘယ် လိုနေရာလဲ အရှင်ဘုရား"

"လွင်တီးခေါင်ဆိုတာကို ဒကာတို့လူတွေက နားမလည် မသိ ကြပေမယ့် ဦးပဥ္စင်းတို့ ရဟန်းတော် များကတော့ နားလည်သိရှိကြပါ တယ်။ ပါဠိလို အဗ္ဘောကာသိက၊ မြန်မာလို လွင်တီးခေါင်ဆိုတာ အရိပ် အာဝါသဆိုတဲ့ သစ်ပင် ကျောင်း အမိုး အကာ ဘာမျှမရှိတဲ့ ကွင်းပြင်ကျယ် ကို ပြောတာပါ။ ချုံပုတ်တို့၊ မြက်ပင် ရှည်တို့လောက်တော့ ရှိတာပေါ့ ဒကာရယ်"

"ဟင်...အဲသလိုဆိုရင် ဒီ ရတင်ကိုကျင့်တဲ့ ကိုယ်တော်ဟာ အရှင်ဘုရားတို့ ပြောပြောနေတဲ့ အတ္တကိလမထာ နုယောဂအကျင့်ထဲ ပါမသွားဘူးလားဘုရား"

"မပါပါဘူး ဒကာရဲ့။ ဒီ အကြောင်း ဆွေးနွေးပြီးရင် ဒကာ သဘောပေါက်သွားမှာပါ။ ဒီအဗ္ဘော ကာသိကရတင်ကို ဆောက်တည် တော့မယ်ဆိုရင် 'အမိုးကိုလည်း ကောင်း၊သစ်ပင်ရင်းကိုလည်းကောင်း ပယ်ပါ၏။ လွင်တီးခေါင်၌နေခြင်း ကျင့်ဝတ်အင်္ဂါကို ဆောက်တည်ပါ ၏'လို့ဆိုတဲ့ စကားနှစ်ခွန်းမှာ တစ် မျိုးမျိုးနဲ့ ဆောက်တည်ရမယ်တဲ့"

"ဒီရတင်ကိုဆောက်တည် ထားတဲ့ ရဟန်းဟာ အမိုးအကာရှိ တဲ့ အဆောက်အအုံအောက်ကို မဝင်ရတော့ဘူးလို့ ဆိုလိုတာလား ဘုရား"

"ဦးပဥ္စင်းကြားဖူးတဲ့ အချို့ ဆရာတော်ကြီးများကတော့ ဒီအဗ္ဘော ကာသိကရတင်ကို ညအခါဆောက် တည်လေ့ရှိတယ်လို့ ဆိုတယ်။ရှေး တုန်းက အင်္ဂလိပ်အုပ်ချုပ်ဆဲ ပုဂ္ဂိုလ်တို့ ရဲ့ အလိုအရကတော့ အရုဏ်တက် ချိန်မှာ အမိုးအောက်၊သစ်ပင်အောက် မှာ ရှိနေရင် ရတင်ပျက်တယ်လို့ ယူဆကြတော့၊နေ့အခါ အမိုးအကာ သစ်ပင်အောက်မှာနေလို့ ရတယ်လို့ ယူရမယ် ထင်ပါတယ်။ ဒါပေမယ့် ဝိသုဒ္ဓိမဂ်မှာ ပြထားတာကတော့ တရားနာခြင်း၊ ဥပုသ်ပြုခြင်းအတွက် အမိုးအောက်ကို ဝင်ခြင်းငှာ အပ် တယ်လို့ ဆိုပါတယ်။ ဟိုတုန်းက အများအားဖြင့် တရားနာတာ၊ဥပုသ် ပြုတာကလည်း ညအခါမှာ ပြုလေ့ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရပ်ဝေးသံဃာကို စောင့်ဆိုင်းကြရ လို့ပါ။ တရားနာစဉ်၊ ဥပုသ်ပြုနေစဉ် မိုးရွာခဲ့ရင် မိုးစဲမှ ထွက်လျှင်လည်း

**အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သောသူနှင့် လျောက်ပတ်ရလွယ်သော ကြယ်တာရာပတ္တမြားတို့ဖြင့် စီခြယ်ထားအပ်သော အမိုးမျက်နှာကြက်ရှိသော လမင်းတည်းဟူသော ဓာတ်မီးဖြင့် ကြည်လင်အေးမြစွာ ထွန်းလင်းသော လွင်တီးခေါင်၌ တောသမင်တို့ကဲ့သို့ ဖြစ်ပေါ်လာသော. . . .**

အပ်တယ်တဲ့”

“တပည့်တော်တော့ သိပ် သဘောမပေါက်ဘူးဘုရား”

“ဒကာ သဘောမပေါက်ရင် ပုဂ္ဂိုလ်သုံးမျိုးခွဲကြည့်ရအောင်။ဥတ္တမ ပုဂ္ဂိုလ်ကတော့ အမြတ်ဆုံး၊ အပြင်း ဆုံးကျင့်တဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့ သစ်ပင်၊ တောင်၊ အိမ်တို့ကို မှီ၍ နေခြင်းငှာ မအပ်ဘူးလို့ ဆိုထားပါ တယ်။ လွင်ပြင်မှာ သင်္ခမ်းကျောင်း ကလေးပြုလုပ်ပြီး နေသင့်တယ်တဲ့။

မၛ္ဈိမပုဂ္ဂိုလ်ကတော့ သစ်ပင်၊ တောင်ခေါင်း၊ ကျောင်းတို့ကို အမှီပြု၍ သစ်ပင်ရင်း၊ တောင်ဝှမ်း တောင်ခေါင်း၊ ကျောင်းတွင်းသို့ မဝင် ဘဲနေခြင်းငှာ အပ်တယ်လို့ဆိုပါ တယ်။ မုဒု ပုဂ္ဂိုလ်ကတော့ မိုးရေ မဝင်အောင် အထက်က အမိုးလိုရှိ နေတဲ့ တောင်ဝှမ်း၊ သစ်ခက်ကြဲကြဲ မိုးထားတဲ့ မဏ္ဍပ်၊ လယ်စောင့်တို့ စွန့်ပစ်ထားခဲ့တဲ့ တဲဆိုးများ အပ်တယ် လို့ ဆိုပါတယ်။တောရစုတင်ဆောက် တည်သလို ဆောက်တည်ရင်ရတယ် လို့ ယူဆစရာရှိပါတယ်”

“နေအလွန်ပူနေတဲ့ နေ့ လယ်ချိန်၊ မိုးသည်းထန်ရွာနေချိန် တွေဆိုရင် တယ်မလွယ်ပါဘူးဘုရား”

“နေပူနေချိန်မှာ သင်္ကန်း ကို အမိုးလုပ်ပြီး နေနိုင်တယ်လေ။ အဲသလို မလုပ်ဖြစ်ရင်လည်း သစ်ပင် အောက်၊တောင်အောက်ကို မဝင်ဘဲ အရိပ်ကျရာနေရာမှာ နေလို့ရပါ တယ်။ ရှမ်းပြည်နယ်အင်းလေးဒေသ မှာ တစ်ချိန်က ရွှေဥဒေါင်းတောင် ဆရာတော်ဆိုတာ ပေါ်ထွန်းခဲ့ဖူးတယ်။ အဲဒီဆရာတော်ကတော့ နေ့အခါ သာမန်ပဲ ကျောင်းထဲမှာနေပြီးတော့ ညအချိန် လူသူတိတ်ဆိတ်မှ အဗ္ဘော ကာသိကဓုတင်၊ သုသာန်ဓုတင် ဆောင်တဲ့အနေနဲ့ သုသာန်အလယ် မှာ သွားနေသတဲ့။ ရှမ်းပြည်နယ် ဆိုတာက မိုးအလွန်းသည်းထန်တဲ့ ဒေသမဟုတ်လား။ ဆရာတော်ဟာ သင်္ကန်းတွေ ရေစိုပြီး ခဏခဏ ငှက် ဖျားရောဂါဖြစ်နေလေတော့ တစ်မျိုး ကြံစည်စဉ်းစားတယ်။ အဲဒါကတော့ သင်္ကန်းရဲ့ အပြင်ဘက်ကို သစ်စေး အပြည့်သုတ်ထားလိုက်ပြီး အတွင်း ဘက်ကနေ ခြုံရုံလို့ သုသာန်ကွင်း လယ်ကောင်မှာ ထိုင်နေသတဲ့။ သစ် စေးကြောင့် မိုးရေဟာ သင်္ကန်း အတွင်းဘက်ကို မဝင်နိုင်တော့ဘူး။ အတွင်းမှာ နွေးနေတယ်တဲ့။ လျှပ်စီး လက်လို့ လျှပ်တစ်ပြက်တွေ့မြင်လိုက် ရတဲ့အခါ သစ်ငုတ်တိုမဲမဲကြီးလိုပဲ တဲ့။ ရွှေဥဒေါင်းတောင်ဆရာတော်ရဲ့ အတ္ထုပ္ပတ္တိမှာ ဖတ်ရဖူးတယ်”

“မှန်ပါ၊ အဲသလိုဆိုရင် တော့ ဟုတ်သားပဲကိုးဘုရား။ ဆရာ တော်က ကြံစည်စဉ်းစားတတ်လို့ သာကိုး”

“ဒီလိုပဲ ကြံစည်စဉ်းစားကြ ရတာပဲ ဒကာရဲ့။ ဓုတင်အကျင့်ဆို တာ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်း ငြိမ်းအေးအေးနဲ့ တရားကျင့်နိုင်ဖို့ ကျင့်နေတာမဟုတ်လား။ တရား အမှန်မသိ လူအထင်ကြီးအောင် ပေပြီး ကျင့်ရတဲ့အကျင့်၊ကိုယ်ကိုတမင် ညှဉ်းဆဲပြီး ကျင့်ရတဲ့အကျင့်မှမဟုတ် ဘဲ၊ သပ္ပါယဖြစ်ပြီး နေကောင်းထိုင် သာနဲ့ စိတ်ကြည်လင်ငြိမ်းအေးပြီး သောမနဿပီတိနဲ့ ကျင့်ရမှာ”

“ဒါဆို ရဟန်းတော်များ ဟာ ဓုတင်အကျင့်တွေကို ကျင့်တဲ့ အခါ စိတ်ထဲမှာ ပျော်နေတာပေါ့ နော်”

“ဒီဒကာ ဘယ်လိုများ ပြော လိုက်ပါလိမ့်။ စိတ်ပျော်တယ် မပျော် ဘူးဆိုတာထက် စိတ်ကျေနပ်မှုရှိ တယ်။ဒီ၌တွေ့မြင်ရတဲ့ ရဟန်းတရား ရဲ့ သန္ဒိဋ္ဌိကဂုဏ်အပေါ် ယုံကြည်ပြီး စိတ်ကျေနပ်မှု ရှိတယ်လို့ ဆိုရမယ် ဒကာရဲ့။ မာရသံယုတ်မှာ မြတ်စွာ ဘုရား သီလဝတီခေါ်တဲ့ တောင် ချောက်ကြားမှာ သီတင်းသုံးနေ တော်မူတော့ ရဟန်းများဟာ မြတ်စွာ ဘုရားနှင့် မနီးမဝေးဌာနတွေမှာ ကိုယ်စီကိုယ်စီ မမေ့မလျော့၊မပူမပင်

တရားအလုပ်လုပ်နေကြတယ်။ ဒီ အခါမှာ မာရ်နတ်က ပုဏ္ဏားအသွင် ဖန်ဆင်းပြီး ရဟန်းများကို စကား ဆိုတယ်။

"အရှင်ဘုရားတို့၊ အရှင် ဘုရားတို့ဟာ ပျိုမျစ်နုနယ် ငယ်ရွယ် စဉ် ရဟန်းပြုလာကြတော့ ကာမ ဂုဏ်ချမ်းသာကို ပျော်ရွှင်စွာမခံစား ဖူးကြဘူး။ အခုအရှင်ဘုရားတို့ ဒိဋ္ဌ တွေ့ကြုံနေရဆဲ လူ့ကာမဂုဏ်ကို ခံစားကြပါဦး။ စောင့်ဆိုင်းမျှော်လင့် ရတဲ့ အနာဂတ်ကာလဆိုတဲ့ နတ် ကာမဂုဏ်ကို စိတ်ပြေးသွား၍ မနေ ကြပါလင့်တဲ့။ ဆိုလိုတာက နတ် ကာမဂုဏ်ကို မျှော်လင့်ပြီး မပျော်ဘဲ တရားကျင့်မနေကြပါနဲ့လို့ ဆိုလို တာ"

"ဩ ..မာရ်နတ်ကြီးက ရဟန်းတွေ တရားကျင့်နေတာ နတ် ပြည်ရောက်ချင်လို့ ကျင့်နေတာလို့ ထင်နေသကိုး။ ဟုတ်လားဘုရား"

"အင်း ..ဒကာပြောသလို ဆိုလို့လည်း ရပါတယ်။ အမှန်တော့ မာရ်နတ်ကြီးက သိလျက်နဲ့ တမင် ကာမဂုဏ်နဲ့ ဆွယ်နေတာပါ။ အဲဒါ ကြောင့် ရဟန်းများက ပြန်ပြော တယ်။ 'အို ..ပုဏ္ဏား၊ ငါတို့က ဒိဋ္ဌ တွေ့ကြုံနေရဆဲ လူ့ကာမဂုဏ်ကို စွန့်ပြီး စောင့်ဆိုင်းမျှော်လင့်ရတဲ့ အနာ ဂတ် နတ်ကာမဂုဏ်ကို လိုချင်လို့ တရားကျင့်နေတာ မဟုတ်ပါဘူး။ ယခုမျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရ တဲ့ သာမညဖလရဟန်းအဖြစ်နဲ့ အကျိုးအဆီကိုသာလျှင် စိတ်ပြေး သွားသက်ဝင်ပြီး နေကြပါတယ်။ ရဟန်းအဖြစ်နဲ့ အကျိုးအဆီကို စိတ် ကျေနပ်စွာနဲ့ သုံးဆောင်နေကြပါ တယ်'လို့ ပြန်ပြောလိုက်တယ်"

"ဒီ အဗ္ဗောကာသိစုတင်မှာ လည်း ထူးခြားတဲ့ ရဟန်းတရား အသိ အကျိုးထူးတရားတွေ ရှိတယ် ဆိုပါတော့"

"ရှိတာပေါ့ ဒကာရဲ့။ ဒီ အဗ္ဗောကာသိစုတင်ဆိုတဲ့ လွင်တီး ခေါင်မှာနေတဲ့ ရဟန်းမှာ အာဝါသ ပလိဗောဓခေါ်တဲ့ ကျောင်းအရိပ် အာဝါသအပေါ်မှာ ကြောင့်ကြစိုက် စရာ မလိုတော့လို့ စိတ်မပင်ပန်းရ ဘူး။ အမိုးအကာမရှိတဲ့ အတွက် တရားအလုပ်လုပ်ရာမှာ အိပ်ချင်၊ ငိုက်ချင်တဲ့ ထိနမိဒ္ဓကို အလိုလိုပယ် ဖျောက်ပြီး ဖြစ်နေတယ်။ သားသမင် တို့ကဲ့သို့ ငြိကပ်တွယ်တာခြင်းမရှိဘဲ နေကြတယ်လို့ ချီးမွမ်းခံရတဲ့ဂုဏ်နှင့် ပြည့်စုံတယ်။ အရပ်လေးမျက်နှာကို အပိတ်အပင်မရှိ သွားလာနိုင်တယ်။ အလိုနည်းတယ်စတဲ့ ဂုဏ်ကျေးဇူး တွေ ရှိပါတယ်"

"ဒီစုတင်အကျင့်ကို ကျင့် နေရတဲ့အခါ အမိုးအကာအောက်ကို ဟို စာသင်စာချကိစ္စရယ်၊ ဥပုသ်ပြု တာရယ်၊ ဒီလို ကိစ္စရှိရင်တော့ ဝင် လို့ရတယ်၊ ဟုတ်လားဘုရား"

"အင်း..ဟုတ်ပါတယ်။စာ သင် စာချကိစ္စရှိရင်လည်း ဝင်လို့ရ ပါတယ်"

"အဲ ..တရားနာတာရယ် နော် ဘုရား။ အဲဒီကိစ္စတွေရှိမှ ဝင် ရမှာလား။တခြားအချိန်တွေမှာရော ဝင်လို့ မရတော့ဘူးလားဘုရား"

"အကြောင်းကိစ္စများစွာရှိ သေးတာပေါ့ ဒကာရယ်။ ကျောင်း တိုက်များမှာဆိုရင် သံဃကိစ္စများ ဖြစ်တဲ့ ဆွမ်းစားကျောင်းကိစ္စ၊ မီး တင်းကုပ်ကိစ္စတွေမှာ နိစ္စဘတ် တာဝန်တွေရှိတယ်။အဲဒီနိစ္စဘတ်များ

---

**အတ္တကိလမထ နုယောဂအကျင့်က ခန္ဓာကိုယ်ကို ပင်ပန်းအောင်နှိပ်စက်တယ်။ ကိုယ်ပင်ပန်းစိတ်ပင်ပန်းရှိလို့ ကာမရောဂါမထကြွတာကို ကိလေသာငြိမ်းတယ်လို့ ယူဆတာ။ ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ တရားကျင့်တာက ခန္ဓာကိုယ်ကို မနှိပ်စက်ဘူး။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းမရှိဘူး။ . . . . . .**

---

အတွက် ပြုလုပ်ဖို့ ဝင်လို့ရပါတယ်။ မထေရ်ကြီးကို ဆွမ်းစားပင့်ချင်လို့ သံဃိက ပစ္စည်းများဖြစ်တဲ့ ညောင် စောင်းခုတင်စတဲ့ ပစ္စည်းများ အထဲ သွင်းချင်လို့၊ ဒီလိုကိစ္စတွေမှာလည်း အမိုးအောက်ကို ဝင်ခွင့်ရှိပါတယ်။ ခရီးသွားရင်း လမ်းမှာမိုးမိတဲ့အခါ ကိုယ်က ဆရာသမား ထေရ်ကြီးဝါ ကြီးများရဲ့ ပရိက္ခရာကို ယူဆောင်ခဲ့ တဲ့အခါ ဒီပရိက္ခရာတွေ မိုးစိုမှာစိုး လို့ လမ်းဘေးဇရပ်စတာတွေမှာ ဝင် နိုင်ပါတယ်။ အဲ ..ဒါပေမယ့် ကိုယ် တစ်ပါးတည်း ခရီးသွားတဲ့အခါ တခြား မထေရ်ကြီးတို့ရဲ့ ပရိက္ခရာလည်း မပါဘူးဆိုလို့ရှိရင်တော့ လမ်းမှာ မိုးမိ မှာစိုးလို့ အမြန်ပြေးသွားပြီး ဇရပ် စတဲ့ အမိုးအောက်ဝင်ခြင်းငှာ မအပ် ဘူးလို့ ဆိုထားတယ်။ ပကတိ သွား မြဲသွားပြီး ဝင်ရမယ်တဲ့။ အဲဒီဇရပ်

စတဲ့အောက်မှာ မထိုင်ရဘူး။ မိုးစဲအောင် ရပ်နေရမယ်။ မိုးစဲလျှင် ထွက်ခွာပြီး ဆက်သွားပါတဲ့"

"ရဟန်းတော်များရဲ့ ခုတင်အကျင့်တွေဟာ အတော်သိမ်မွေ့တာပဲ။ လောကလူသားတို့ရဲ့ အသိအမြင်နဲ့ တခြားစီပါပဲဘုရား"

"ဟုတ်တယ်၊ အဲဒါကြောင့်လည်း တချို့ဒကာ၊ ဒကာမတွေဟာ အတွင်းဝင်မကြည့်ကြဘဲအသွင်မြင်ကာမျှနဲ့ ကြည်ညိုကြတာ များပါတယ်။ နည်းနည်းလေးကျင့်ပြပြီး များများပြောတာကိုလည်း ယုံတတ်ကြတယ်။ အဲဒါကြောင့် သာသနာတော်မှာ သဒ္ဓါသက်သက်ချည်းပဲ မကြည်ညိုကြဘဲ၊ ပညာနဲ့ချင့်ပြီး ကြည်ညိုရမယ်လို့ ဆိုတာပေါ့ဒကာရဲ့"

"မှန်ပါဘုရား။အဲဒါကြောင့်ပဲ ထင်ပါရဲ့။ အယောင်ဆောင်ပုဂ္ဂိုလ်များဟာ လူအများမြင်အောင်၊ လူအထင်ကြီးအောင် ကွင်းလယ်မှာနေပြ၊ နေပူမှာနေပြကြပေမယ့် ပြောင်ပြောင်ရောင်ရောင် ဝဝဖြိုးဖြိုးဖြစ်နေကြတယ်။ အရှင်ဘုရားပြောသလိုဆိုရင် ဆင်ခြင်ဉာဏ်နဲ့ နှိုင်းဆကြည့်သိတော့မှာပေါ့၊ ဟုတ်လားဘုရား"

"ဒကာရေ၊တကယ်တရားအလုပ်လုပ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အနည်းနဲ့အများတော့ ခန္ဓာကိုယ်ကြုံလှီသွားတတ်ကြပါတယ်။ ဘာလို့လဲဆိုတော့ အာဟာရကို မျှတရုံစားတယ်။ အိပ်ချိန်၊အပန်းဖြေချိန်နည်းတယ်။ သို့သော်လည်း တရားရဲ့ စောင့်ရှောက်မှုကြောင့် ကိုယ်ရေအဆင်းကြည်လင်တယ်။ စိတ်ရွှင်လန်း၊ ကိုယ်ကျန်းမာရှိတယ်။ ဒီအဗ္ဘောကာသိစုတင်ကို ဆောက်တည်ရာမှာလည်း ညအခါ လေးစိမ်းတိုက်ခံရလို့ နံနက်လင်းတဲ့အခါ ကိုယ်လက်တောင့်တင်းမှုတွေ ဖြစ်ပေါ်စေတတ်ပါတယ်။ အဲဒါကြောင့် ဒုက္ကဋ်သင်္ကန်းကြီးကို ခြုံရုံပြီး နေလိုက်တဲ့အခါ ကိုယ်လက်တောင့်တင်းတဲ့ ရောဂါ မဖြစ်ပေါ်စေတော့ဘူး။ အဲသလို ဉာဏ်ယှဉ်ပြီး ကျင့်ကြရပါတယ်။

တချို့ဆရာတော်ကြီးများဆိုရင် ခန္ဓာအတွက် ဉာဏ်မယှဉ်စေတော့ဘဲ၊ တရားကိုပဲ ဉာဏ်ယှဉ်ပြီး အလုပ်လုပ်တယ်။ ခန္ဓာကိုယ်ကိုမငဲ့ကွက်ဘူး။ ခန္ဓာကိုယ်ကို ငဲ့ကွက်နေရင် တဏှာအလိုလိုက်ရာကျတယ်ဆိုပြီး ပေါ်လာတဲ့ ဝေဒနာကို အပြင်းအထန်ရှုတယ်။ ခန္ဓာကိုယ်ကို ငဲ့ရင် ခန္ဓဝဋ်ဒုက္ခ ရှည်ကြာမယ်၊ ခန္ဓာကိုယ်ကို မငဲ့မှ ခန္ဓဝဋ်ဒုက္ခမှ အမြန်ငြိမ်းမယ်ဆိုပြီး အပြင်းအထန် အလုပ်လုပ်တဲ့အတွက် သက်တော်ခြောက်ဆယ်ကျော်လောက်ပဲ နေကြရတယ်။ ရှေးအတိတ်ကလည်း ပါတာပေါ့"

"အဲသလို ပြင်းပြင်းထန်ထန်ကျင့်ရင် အတ္တကိလမထာနုယောဂ ဖြစ်မနေဘူးလားဘုရား"


"ဒကာကလည်း အတ္တကိလမထာနုယောဂ စွဲနေတာကိုး။ အတ္တကိလမထာနုယောဂအကျင့်က ခန္ဓာကိုယ်ကို ပင်ပန်းအောင်နှိပ်စက်တယ်။ ကိုယ်ပင်ပန်း စိတ်ပင်ပန်းရှိလို့ ကာမရောဂါ မထကြွတာကို ကိလေသာ ငြိမ်းတယ်လို့ ယူဆတာ။ ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ တရားကျင့်တာက ခန္ဓာကိုယ်ကို မနှိပ်စက်ဘူး။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းမရှိဘူး။ ကာမတဏှာတစ်ခုတည်းတွင် မဟုတ်ဘဲ၊ ဘဝတဏှာ၊ ဝိဘဝတဏှာအားလုံးကို ပယ်လို့ တဏှာအလိုကျမလိုက်ဘဲနေတာ။ မခြားနားဘူးလား"

"မှန်ပါ၊ ခြားနားပါတယ်ဘုရား"

"အဲသလို ခြားနားတဲ့အတွက် တရားအမှန်ကျင့်သူက တဏှာဖြစ်စေမယ့် ကိစ္စမှန်သမျှ တဏှာဖြစ်စေတဲ့ အကြောင်းသမုဒယကို ရှာဖွေပြီး ပယ်မြစ်တာဖြစ်လို့ ဒီအဗ္ဘောကာသိကစုတင် ဆိုတာဟာလည်း အရိပ်အာဝါသကြောင့် အရိပ်အာဝါသနဲ့ ပတ်သက်တဲ့ တဏှာလာမယ်။ အရိပ်အာဝါသကို ပယ်စွန့်လိုက်တော့ သူနဲ့သက်ဆိုင်ရာတဏှာမလာတော့ဘူး။ အလိုလိုငြိမ်းပြီးသား ဖြစ်သွားတယ်။

အဲဒါကြောင့် ဝိသုဒ္ဓိမဂ်ဆရာက 'အိမ်ရာမထောင် လူဘောင်စွန့်ပစ်ရဟန်းအဖြစ်သို့ ကပ်သောသူနှင့် လျောက်ပတ်ရလွယ်သော ကြယ်တာရာ ပတ္တမြားတို့ဖြင့် စီခြယ်ထားအပ်သော အမိုးမျက်နှာကြက်ရှိသော လမင်းတည်းဟူသော ဓာတ်မီးဖြင့် ကြည်လင်အေးမြစွာ ထွန်းလင်းသော လွင်တီးခေါင်၌ တောသမင်တို့ကဲ့သို့ ဖြစ်ပေါ်လာသော ထိနမိဒ္ဓကို ပယ်ဖျောက်၍နေသော ဘာဝနာကမ္မဋ္ဌာန်း၌ မွေ့လျော်ခြင်းကိုမှီသော ရဟန်းသည် ဝိဝေက ရသတည်းဟူသော သက်သာရာဈာန်မဂ်ဖိုလ်ကို မကြာမြင့်မီရနိုင်၏။ ထို့ကြောင့် ပညာရှိသော အမျိုးသားသည် လွင်တီးခေါင်၌ မွေ့လျော်ပျော်ပိုက်ရာ၏' တဲ့ ဒကာရေ။"

□ **အရှင်ဉာဏောဘာသ**
**(အေးစေတီ၊မင်းဘူး)**



# ဗုဒ္ဓခေတ် ပညာခေတ် ဉာဏ်စဉ်တရား

**အရှင်ဓမ္မရက္ခိတ**
**(ထောက်ကြန့်တောရ ကျောင်းဦးဆရာတော်)**

အခြေခံ ကိုယ်တွေ့အကျင့် ချမ်းသာခြင်းများ

လောကုတ္တရာ တရားထူးတို့ကို ပေါက်မြောက် ရရှိလိုသော ယောဂီသည် ရှက်ခြင်း၊ ကြောက်ခြင်း ရှိရမည်။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့၌ အရှက်၊အကြောက် ကြီးကြရသည်။ သက်သတ်၊ ခိုးမှု၊ ကာမေသု သုံးခု ကာယကံဒုစရိုက်နှင့် မုသာ–မိတ်ခွဲ၊ ဆဲရေး–ပြိန်ဖျင်း အပါယ်ချဉ်း လေးသင်း ဝစီကံဒုစရိုက်တို့ပင် ဖြစ်သည်။ အဘိဓမ္မာတရားကိုယ်မှာ ရှက်ခြင်းဟူသည် ဟိရီ၊ ကြောက်ခြင်းဟူသည် ဩတ္တပ္ပ၊ မရှက်ခြင်းဟူသည် အဟိရိက၊ မကြောက်ခြင်းဟူသည် အနောတ္တပ္ပစေတသိက်တရားများ ဖြစ်ကြသည်။ ယောဂီသည် ဟိရီ–ဩတ္တပ္ပ တရားနှစ်ပါးတို့ အခြေခံအားဖြင့် ရင်မှာသိမ်းပိုက်ထားရပါမည်၊ သို့မှသာ နှလုံးသားနူးညံ့ပျော့ပျောင်းမှု ရှိနေသူ ဖြစ်နိုင်ပါမည်။

ဒုစရိုက်တရားတို့၌ ရှက်ခြင်းကြောက်ခြင်း (မကျူးလွန် မပြုလုပ်ခြင်း)သည် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်၏ စာရိတ္တသီလ၊ ဝါရိတ္တသီလ အကျင့်မြတ်တို့၌ လုံခြုံအောင် ထိန်းသိမ်းကျင့်သုံး ဆောက်တည်နေနိုင်သူတို့၏ အဆင့်မြင့်သီလ အကျင့်တရားတို့ကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ (ဗုဒ္ဓဝါဒ)၌ သီလဟူသည် ကာယကံ မကောင်းမှု ဒုစရိုက်များနှင့် ဝစီကံ မကောင်းမှု ဒုစရိုက်များကို ချိုးနှိမ်ပယ်သတ်ခြင်းပင်ဖြစ်သည်။ဘာဝနာကား မနောကံမကောင်းမှု ဒုစရိုက်များကို ချိုးနှိမ်ပယ်

သတ်နိုင်သည်။ ယောဂီသည် သီလအလေ့အကျင့်ကောင်းများနှင့်လည်း ကာယကံ၊ ဝစီကံနူးညံ့ပြီး ပျော့ပျောင်းသိမ်မွေ့ခြင်းလည်း ရှိစေရပါမည်။ ကိုယ်ကျင့်ကောင်းမှ တရားကောင်းရနိုင်ပါသည်။

ကိုယ်ကျင့်သီလတရားများ မကျိုးမပေါက် စင်ကြယ်လုံလောက်ခြင်း ပြည့်ဝခြင်းရှိသောအခါ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတရားများ ဖြစ်ထွန်းတိုးပွား တည်ရှိလာနိုင်ပါလိမ့်မည်၊ သီလတရားတို့၏ ငြိမ်သက်အေးမြခြင်းတို့သည် သမာဓိတရားတို့၏ တည်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ကျေးဇူးပြုပါတော့သည်။ သီလရှေ့သွားသမာဓိနောက်လိုက် တရားသားတက်ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဆိုမိန့်တော်မူခဲ့ကြပါသည်။

သီလနှင့် သမာဓိတရား နှစ်ပါးသည် တရားထူးပေါက်မြောက်ရရှိလိုသော ယောဂီအား ကိုယ်စိတ်ချမ်းသာခြင်းကို ဖြစ်ရှိစေနိုင်ပါသည်။ ကာယသုခ၊ စေတသိကသုခ (စိတ္တသုခ)ဖြစ်ရှိလာပါသည်။ ကိုယ်ရောစိတ်ပါ နှစ်ဖြာအေးမြ ချမ်းသာမှု ပြည့်ဝသည်ကို ယောဂီကိုယ်တွေ့ရရှိပါတော့သည်။ သီလအရသာ၊ သမာဓိအရသာတို့ကို ကိုယ်နှင့်ခံစားကြည့်မှ သိနိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ယောဂီမှာ သီလကျင့်သုံးမွေးမြူပြီးလျှင် သမာဓိတရားကိုလည်း ထူထောင်ရန် လိုပါသေးသည်။ ထူထောင်ပါ။

## လောကီ လောကုတ္တရာ သမာဓိ ဉာဏ်ပညာ

ဟီရိ–ဩတ္တပ္ပတရား ရင်ဝယ်သိမ်းထားသော ယောဂီသည် ဖြူဖွေးစင်ကြယ်သော ကိုယ်ကျင့်မြတ်သီလကို မွေးမြူနိုင်အားကောင်းပေမည်။ မြတ်သီလ ဖြူစင်ပြည့်ဝသော ယောဂီသည် တည်ကြည်ငြိမ်းချမ်းသော သမာဓိကို တည်ထောင်နိုင်ပါလိမ့်မည်။

သမာဓိအကျင့်တရားများကို အကြိမ်ကြိမ်ပွားများ ကျင့်သုံးအားထုတ်ခဲ့သော် လောကီ ဉာဏ်ပညာ၊ လောကုတ္တရာဉာဏ်ပညာတရားများ ပွင့်လင်းပေါက်မြောက် ပြီးဆုံးခြင်းတို့ကို ရယူနိုင်ပါလိမ့်မည်။ သမာဓိအကျင့်တရားကား အကြိမ်များစွာ ကျင့်သုံးအားထုတ်ယူရသည်။ ဉာဏ်ပညာကား သမာဓိအားကောင်းရာမှ ကြည်လင်လင်းချင်းကာ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းမျိုး ဖြစ်သည်။ ခဏိကသမာဓိပင်ဖြစ်စေ အခြေခံရသည်။ သမထတရားစုမှ တစ်ခုခုသော သမာဓိနိုင်မာလျှင်လည်း

## လောကီဝိပဿနာဉာဏ် (၁၀)ပါး(၁၂)ပါး ဆင့်ပွားရင့်သန်စေရာ၏။ အရိယာပုဂ္ဂိုလ်ထူးတို့၏ အမြင်ဉာဏ်တွင်ကား ဂေါတြဘူဉာဏ် ကူးမြောက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၌သာ ကွန့်မြူးလင်းထင့်တော်မူကြကုန်၏။

ဝိပဿနာဉာဏ်ပညာဘက်သို့ ကူးပြောင်းနိုင်ပေသည်။

သမထလမ်း ဈာန်လမ်းတို့နှင့် ကာလရှည်ကြာနိုင်နိုင်မာမာ ကျင့်သုံးသောနည်း။ သမထရော၊ ဝိပဿနာပါ ယှဉ်တွဲပြီး (ထမ်းပိုး၌ နွားနှစ်ကောင်ကို ယှဉ်ကာ၍ လွတ်သကဲ့သို့ ကျင့်သော) ကျင့်နည်း။ ဝိပဿနာ နာမ်ရုပ်အပျက်ကို တိုက်ရိုက်ပွားရှုသော ကျင့်နည်း စသည်ဖြင့် အားထုတ်ပုံ ခွဲခြားကြသေးသည်။ စရိုက်နှင့်လိုက်ဖက်၍ ကြိုက်နှစ်သက်ရာ တရားနည်းလမ်း၌ ရှင်လန်းတက်ကြွစွာ အားထုတ်ကျင့်သုံးနိုင်ကြပါသည်။ လက်တွေ့ကျင့်သုံးရာတွင် ပိုမိုသိသာ ထင်ရှားပါသည်။

လောကုတ္တရာတရားထူး ပေါက်မြောက်ရရှိနိုင်ရန် အကျင့်လမ်းကို ဆင်ခြင်ရှုကြည့်တော်မူကြပါ။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား (လောကုတ္တရာတရား ၉–ပါး)တို့ကို ရရှိရန် လောကုတ္တရာတရားအားလျော်လျောက်ပတ်သော အကျင့်ပဋိပတ်တို့ကို ကျင့်သုံးအားထုတ်ကြရပါမည်။ အကျင့်ပဋိပတ်တို့သည် အကြောင်းတရားများဟု ဆိုအံ့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားတော်တို့ကား အကျိုးတရားအုပ်စု၌ ထားရှိရပေမည်။ ထိုတွင် နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုနိုင်ရန်အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် မဂ်တရား ဖိုလ်တရားကို ဦးစွာ ပေါက်မြောက်ရရှိထားရပါမည်။

လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပေါက်မြောက်ရရှိထားရန်မှာလည်း လောကီ ဝိပဿနာဉာဏ်များ ဆင့်ကဲဆင့်ကဲ ပေါက်မြောက်ရရှိထားရမှာဖြစ်သည်။ ဝိပဿနာဉာဏ်များ သက်ရောက်၍ နာမ်ရုပ် အပျက်များ၏ အချက်တိတိကျကျတို့ကို အမြင်အားကောင်း

စေရန်မှာလည်း သမာဓိအား၊ သီလအား၊ ဟီရိ–ဩတ္တပ္ပအားများ အခြေခံကောင်းရှိနေစေရပါမည်။ သီလ၊ သမာဓိအားကောင်းလေ–ဉာဏ်ပညာအလင်းအားကောင်းလေ–တက်လေ၊ ထက်လေ၊ သွက်လေပင်ဖြစ်သည်။ ဝိပဿနာဘာဝနာစခန်းတွင် ဝိပဿနာဉာဏ် ၁၀–ပါး (ဉာဏ်စဉ် ၁၀–ပါး)ဟူ၍ ထင်ရှား၏။ ဤ၌ထို ဉာဏ် ၁၀–ပါးကို လိုရင်းတိုကျဉ်းပြီး အနှစ်ချုပ်လျက် ဖော်ပြပါဦးမည်။

ကျင့်လျှင်ရင့်–ဉာဏ်အဆင့် ၁၀–ဖြာ

ခန္ဓာ့တရား ရှုမှတ်ပွားများ (ဝိပဿနာကမ္မဋ္ဌာန်း သဘောသွားတွင်)အဓိကဉာဏ် ၁၀–ပါးကား (၁) သမ္မသနဉာဏ်၊ (၂) ဥဒယဗ္ဗယဉာဏ်၊ (၃) ဘင်္ဂဉာဏ်၊ (၄) ဘယဉာဏ်၊ (၅) အာဒီနဝဉာဏ်၊ (၆) နိဗ္ဗိဒါဉာဏ်၊ (၇) မုစ္စိတုကမျတာဉာဏ်၊ (၈) ပဋိသင်္ခါဉာဏ်၊ (၉) သင်္ခါ ရုပေက္ခာဉာဏ်၊ (၁၀) အနုလောမဉာဏ်တို့ပင်ဖြစ်ကြသည်။ ဤခန္ဓာ့အသိဉာဏ်–အမြင်ဉာဏ်တို့သည် တရားရှုပွား ဝိပဿနာယောဂီများ၌ တရားသားရင့်ကျက်စဉ်တွင် အဆင့်ဆင့် ပေါ်လာနိုင်ပေသည်။

ဤခန္ဓာ့အသိဉာဏ်များသည် လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ကို ထောက်ရှု၍ "လောကီဉာဏ်"များဟု ဆိုသင့်ဆိုထိုက်ပေသည်။ လောကီမှန်မှ ဓမ္မကွန်ဖြောင့်သည်ဟူသော သူကောင်းသူမြတ်ကြီးတို့၏ အခြေခံစကားအရ၊ လောကီနှင့် လောကုတ္တရာသည် အချို့နေရာတို့၌ ဆက်စပ်လျက် ကျေးဇူးပြုနေကြပေသည်။ လောကီဝိပဿနာဉာဏ်တရားများ အခြေမခံဘဲ၊လောကုတ္တရာ မဂ်ဉာဏ် စသည်တို့ကား အဆင့်ဆင့် မပေါ်လာနိုင်ပေ။ စင်စစ်အားဖြင့် ဉာဏ်တရားတို့သည် ဘာဝနာတရားနယ်ပယ်၌သာ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ရကြောင်းမှန်သော လမ်းကောင်းလမ်းပြ မီးရှူးတန်ဆောင်များပင် ဖြစ်ကြပေသည်။ ထို့ကြောင့် ပဋိပတ်ကျင့်စဉ်ဉာဏ်များကို သူတော်ကောင်းတို့ အလေးထားတော်မူခဲ့ကြသည်။ ဤ၌ ဝိပဿနာဉာဏ်(၁၀)ပါး၏ အဓိပ္ပါယ်ကို အနည်းငယ် ဖွင့်ဆိုကြည့်လိုက်ကြစမ်းပါ။

(၁) သမ္မသနဉာဏ် = နာမ်ရုပ်တရားတို့ကို လက္ခဏာတင်၍ ဆင်ခြင်သုံးသပ်ခြင်းသဘော၊

(၂) ဥဒယဗ္ဗယဉာဏ် = နာမ်ရုပ်တရားတို့၏ ဖြစ်ပုံ၊ ပျက်ပုံကို ရှုခြင်းသဘော၊

(၃) ဘင်္ဂဉာဏ် = နာမ်ရုပ်တရားတို့၏ အပျက်ကိုသာ ရှုခြင်းသဘော၊

(၄) ဘယဉာဏ် = နာမ်ရုပ်တရားတို့၏ ကြောက်ဖွယ်ဘေးကို ရှုခြင်းသဘော၊

(၅) အာဒီနဝဉာဏ် = နာမ်ရုပ်တရားတို့၏ အပြစ်ကို ရှုခြင်းသဘော၊

(၆) နိဗ္ဗိဒါဉာဏ် = နာမ်ရုပ်တရားတို့၌ ငြီးငွေ့ခြင်းသဘော၊

(၇) မုစ္စိတုကမျတာဉာဏ် = နာမ်ရုပ်တရားတို့မှ လွတ်မြောက်လိုခြင်းသဘော၊

(၈) ပဋိသင်္ခါဉာဏ် = နာမ်ရုပ်တရားတို့၏ သဘောလက္ခဏာကို ထပ်မံရှုခြင်းသဘော၊

(၉) သင်္ခါရုပေက္ခာဉာဏ် = နာမ်ရုပ်သင်္ခါရတို့၌ လျစ်လျူရှုနိုင်ခြင်းသဘော၊

(၁၀)အနုလောမဉာဏ် = ရှေ့ဉာဏ်များနှင့် နောက်မဂ်ဉာဏ်တရားတို့၌ ပေါင်းကူးတံတားပမာ–လျော်စွာရှုနိုင်ခြင်းသဘော။

ဤ၌ သဘောဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ မနှော ခန္ဓာဉာဏ်မြင် သဘောသက်သက်မျှကိုသာ ယူစေလိုပါသည်။

နာမ်ရုပ်ပိုင်းခြား ဉာဏ်အင်အား

ယောဂီသည် ပစ္စုပ္ပန်ခန္ဓာပိုင်ရှင် ဖြစ်သည်။ ခန္ဓာငါးပါး၌ ဉာဏ်စူးစိုက်နိုင်သည်။ ဉာဏ်အလင်းတောက်ထွန်းနိုင်သည်။ ဉာဏ်(၁၀)ပါးအလင်းသည် ခန္ဓာရှုကွက်တစ်ရပ်ရပ်၌ အဆင့်ဆင့် လင်းချင်းခြင်းဖြစ်သည်။ သမ္မာသမ္ဗုဒ္ဓဘုရားကြီး၏ အလောင်းအလျာတော်များပင်လျှင် ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့တိုင်အောင် တရားအားထုတ်ခဲ့ကြသည်ဟု ဆိုပါသည်။ ပါရမီ(၁၀)ဖြာတွင် ပညာပါရမီကို အထွတ်တင်ကာ ဖြည့်ကျင့်တော်မူခဲ့ကြပါသည်။ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ပြည့်ဝအောင် ဖြည့်ဆည်းတော်မူခဲ့ကြပါသည်။

နာမ်ရုပ်တရားတို့၏ ဖြစ်ပျက်သဘောသွားကို

ဝိပဿနာအခြေခံတွင် အမြင်ဉာဏ် ရှင်သန်စေရာ၏။ မမြဲခြင်း၊ ပျက်ခြင်း အနိစ္စအချက်ကို ကွက်ကွက်ကွင်းကွင်း အထင်သန်စေရာ၏။ နာမ်တရားလည်း ဖြစ်၏၊ ပျက်၏။ ရုပ်တရားလည်း ဖြစ်၏၊ ပျက်၏။ အဖြစ်မျိုးတို့သည် အပျက်မျိုးတို့ ဖြစ်ကြ၏။ အပျက်မျိုးတို့သည် ကုန်ခန်းခြင်း သဘောရှိကြကုန်၏။ နာမ်၏သဘော၊ ရုပ်၏သဘောတို့သည် သူ့သဘောသူဆောင်၍ ကွယ်ပျောက်ကြကုန်၏။ ချုပ်ဆုံးကြကုန်၏။ ခန္ဓာငါးပါး တစ်ကိုယ်လုံး အပေါင်းကာယများ၊ အစိတ်စိတ်ကလာပ်များသည် ဖြစ်ပြီးလျှင် ချုပ်ဆုံးကုန်ကြသော ဥပ္ပါဒနိရောဓမျိုးတို့ပေတည်း။

ဝိပဿနာဉာဏ် (၁၀)ပါး၏ရှေ့၌ အခြေခံဉာဏ် (၂)ပါးရှိသေးသည်။ ဝိပဿနာတရားအားထုတ်သူတိုင်း အထည်ကိုယ်ဒြပ် ပညတ်တို့ကိုခွာ၍ နာမ်ရုပ်ဖြစ်ပျက်တာကို သဘောပေါက်ကျေညက်ရန်ပင် ဖြစ်သည်။ အခြေခံဉာဏ်(၂)ပါးကား ဤသို့ဖြစ်ရှိ၏။

၁။ နာမရူပပရိစ္ဆေဒဉာဏ်–နာမ်ရုပ်တရားတို့ကို ခွဲဖြတ်ပိုင်းခြား၍ သိခြင်းသဘောနှင့်

၂။ ပစ္စယပရိဂ္ဂဟဉာဏ်–နာမ်ရုပ်တရားတို့၏ အကြောင်းကို သိမ်းဆည်းခြင်းသဘောတို့ ဖြစ်ကြသည်။

ဤဉာဏ်(၂)ပါးကို ယခင်ဉာဏ် (၁၀)ပါး၌ ထည့်ပေါင်းခဲ့သော် ဉာဏ်(၁၂)ပါး ဖြစ်လာ၏။ လောကုတ္တရာတရားထူးများ ရရှိနိုင်စေရေးအတွက် လောကီဝိပဿနာ အင်အားများပင် ဖြစ်ကြလေသည်။

## ဉာဏ်အမြင် စူးရှ တတိယမျက်လုံး

တစ်ဖန် လောကုတ္တရာနယ်သို့ ကူးမြောက်ရောက်ရှိရာ၌လည်း ဉာဏ်ထူးဉာဏ်မြတ်များ ရှိပြန်၏။ ၎င်းတို့ကား လေးမျိုးလေးစား သဘောသရုပ်ခွဲခြားတော်မူခဲ့ကြ၏။

၁။ ဂေါတြဘူဉာဏ်–ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်သို့ သက်ရောက်ခြင်းသဘော၊

၂။ မဂ်ဉာဏ်–နိဗ္ဗာန်သို့ မျက်မှောက်ပြုစွမ်းနိုင်ခြင်းသဘော၊

၃။ ဖိုလ်ဉာဏ်–မဂ်ဉာဏ်၏သဘောကို ခံစားခြင်းသဘောနှင့်

၄။ ပစ္စဝေက္ခဏာဉာဏ်–မပယ်ရသေးသော ကိလေသာ၊ ပယ်သတ်ပြီး ကိလေသာတို့ကို ဆင်ခြင်ခြင်းသဘောတို့ ဖြစ်ကြသည်။

ဤဉာဏ်(၄)ပါးကို ယခင်ဉာဏ်(၁၂)ပါး၌ ပေါင်းယူခဲ့သော် ဉာဏ်တရားစု(၁၆)ပါး ဖြစ်ရပြန်၏။ လောကီနယ်လွန် လောကုတ္တရာဉာဏ်စဉ် အင်အားများပင် ဖြစ်ကြလေသည်။ ပဋိပတ်ကျင့်စဉ် လုပ်ငန်းခွင်မှ ဉာဏ်အလင်းတရားများပင် ဖြစ်ကြ၏။ ပညာပြဋ္ဌာန်းခြင်း ရှိကြကုန်၏။ သတိ၊ သမာဓိ၊ ဝီရိယ တရားများက အခြေခံ၍ အခြံအရံပြုခြင်း ရှိကြရကုန်၏။ အဓိကကား ပညာဉာဏ်၏ မိတ်ဆွေရင်းပင်တည်း။ ဝိပဿနာလုပ်ငန်း၏ ရလဒ်များပင်တည်း။

ဝိပဿနာဉာဏ် အခြေခံသဘောတို့သည် ဝိပဿနာသမ္မာဒိဋ္ဌိပင်ဖြစ်ကြ၏။ ရင့်ကျက်သော ဗလဝ ဝိပဿနာတို့ကို ဖြစ်ရှိစေ၏။ လောကီဝိပဿနာဉာဏ် (၁၀)ပါး၊ (၁၂)ပါး ဆင့်ပွားရင့်သန်စေရာ၏။ အရိယာပုဂ္ဂိုလ်ထူးတို့၏ အမြင်ဉာဏ်တွင်ကား ဂေါတြဘူဉာဏ်ကူးမြောက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၌သာ ကွန့်မြူးလင်းထင်တော်မူကြကုန်၏။ အထူးသဖြင့် ဖိုလ်ဇော ပစ္စဝေက္ခဏာဇောများ ဇော၍ ဉာဏ်အမြင် လင်းထင်တော်မူကြကုန်၏။ အမတအမြိုက်အရသာတို့ကို ခံစားစံစားတော်မူကြကုန်၏။

ထို့ကြောင့် ကံအလုပ်မဟုတ်သော ဉာဏ်အလုပ်သည် ဝိပဿနာအလုပ်ပင်ဖြစ်သည်။ ဝိပဿနာသည် ဉာဏ်ပညာအရာပင်ဖြစ်သည်။ ဉာဏ်ပညာဦးစီးသည်။ ဉာဏ်အမြင်တိုးမြှင့်ဆင့်ပွားစေရမည်။ ဘာဝိတော ဗဟုလီကတောဟု ဟောတော်မူထားသည်။ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ တို့ပင်ဖြစ်ကြသည်။ သတိ၊ သမာဓိ၊ ဝီရိယတို့သည် ဉာဏ်ပညာ၏ အခြံအရံတို့ပင် ဖြစ်ကြကုန်၏။ ပညာစက္ခု (ဉာဏ်မျက်စိ–ဉာဏ်မျက်လုံး)သည် နာမ်ခန္ဓာ ရှင်သန်သော ဘုံဘဝတို့၌ အဓိက အရေးအကြီးဆုံး ဖြစ်၏။ လူ့ခန္ဓာ–လူ့သံသရာလမ်းခရီးရှည်တွင် အမိအဘ (ပုဂ္ဂိုလ်)တို့ကို မှီ၍ရရှိသော ပကတိမျက်လုံး(၂)လုံးကို ရရှိကြပြီးအံ့၊ ပညာစက္ခု–ဉာဏ်မျက်လုံးကို တတိယမျက်လုံးဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။

ဝိပဿနာ အခြေခံဉာဏ်တရားများနှင့်စပ်၍ ဤမျှသာ အသိပေးခွင့်ပြုတော်မူကြပါ။ ဉာဏ်လုပ်ငန်းဝင် တရားချစ်ခင် ယောဂီသူတော်စင်တို့အား ဉာဏ်စဉ်တရားများ အဆင့်ဆင့် မြင့်ကြွားပုံ အားကျစရာများအဖြစ် ဖော်ပြခဲ့ပါပြီ။ သုတမယ၊ စိန္တာမယ နိုင်ခံ့စေရန်အတွက် ဝိပဿနာဉာဏ်စဉ်များကို ဆောင်ပုဒ်လင်္ကာသစ်ကလေး

များနှင့်အတူ ဓမ္မလက်ဆောင်ပြုပါဦးမည်။ နှုတ်အရ ဆောင်၍ စိတ်အမှောင် ကင်းပျောက်တော်မူကြပါစေ။ ကံအမှောင်ကင်း၍ ဉာဏ်အရောင်လင်းတော်မူနိုင်ကြပါစေ။ ဉာဏ်အရောင်လွှတ်၍ ခန္ဓာအနှောင် လွတ်တော်မူနိုင်ကြပါစေဟု သမ္မာဆန္ဒပြုလိုက်ပါသည်။

၁။ နာမ်ရုပ်သဘာဝ၊ ပိုင်းခြားပြ၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်။
၂။ နာမ်ရုပ်ဓမ္မ၊ ဖြစ်ကြောင်းပြ၊ ပစ္စယ ပရိဂ္ဂဟဉာဏ်။
၃။ နာမ်ရုပ်ဖြစ်စဉ်၊ လက္ခဏာတင်၊ ဆင်ခြင်သမ္မသန ဉာဏ်။
၄။ နာမ်ရုပ်ဓမ္မ၊ ဖြစ်ပျက်ပြ၊ ဥဒယဗ္ဗယဉာဏ်။
၅။ နာမ်ရုပ်ဓမ္မ၊ ပျက်သာပြ၊ မုချ ဘင်ဉာဏ်။
၆။ နာမ်ရုပ်ဓမ္မ၊ ကြောက်ဖွယ်ပြ၊ မြင်က ဘယဉာဏ်။
၇။ နာမ်ရုပ်ဓမ္မ၊ အပြစ်ပြ၊ အာဒီနဝဉာဏ်။
၈။ နာမ်ရုပ်ဓမ္မာ၊ ငြီးငွေ့လာ၊ မှတ်ပါနိဗ္ဗိဒါဉာဏ်။
၉။ နာမ်ရုပ်သင်္ခါရ၊ လွတ်လိုက၊ မုစ္စိတုကမျတာဉာဏ်။
၁၀။ နာမ်ရုပ်သဘောစု၊ ထပ်မံရှု၊ ခေါ်မူပဋိသင်္ခါဉာဏ်။
၁၁။ နာမ်ရုပ်အစု၊ လျစ်လျူပြု၊ သင်္ခါရုပေက္ခာဉာဏ်။
၁၂။ ရှေ့နောက်ဉာဏ်စု၊ ပေါင်းကူးပြု၊ ဉာဏ်နု–အနုလောမဉာဏ်။
၁၃။ ပုထုဇဉ်ပြတ်၊ ရိယာဇာတ်၊ ချဉ်းကပ် ဂေါတြဘူ ဉာဏ်။
၁၄။ နိဗ္ဗာန်အေးမှု၊ အာရုံပြု၊ လေးခု မြတ်မဂ်ဉာဏ်။
၁၅။ မဂ်အရသာ၊ ခံစားတာ၊ လေးဖြာ ဖိုလ်ဖိုလ်ဉာဏ်။
၁၆။ မဂ်၊ဖိုလ်၊နိဗ္ဗာန် ဆင်ခြင်ပြန်၊ ခေါ်ရန် ပစ္စဝေက္ခဏာဉာဏ်။

(က) ဉာဏ်စဉ် ဆယ့်ခြောက်ဝ၊ ကျင့်လျှင်ရ၊ ဓမ္မ စွမ်းရည်မှန်။
(ခ ) ဉာဏ်စဉ်ဖောက်ထွင်း၊ အမှောင်ကင်း၊ လင်းရှင်း အေးနိဗ္ဗာန်။
(ဂ ) မဂ်ဖိုလ်နိဗ္ဗူ၊ ရလိုမူ၊ ကျင့်ယူပညာဉာဏ်။
(ဃ) ဘာဝနာအလုပ်၊ အနှစ်ထုတ်၊ အချုပ်ပညာဉာဏ်။
(င ) ပညာဉာဏ်ခေတ်၊ ဗုဒ္ဓခေတ်၊ ဟောလှစ် မြတ်ရွှေဉာဏ်။

**အရှင်ဓမ္မရက္ခိတ**
**(ထောက်ကြန့်တောရ ကျောင်းဦးဆရာတော်)**

## လောကကို ငြီးငွေ့ရန်
## နိဗ္ဗိန္ဒတေးထပ်များ

အဝိဇ္ဇာပိတ်ကာဆို့၊ မိစ္ဆာမြို့ပြင်ပြင်။ ဣန္ဒြာလို့ ခင်မင်လျှင်၊ လွှင့်စဉ်မည်မလွဲ။ အရိုးစု အပုပ်ကောင်ကို၊ အဟုတ်ယောင် မှားဖို့တန်နဲ့။ အသုဘ ရုပ်တစ္ဆေငယ် မဟုတ်လေကိုယ်ထဲ။ အပုပ်ရေ စိုတရွဲဟာမို့၊ ယိုမစဲ သူ့မှာ။ သွေးသည်းခြေ ပြည်သလိပ်တွေက၊ တည် မဆိတ် လျှမ်းပြည့်သည်သာ။ သို့ကလောက် ရွံစရာ ပါကို၊ လွန်တဏှာမက်စွဲလို့။ စက်ဝဲမှာတပေပေ၊ မွန်းနစ် ကြပလေ။ တဏှာဖမ်းတဲ့ အကန်းတွေမှာ၊ အပန်းမပြေ ဟိုက်မောရှာကြလေး။ တဏှာပူးတဲ့ အရူးတွေမှာ၊ အမူး မပြေ မိုက်မောရှာကြလေး။ တဏှာလိုက်တဲ့ အမိုက် တွေမှာ၊ အဟိုက်မပြေ ပင်ပန်းရှာကြလေး။

ကိုယ်ခန္ဓာကောင်ရုပ်က၊ ဟောင်ပုပ်ပုပ်နံ့ညှီ။ ကိုးဒွါရပြွန်နဒီမှာ၊ ရွံစလီပါဘဲ။ ဤကာယ ရုပ်အရှင်ကို အဟုတ်ပင် မှတ်ကြစမြဲ။ သုသာန်နှင့်တစပြင်မှာ၊ သူသေသွင်မလွဲ။ ချွေးမျက်ရည် နှပ်ချွဲက၊ ပြတ်မစဲ စီးယို။ အိုင်းအနာနူအရွဲငယ်နှင့်၊ တူတူပဲမှတ်ကြ ကိုယ့်ကိုယ်။များတစ်စု လူမိုက်မှာ၊ အဟုတ်လိုထင်စွဲလို့၊ စက်ဝဲသံသရာ၊ မွန်းနစ်ကြရှာ။ ကမ်းတစ်ဖက်ခေမာ ကို၊ ရောက်နိုင်ပါပြီ ဘူးကွယ့်လေး။

နှစ်မပါဗလာသုံး၊ အကာဖြုန်းစင်စင်။ မသာတုံးပြင်ပြင်၊ ထင်မြင်ဖွယ်မှန်စွ။ အနတ္တ ဤ ရုပ်ကောင်ငယ်၊ ညှီပုပ်ဟောင် ဆိုးညစ်တန်လှ။ ခြောက် ဝတ္ထု အသားစိုင်မှာ၊ အများပြိုင်ခိုကြ။ နာမ်ဝိညာဉ် ထိုမျှက၊ အိုစရာဖြစ်ပုံ။ ထောင့်ငါးရာညစ်အကြေး တွေက၊ ရစ်အမြေး လွှမ်းအုပ်လို့ခြုံ။ စိုးမရတရားစုံကို၊ ဇယားပုံတင်ဖွဲ့လို့၊ မြင်တဲ့အောင် မတွယ်တာ၊ ခဲသင့် လှပါ။ ရှင်သေမင်းက အတင်းလာလျှင်၊ မငြင်းမသာ ပါရခြေလိမ့်လေး။

လယ်တီဆရာတော်ဘုရားကြီး



# အနိစ္စ

## ရှင်အာစာရ

'အနိစ္စ'ဆိုတာ ပရမတ္ထ ဒေသနာဖြစ်ပါတယ်။ နားလည်ဖို့ မလွယ်ပါဘူး။ ဗုဒ္ဓဘာသာရဲ့ အရေးကြီးတဲ့ ဒေသနာ ဖြစ်နေတော့ နားလည်ဖို့ ခက်ပေမယ့် နားလည်အောင် ကြိုးစားရမယ့် တရားလည်း ဖြစ်ပါတယ်။ ဒီတရားကို နားလည်သဘောပေါက်တယ်ဆိုရင် နားလည်တဲ့ အတိုင်းအတာနဲ့ အညီ အမျှ ချမ်းသာသုခ ရရှိနိုင်ပါတယ်။ အပြည့်အဝ နားမလည်ဘဲ အနည်းအကျဉ်း ရိပ်မိတယ်ဆိုရင်ကိုပဲ အကျိုးကြီးလှပါတယ်။

'အနိစ္စ'ဆိုတဲ့ စကားဟာ အဓိပ္ပါယ်လေးနက်ပေမယ့် မြန်မာတွေနဲ့ ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ဒီစကားအသုံးဟာ ဗုဒ္ဓဘာသာအတွက် အရေးပါတဲ့ စကားလုံးဖြစ်ပါတယ်။ အနိစ္စသဘောကတော့ ဗုဒ္ဓအဘိဓမ္မာရဲ့ အနှစ်သာရပါပဲ။

'အနိစ္စ'ရဲ့ အခြေခံကျတဲ့ အဓိပ္ပါယ်ကို 'သက်ရှိသက်မဲ့ အရာအားလုံး အမြဲမပြတ် ဖြစ်လိုက်ချုပ်လိုက် တရွေ့ရွေ့ ပြောင်းလဲနေခြင်း' လို့ ဖွင့်ဆိုနိုင်ပါတယ်။ ဖောက်ပြန်ပြောင်းလဲတတ်တဲ့'ဝိကာရ'သဘော၊ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်လာပြီး၊ အကြောင်းမညီညွတ်တော့ ပျက်သုဉ်းသွားတဲ့အခါ ဘာရယ်လို့ လက်ဆုပ်လက်ကိုင် ပြစရာမရှိတဲ့ 'အဘာဝ'သဘော၊ အခိုက်အတန့်သာ တည်မြဲနေနိုင်တဲ့ 'တာဝကာလိက'သဘော၊ ဖြစ်ပြီးပျက်တတ်တဲ့ 'ခယ'သဘော၊'ဥပ္ပါဒဝယ'သဘော၊ အချိန်ကြာကြာ ဖြစ်တည်မနေနိုင်တဲ့ 'အနဒ္ဓနိယ'သဘော၊'အစိရဋ္ဌိတိက' သဘောတွေကို အနိစ္စလို့ ခေါ်ပါတယ်။

အသက်ရှင်ရာကနေ သေဆုံးသွားတာမျိုး၊ ပစ္စည်းတစ်ခု အကောင်းပကတိကနေ ကွဲပျက်သွားတာမျိုး အကောင်းဘက်ကနေ အဆိုးဘက် ပြောင်းလဲသွားတာ တစ်ခုတည်းကိုပဲ အနိစ္စလို့ ခေါ်ရတာ မဟုတ်ပါဘူး။ ဘဝသစ်တစ်ခု

မွေးဖွားဖြစ်တည်လာတာမျိုး၊အပျက်အစီးကို ပြန်လည် ပြင်ဆင်နိုင်တာမျိုးတွေဟာလည်း ရွေ့ရှားပြောင်းလဲမှု အမျိုးအစားတွေ ဖြစ်နေတော့ အနိစ္စသဘောတွေပါပဲ။ အရှင်းဆုံး ပြောရရင် သက်ရှိသက်မဲ့အရာရာဟာ အနိစ္စပါပဲ။ ဒီသဘောကိုပဲ ဘုရားရှင်က'သဗ္ဗေ သင်္ခါရာ အနိစ္စာ' လို့ ဟောတော်မူခဲ့ပါတယ်။ သင်္ခါရတရားအားလုံးဟာ အနိစ္စသဘောတွေ ဖြစ်တယ်လို့ ဆိုလိုတာပါ။

ဒီနေရာမှာ 'သင်္ခါရ'ဆိုတာကတော့ အပြုပြင်ခံတရားတွေ၊ ဖန်တီးထားတဲ့ အရာတွေ ဖြစ်ပါတယ်။ ကံတရားက ဖန်တီးလိုက်တဲ့ ဘဝအမျိုးမျိုးနဲ့ လူဖန်တီးတဲ့အရာ၊ ဥတုကြောင့်ဖြစ်ပေါ်လာတဲ့ အရာတွေဟာ သင်္ခါရတရားတွေ ဖြစ်ပါတယ်။ ဒါတွေဟာ အနိစ္စတရားတွေသာ ဖြစ်ပါတယ်။

ကံဖန်တီးတဲ့ဘဝဟာ အမြဲမပြတ် ပြောင်းလဲရွေ့ရှားနေပါတယ်။ နုပျိုရာကနေ အိုမင်းလာပါတယ်။ အဆင်ပြေရာကနေ အဆင်မပြေတဲ့ဘက် ပြောင်းလဲတာလည်း ရှိပါတယ်။ ငိုရာကနေ ပြုံးရတာလည်း ရှိပါတယ်။ ဆုံလိုက် ကွဲလိုက်၊ ပျော်လိုက် ငိုလိုက်၊ အောင်လိုက် ရှုံးလိုက် အမြဲပဲပြောင်းလဲနေပါတယ်။ ကောင်းလိုက် ဆိုးလိုက်၊ ပျက်လိုက် ဖြစ်လိုက်၊ အချိန်နဲ့အမျှ ရှုပ်ရှုပ်ယှက်ယှက် လှုပ်ခတ်နေပါတယ်။

အမြဲမပြတ် တရစပ် တရွေ့ရွေ့ တရှုရှု ဖြစ်ပျက် ပြောင်းလဲနေတဲ့ သက်ရှိသက်မဲ့တို့ရဲ့ ပေါင်းစပ်ဖွဲ့စည်းမှုဖြစ်တဲ့ တစ်လောကလုံးဟာ အခြေအနေတစ်ခုခုမှာ ရပ်တန့်မနေနိုင်တဲ့ အနိစ္စသာ ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာစကားမှာတော့ 'ကွယ်လွန်အနိစ္စရောက်တယ်' ဆိုပြီး 'အနိစ္စ'ကို သေခြင်းတရားအဖြစ်ပဲ အများအားဖြင့် ရည်ညွှန်းလေ့ရှိကြပါတယ်။ 'အနိစ္စသဘောကိစ္စချော'လို့လည်း နဘောကာရန်နဲ့ စာသံပါပါ ပြောလေ့ရှိကြပါတယ်။ နေ့စဉ်သုံးစကားမှာ 'အနိစ္စ'လို့ ဆိုလိုက်ရင် သေခြင်းတရားလို့ပဲ လွယ်လွယ် နားလည်တတ်ကြပါတယ်။

ပတ်ဝန်းကျင် အခြေခံကောင်းလို့ ဗုဒ္ဓဘာသာရဲ့ တရားသဘောကို လွယ်လွယ်နဲ့ နားလည်လာသူပဲဖြစ်ဖြစ်၊ ဘာသာရေးနဲ့ မရင်းနှီးတဲ့ ပတ်ဝန်းကျင်ကနေ ထိုးထွက်လာပြီး ကိုယ်တိုင်ကိုယ်ကျ တကူးတက လေ့လာလိုက်စားရင်း သဘောပေါက်လာသူပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာနဲ့ ထိတွေ့ခွင့်ရတဲ့ တခြားဘာသာဝင်တွေပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာနဲ့ ထဲထဲဝင်ဝင် ရင်းနှီးတဲ့ သူတွေကတော့ 'အနိစ္စ'ဆိုတာ သေခြင်းတရား တစ်ခုတည်းကိုပဲ ဆိုလိုတာ မဟုတ်ဘူးလို့ နားလည်ကြပါတယ်။ အနိစ္စသဘောကို နည်းနည်းပိုပြီး နားလည်လာကြပါတယ်။ ဒီလိုနားလည်တဲ့သူတွေကတော့ သက်မဲ့ရုပ်ဝတ္ထုပစ္စည်း တစ်ခုခု ပျောက်ရှပျက်စီးတဲ့ အခါမျိုးမှာလည်း 'အနိစ္စပဲလေ'လို့ ဖြေဆည်ရာ ရှာတတ်ကြပါတယ်။

အဲဒီလို အနိစ္စသဘောကို နားလည်ရိပ်စားမိခြင်းဟာ ဖြေဆည်ရာတစ်မျိုးပဲ ဖြစ်ပါတယ်။ ဘဝဒုက္ခကနေ သက်သာရာသက်သာကြောင်း ဖြစ်ပါတယ်။ မတည်မြဲတဲ့ အနိစ္စသဘောကို သိထားတယ်ဆိုရင် ကိုယ်ရောစိတ်ပါ သက်သာရာ ရနိုင်ပါတယ်။

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရတာဟာ အဆိုးလောကဓံ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဆိုးလောကဓံ ဆိုတာဟာလည်း ဘဝဖွဲ့စည်းမှု အစိတ်အပိုင်းများစွာထဲက တစ်စိတ်တစ်ပိုင်းသာ ဖြစ်နေတော့ သူလည်း အနိစ္စပဲ၊ ကြာရှည် မတည်နိုင်ဘူးလို့ သဘောပိုက်လိုက်နိုင်ရင် သက်သာရာ ရနိုင်ပါတယ်။

တစ်မျိုးပြောရရင် ဒုက္ခရောက်ရတယ်၊ ကိုယ်စိတ် ဆင်းရဲရတယ်ဆိုတဲ့ ဒုက္ခသစ္စာဟာ တပ်မက်တွယ်တာခြင်းဆိုတဲ့ သမုဒယသစ္စာကြောင့် ဖြစ်ပေါ်လာရတာပါ။ အနိစ္စသဘောကို သိထားရင် သက်ရှိသက်မဲ့နှစ်မျိုးလုံးအပေါ်မှာ ကျရောက်တဲ့ တပ်မက်တွယ်တာမှု တဏှာလောဘကို လျှော့ချပစ်နိုင်ပါတယ်။ အနိစ္စသဘောကိုသိရင် သိသလောက် တဏှာလောဘကို လျှော့ချပစ်နိုင်ပါတယ်။ အကြောင်းတဏှာ နည်းသွားတာနဲ့အမျှ အကျိုးဒုက္ခလည်း နည်းသွားပါတယ်။

အနိစ္စသဘောကို အပြည့်အစုံ ပရမတ်ဆိုက်အောင် သိတယ်ဆိုရင်တော့ တဏှာလောဘကို အပြတ်သုတ်သင်နိုင်သူ၊ ဘဝဒုက္ခသာမက သံသရာဒုက္ခကိုပါ ငြိမ်းစေနိုင်သူ ရဟန္တာပုဂ္ဂိုလ် ဖြစ်လာပါတယ်။ ဒါကြောင့် အနိစ္စသဘောကို နားလည်ရိပ်စားမိတယ်ဆိုရင် ဘဝဒုက္ခကနေ သက်သာရာ ရတယ်လို့ ပြောတာပါ။

အနိစ္စသဘောကို နားလည်တယ်ဆိုတာ သဘာဝတရားကို အမှန်အတိုင်း သိမြင်ခြင်းပဲ ဖြစ်ပါ

တယ်။ ဘာဖြစ်လို့လဲဆိုတော့ အနိစ္စ ဆိုတာ သူ့အလိုလို တည်ရှိနေတဲ့ သဘာဝတရား ဖြစ်လို့ပါပဲ။ သူ့သဘာဝအတိုင်းတည်ရှိနေတဲ့ အနိစ္စ သဘောကို ဘုရားရှင် စတင်တွေ့ရှိပြီး ဉာဏ်မီသူတွေ သိပါစေလို့ ပြန်လည် ဟောပြတော်မူခဲ့တဲ့ 'အနိစ္စ' ဆိုတာ ဗုဒ္ဓဘာသာရဲ့ တရားတော်တစ်ခု ဖြစ်လာပါတယ်။

ဗုဒ္ဓဘာသာရဲ့ တရားတော်ဆိုပေမယ့် ဘာသာတိုင်း၊လူမျိုးတိုင်းနဲ့ ပတ်သက်နေပါတယ်။ လူမျိုးမရွေး ကြုံတွေ့ရတဲ့၊ သာသာမရွေး နားလည်သူတိုင်း ယုံကြည်နိုင်တဲ့ သဘောတရားတစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ ယုံကြည်တယ်ဆိုတာ သဘောမှန်ကို လက်ခံခြင်းပဲ ဖြစ်ပါတယ်။

အနိစ္စသဘောဟာ ဝိပဿနာတင်ရမယ့် ဝိသေသလက္ခဏာဖြစ်သလို တခြားဝိပဿနာရှုရမယ့် လက္ခဏာတွေဖြစ်တဲ့ ဒုက္ခ၊ အနတ္တတို့နဲ့လည်း ဆက်နွယ်မှု ရှိနေပါတယ်။ ဒါကြောင့် ဘုရားရှင်က 'ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ'လို့ ဟောတော်မူခဲ့ပါတယ်။ 'အနိစ္စဖြစ်တဲ့ တရားဟာ ဒုက္ခသာဖြစ်တယ်၊ ဒုက္ခဖြစ်တဲ့တရားဟာ အနတ္တသာဖြစ်တယ်'လို့ အဓိပ္ပါယ်ရပါတယ်။

အနိစ္စသဘောကို မြင်နိုင်တယ်ဆိုရင် ဒုက္ခသဘောနဲ့ အနတ္တသဘောကိုလည်း လွယ်လွယ်နဲ့ မြင်နိုင်ပါတယ်။ ဒါကြောင့် ဇေန္တတ္ထေရဂါထာမှာ အနိစ္စာနုပဿနာ ရှုပွားဖို့ကိုပဲ တိုက်တွန်းထားပါတယ်။

သင်္ခါရတရားတို့ရဲ့ အနိစ္စလက္ခဏာပေါ်လွင်စေဖို့ ဘုရားရှင်ဟာ 'သတ္တသူရိယသုတ်'မှာ ဟောတော်မူခဲ့ပါတယ်။ သုတ်တော်ရဲ့ ဆိုလိုရင်းက ဒီလိုပါ။ လောကမှာ နှစ်တွေ ရာချီထောင်ချီပြီး မိုးခေါင်တဲ့ အခါမျိုး ရှိတတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ အပင်ဟူသမျှ ခြောက်သွေ့သွားကြရပါတယ်။ နေနှစ်စင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ မြစ်ငယ် အိုင်ငယ်တွေ ခြောက်သွေ့သွားရပါတယ်။ နေသုံးစင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဆိုတဲ့ မြစ်ကြီးငါးစင်း ခန်းခြောက်သွားရပါတယ်။ နေလေးစင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလို အခါမျိုးမှာ မြစ်ကြီးငါးစင်းတို့ရဲ့ မြစ်ဖျားခံရာ အင်းအိုင်ကြီးတွေ ခန်းခြောက်ကြရပါတယ်။ နေငါးစင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ သမုဒ္ဒရာရေဟာ ခြေချင်းဝတ်လောက် ကျန်တဲ့အထိ ခန်းခြောက်သွားရပါတယ်။ နေခြောက်စင်းထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ မဟာပထဝီမြေကြီးနဲ့ မြင်းမိုရ်တောင်တို့ ဟာ အိုးကိုမီးဖုတ်လိုက်သလို အခိုးအငွေ့တလူလူ ထွက်နေပါတော့တယ်။ နေခုနစ်စင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ကမ္ဘာမြေကြီးနဲ့ မြင်းမိုရ်တောင်တို့ဟာ မီးဟုန်းဟုန်းတောက်ရပါတော့တယ်။ ဒီမီးဟာ ဗြဟ္မာ့ပြည်တိုင်အောင် တက်ရောက်လောင်ကျွမ်းပါတယ်။ အဲဒီအခါမှာ ကမ္ဘာမြေနဲ့ မြင်းမိုရ်တောင်တို့ဟာ ထောပတ်တို့ ဆီတို့လောင်ကျွမ်းသလိုမျိုး လောင်ကျွမ်းသွားတာမို့ ပြာတို့ မီးသွေးတို့တောင် မကျန်ရစ်တော့ပါဘူး။ သင်္ခါရတရားဆိုတာ ဒီလို မတည်မြဲတဲ့သဘောရှိပါတယ်။ သာယာစရာ မဟုတ်ပါဘူး။ ငြီးငွေ့စရာပါ။ တပ်မက်စွဲငြိစရာ မဟုတ်ပါဘူး။ လွတ်မြောက် ရုန်းထွက်ရမယ့် အရာသာ ဖြစ်ပါတယ်။ လောကရဲ့ နိဂုံးဟာ သုညဖြစ်တယ်ဆိုတာကို အရိယာပုဂ္ဂိုလ်တို့သာ လက်ခံယုံကြည်နိုင်ကြပါတယ်။ ဒါကတော့ 'သတ္တသူရိယသုတ်'ရဲ့ ဆိုလိုရင်း ဖြစ်ပါတယ်။

ဒီသုတ်တော်ရဲ့ ဆိုလိုရင်း 'လောကနိဂုံးသုည' ဆိုတာကို အရိယာပုဂ္ဂိုလ်တွေလို အတိအကျ မသိနိုင်ပေမယ့် ဉာဏ်မီသလောက် မှန်းဆကြည့်သင့်ပါတယ်။

အနိစ္စသဘောကို နားလည် လက်ခံသူပဲဖြစ်ဖြစ်၊ နားမလည် လက်မခံသူပဲဖြစ်ဖြစ် လှုပ်လှုပ်ရှားရှား မတည်မြဲတဲ့ အနိစ္စသဘောကို မလွန်မြောက်နိုင်ပါဘူး။ စွမ်းအားပြင်းတဲ့ ဒီအနိစ္စသဘာဝတရားဟာ သူ့ကို ဘယ်သူသိသိ မသိသိ သက်ရှိသက်မဲ့ အရာအားလုံး၊ တစ်လောကလုံးကို နင်းကြိတ် ဝါးမျိုသွားမှာပါ။


ဒီတော့ အနိစ္စသဘာဝကို ဘာမျှမသိလိုက်ဘဲ အနိစ္စဒဏ်ချက်ကို ဘုမသိဘမသိ ခေါင်းငုံ့ခံနေရတာမျိုး၊ ဘဝအဆက်ဆက် ဒုက္ခသံသရာ လည်နေရတာမျိုး မဖြစ်ရအောင် ဒုက္ခဇာတ်သိမ်းသည်အထိ အနိစ္စသဘာဝကို ကိုယ့်ဉာဏ်အလျောက် အခွင့်ရှာပြီး သုံးသပ်ဆင်ခြင်သင့်ပါကြောင်း …။

□ ရှင်အာစာရ



# သာသနာရှည်ဖို့ ကြိုးစားစို့

ဒင်းပုန်းအရှင်မဏ္ဍလ(ဆင်ပေါင်ဝဲ)



ထာဝရတည်မြဲ၍နေသော သက်ရှိသက်မဲ့ အရာဝတ္ထုသည် မည်သည့်နေရာတွင်မှ မရှိနိုင်ဟု မြတ်စွာဘုရား ဟောကြားခဲ့၏။ ထို စကားသည် အချိန်ကာလမရွေး၊ နေရာဒေသမရွေး၊ လူမျိုးဘာသာ မရွေး၊ ခြွင်းချက်မရှိ မှန်ကန်ပါသည်။ လူတိုင်းလိုလိုလည်း ထိုမမြဲခြင်း သဘောတရားကို သိရှိကြပါ၏။

သို့ပါသော်လည်း သက်ရှိ သတ္တဝါမှန်သမျှတို့သည် မိမိတို့၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ မိမိတို့ ချစ်ရ သူ၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ ရှည်ကြာ စွာ တည်မြဲစေလိုကြသည်။မိမိတို့နှင့် ပတ်သက်နေသည့်(ဝါ) မိမိတို့ ပြု လုပ်ထားသည့် နှစ်သက်စရာ ရုပ် ဝတ္ထုပစ္စည်းများကိုလည်း အချိန် ကြာမြင့်စွာ သားစဉ်မြေးဆက် မပျောက်မပျက် ဆက်လက်တည်ရှိ နေစေချင်ကြပါသည်။

အိပ်၊ စား၊ ကာမ သုံးဝ သိပြန် တိရစ္ဆာန်များသည်ပင်လျှင် သူတို့၏ခန္ဓာကိုယ်၊သူတို့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပြုလုပ်ထားကြ သည့် အသိုက်အမြုံ၊ စားကျက် နယ်မြေ စသည်တို့ကို နှစ်သက် တွယ်တာလွန်းကြသဖြင့် အနှောင့် အယှက် ဖြစ်ပေါ်လာပါက အသက် ပေး၍ ကာကွယ်တတ်ကြသည်အထိ ပင် အချိန်ရှည်ကြာစွာ တည်မြဲစေလို ကြပါသည်။

ယနေ့ သတ္တလောကကြီး ထဲရှိ သက်ရှိလူသားမှန်သမျှတို့သည် လည်း မိမိတို့၏ အသက်နှင့် မိမိတို့ ပိုင် သက်ရှိသက်မဲ့ ပစ္စည်းများကို ချစ်ခင်တွယ်တာစွာဖြင့် ရှည်ကြာစွာ တည်မြဲစေဖို့အတွက် ကြောင့်ကြ စိုက်ကြခြင်းများမှာ သဘာဝကျပါ သည်။ ထိုအရာများကို ဂရုစိုက်သကဲ့ သို့ အသက်နဲ့ထပ်တူကြောင့်ကြစိုက် သင့်သည့် မွန်မြတ်သော အရာ၊ ဗုဒ္ဓ သာသနာတော်ကိုလည်း အရှည် တည်တံ့ရေးအတွက် မျက်ခြည် မပြတ်သင့်ပေ။

အတိတ်ခေတ်က ရဟန်း ရှင်လူတို့သည်လည်း သာသနာကို နှစ်သက်မြတ်နိုးစွာ ထိန်းသိမ်းစောင့် ရှောက်ခဲ့ကြသောကြောင့်သာ ယနေ့ လူသားတို့လက်ထက်တိုင်အောင် ရောက်လာရပေသည်။ ထိုကဲ့သို့ မဟုတ်ဘဲ ကိုယ်နှင့်မဆိုင်သကဲ့သို့ ဘာသိဘာသာ နေခဲ့ကြမည်ဆိုပါက ယနေ့တိုင်အောင် သာသနာရောက် လာလိမ့်မည် မဟုတ်ပါ။ထိုသာသနာ ကို အဆက်ဆက်သော ရဟန်းရှင် လူတို့သည် ယနေ့အထိ သယ်ယူ လာနိုင်ကြခြင်းမှာလည်း လွယ်ကူစွာ နှင့် မဟုတ်ပါ။ ချွေး၊ သွေး၊ အသက် များအထိပင် ရင်းခဲ့ရပါသည်။

သာသနာကို ဖက်တွယ်ထားသည့်အတွက် အသက်သေသူများလည်း အမှန်တကယ်ပင် ရှိခဲ့ဖူးပါသည်။

ဗုဒ္ဓသာသနာ အရှည်တည်တံ့ဖို့အတွက် ပထမဆုံးနှင့် ခေတ်အဆက်ဆက် ကြောင့်ကြစိုက်ခဲ့သည်များမှစ၍ လောကဓံသဘောတရားအရ နိမ့်တုံမြင့်တုံ ဖြစ်ခဲ့ရသည့် သာသနာအကြောင်းကို တင်ပြလိုပါသည်။

ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူ၍ ခုနစ်ရက်သာရှိသေးသောနေ့က ဖြစ်ပါသည်။ရှင်မဟာကဿပသည် "ပါဝါ"ပြည်မှ ကုသိနာရုံပြည်သို့ တပည့်ရဟန်းများနှင့်အတူ ရှေးရှု၍ ကြွလာနေစဉ်၊ လမ်းခုလတ်၌ ဗုဒ္ဓပရိနိဗ္ဗာန်သတင်းကို ကြားရခြင်း ဖြစ်ပါသည်။ ထိုအခါ ရာဂမကင်းသေးသော ရဟန်းတို့သည် မတ်တတ်မှ လဲ၍ လူးကာလိမ့်ကာ ငိုကြွေးကြကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား သင်္ခါရတရားတို့သည် အမြဲမရှိကုန်ဟု ဆင်ခြင်လျက် ဓမ္မသံဝေဂယူကြလေ၏။ ငိုသူတို့ငိုနေသော ထိုအချိန်တွင် မငိုဘဲ ကျေနပ်ကာ ဝမ်းသာနေသူတစ်ဦးလည်း ရှိနေသည်ဆိုလျှင် အသင်စာဖတ်သူအံ့သြသွားမည်လား၊ ယုံရောယုံကြည်နိုင်ပါ့မလား။ အမှန်ပင်ရှိခဲ့ပါသည်။ ထိုသူကား မပြေနိုင်သည့်ရန်ငြိုးဖြင့် ဘုရားအပေါ် အလိုဆိုးရှိနေသူ တောထွက်ရဟန်းကြီး "သုဘဒ္ဒ"။

သူ့နှုတ်မှ ထွက်လာသည့်စကားကလည်း "ငါ့ရှင်တို့ မငိုကြကုန်လင့်၊ ယခုအခါ ငါတို့သည် ရဟန်းကြီး ဂေါတမလက်မှ လွတ်မြောက်ကြပေပြီ၊ ဂေါတမသည် ငါတို့ကို အစစအရာရာချုပ်ချယ်ခဲ့၏။ ယခုမူကား ငါတို့ပြုလိုရာကို ပြုကြကုန်အံ့။ မပြုလိုရာကို မပြုဘဲ နေကြကုန်အံ့"ဟူ၍ ဖြစ်လေသည်။ ထိုစကားကို သာမန်ပေါ့ပေါ့လေးသဘောထားသူများ ရှိသကဲ့သို့၊ ထိုစကားကြောင့် ရင်ဝကို လှံအစင်းများစွာ အထိုးခံရသည့်နှယ် သဘောထားသူလည်း ရှိပါသည်။

ထိုသူကား ရှင်မဟာကဿပမထေရ်ကြီးပင် ဖြစ်ပါတော့သည်။ သူသည် မြတ်စွာဘုရား ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်၍ တည်ထောင်ခဲ့ရသော သာသနာတော်ဖြစ်ပါလျက် သာသနာ့ရန်ဆူးရန်ငြောင့် ပေါ်လာသည်ကို လုံးဝမနှစ်မြို့နိုင်ပါ။ ထိုသုဘဒ္ဒကိုလည်း သက်နန်းကိုချွတ်၊ ပိတ်ဖြူပတ်၍ လူဝတ်လဲကာ သာသနာ့ဘောင်မှ နှင်ထုတ်လိုသည်အထိ ဖြစ်ရလေတော့သည်။

ထိုသို့ ပြုလုပ်လိုက်ပါကလည်း "မြတ်စွာဘုရား၏ ရုပ်အလောင်းတော်မှ မီးသဂြိုဟ်မှု မပြုလုပ်ရသေးမီ သူ၏တပည့်များငြင်းခုံခိုက်ရန်ဖြစ်ကုန်ကြပြီ"ဟု လူအများကဲ့ရဲ့စရာ ဖြစ်မည်ကိုလည်း စိုး၏။ ဘုရားဟောခဲ့သော တရားတော်တို့သည်လည်း၊ မသီကုံးရသေးသော ပန်းပုံကြီးသဖွယ် ဖြစ်နေသေး၏။ အရပ်လေးမျက်နှာမှ လေတိုက်ခတ်လာပါမူ အဆိုပါ ပန်းပွင့်များသည် ပြိုကွဲကာ ပျောက်ပျက်ကုန်ရာ၏။ အချိန်ကာလကြာညောင်းသောအခါတွင်လည်း ဝိနည်းသိက္ခာပုဒ်များမှ တစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ ပျောက်ပျက်ကုန်ရာ၏။ သုတ္တန်တရား၊ အဘိဓမ္မာတရားတို့သည်လည်း

ကျန်းမာရေးချို့ယွင်းမှုသည်
ကံ၊ စိတ်၊ ဥတု၊ အာဟာရ
အကြောင်းလေးခုထဲမှ
တစ်ခုခုချို့ယွင်း၍ဖြစ်ရကြောင်း
သဘောပေါက်အောင်
ဟောပြ၍
စနစ်တကျ နားလည်သည့်
ဆေးသမားကို ညွှန်ပြရပါမည်။
ဤသို့မဟုတ်ဘဲ
နတ်ကိုးကွယ်သူတို့
များလာလျှင်လည်း
သာသနာအတွက်
အနှောင့်အယှက်ပင်။

တဖြည်းဖြည်း ပျောက်ပျက်သွား ပါက ဗုဒ္ဓသာသနာကွယ်လိမ့်မည်။

ဤကဲ့သို့ မဖြစ်စေရန် သင်္ဂါယနာတင်မှ ဖြစ်မည်။ ငါကဲ့သို့သော ရဟန်းရှိပါလျက် သုဘဒ္ဒရဟန်းယုတ်၏ သဘောထားသည် မကြီးပွား၊ မတိုးတက်စေသင့်၊ သူယုတ်မာတို့၏တရား မထွန်းကားမီ၊ သူတော်ကောင်းတို့၏တရား မပျက်စီးမီ၊ သုဘဒ္ဒကဲ့သို့ ရဟန်းဆိုး အဓမ္မဝါဒီများ အင်အားမများမီ၊အကျင့်သိက္ခာဖြူစင်သော ဓမ္မဝါဒီ ရဟန်းကောင်းများ အင်အားမနည်းမီ ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်ဖို့ စိတ်ထဲက ဆုံးဖြတ်ထားလိုက်လေ၏။

၁၄၈–ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ နံနက် အရုဏ်တက်ချိန်၌ ဘုရားပရိနိဗ္ဗာန်စံတော်မူရာ သရီရရုပ်အလောင်းတော်ကို ပူဇော်သည်မှာ ခုနစ်ရက်၊ မီးလောင်ကျွမ်းရာ ခုနစ်ရက်၊ ဓာတ်တော်ဝေပွဲပြုလုပ်သည်မှာ ခုနစ်ရက်အားဖြင့် နှစ်ဆယ့်တစ်ရက်မြောက်သောနေ့၊ နယုန်လဆန်း ငါးရက်နေ့၌ ကုသိနာရုံပြည်တွင် ကြွရောက်လာကြကုန်သော ရဟန်းသံဃာတို့ကား များလှစွာ၏။

ထိုရဟန်း များစွာတို့အထဲမှ ခေါင်းဆောင်ဖြစ်သော သံဃာခုနစ်သိန်းကို စည်းဝေးစေလျက် ရှင်မဟာကဿပသည် သုဘဒ္ဒ၏ ရိုင်းပျသော စကားကို ပြန်လည်မိန့်ကြား၍ သာသနာတော်အရှည်တည်တံ့စေရန် သင်္ဂါယနာတင်သင့်ကြောင်း ရှင်းပြလျက် တိုက်တွန်းနှိုးဆော်တော်မူ၏။

ထိုနောက် ရှင်မဟာကဿပ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာတို့ ဦးဆောင်သော သံဃာငါးရာကို အများသဘောတူရွေးချယ်ကြပြီး၊ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကြီး၏ ထောက်ပံ့မှုဖြင့် ခုနစ်လကြာ ဘုရားဟော ဒေသနာများကို နုတ်ပယ်၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်းမရှိဘဲ သင်္ဂါယနာ တင်တော်မူလေ၏။

၎င်းနောက်တွင်လည်း ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ စသည်ဖြင့် ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ထားခဲ့ကြလေပြီ။ ထိုခြောက်ကြိမ်တွင် မြန်မာနိုင်ငံတစ်ခုတည်း၌ နှစ်ကြိမ်ဆက်တိုက် ပြုလုပ်နိုင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ဂုဏ်ယူစရာပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ခြောက်ကြိမ်တိုင်အောင် သံဃာတော်တို့ဘက်က အပင်ပန်းခံ၍ သင်္ဂါယနာတင်နိုင်ခဲ့ကြသည်မှာလည်း ထိုအချိန်များက အုပ်ချုပ်သူတို့၏ အာဏာစက်ဖြင့် ပံ့ပိုးပေးမှုများကလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဘာသာခြားတို့က အာဏာစက်နှင့် ဖိစီးနှိပ်စက်မှုကြောင့်လည်း သာသနာတော်သည် နိမ့်တုံမြင့်တုံ ကြုံဆုံခဲ့ရပုံများကို နှစ်ပေါင်းနှစ်ထောင့်ငါးရာခရီး ပြန်ပြီး ကြည့်လျှင် ရင်နင့်ဖွယ်ရာ တွေ့မြင်ရပေမည်။

ဘုရားလက်ထက်တွင် ဒေဝဒတ်လိုပုဂ္ဂိုလ်များက သာသနာတော်နှင့် ဘုရားသခင်ကို တိုက်ခိုက်ခဲ့သကဲ့သို့ နောက်ပိုင်းတွင်လည်း သာသနာပြင်ပမှ ဝါဒချင်းယှဉ်၍ သော်လည်းကောင်း၊ သာသနာတွင်း ဝင်ကာ ပူး၍သော်လည်းကောင်း ကြိမ်ဖန်များစွာ တိုက်ခိုက်ခဲ့ပေသည်။

ထိုကဲ့သို့ အကြိမ်ကြိမ်ခံခဲ့ရသော်လည်း ဗုဒ္ဓသာသနာအပေါ် စွဲမြဲစွာ ယုံကြည်သည့် သံဃာတော်အပေါင်းသည် အကျပ်အတည်းများကြားမှပင် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ယနေ့သာသနာတော်သည် ဆက်လက်ထွန်းတောက်လျက်ရှိနေပါသည်။သို့ပါသော်လည်း တစ်ခါက ရှိခဲ့ဖူးသည့် ကိုးကွယ်သူဦးရေနှင့် ယနေ့လက်ရှိဦးရေကို ကမ္ဘာနှင့်ယှဉ်၍ ကြည့်လျှင် တိုးတက်မှုမရှိကြောင်းကို ဝမ်းနည်းဖွယ်ရာ တွေ့ကြရပေမည်။

ယနေ့ မြန်မာနိုင်ငံတွင်ကား အုပ်ချုပ်သူတို့၏ ကူညီပံ့ပိုးမှုဖြင့် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အဘက်ဘက်မှဆောင်ရွက်နေပြီး၊ ပြည်တွင်းပြည်ပ သာသနာပြုမှုများကို ဘက်စုံ၊ ထောင့်စုံ ဆောင်ရွက်နေကြသည့်အတွက် အားတက်စရာပင် ဖြစ်ပါသည်။

ဤနေရာတွင် ဘာသာခြားပုဂ္ဂိုလ်တို့၏ သူတို့ဘာသာ တိုးတက်ရေးအတွက် ကြိုးစားပုံကို သတိပြုစေလိုပါသည်။ ၎င်းတို့သည် နည်းမျိုးစုံနှင့် သူတို့ဘက်ပါအောင် ဆွဲဆောင်စည်းရုံးမှု ပြုကြ၏။

ယနေ့သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနေကြကုန်သော သံဃာတော်အပေါင်းတို့သည်လည်း မိမိတို့သာသနာပြုရာ အရပ်ဒေသတိုင်းတွင် ကောင်းမွန်မှန်ကန်သော နည်းမျိုးစုံကိုသုံး၍ ဝိနည်းတော်၏ ဘောင်အတွင်းမှ သာသနာတော် အစွန့်ရှည်အောင် ဆောင်ရွက်ကြရပါမည်။

အချို့သော တောရွာများတွင် ကျန်းမာရေးအသိပညာ နည်းပါးကြ၍ မကျန်းမာကြလျှင် စုန်းပြု

စားသည်၊ နတ်ကိုင်သည်၊ တောဖမ်းသည် စသည်ဖြင့် အသိလွဲမှားနေမှုများကြောင့် ၎င်းတို့ကို ပူဇော်ပသနေကြ၍ အချိန်ကုန်ကာ အရာမရောက်ဖြစ်ရပုံများကိုလည်း လမ်းမှန်ရောက်အောင် စာပေအထောက်အထားများစွာနှင့် ဟောပြောပြကြရပါမည်။

ကျန်းမာရေးချို့ယွင်းမှုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးခုထဲမှ တစ်ခုခု ချို့ယွင်း၍ဖြစ်ရကြောင်း သဘောပေါက်အောင် ဟောပြ၍ စနစ်တကျ နားလည်သည့် ဆေးသမားကို ညွှန်ပြရပါမည်။ ဤသို့မဟုတ်ဘဲ နတ်ကိုးကွယ်သူတို့များလာလျှင်လည်း သာသနာအတွက် အနှောင့်အယှက်ပင်။

ပညာရေးဘက်တွင်လည်း ဘုန်းကြီးကျောင်းမထားချင်သည့် မိဘ၊ ထားချင်လာအောင်၊ မနေချင်သည့်ကလေး၊ နေချင်လာအောင် စည်းရုံး၍ သာသနာတော်အတွက် ဆောင်ရွက်ရပါမည်။ ဘုန်းကြီးကျောင်းထွက်များမှာ အနာဂတ်သာသနာအတွက် အမာခံ ဒေါက်တိုင်များ ဖြစ်လာပါမည်။ ဘုန်းကြီးကျောင်း မပျော်သေးသည့် ကလေး၊ ကျောင်းပျော်အောင် လုပ်၍ရပါသည်။

အတိတ်သာသနာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အတွင်း သာသနာပြုတော်မူသွားကြကုန်သော သင်္ဂါယနာတင် ဆရာတော်များ၊ အခက်အခဲပေါင်းများစွာနှင့် အသက်ကိုပင် ပဓာနမထားဘဲ သာသနာ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ကျေးဇူးကြောင့် ယနေ့ သာသနာတော်သည် မိမိတို့၏



> မည်သည့်အရာမှ
> မတည်မြဲဟု
> ဘုရားဟော
> ဒေသနာတော်အရ
> သိရသော်လည်း
> မိမိတို့၏
> ကိုးကွယ်ရာ
> စစ်မှန်သည့်
> ဗုဒ္ဓသာသနာကိုမူ
> အချိန်ကြာမြင့်စွာ
> တည်တံ့အောင်
> ကြိုးစားရပါမည်။

ဦးခေါင်းပေါ်သို့ ရောက်ရှိနေပေပြီ။

ဗုဒ္ဓစိုက်ထူခဲ့သော သာသနာ့သစ်ပင်ကြီးသည် ယခင်သံဃာတော်များ၏ စောင့်ရှောက်မှုဖြင့် ရရှိလာသည့် အသီးအပွင့်များကို မိမိတို့သည် အဆင်သင့်စားသုံး နေရင်း၊ အပင်ကြီး၏ အန္တရာယ်မှန်သမျှကိုလည်း စောင့်ရှောက် ကာကွယ်ကြရပါမည်။ မိမိတို့၏ အသက်နှင့် မိမိတို့ပိုင် သက်ရှိသက်မဲ့ ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ကြသကဲ့သို့ သာသနာတော်ကိုလည်း အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြရပါမည်။

ယနေ့ကာလသည် ဆုတ်ခေတ်ကာလဖြစ်သည်ဆိုသော်လည်း သာသနာအတွက် ပံ့ပိုးကြသည့် ဒကာဒကာမတို့မှာ ပစ္စည်းလေးပါး မရှားရအောင် အဘက်ဘက်မှ အားပေးကြပါသည်။ အုပ်ချုပ်သူတို့ဘက်မှလည်း လိုအပ်သည်မရှိရအောင် အာဏာစက်ဖြင့် အားပေးကူညီ စောင့်ရှောက်နေကြသည့်အတွက် သာသနာ့တာဝန် ထမ်းဆောင်ရသည်မှာ အားရစရာပင် ဖြစ်ပါသည်။

မည်သည့်အရာမျှ မတည်မြဲဟု ဘုရားဟောဒေသနာတော်အရ သိရသော်လည်း မိမိတို့၏ ကိုးကွယ်ရာ စစ်မှန်သည့် ဗုဒ္ဓသာသနာကိုမူ အချိန်ကြာမြင့်စွာ တည်တံ့အောင် ကြိုးစားရပါမည်။

ထို့ကြောင့် သာသနာတော်၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း အကြောင်းများကို ဝေဖန်စိစစ်ပြီးလျှင် အနာဂတ်သာသနာတော် အရှည်တည်တံ့ သန့်ရှင်း ထွန်းကား ပြန့်ပွားရေးအတွက် ဆောင်ရမည့်အချက်များ၊ ရှောင်ရမည့်အချက်များကို သတိပြု၍ "သာသနာရှည်ဖို့ ကြိုးစားစို့"ဟု ဆန္ဒပြုရင်း တိုက်တွန်းရေးသားရပါသည်။

□ **ခင်းပုန်းအရှင်မဏ္ဍလ**
**(ဆင်ပေါင်ဝဲ)**

ယခုလမှစ၍ အပ္ပမာဒဓမ္မရသမဂ္ဂဇင်းတွင် အခန်းဆက်အဖြစ် ဖော်ပြသွားမည့် ဆရာကြီးဦးတင်ဦး (မြောင်)၏ ဆောင်းပါးသည် မူရင်းစာရေးဆရာ Dr.Brian Weiss ၏ Many Lives, Many Masters စာအုပ်အား ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

ပထမ တစ်လ၊ နှစ်လ ဖတ်ခါစတွင် အပ္ပမာဒမဂ္ဂဇင်းနှင့် ဘာဆိုင်လို့လဲဟု အထင်များ ဖြစ်ပေါ်နိုင်ပါ၏။ မှတ်ချက်များပေးလာနိုင်ပါ၏။ စိတ်ပညာအကြောင်းတွေပဲ။ တရားနဲ့ဘာဆိုင်လို့လဲဟု စောဒကတက်နိုင်စရာတွေ တွေ့ရမည်ဖြစ်ပါ၏။ သို့သော် ဘာသာပြန်စာမူအား ဆုံးခန်းတိုင်အောင် ဖတ်ပြီးလျှင်မူ စိတ်ပညာနယ်ပယ်မှ လက်တွေ့ဖြစ်ရပ်(သို့) စမ်းသပ်ချက်တစ်ခုသည် ဘုရားရှင်ဟောကြားခဲ့သော ဓမ္မဒေသနာများ မည်မျှမှန်ကန်ကြောင်း တစ်ထောင့်၊ တစ်နေရာမှ သက်သေပြထောက်ခံချက်ပေးနေသည်ကို သိမြင်လာပါလိမ့်မည်။

ကံ–ကံ၏အကျိုး၊ ၃၁–ဘုံလောကသားတို့နှင့် တကွ၊ စိတ်၊ စေတသိက်၊ ရုပ်တည်းဟူသော သစ္စာ နယ်ပယ်မှ ဆန်းကြယ်အံ့ဖွယ်ရာများအပေါ် သိမြင်ခံစား၍ 'ဘဝသံသရာ'တည်းဟူသော ဝဲသြဃကြီး၌ စီးမျောခဲ့ရသော ဘဝဖြစ်စဉ်အထွေထွေတို့ကို ဓမ္မသံဝေဂယူနိုင်စေရန် ရည်ရွယ်၍ ဤအခန်းဆက် ဘာသာပြန်ဆောင်းပါးအား ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်ဟု ပဏာမစကားဆိုချင်ပါသည်။

***အယ်ဒီတာအဖွဲ့***



# ဘဝအထွေထွေ ကြုံရလေသမျှ

(စိတ်ပညာပါရဂူတစ်ဦးနှင့် သူ့လူနာတစ်ဦးတို့၏ ဆန်းကြယ်သောတကယ့်ဖြစ်ရပ်များ)

**ဒေါက်တာဘရိုင်ယန်ဝိတ်(စ်)၏**

Many Lives, Many Masters **ကို**

ဦးတင်ဦး(မြောင်)
**ဘာသာပြန်ဆိုသည်**

ကိစ္စတစ်ခုပေါ်ပေါက်လာဖို့ရာ သူ့အကြောင်းခံနှင့်သူ ရှိတတ်မြဲဖြစ်သည်ကို ကျွန်ုပ်နားလည်ထားပါ၏။ ယင်းကိစ္စပေါ်ပေါက်သည့်အချိန်တွင်မူကား ထိုအကြောင်းခံမည်သို့မည်ပုံ ဖြစ်သည်ဟူသော အချက်ကို သိမြင်နိုင်သော အသိဉာဏ်ထူးမျိုးသော်လည်းကောင်း၊ မြော်မြင်နိုင်စွမ်းသော်လည်းကောင်း မရှိတတ်သည် မှန်သော်လည်း စိတ်ရှည်ရှည်နှင့်စောင့်ပြီး ကြည့်တတ်လျှင် ထိုအကြောင်းမှာ ပေါ်လာမည်သာ ဖြစ်ချေသည်။

ကေသီ၏ကိစ္စတွင်လည်း ထိုသဘောပင်ဖြစ်ပါ၏။ (ဘာသာပြန်သူ၏မှတ်ချက်။ 'ကေသီ'ဟူသော အမည်ကို မူလစာရေးဆရာက "ကတ်သရင်း"ဟု ခေါ်ထားရာတွင် ကာယကံရှင်၏ အမည်ရင်းကို ဖုံးကွယ်စေလို၍ လွှဲပြောင်းထားသော အမည်ဟု ဆိုထားသဖြင့် နာမည်လွှဲတာချင်းအတူတူ ခေါ်၍လွယ်သော ကေသီဟု ပြင်၍ ခေါ်ထားသည်။) ကျွန်ုပ်နှင့် ကေသီ အစကနဦး တွေ့ခဲ့သည်မှာ ၁၉၈၀–ပြည့်နှစ်တွင်ဖြစ်၍ သူသည် အသက်(၂၇)နှစ်ရှိပြီဖြစ်၏။ ကျွန်ုပ်၏ အလုပ်ရုံးသို့ ရောက်လာရခြင်းအကြောင်းကား စိတ်ရောဂါဝေဒနာမှ ကယ်မပေးပါရန်ကိစ္စဖြစ်၏။ သူ့မှာ စိုးရိမ်ကြောင့်ကြမှု ထိတ်လန့်တုန်လှုပ်မှုများ ပေါ်တတ်ခြင်းနှင့် "ဖိုးဗီးယား"ခေါ် ကြောက်စိတ်လွန်ကဲမှုရောဂါကို ကုစားပေးစေလိုကြောင်း

ထိုစိတ်ရောဂါဝေဒနာများမှာ ကလေးဘဝမှစတင်၍ ခံစားခဲ့ရခြင်းဖြစ်၍ မကြာသေးသော ယခုနောက်ပိုင်းကာလတွင် ပိုမိုဆိုးရွားလာကြောင်း၊ မိမိစိတ်ကို အစိုးမရသလိုဖြစ်နေ၍ လူကောင်းတစ်ယောက်ကဲ့သို့ စဉ်းစားတွေးဆနိုင်စွမ်း ကင်းမဲ့နေရကြောင်း ကေသီက ပြောပြလေသည်။ သူ့ကိုကြည့်ရပုံမှာ ကြောက်ရွံ့စိတ်ဖြင့် ထိတ်ထိတ်ပျာပျာဖြစ်နေ၏။ စိတ်ဓာတ်လည်း အလွန်ကျနေကြောင်း သိသာလှပါ၏။

ထိုအချိန်က ကေသီ၏ဘဝမှာ ပရမ်းပတာဖြစ်နေခဲ့သည်နှင့်အမျှ ကျွန်ုပ်၏ဘဝမှာကား သာယောင်သာယာရှိနေခဲ့ပါသည်။ ကျွန်ုပ်၏ အိမ်ထောင်ရေးသည် တည်ငြိမ်အေးချမ်းလျက်ရှိ၏။ သားသမီးနှစ်ယောက်ရှိ၍ အလုပ်အကိုင် ဖြူးဖြောင့်ခြင်းနှင့် ပြည့်စုံ၍နေလေသည်။

ကျွန်ုပ်ဘဝ၏တစ်လျှောက်လုံးမှာပင် အစစအဆင်ပြေခဲ့သည်ဟု ဆိုရပေမည်။ မိဘများ၏ မေတ္တာရိပ်မြုံကို ကောင်းစွာ ခိုလှုံခဲ့ရပါ၏။ ပညာရေးတွင်လည်း တက္ကသိုလ်ကျောင်းသားဘဝ၌ ထွန်းထွန်းပေါက်ပေါက်ဖြစ်ခဲ့ပါ၏။ ဒုတိယနှစ်ရောက်ချိန်မှစ၍ စိတ်ရောဂါကုဆရာဝန်ကြီးလုပ်ရန် ဘဝရည်မှန်းချက်ထားရှိခဲ့ပေသည်။

၁၉၆၆–ခုနှစ်တွင် ကိုလံဘီယာတက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ရရှိခဲ့ရာတွင် ပညာထူးချွန်သူများ အသင်းဝင်တစ်ဦးဖြစ်ခဲ့၍ ထိုနှစ်က ထူးချွန်သော ဘွဲ့ရကျောင်းသားများအနက် ဒုတိယအဆင့်အမြင့်ဆုံးတန်းမှ ပါဝင်ခဲ့ပေသည်။ ထို့နောက် ယေး(လ်)တက္ကသိုလ် ဆေးသင်တန်းသို့တက်ရောက်ခဲ့၍ ၁၉၇၀– ပြည့်နှစ်တွင် M.D ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့နောက် ချူးယောက်တက္ကသိုလ်လက်အောက်ခံ Bellevue ဆေးတက္ကသိုလ်၏ ဆေးဘက်ဆိုင်ရာဌာနတွင် အလုပ်သင်ဆရာဝန်အဖြစ် ထမ်းဆောင်ခဲ့ရပါသည်။ ထိုတက္ကသိုလ်မှ ဆင်းလာသည့်အခါ ယေး(လ်)တက္ကသိုလ်သို့ ဘွဲ့လွန်ပညာရပ်များ ဆက်လက်ဆည်းပူးရန် တက်ရောက်ခဲ့ပါသည်။ သင်တန်းပြီးဆုံးသောအခါ "ပစ်စတာ့(ဂ်)"တက္ကသိုလ်တွင် ဆရာအဖြစ် ခန့်အပ်ခြင်းခံရပါသည်။ နှစ်နှစ်ကြာသောအခါ မိုင်ယာမီတက္ကသိုလ်တွင် ဆရာအဖြစ် ခန့်အပ်ခြင်းခံရ၍ Psycho-pharmacology ဌာနခွဲတွင် အကြီးအမှူးအဖြစ် ခန့်အပ်ခြင်းခံရပါသည်။ ထိုရာထူးတွင် ထမ်းရွက်စဉ်က Biological Psychiatry နှင့် ဆေးဝါးပစ္စည်းအလွဲသုံးစားမှုဆိုင်ရာ ပညာရပ်များနှင့် ပတ်သက်၍

> လူ့သမိုင်းတစ်လျှောက်လုံးမှာပင်
> အကြံသစ်ဉာဏ်သစ်များကို
> လူသားတို့သည်
> ဆန့်ကျင်လေ့ရှိခဲ့ကြပေသည်။
> အပြောင်းအလဲကို
> မလိုလားတတ်ကြချေ။
> သမိုင်းမှတ်တမ်းများက
> ဤအချက်ကို
> အထင်အရှား
> ဖော်ပြကြပေသည်။

နိုင်ငံသိပညာရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ မိုင်ယာမီတက္ကသိုလ်တွင် လေးနှစ်အမှုထမ်းပြီးနောက် ထိုတက္ကသိုလ်ရှိ ဆေးဘက်ဆိုင်ရာ မဟာဌာနတွင် စိတ်ပညာကုသရေး တွဲဖက်ပါမောက္ခရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရပါသည်။ ထို့နောက် ယင်းတက္ကသိုလ်နှင့်တွဲဖက်တည်ထောင်ထားသည့် မိုင်ယာမီမြို့ရှိ စိတ်ရောဂါကုဌာနတွင် ဌာနမှူးအဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ ထိုအခါလောက်တွင် ကျွန်ုပ်သည် သိပ္ပံရေးရာ ပညာရှင်စာတမ်းပေါင်း ၃၇–စောင်နှင့် စိတ်ရောဂါကုသမှုဆိုင်ရာစာအုပ်များတွင် အခန်းကဏ္ဍများလည်း ရေးသားပြုစုပေးခဲ့ရပြီး ဖြစ်ပါသည်။

သိပ္ပံရေးရာ ပညာရပ်များ ဆည်းပူးရာတွင် သိပ္ပံပညာရှင်တစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ ဆေးဆရာတစ်ဦးအဖြစ်လည်းကောင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာ မိမိအထူးကျွမ်းကျင်မှုဆိုင်ရာ ပညာနယ်ပယ်၏ ဘောင်အတွင်းမှာသာ စဉ်းစားတွေးခေါ်ခြင်း အလေ့အထကိုရရှိခဲ့သူဖြစ်ခြင်းကြောင့် ကျွန်ုပ်မှာ သမားရိုးကျသိပ္ပံနည်းစနစ်များဖြင့် စစ်တမ်းထုတ်ကြည့်၍ လက်ခံနိုင်သည့်အကြောင်းအရာများမှတစ်ပါး အခြားမည်သည့်အကြောင်းအရာများကိုမျှ မှန်သည်ဟု မယူဆမိခဲ့ချေ။ နိုင်ငံအဝှမ်းရှိထင်ရှားသော တက္ကသိုလ်ကြီးများတွင် Parapsychology ခေါ် စိတ်ရောဂါနှင့်ယှဉ်သော ဆေးပညာရပ်များကို

သုတေသနပြုလုပ်လျက် ရှိနေကြသည့်အကြောင်းကို သတိမူမိခဲ့ပါ၏။ သို့သော် အလေးအနက်ထား၍ မစဉ်းစားခဲ့ပေ။ ထိုကိစ္စများသည် အကြောင်းယုတ္တိကင်းသည် ဟုပင် မှတ်ထင်ခဲ့မိပါသည်။

ထို့နောက် ကျွန်ုပ်သည် ကေသီနှင့် တွေ့ရလေသည်။သူ၏ စိတ်ရောဂါဝေဒနာကို သမားရိုးကျ စိတ်ရောဂါကုသမှု စနစ်များအရ ၁၈–လတိုင်တိုင် ကုသခဲ့ပါသော်လည်း လုံးဝအရာမရောက်ခဲ့ချေ။ ထို့နောက် အိပ်မွေ့ချပညာဖြင့် စမ်းသပ်၍ ကုသကြည့်ခဲ့ပါသည်။ ကေသီသည် အိပ်မွေ့ချခံရ၍ အိပ်ပျော်နေသည့်လူကဲ့သို့ မလှုပ်မယှက်ဖြစ်နေ၍ လောကရှိ ပြင်ပအာရုံများ ခံစားနိုင်စွမ်း ကင်းမဲ့သည့်အခိုက်အတန့်များတွင် ဘဝဟောင်းများကို ပြန်၍ အမှတ်ရလာပုံကို တွေ့ရပါ၏။ ဘဝဟောင်းများက သူကြုံတွေ့ခဲ့ရဖူးသော အဖြစ်သနစ်တို့က သူ့လက်ရှိ စိတ်ရောဂါဝေဒနာ၏ လက္ခဏာများကို အကြောင်းပြုနေသည်ကို တွေ့ရပါသည်။ ထို့ပြင်လည်း မြင့်မြတ်သည့်ဘဝသို့ ရောက်ရှိနေကြသော "ပုဂ္ဂိုလ်ကြီး"တို့ထံမှ ဘဝအကြောင်း၊ သေခြင်းတရားအကြောင်းများနှင့် စပ်လျဉ်းသည့် အသိအမြင်ထူးများကို ကေသီသည် ဆက်သွယ်မှုလမ်းကြောင်းအနေဖြင့် ပြန်ကြားပြောပြနိုင်ကြောင်း သိရှိလာရပေသည်။ လအနည်းငယ်မျှ ကုသပေးခဲ့ရာမှ သူ၏ စိတ်ရောဂါလက္ခဏာများမှာ ကင်းစင်သလောက် ဖြစ်သွားခဲ့လေပြီ။ သူ့ဘဝကို ပိုမိုတည်ငြိမ်ပျော်ရွှင်စွာ ထိန်းကျောင်းသွားနိုင်ခဲ့ပြီ။

ဤအဖြစ်မျိုးကို ကျွန်ုပ်ကြုံရဖို့ လုံးဝအခြေခံမရှိခဲ့သည့်အတွက် ဤဖြစ်ရပ်များ ပေါ်ပေါက်လာသောအခါ အကြီးအကျယ် အံ့အားသင့်ခဲ့ရလေသည်။

ကျွန်ုပ်ကြုံတွေ့ရသည့် အဖြစ်မျိုးကို သိပ္ပံပညာသဘောအားဖြင့် အဖြေရှာ၍မရပါ။ လူ့စိတ်၏ သဘောသဘာဝကို ကျွန်ုပ်တို့ နားလည်နိုင်စွမ်း အလျှင်းပင် မရှိကြပါချေ။ ကျွန်ုပ် ဉာဏ်မီသမျှ မှန်းဆကြည့်ရလျှင် ကေသီသည် အိပ်မွေ့ချခံရဆဲအခိုက်တွင် သူ၏ မသိစိတ်ဟု ခေါ်ရမည်ထင်သော subconscious mindတွင် ကိန်းအောင်းနေသည့် ဖြစ်ရပ်ဟောင်းများကို တွေ့မြင်၍ သွားလေသလော၊ သို့တည်းမဟုတ် စိတ်ပညာပါရဂူ Carl Jung ၏ ယူဆချက်ဖြစ်သော "လူသားတစ်ရပ်လုံး၏ အတိတ်ဖြစ်ရပ်များကို အမှတ်ရမှု"ကို အခြေခံ၍ ကျွန်ုပ်တို့အားလုံး ထုတ်ယူသုံးစွဲနိုင်သည့် အင်အားသစ်တစ်မျိုးကိုပင် အမှတ်မထင် တွေ့ရှိသွားခဲ့လေသလော ဟူ၍ တွေးတောစရာဖြစ်နေပါသည်။ Carl Jung က ယင်းသတ္တိကို "Collective unconscious" ဟု အမည်ပေးခဲ့ပါသည်။

ဤပြဿနာ၏အဖြေကို သိပ္ပံပညာရှင်တို့က စတင်၍ စူးစမ်းလျက်ရှိနေကြပါသည်။ ကျွန်ုပ်တို့ လူ့လောကသားများအနေဖြင့်ကား စိတ်၏ဆန်းကြယ်ထွေပြားမှုများကိုလည်းကောင်း၊ ဝိညာဉ်အကြောင်းကိုလည်းကောင်း၊ သေလွန်ပြီးနောက်ဘဝဆက်သွားခြင်းကိုလည်းကောင်း၊ မျက်မှောက်ဘဝ၌ လူတို့၏စရိုက်ကို အတိတ်ဘဝများမှ အတွေ့အကြုံများက ဩဇာသက်ရောက်ပုံများကိုလည်းကောင်း သုတေသနပြုနိုင်ပါက များစွာအကျိုးရှိမည်ပင်ဖြစ်ပါ၏။ ဤသုတေသနမှုများမှ များစွာသော ပညာရပ်များကို အသစ်အသစ်ဖြစ်ထွန်းမှုတွေ ရှိနိုင်မည်ကား ထင်ရှားလှပါ၏။ နမူနာအားဖြင့် ဆေးသိပ္ပံပညာ၊ စိတ်ရောဂါကုသမှုပညာ၊ ကိုးကွယ်မှုဆိုင်ရာ ပညာနှင့် ဖီလိုဆိုဖီခေါ် ဒဿနဗေဒပညာတို့ကို ဖော်ပြရပေမည်။

သို့ရာတွင် လက်ရှိအခြေအနေအားဖြင့်ဆိုပါက သိပ္ပံနည်းကျ ပယ်ပယ်နယ်နယ် စူးစမ်းလေ့လာမှုမျိုးကား နနယ်သောအဆင့်တွင်သာ ရှိပါသေးသည်။ ဤအကြောင်းအရာများကို ဖော်ထုတ်မှုတွင် လုံးပန်းချက်များ တွေ့နေရပါ၏။ သို့ရာတွင် တွင်ကျယ်မှုမရှိလှသေးချေ။ သိပ္ပံပညာရှင်များရော သာမန်အရပ်သားများကပါ အတိုက်အခံပြုချက်များကလည်း ရှိနေလေသည်။

လူ့သမိုင်းတစ်လျှောက်လုံးမှာပင် အကြံသစ် ဉာဏ်သစ်များကို လူသားတို့သည် ဆန့်ကျင်လေ့ရှိခဲ့ကြပေသည်။ အပြောင်းအလဲကို မလိုလားတတ်ကြချေ။ သမိုင်းမှတ်တမ်းများက ဤအချက်ကို အထင်အရှား ဖော်ပြကြပေသည်။ (ပုံစံအားဖြင့်)ဂဲလီလီယိုသည် ဂျူပီတာနက္ခတ်၏အရံဂြိုဟ်များ (moons)ကို ရှာဖွေတွေ့ရှိစဉ်က ထိုခေတ်က နက္ခတ်ပညာရှင်တို့သည် လုံးဝလက်မခံခဲ့ကြချေ။ ယင်းဂြိုဟ်သစ်များကို ကြည့်ရှုခြင်းပင် မပြုခဲ့ကြပေ။ အကြောင်းမူကား ၎င်းပညာရှင်တို့ ယုံကြည်ရင်းရှိသည့် အယူအဆများနှင့် ဆန့်ကျင်သောကြောင့်ဟု ဆို၏။ ယခုခေတ်တွင်လည်း ဤနည်းနှင်နှင်ပင်တည်း။ လူသေပြီးနောက် အသက် (ဝိညာဉ်)ဆက်၍ ဖြစ်ပေါ်ပုံများနှင့် အတိတ်ဘဝများက ဖြစ်ရပ်များကို အထောက်

အထားရှာဖွေတွေ့ချက်များ ရရှိထားပါသော်လည်း ပြည့်ပြည့်စုံစုံ ရရှိထားသော ထိုသက်သေအထောက် အထားများကို စိတ်ပညာရှင်များနှင့် အခြားရောဂါကုသရေးဆိုင်ရာ ပညာရှင်တို့က လျစ်လျူရှုကြလေသည်။ ယင်းအထောက်အထားများ၏ ခိုင်လုံမှုကို စုံစမ်းစိစစ်ရန် ငြင်းဆန်လျက်သာ ရှိနေကြကုန်၏။ ၎င်းတို့သည် မျက်လုံးများကို စုံမှိတ်၍ ထားကြလေသည်။

> လူသေပြီးနောက် အသက်(ဝိညာဉ်)ဆက်၍ ဖြစ်ပေါ်ပုံများနှင့် အတိတ်ဘဝများက ဖြစ်ရပ်များကို အထောက်အထားရှာဖွေတွေ့ချက်များ ရရှိထားပါသော်လည်း ပြည့်ပြည့်စုံစုံ ရရှိထားသော ထိုသက်သေအထောက်အထားများကို စိတ်ပညာရှင်များနှင့် အခြားရောဂါကုသရေးဆိုင်ရာ ပညာရှင်တို့က လျစ်လျူရှုကြလေသည်။

ဤစာအုပ်ငယ်သည် Parapsychology ပညာရပ်ဆိုင်ရာ သုတေသနပြုမှုများ ခေတ်စားလျက်ရှိနေသော ကာလတွင် စာရေးသူ၏ လုံးပန်းဖြည့်စွမ်းချက် တစ်ရပ်ဖြစ်ပါသည်။ အထူးအားဖြင့်ကား လူမသေမီနှင့် သေပြီးနောက်ကာလပိုင်းများတွင် ကြုံတွေ့ရချက်များ အကြောင်း စူးစမ်းလေ့လာချက်ဖြစ်ပါ၏။ ဤစာအုပ်ပါ အချက်အလက်အားလုံး မှန်ကန်ခြင်းရှိပါသည်။ တစ်စုံတစ်ရာ ဖြည့်စွက်ချက်ဟူ၍ မပါရှိပါ။ ထပ်ပြန်တလဲလဲ ပါရှိလာသော အချက်အချို့ကိုသာ ထုတ်ပယ်ထားပါသည်။ ကေသီ၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်မှုကို ငဲ့ကွက်သောအားဖြင့် အမည်ရင်းကို ပြောင်းလွဲထားပါသည်။

ဤစာအုပ်ကို ရေးရကောင်းနိုးနိုးနှင့် ချိန်ဆ၍ နေခဲ့ရသော ကာလမှာ လေးနှစ်တိုင်တိုင် ကြာမြင့်ခဲ့ပါသည်။ ဆန်းပြားလှသော အတွေ့အကြုံကို ထုတ်ဖော်ပြောလိုက်ပါက မိမိ၏ ပညာရှင်ဘဝတွင် နာမည်ပျက်သွားလေမလားဟူသော စိုးရိမ်ကြောင့်ကြမှုများနှင့် နပန်းလုံး၍ နေခဲ့ရသည်က (၄)နှစ်တိတိ ကြာမြင့်ခဲ့လေသည်။

တစ်ညဉ့်သောအခါမှာကား ရေပန်းအောက်တွင် ရေချိုးနေရင်း ဤအဖြစ်သနစ်ကို စာဖြင့်ရေးချမှပင် ဖြစ်တော့မည်ဟူ၍ စိတ်မှာ ဆုံးဖြတ်ချက် ချမိပါတော့သည်။ ရေးဖို့အချိန်တန်ချေပြီ။ မိမိသိရှိထားချက်ကို ထိန်ဝှက်ထားရန်မသင့်ပြီ၊ မိမိခံယူရရှိထားသော သင်ခန်းစာများကို ကိုယ်ပိုင်ပစ္စည်းသဖွယ် သိမ်းဆည်းထားဖို့မဟုတ်၊ အများအား ဝေမျှသိစေသင့်လေပြီဟူသော ခံယူချက်ပေါ်ပေါက်လာလေတော့၏။ အသိအမြင်ထူးကို ကေသီမှတစ်ဆင့် ကျွန်ုပ်က ရရှိခဲ့ခြင်းဖြစ်သည်။ မသေခြင်းသဘောတရားနှင့် ဘဝ၏အဓိပ္ပါယ် အစစ်အမှန်အကြောင်းကို သိခွင့်ရရှိခဲ့သော မိမိ၏အဖို့မှာ အများနှင့်မျှဝေ သိရှိစေခြင်းသည်သာ မှန်ကန်သောလုပ်ရပ် ဖြစ်သဖြင့် ထိုအသိတရားကို ဖုံးကွယ်ထားခြင်းကြောင့် အတိုင်းမသိသော ဆိုးကျိုးတွေသာ ဖြစ်ပေါ်ဖွယ်ရှိလိမ့်မည်ဟူသော အမြင်ကို ရရှိခဲ့ပါတော့သည်။

ကျွန်ုပ်သည် ရေချိုးရာမှ ပြေးထွက်လာခဲ့ပြီးလျှင် စာရေးစားပွဲတွင် ထိုင်ချလိုက်ပါသည်။ကေသီနှင့် အိပ်မွေ့ချကုသပေးစဉ်က မှတ်တမ်းတင်ထားသော အသံဖမ်းတိပ်ခွေ တစ်ပုံကြီးကို ရှေ့မှာချထားလိုက်ပါ၏။ အချိန်ကား မိုးသောက်ယံဘက်သို့ ချဉ်းနင်းရောက်ရှိခဲ့လေပြီ။ ထိုစဉ်တွင် ကျွန်ုပ် ၁၄-၅-၆ နှစ်သားလောက်က အနိစ္စရောက်သွားသူ ဟန်ဂေရီနွယ်ဖွား အဘိုး၏စကားလေးကို ပြန်လှန်သတိရနေမိပါ၏။ ကျွန်ုပ်သည် တစ်စုံတစ်ရာကို စွန့်စားပြီးလုပ်ရန် ကိစ္စပေါ်လျှင် "ကျွန်တော်ကြောက်တယ်အဘိုး"ဟု ပြောပြသောအခါများတွင် အဘိုးက သူပြောနေကျ အင်္ဂလိပ်စကားဖြစ်သော-

"ဂရုစိုက်လို့ကွာ" "Vat the hell" ဟူသော အားပေးစကားကလေးကို အထပ်ထပ်ပြောဆိုကာ ကျွန်ုပ်အား ရဲဆေးတင်ပေးလေ့ရှိပါသည်။

■ ဆက်လက်ဖော်ပြပါမည်



# ကြည့်သော သူမြင်၏

မိုးထက်ငြိမ်

ယနေ့မျက်မှောက်ကာလတွင် ဗုဒ္ဓဘာသာဝင်ဟု အမည်ခံယူထားပါလျက်နှင့် ဘိုးတော်၊မယ်တော်၊ ဝိဇ္ဇာဓိုရ်၊ နတ်ကတော်အစရှိသည့် သာသနာပြင်ပကိစ္စများကို တလွဲဆံပင်ကောင်း အားကိုး၊ ကိုးကွယ်နေသည့် လူတချို့တို့ ရှိကြကုန်၏။ အမှန်စင်စစ်မူကား ကိုးကွယ်စရာ ရတနာသုံးပါး အထင်အရှား ရှိပါလျက်ကယ်နှင့် ဆရာအတင်မှား နေကြခြင်း ဖြစ်သည်။ အထက်ပါကိုးကွယ်မှုများမှာ ကိုးကွယ်ထိုက်သင့်သော ပုဂ္ဂိုလ်များ ဖြစ်ပါသလားဟု မဆန်းစစ်၊ မတွက်ဆကုန်ကြပေ။ စင်စစ်မူ ၎င်းတို့မှာ ကိုးကွယ်ရာအစစ်အမှန်မဟုတ်ကြ။ အဘယ်ကြောင့်ဟူကား မြတ်စွာဘုရားရှင်သည် မူလပဏ္ဏာသ-သလ္လေခသုတ်တွင် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

"မိမိသည် ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ နစ်မြုပ်နေသူဖြစ်ပါလျက် ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ နစ်နေသော အခြားသောသူများကို ထုတ်ဆောင်ကယ်တင်နိုင်လိမ့်မည်ဟူသော အကြောင်းမရှိချေ"

မိမိပူဇော်သော မီးပုံမငြိမ်းသွားစေရန် အစဉ်အမြဲဂရုစိုက်ပူဇော်နေသည့် ပုဏ္ဏားတစ်ဦးသည် ထင်း

မီးရှို့ပူဇော်ခြင်းသည် အကုသိုလ်တရားများ၊ ပြစ်မှုများ စင်ကြယ်စေသည်ဟု အယူအဆပြင်းထန်စွာ ရှိနေသဖြင့် မြတ်စွာဘုရားရှင်က "ပုဏ္ဏား ...ထင်းမီးရှို့ပူဇော်သောသင်သည် မီးရှို့ပူဇော်ကာမျှဖြင့် အကုသိုလ်မှ စင်ကြယ်ပြီဟု မအောက်မေ့နှင့်၊ စင်ကြယ်မှုကို အလိုရှိအံ့၊ မီးရှို့ပူဇော်ခြင်းဖြင့် စင်ကြယ်၏ဟု ပညာရှိတို့ မဆိုကုန် ...ငါသည် မီးရှို့ခြင်းကိုပယ်၍ ကိုယ်တွင်းသန္တာန်၌သာလျှင် ဉာဏ်မီးဖြင့် စင်ကြယ်သော အလင်းရောင်ကို ဖြစ်စေသူသာတည်း" ဟု လမ်းညွှန်ပြသဆုံးမခဲ့ဖူးကြောင်း သဂါထာသံယုတ်၊ ဥဒယသုတ်၌ ပြဆိုထားသည်။

အထက်ပါသုတ်တရားတော်ကို ထောက်ချင့်သောအားဖြင့် လုပ်ချင်ရာစွတ်လုပ်ပြီး၊ ဒုက္ခရောက်လာတော့မှသာလျှင် ဗေဒင်ဆရာထံ အားကိုးတကြီး ပြေးပြီး ဗေဒင်မေး၊ ယတြာတောင်း၊ ပြီးတော့ ဗေဒင်ဆရာရဲ့ လမ်းညွှန်မှုကြောင့် ဘယ်စေတီ၊ ဘယ်ဂြိုဟ်ထောင့်မှာ ဆီမီးသက်စေ့ထွန်း ပူဇော်ကြသော လူတချို့ကို အကျိုးထူး ရနိုင် မရနိုင် စဉ်းစားလို့ရလောက်ပါပြီ။ဒါကလည်း အနီးစပ်ဆုံး ဥပမာပါ။ ယခုခေတ်တွင်မတော့ ထင်းမီးရှို့ပူဇော်ကာ ယဇ်ပူဇော်သည့်ပုဂ္ဂိုလ်တို့ မရှိကြပေ။ သို့သော်လည်း ယဇ်ပူဇော်သကဲ့သို့ ရှိနေကြသော အကြွင်းအကျန်တချို့မှာ စေတီတိုင်း၊ ပုထိုးတိုင်းတွင် ဖယောင်းတိုင်ထုပ်ကလေးကိုင်ကာ တွေ့နိုင်ပါသေးသည်။ ကြည်ညိုလို့ ဆီမီးဖယောင်းတိုင် လာပူဇော်တာထက် ဘယ်ဂြိုဟ်သက်ရောက်လို့၊ ဘာကိန်းရောက်နေလို့ အညံ့တွေပျောက်သွားအောင် ဗေဒင်ဆရာရဲ့ လမ်းညွှန်ချက်ကြောင့် ရောက်လာသည်က ဒုနှင့်ဒေးပင်ရှိသည်။

'လောဘ'...တဲ့။ သူ့ကို ကြည့်လိုက်လျှင်တော့ စကားစုကလေးက နှစ်လုံးတည်းရယ်ပါ။ သို့သော်လည်း သူ၏စေခိုင်းချက်က ကြောက်ခမန်းလိလိပင် ဖြစ်၏။



ယနေ့မျက်မှောက်ကာလတွင်
ဗုဒ္ဓဘာသာဝင်ဟု
အမည်ခံယူထားပါလျက်နှင့်
ဘိုးတော်မယ်တော်
ဝိဇ္ဇာဓိုရ်
နတ်ကတော်အစရှိသည့်
သာသနာပြင်ပ
ကိစ္စများကို
တလွဲဆံပင်ကောင်း
အားကိုး၊ ကိုးကွယ်နေသည့်
လူတချို့တို့ ရှိကြကုန်၏။

သိန်းတစ်ရာ ချမ်းသာသူကလည်း သိန်းလေးငါးရာမက ထပ်ပြီးလိုချင်လှသလို၊ ဆင်းရဲသားကလည်း သိန်းသန်းကြွယ်ဝချင်တာသည် လောဘ၏ ခိုင်းစေမှုပင်ဖြစ်သည်။လောဘ၏ စေခိုင်းချက်ကြောင့်လည်း နယ်မြေလုပွဲ၊ ကမ္ဘာစစ်ပွဲ၊ သွေးချောင်းစီးသတ်ဖြတ်ပွဲတို့က ကမ္ဘာ့သမိုင်းကို သွေးညှီစော်နံစေသည်။ ဤသည်နှင့်ပတ်သက်၍လည်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ကြောင်း ဣတိဝုတ်၊ ကေနိပါတ်၌ အောက်ပါအတိုင်းပါရှိသည်။

"ရဟန်းတို့ ...တစ်ခုသော တရားကိုသာ ပယ်လော့ ... သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် တာဝန်ယူမည်။ ထို တစ်ခုတည်းသော တရားဟူကား အခြားမဟုတ်။ 'လောဘ'ဟူသော တစ်ခုတည်းသော တရားသာပေတည်း ..."

"ထမင်းရည် ချောင်းစီးမောင်းတီးတဲ့ အလှူပေါ့"တဲ့။ တပျော်တပါး လှူကြသည်။ အားရစရာပါ။ သို့သော်လည်း သို့ပေမယ့်ပေါ့လို့ ဆိုရလောက်အောင် ဘုရားကြိုက်တဲ့ အလှူဖြစ်ကြရဲ့လားလို့ စဉ်းစားစရာ ဖြစ်လာပါတော့သည်။ "ဟုတ်ကဲ့ ...ဖြစ်တော့ဖြစ်၏၊ သို့သော် ရှား၏"ဟု ပြောရပါလိမ့်မည်။ "ဟိုဘက်ရွာက အလှူကတော့ ဝက်အချိန်တစ်ရာတောင် ပေါ်တယ်ဆိုပဲ။ ငါတို့အလှူကျရင်တော့ ဝက်အချိန် တစ်ရာ့ငါးဆယ်ထိ ပေါ်ပစ်မယ်။ ဒါမှ သူ့ထက်သာမှာပေါ့ကွ"တဲ့။ ဒါက စာရေးသူ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတဲ့ အလှူရှင်တစ်ဦးရဲ့ ပုဗ္ဗစေတနာအသံ ...။ ကုသိုလ်အရပြိုင်တာလား၊ ငရဲအရပြိုင်တာလားလို့ စဉ်းစားစရာ ဖြစ်လာပါသည်။

ဒီကြားထဲမှာပင် အလှူရှင်အလောင်းအလျာကြီးက ပြောပြန်သေးသည်။

"ကာလသားတွေကတောင်းဆိုလို့ကွာ၊ အရက်ဆီ သုံး

ဂါလန်စပ်ထားရသေးတယ်။ ရေကျက်အေးနဲ့ သုံးချိုးတစ်ချိုး စပ်ရတာမို့ (၃၆)ပုလင်းစာတော့ ရှိမှာပေါ့။ အခုတော့ စဥ့်အိုးနဲ့ လှောင်ထားရတယ်"တဲ့။

ဩော် ...အလှူရှင်ကြီး ခင်ဗျာ ...အလှူပွဲကြီးရက်မှာ သုရာမေရယက် ချိုးဖောက်ဖို့ အတွက် အားပေးအားမြှောက် လုပ်ပေးသလို ဖြစ်သွားတယ်ဆိုတာကို မတွေးမိဘူးနဲ့ တူပါရဲ့လို့ စာရေးသူ ထပ်တွေးမိပါတယ်။

စာရေးသူက အလှူမှာ နောက်ထပ် ဘာအစီအစဥ်များ ရှိသေးသလဲဟု စပ်စုကြည့်ရာ၊ မိတ်ဆွေဖြစ်သူက ဟိုဘက်ရွာကအလှူတွင် မပါရှိခဲ့သော စတီတ်ရှိုးအစီအစဥ်နှင့် ဗီဒီယိုရိုက်မည့် အစီအစဥ်ကိုပါ ပြောကြားလာခဲ့သည်။ သူ၏ အလှူမှာ တစ်ဖက်ရွာမှ လုပ်သည့် အလှူထက် အစစအရာရာ သာရမည်ဟု ကြုံးဝါးလိုက်တော့မှ စာရေးသူလည်း မိတ်ဆွေ၏ စိတ်ရင်းကို အကဲခတ်သဘောပေါက်မိသည်။

"ဩော် ...ဒီလူ ကြွားဝါပြိုင်ဆိုင်ချင်နေတာပါလား"ဟူ၍ ...။

ထို့ကြောင့် ထိုမိတ်ဆွေအား စာရေးသူက စိတ်စမ်းသည့် အနေဖြင့် "အလှူအပေါ် ဘယ်လို အကျိုးအမြတ် မြင်ထားသလဲ"ဟု မသိမသာမေးမြန်းရာ၊ ထိုမိတ်ဆွေ၏ အဖြေကြောင့် စာရေးသူ စိတ်ပျက်လက်ပျက်ဖြစ်မိသွား၏။ ထိုမိတ်ဆွေ၏ အဖြေကား–

"အလှူပေး သူဌေးဖြစ်တဲ့ ...ဟဲ–ဟဲ နတ်သမီးလေးတွေ တစ်ဖက်ငါးရာပေါ့ဗျာ"ဟူ၍ ...။

မိရိုးဖလာဗုဒ္ဓဘာသာဝင် အသိမျှရှိသေးပြီး၊ လမ်းအနည်းငယ် မှားနေသော ထိုမိတ်ဆွေကို စာရေးသူ တည့်မတ်ပေးချင်ပါသည်။ သို့သော်လည်း ထိုမိတ်ဆွေ၏ စိတ်ဓာတ်ကို သိပြီးသားဖြစ်၍ မလိုလားအပ်သော ပြဿနာတို့ ပေါ်ပေါက်လာမည်စိုး၍ စာရေးသူအနေဖြင့် စိတ်မကောင်းကြီးစွာ ခပ်မဆိတ်နေရင်း ပြန်လာခဲ့ရတော့သည်။

အလှူရှင်တစ်ယောက် အနေဖြင့် ပတ်ဝန်းကျင်မှ မိမိကို အထင်ကြီးစေလိုသော စိတ်သည် လောဘ၊နောင်ဘဝဟူသော အမျှော်ထားခြင်းသည် လောဘ၊ ဩော်–လောဘနှင့်ယှဥ်သော အလှူပွဲကြီးပါလားဟု စာရေးသူ တွေးတောမိတော့သည်။

ဤသည်နှင့်ပတ်သက်၍ ဥဒါန်းပါဠိတော် ဂဏိကာသုတ်၌ မြတ်စွာဘုရား ဟောကြားသည့် ဒေသနာတော်မှာ–

"ရအပ်သော၊ ခံစားအပ်သော ကာမဂုဏ်နှင့် ရထိုက်ခံစားထိုက်သော ကာမဂုဏ်ဟူသော ဤနှစ်ပါးစုသည် ကိလေသာနိပ်စက်ခံရသော နောင်နောင်အကျိုး မျှော်ကိုးကျင့်ကြံသူတို့၏ သန္တာန်၌ ရာဂစသော မြူတို့ဖြင့် ရောပြွမ်းလိမ်းကျံထားမှု ဖြစ်နေခြင်းတည်း။ အတ္တကိလမထာနုယောဂနှင့် ကာမသုခလ္လိကာနုယောဂ စသော အယုတ်တရားနှစ်ပါးကို ကျင့်ကြံကြခြင်းသည် ဖြစ်ကုန်၏။ ဤသို့ ကာမဂုဏ်ကို မျှော်ကိုးခြင်းသည် အဝိဇ္ဇာကို ပွားစေ၏။ မိစ္ဆာဒိဋ္ဌိကို ပွားစေ၏"ဟူ၍ ဖြစ်သည်။

အထက်ပါဒေသနာနှင့် ချင့်မည်ဆိုပါက စာရေးသူ၏ မိတ်ဆွေ

> အကျိုးကိုလည်း
> တမန်လွန်စံစားရန်
> ပေးလှူကြခြင်းမဟုတ်။
> အမျိုးအနွယ်၏
> ဓလေ့ထုံးစံအလျှောက်
> ပေးလှူခြင်းလည်းမဟုတ်။
> စင်စစ်သော်ကား
> ဝိပဿနာ၏
> အခြံအရံဖြစ်သော
> အလောဘ၊အဒေါသ၊အမောဟ
> အလို့ငှာသာလျှင်
> ပေးလှူကြကုန်သည်။

သည် 'အလှူပေး သူဌေးဖြစ်' 'လူ့စည်းစိမ် နတ်စည်းစိမ်'ဟူသော အမျှော်ဖြင့် လှူဒါန်းမှုပြုလိုသော ဆန္ဒရှိနေသဖြင့် အစွန်းနှစ်ဖက်ဖြစ်သော အတ္တကိလမထာနုယောဂကျင့်စဥ်နှင့် ကာမသုခလ္လိကာနုယောဂကျင့်စဥ်တို့ကို ကျင့်သူနှင့် တစ်ဂိုဏ်းတည်း ထားရလောက်အောင်ပင် ဖြစ်နေသည်။ ရည်ရွယ်ရာ ပန်းတိုင်စစ်ကို မမြင်နိုင်သူ တစ်ဦး၏ ဆန္ဒများပင် ဖြစ်သည်။

မလှူတတ်တာလား၊ မလှူတတ်သေးတာလား ဆိုတာကိုတော့ ထိုမိတ်ဆွေကို တစ်ချိန်ကျမှ မေးရန်တေးထားမိသည်။ကဲ့ရဲ့သည့်အနေဖြင့် မေးရန်တော့မဟုတ်ပါ။ တည့်မတ်ပေးသည့်အနေဖြင့် မိတ်ဆွေပီသသော အပြုအမူတစ်ရပ် ဆောင်ရွက်ရန် မေးဖို့သာဖြစ်၍ စာရေးသူအနေဖြင့် လိပ်ပြာလုံပါသည်။ထေရဝါဒဗုဒ္ဓဘာသာဝင်၏အလှူ ပီပီပြင်ပြင် ဖြစ်

စေရန်၊ မြင့်မြတ်သော အလှူဖြစ်စေရန်အတွက် မြတ်စွာဘုရားက နိဒါနသံယုတ်၊ဩက္ခာသုတ်၌ အောက်ပါအတိုင်း လမ်းညွှန်ပြသ ဆိုဆုံးမခဲ့သည်–

"အမျှော်နှင့် လှူဒါန်းသူထက် မေတ္တာပို့သူက မြတ်သေး၏။ အကြင်သူသည် နံနက်တစ်ကြိမ်၊နေ့တစ်ကြိမ်၊ ညတစ်ကြိမ် ဤသို့တစ်နေ့သုံးကြိမ်မျှ အိုးစရည်း တစ်ရာဖြင့် ချက်၍ မွန်မြတ်သော ဘောဇဉ်ရသာတို့ကို နေ့တိုင်းလှူအံ့၊ အကြင်သူသည်ကား နို့တစ်ညှစ်စာမျှ မေတ္တာပို့၏။ ထိုမေတ္တာပို့သူသည် အိုးတစ်ရာဖြင့် တစ်နေ့သုံးကြိမ် နေ့တိုင်းလှူသူထက် နို့တစ်ညှစ်စာမျှ မေတ္တာပို့သူက မြတ်၏။ မလှူတတ်သော အမျှော်ပါသောကြောင့် ဥပါဒါန်အစွဲမကွာသဖြင့် နွားနို့တစ်ညှစ်စာမျှ မေတ္တာပို့သူလောက် မမြတ်ချေ"

ထားပါတော့လေ၊ မမြင်တတ်သေးတဲ့ ထိုစာရေးသူ၏ မိတ်ဆွေအကြောင်းကို သူစိတ်လက်ကြည်သာနေချိန်ရောက်မှ တစ်စတစ်စဖြင့် မသိမသာ နားချပေးရဦးမည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာဝင်တို့ပီပီ လှူဒါန်းကြပါ၏။ မိရိုးဖလာစိတ်ဖြင့် စိုသောလက်မခြောက်စေရန်၊ နောင်ဘဝသံသရာအတွက် ရိက္ခာဖြစ်စေရန်၊ နိဗ္ဗာန်အကျိုးမျှော်၍ တစ်ဖုံ၊ လှူ့ချမ်းသာနတ်ချမ်းသာ စသည်တို့အတွက် တစ်မျိုး စသည်စသည်တို့ကြောင့် ဖြစ်ပါသည်။ မလှူဖူးသောလူဟူသည် မရှိသလောက် ရှားပါးသည်။အားလုံးသောပုဂ္ဂိုလ်တို့သည် လှူဒါန်းဖူးကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။

အချိန်အခါ၊ နေရာဒေသ၊ အကျိုးအကြောင်းအရသာ လှူဒါန်းသည့် ဝတ္ထုအရာတို့မှာ အနည်းအများ ကွာခြားမည် ဖြစ်သော်လည်း လုံးလုံးမလှူဖူးသည်မှာ မရှိပါ။ အနည်းငယ် မပြောပလောက်သော ငွေကြေးစ တစ်စမျှလောက်ပင် အားနာစိတ်ဖြင့် လှူဖူးခဲ့မိမှာ ကေန်ပင်ဖြစ်ပါသည်။

"ညောင်စေ့လောက် လှူသော်ငြားလည်း ညောင်ပင်ကြီးမက အကျိုးရ၏"ဆိုသည့်အတိုင်း မိမိ၏ နှလုံးသွင်းမှုပေါ် မူတည်၍သာ အကျိုးရရှိစေမည်ဖြစ်သည်။ မိမိ လှူဒါန်းသော အရာဝတ္ထု၊ ပစ္စည်းမည်ရွေ့မည်မျှဟူသော အတိုင်းအတာနှင့် မသက်ဆိုင်ပေ။

"သူတို့လှူသလို ငါတို့လည်း လှူတာပါပဲ။ သူတို့ထက် မသာတောင် သူတို့နဲ့ တန်းတူလှူတာပါပဲ။ သူတို့ကျ အကျိုးထူးပေးပြီး ငါတို့ကျတော့ ဘာဖြစ်လို့ ..." စသော အကျိုးအမြတ် မျှော်ကိုးစကားများကိုလည်း စာရေးသူကိုယ်တိုင် ကြားဖူးသည်။

ရုတ်တရက်ဆိုလျှင်တော့ ထိုသူတို့ရဲ့ စကားကြောင့် "ဟုတ်သားပဲ၊ ကံကောင်းမှု အကျိုးပေးမှုဆိုတာကြီးက မျက်နှာအလိုက်သား"ဟု ထင်စရာကောင်းပါသည်။ ဘာကြောင့်လဲ၊ဘာအတွက်လဲစသော ပုစ္ဆာကို တွက်ဆရင်း ခိုင်လုံသော အဖြေကို ရှာဖွေရေးအတွက် ကျမ်းဂန်တစ်မျိုးကို ရှာဖွေရပေသည်။ ဟော–တွေ့ပါပြီကော၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ ဒါနမဟပ္ဖလသုတ်မှာပါတဲ့ ဒေသနာတော်ပိုဒ် ...

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကို မိန့်တော်မူ၊ လမ်းညွှန်ပြသတော်မူခဲ့တဲ့ ဒေသနာတော်မြတ် ...

"သာရိပုတ္တရာ ..ပေးလှူကြရာ၌ အကြင်သူတို့သည် ငဲ့ကွက်သောစိတ်၊ နှောင်ဖွဲ့သောစိတ်၊ သိုမှီးခြင်းကို ငဲ့သောစိတ်ဖြင့် အလှူ၏ အကျိုးကို တမလွန်ဘဝသို့ ရောက်လျှင် သုံးဆောင်စံစားရလိမ့်အံ့ ဟူသော သဘောဖြင့် ပေးလှူကြ၏။ အကြင်သူတို့သည်ကား ငဲ့ကွက်သော စိတ်၊ နှောင်ဖွဲ့သောစိတ်မရှိဘဲ ပေးလှူကြကုန်၏။ အကျိုးကိုလည်း တမလွန်စံစားရန် ပေးလှူကြခြင်း မဟုတ်။ အမျိုးအနွယ်၏ ဓလေ့ထုံးစံအလျောက် ပေးလှူခြင်းလည်း မဟုတ်။စင်စစ်သော်ကား ဝိပဿနာ၏ အခြံအရံဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟ အလို့ငှာသာလျှင် ပေးလှူကြကုန်သည်။

သာရိပုတ္တရာ ...ဤလောက၌ အချို့သောပုဂ္ဂိုလ်တို့၌ အကျိုးအာနိသင်မဖြစ်ခြင်းနှင့် အချို့သောပုဂ္ဂိုလ်တို့၏အလှူကား အကျိုးအာနိသင်ကြီးမားခြင်းမှာ ဤသည်တို့ ကွာခြားချက်တည်း ...။"

ကြည့်ပါ–မြင်အောင်ကြည့်ပါ။ သိပါ–သတိနှင့်အသိတွဲပြီး ဘုရားကြိုက်တဲ့ အလှူစစ် အလှူမှန် ပြုနိုင်ကြပြီး ရှောင်စရာကိုရှားပြီး ဆောင်စရာကို ထားကြပါ။ ကြည့်သောသူ မြင်ပါလိမ့်မည်။ သတိနဲ့ ကြည့်သောသူတို့သည် အရာရာကို မြင်ပါလိမ့်မည်။

□ မိုးထက်ငြိမ်



# နတ်တို့ပြောသော သုဂတိဘုံ

သုတိဩဘာ(ဆင်ပေါင်ဝဲ)

နတ်တို့ပြောသော သုဂတိဘုံ။

နတ်တို့လိုလားတောင့်တသော သုဂတိဘုံ။

နတ်တို့သည် သူတို့နတ်ပြည်မှနေ၍ သုဂတိဘုံဘဝသို့ လိုလားတောင့်တ ပြောဆိုကြသေးသည်။ အမှန်မှာ နတ်ဘုံ နတ်ဘဝဟူသည် အလွန်ကောင်းမြတ်သော သုဂတိဘုံဘဝ ဖြစ်ပါပေ၏။ ထိုသို့ ကောင်းမြတ်သော ဘုံဘဝကို ရောက်ရှိနေပါလျက် သုဂတိဘုံဘဝသို့ တောင့်တကြသေးသည်ဟုဆိုလျှင် အံ့ဩဖွယ်ဖြစ်ကောင်း ဖြစ်ပေမည်။ နတ်တို့သည် အဘယ် သုဂတိဘုံဘဝသို့ အဘယ်ပုံ အဘယ်နည်းဖြင့် တောင့်တပြောဆိုကြပါသနည်း။

ဤနေရာ၌ ဘုံသုံးဆယ့်တစ်ဟုဆိုသော သုံးဆယ့်တစ်ဘုံအကြောင်းကို သိထားသင့်ပါသည်။ သုံးဆယ့်တစ်ဘုံရှိသည်မှာ–

၁။ ငရဲဘုံ၊ ၂။ တိရစ္ဆာန်ဘုံ၊ ၃။ ပြိတ္တာဘုံ။ ၄။ အသူရကာယ်ဘုံ၊ ၅။ လူ့ဘုံ၊ ၆။ စတုမဟာရာဇ်ဘုံ၊ ၇။ တာဝတိံသာဘုံ၊ ၈။ ယာမာဘုံ၊ ၉။ တုသိတာဘုံ၊ ၁၀။ နိမ္မာနရတိဘုံ၊ ၁၁။ ပရနိမ္မိတဝသဝတ္တီဘုံ၊ ၁၂။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ၁၃။ ဗြဟ္မပုရောဟိတာဘုံ၊ ၁၄။ မဟာဗြဟ္မာဘုံ၊ ၁၅။ ပရိတ္တာဘာဘုံ၊ ၁၆။ အပ္ပမာဏာဘာဘုံ၊ ၁၇။ အာဘဿရာဘုံ၊ ၁၈။ ပရိတ္တသုဘာဘုံ၊ ၁၉။ အပ္ပမာဏသုဘာဘုံ၊ ၂၀။ သုဘကိဏှာဘုံ၊ ၂၁။ ဝေဟပ္ဖိုလ်ဘုံ၊၂၂။အသညသတ်ဘုံ၊ ၂၃။ အဝိဟာဘုံ၊ ၂၄။ အတပ္ပါဘုံ။ ၂၅။ သုဒဿာဘုံ၊ ၂၆။ သုဒဿီဘုံ၊ ၂၇။ အကနိဋ္ဌဘုံ၊ ၂၈။ အာကာသာနဉ္စာယတနဘုံ၊ ၂၉။ ဝိညာဏဉ္စာယတနဘုံ၊၃၀။ အာကိဉ္စညာယတနဘုံ၊ ၃၁။ နေဝသညာနာသညာယတနဘုံဟူ၍ဖြစ်ပေသည်။

ဤ၌ နံပါတ်(၁)မှ (၄)တိုင်အောင်သည် အပါယ်လေးဘုံဟု ခေါ်ပါသည်။ နံပါတ်(၅)မှ (၁၁)တိုင်အောင်ကို ကာမသုဂတိ ခုနစ်ဘုံဟု ခေါ်ပါသည်။ အပါယ်လေးဘုံနှင့် ကာမသုဂတိ ခုနစ်ဘုံပေါင်း၍ ကာမတစ်ဆယ့်တစ်ဘုံဟု ခေါ်ပြန်ပါသည်။ နံပါတ်(၆)မှ (၁၁)တိုင်အောင်သည် နတ်ပြည်ခြောက်ထပ် ဖြစ်၏။ နပါတ်(၁၂)မှ နံပါတ်(၂၇)တိုင် အောင်သည် ရူပဆယ့်ခြောက်ဘုံဖြစ်ပါ၏။ ဗြဟ္မာများ ဖြစ်ပါသည်။ ဤတွင် နံပါတ်(၂၃)မှ (၂၇)တိုင်အောင် အဝိဟာဘုံမှ အကနိဋ္ဌဘုံအထိ ငါးဘုံသည် သုဒ္ဓါဝါသ ငါးဘုံ ဖြစ်ပါသည်။ နံပါတ်(၂၈)မှ (၃၁)တိုင်အောင် လေးဘုံသည် အရူပလေးဘုံ ဖြစ်ပါသည်။ ယင်းရူပ ဆယ့်ခြောက်ဘုံနှင့် အရူပလေးဘုံပေါင်း နှစ်ဆယ်ကို ဗြဟ္မာ့ဘုံ နှစ်ဆယ်ဟု ခေါ်ပေ၏။ အကျယ်ကား အဘိဓမ္မာဘုံပိုင်းတွင် လာပါ၏။

ဆိုပါစို့။ ၎င်း သုံးဆယ့်တစ်ဘုံတွင် နတ်တို့နေရာ နတ်ပြည်ခြောက်ထပ်သည် ကာမသုဂတိဟုဆိုအပ်သော ကောင်းသောဘုံဘဝ၌ ပါပါ၏။ ထိုသို့ ဖြစ်ပါလျက် နတ် တို့သည် ကောင်းသောသုဂတိဘုံဘဝကို တောင့်တသေးသည်ဟု ဆိုပါလျှင် အဘယ်ဘုံဘဝသည် နတ်တို့ တောင့်တသော ဘုံဘဝဖြစ်နိုင်ပါသနည်း။

ယေဘုယျဆိုရပါလျှင် နတ်တို့တောင့်တသော သုဂတိဘုံသည် နတ်ပြည်ခြောက်ထပ်ထက် အထက်ကျသော ဗြဟ္မာ့ဘုံနှစ်ဆယ်သာ ဖြစ်သင့်ပါသည်။ သို့မှသာ သဘာဝကျမည် ဖြစ်ပေ၏။ သို့ဆိုလျှင် နတ်တို့ပြောသော သုဂတိဘုံသည် ဗြဟ္မာ့ဘုံနှစ်ဆယ်ဟု ယူဆရပါမည် လော။ ထိုသို့လည်း မဟုတ်ပြန်ပါချေ။ နတ်တို့တောင့်တသော သုဂတိဘုံဟူသည် ဗြဟ္မာ့ဘုံနှစ်ဆယ်ဟူ၍ မဟုတ်ပါချေ။ သို့ဆိုလျှင် အဘယ်ဘုံသည် နတ်တို့တောင့်တသော သုဂတိဘုံ ဖြစ်နိုင်မည်နည်း။ စဉ်းစားဖွယ်ရာ အချက်ပါတည်း။

သို့ပါ၍ သံဝေဂယူနိုင်စေရန် အောက်ပါသာဓကဖြင့် အာရုံပြုကြပါစို့။

အခါတစ်ပါး၌ နတ်သားတစ်ပါး၏ ၎င်းဖန်ဆင်းထားသောနတ်ပန်းများ ညှိုးနွမ်း၍ လာလေသည်။ ထို့အပြင် နတ်ဝတ်တန်ဆာ ဒွါဒရာများ ညှိုးနွမ်းလာခြင်း၊ ချွေးထွက်လာခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ မှိန်လာခြင်း၊ နေရထိုင်ရ ပျော်ရွှင်မှုမရှိခြင်းများလည်း ဖြစ်ပေါ်လာခဲ့ပါသည်။

ထိုလက္ခဏာများ ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ လူ့သဘာဝ လူ့အမြင်နှင့် သုံးသပ်လျှင် အရေးကြီးသည်ဟု ထင်စရာမရှိပေ။ ပန်းပဲ အချိန်တန် နွမ်းမှာပေါ့၊ အဝတ်အစားလည်း ကြာလျှင် နွမ်းမှာပေါ့၊ ချွေးထွက်တာ ဘာဆန်းသလဲ၊ ကိုယ်ရောင်ကိုယ်ဝါလည်း မှိန်တဲ့အခါ မှိန်မှာပေါ့။ တစ်ခါတလေ စိတ်ညစ်တဲ့အခါ ဘယ်ပျော်မလဲ စသည်ဖြင့် ယူဆကောင်း ယူဆနိုင်ပေသည်။ သို့သော် နတ်သဘာဝနှင့်ကြည့်လျှင် ဤသို့ ယူဆ၍ မရနိုင်ပါပေ။ နတ်တို့အတွက် နတ်ပန်းညှိုးခြင်း၊ အဝတ်တန်ဆာနွမ်းလာခြင်း၊ ချွေးထွက်ခြင်း၊ ကိုယ်ရောင်မှိန်ခြင်း၊ နတ်ပြည်၌ မပျော်ခြင်းများသည် သာမန်ဖြစ်လေ့ဖြစ်ထ မရှိပေ။ ဖြစ်လာခဲ့လျှင်လည်း သာမန်အရေးကိစ္စ မဟုတ်တော့။

မှန်ပေသည်။ နတ်မှာ ချွေးထွက်ခြင်း၊ အဝတ်တန်ဆာနွမ်းလာခြင်း စသည်များ ဖြစ်ပေါ်လာခြင်းသည်

၎င်းနတ်သားအတွက် နောက်ဆုံးအချိန်သို့ ရောက်ပြီဖြစ်ကြောင်း သတိပေးလိုက်ခြင်းသာ ဖြစ်ပေတော့၏။နောက်ဆုံးအချိန်ဆိုသည်မှာ နတ်သဘာဝအားဖြင့် စုတေရတော့မည့်အချိန်၊ လူ့သဘာဝအားဖြင့် ကွယ်လွန်ရတော့မည့်အချိန်၊ သေရတော့မည့်အချိန်ဟု ဆိုလိုပါသည်။

နတ်တစ်ပါး စုတေရတော့မည်ဆိုလျှင် –

၁။ ပန်ဆင်ထားသော နတ်ပန်းများ ညှိုးနွမ်းလာခြင်း၊

၂။ ဝတ်ဆင်ထားသော နတ်ဝတ်တန်ဆာများ ညှိုးနွမ်းလာခြင်း၊

၃။ လက်ကတီးကြားမှ ချွေးထွက်ခြင်း၊

၄။ ကိုယ်ရောင်ကိုယ်ဝါ ညှိုးမှိန်လာခြင်း၊

၅။ နတ်ပြည်၌ မပျော်မွေ့ခြင်း–

စသည့် ဗုဗ္ဗကိစ္စငါးချက် ပေါ်ထွက်လာပေသည်။ ထိုအခါ ထိုနတ်သားအတွက် နောက်ဆုံးအချိန် စုတေရတော့မည့်အချိန်ဟု သိနိုင်ပေ၏။

ယခု အဆိုပါ နတ်သားအား ၎င်းအချက်ငါးချက် ဖြစ်ပေါ်နေသဖြင့် စုတေရတော့မည်ဟု သိနိုင်ပေသည်။ အခြား အနီးအပါးရှိ နတ်သားများကလည်း သိကြပေသည်။ ထို့ကြောင့် နတ်တို့ ထုံးစံအတိုင်း စုတေတော့မည့်နတ်သားကို လာရောက်အားပေးခြင်း ပြုကြပေ၏။ ဤနေရာ၌ နတ်တို့ နတ်မမာလာမေးခြင်းမှာ လူတို့လူမမာလာမေးသကဲ့သို့ တောင်စဉ်ရေမရ ဟိုကဒီရောက်၊ ကမောက်ကမ ရှုပ်ပွပွေလီ၊ မျက်ရည်တစမ်းစမ်းမျိုး မဟုတ်။ ထုံးတမ်းစဉ်လာအတိုင်း နတ်တို့ နတ်မမာမေးရင်း အားပေးပြောကြားသောစကားမှာ သုံးခွန်းသာရှိပေ၏။၎င်းနတ်စကား သုံးခွန်းဖြင့် ဤစာစု၏ အတ္ထုသာရကိုဖွင့်လှစ်ကြပါစို့။

နတ်တို့အားပေးစကား သုံးခွန်းမှာ ပါဠိဘာသာအားဖြင့်–

၁။ ဣတော ဘော သုဂတိ ဂစ္ဆ

၂။ သုဂတိ ဂန္တွာ သုလဒ္ဓလာဘံ လဘ

၃။ သုလဒ္ဓလာဘံ လဘိတွာ သုပ္ပတိဋ္ဌိတော ဘဝါဟိ–ဟူသတည်း။

အနက်မြန်မာပြန်ဆိုရပါလျှင်–

၁။ ဘော၊ အိုအမောင်နတ်သား(နတ်သမီးလည်းဟူ)။ ဣတော၊ ဤနတ်ပြည်မှ။ သုဂတိ၊ ကောင်းသောသုဂတိဘဝသို့။ ဂစ္ဆ၊ သွားပါလော့။

၂။ သုဂတိ၊ သုဂတိဘဝသို့။ ဂန္တွာ၊ ရောက်ခဲ့သည်ရှိသော်။ သုလဒ္ဓလာဘံ၊ ကောင်းစွာရအပ်တဲ့လာဘ်လာဘကို။ လဘ၊ ရအောင်ကြိုးစားပါလော့။

၃။ သုလဒ္ဓလာဘံ၊ ကောင်းစွာရအပ်သောလာဘ်လာဘကို။ လဘိတွာ၊ ရသည်ရှိသော်။ သုပ္ပတိဋ္ဌိတော၊ ကောင်းစွာတည်တံ့သူသည် ဘဝါဟိ၊ ဖြစ်ပါလေလော့။

၎င်းအနက်ကို မြန်မာဘာသာသက်သက် ဖွင့်ဆိုရပါလျှင်–

၁။ ဒီဘဝက စုတေလျှင် သုဂတိဘဝကို သွားပါ။

၂။ သုဂတိဘဝကို ရောက်လျှင် ကောင်းစွာရအပ်တဲ့ လာဘ်လာဘကို ရအောင်ယူပါ။

၃။ ကောင်းစွာရအပ်တဲ့ လာဘ်လာဘကို ရခဲ့လျှင် ကောင်းစွာတည်တံ့အောင် ကြိုးစားပါဟူ၍ ဖြစ်ပါသည်။ ဤသည်မှာ နတ်တို့၏ စုတေခါနီး အားပေးစကားတည်း။

သည်မျှဆိုလျှင် နတ်တို့သည် သုဂတိဘဝကို လိုလားတောင့်တကြကြောင်း ရှင်းလင်း၍ သွားပေပြီ။ သို့ဆိုလျှင် နတ်တို့တောင့်တသော သုဂတိဘဝ ဟူသည် အဘယ်ဘဝ ဖြစ်မည်နည်း။

ဖြဟ္မာနှစ်ဆယ် မဟုတ်ကြောင်းလည်း မဆွက ဆိုခဲ့ပြီဖြစ်သည်။

သို့ပါ၍ ရှင်းလင်းသိသာပါစေရန် နတ်တို့၏ အားပေးစကားများနှင့်ပတ်သက်၍၊ ရဟန်းတစ်ပါး၏ အမေးနှင့် မြတ်ဗုဒ္ဓ၏ အဖြေကို ကြည်ညိုကြည့်ကြပါစို့။

"ကိန္နုခေါ ဘန္တေ ဒေဝါနံ သုဂတိဂမနသင်္ခါတံ"

ဘန္တေ၊ အရှင်ဘုရား။ ဒေဝါနံ၊ နတ်တို့၏။ သုဂတိဂမနသင်္ခါတံ၊ သုဂတိဘုံသို့ သွားခြင်းဆိုတဲ့ အားပေးစကားသည်။ ကိန္နုခေါ၊ အဘယ်ပါနည်း–

ဟု ရဟန်းတစ်ပါးသည် မြတ်ဗုဒ္ဓအား မေးလျှောက်ခဲ့ဖူး၏။ မြတ်ဗုဒ္ဓက–

"မနုဿတ္တံ ခေါ ဘိက္ခု ဒေဝါနံ သုဂတိဂမနသင်္ခါတံ"

ဘိက္ခု၊ ချစ်သားရဟန်း။ မနုဿတ္တံ၊ လူ့ဘုံလူ့ဘဝသည်။ ဒေဝါနံ၊ နတ်တို့၏။ သုဂတိဂမနသင်္ခါတံ၊ သုဂတိဘုံဟု ဂဏ်တင်ပြောကြားအားပေးစကား ဖြစ်ပါပေ၏ ဟူ၍ ပြန်လည်ဖြေကြားခဲ့ပေသည်။ တစ်ဖန် –

"ကိဥ္စ ဘန္တေ ဒေဝါနံ သုလဒ္ဓလာဘံ"

ဘန္တေ၊ အရှင်ဘုရား။ ဒေဝါနံ၊ နတ်တို့၏။ သုလဒ္ဓလာဘသင်္ခါတံ၊ ကောင်းစွာရအပ်သော လာဘ်လာဘရယ်လို့ ချီးကျူးဂုဏ်တင်အပ်သောအရာသည်။ ကိံ

အဘယ်ပါနည်းဟု မေးမြန်းလျှောက်ထားသောအခါ–

ယံ မနုဿဘူတော သမာနော တထာဂတ မဝေဒိတေ ဓမ္မဝိနယေ သဒ္ဓံ ပဋိလဘတိ၊ ဣဒံခေါ ဘိက္ခု ဒေဝါနံ သုလဒ္ဓလာဘသင်္ခါတံ။

မနုဿဘူတော၊ လူအဖြစ်သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ တထာဂတမဝေဒိတေ၊ မြတ်စွာဘုရား ဟောပြလမ်းညွှန်အပ်သော။ ဓမ္မဝိနယေ၊ ဓမ္မဝိနယသာသနာတော်၌။ သဒ္ဓံ၊ ကြည်ညိုခြင်းသဒ္ဓါကို။ ပဋိလဘတိ၊ ရခဲ့ပါပေ၏။ ဘိက္ခု၊ ရဟန်း။ ဣဒံခေါ၊ ဤသဒ္ဓါသည် ပင်လျှင်။ ဒေဝါနံ၊ နတ်တို့၏။ သုလဒ္ဓလာဘသင်္ခါတံ၊ ကောင်းစွာရအပ်သောလာဘ်ဟု ချီးကျူးဂုဏ်တင် အစဉ်အားပေးအပ်သော စကားဖြစ်ပါပေ၏ဟူ၍ ဖြေကြားတော်မူခဲ့ပေသည်။ ထို့နောက် တစ်ဖန်–

ကိံ ပန ဘန္တေ ဒေဝါနံ သုပ္ပတိဋ္ဌိတသင်္ခါတံ

ဘန္တေ၊ အရှင်ဘုရား။ ဒေဝါနံ၊ နတ်တို့၏။ သုပ္ပတိဋ္ဌိတသင်္ခါတံ၊ ကောင်းစွာတည်တံ့သူဟူသောအရာသည်။ ကိံပန၊ အဘယ်ပါနည်း။

ဤသို့ မေးလျှောက်ပြန်သဖြင့်–

သာခေါပနဿ သဒ္ဓါနိဝိဋ္ဌာဟောတိ မူလဇာတာ ပတိဋ္ဌိတာ ဒဠှာ အသံဟာရိယာ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ၊ ဣဒံခေါ ဘိက္ခု ဒေဝါနံ သုပ္ပတိဋ္ဌိတသင်္ခါတံ။

အဿ၊ သဒ္ဓါဟူဘိ၊ ထိုလာဘ်လာဘရှိနေသူ၏။ သာပနသဒ္ဓါ၊ ထိုသဒ္ဓါတရားသည်။ နိဝိဋ္ဌာ၊ စိတ်၌ စွဲမြဲတည်သည်။ မူလကတာ၊ သောတာပတ္တိအင်္ဂါဟူဘိ၊ အဖြစ်အရင်းရှိသည်။ ဒဠှာ၊ ခိုင်မြဲသည်။ သာမဏေနဝါ၊ ရဟန်းကသော်လည်းကောင်း။ ဗြဟ္မုနဝါ၊ ဗြဟ္မာမင်းကသော်လည်းကောင်း။ လောကသ္မိံ၊ လောက၌။ ကေနစိဝါ၊ တစ်စုံတစ်ယောက်က သော်လည်းကောင်း။ အသံဟာရိယာ၊ မရွေ့လျားစေနိုင်’ မပယ်ရှားစေနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ ဣဒံခေါ၊ ဤမရွေ့လျားစေနိုင်’ ခိုင်ခံ့သော သဒ္ဓါတရားသည်ပင်လျှင်။ ဒေဝါနံ၊ နတ်တို့၏။ သုပ္ပတိဋ္ဌိတသင်္ခါတံ၊ ကောင်းစွာတည်တံ့သော လာဘ်လာဘဟူသော အရာပါပေတည်း –

ဟုဖြေကြားတော်မူခဲ့ပါပေသည်။

အထက်ပါ အမေးအဖြေကဏ္ဍကို လိုရင်းအနှစ်ချုပ်လိုက်မည်ဆိုပါက–

၁။ နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ လူ့ဘုံ၊ လူ့ဘဝ။

၂။ ကောင်းစွာရအပ်သော လာဘ်ဆိုသည်မှာ သဒ္ဓါတရား။

၃။ ကောင်းစွာတည်တံ့သည်ဆိုသည်မှာ ၎င်းသဒ္ဓါတရား၏ ဘယ်သူဖျက်ဖျက် မပျက်နိုင်ခြင်းဟူသော အဓိပ္ပါယ်ကို ရရှိပေမည်။

ဤနေရာ၌ (၂)နှင့် (၃)ကို သာမညထား၍ (၁)ကိုသာ အဓိကပြုပြီး ဓမ္မစာသဘင် ဆင်ယင်လိုပါသည်။

နတ်တို့သည် သုဂတိဘုံဘဝကို ရောက်လိုသည်။ ရောက်နိုင်စေရန်အတွက် နတ်တစ်ပါး၊ တစ်ပါး စုတေခါနီးတိုင်း အခြားနတ်များက သုဂတိဘုံဘဝသို့ ရောက်အောင်သွားပါဟု ဝိုင်းဝန်းတိုက်တွန်း အားပေးကြသည်။ အဆိုပါ နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ အဘယ်ပါနည်း။

ယခုဆိုလျှင် နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ လူ့ဘုံသာလျှင်ဖြစ်ကြောင်း၊ လူဘဝသာလျှင် ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိသာလောက်ပေပြီ။

မှန်ပါသည်။

နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ အမေရိကန်၊ဂျာမဏီ၊ အီတလီ၊ မလေးရှား၊ ဩစတြေးလျား၊ ဂျပန်၊ အာဆီယံ၊ တရုတ်စသော လူသားများနေထိုင်ရာ လောကဓာတ်ကမ္ဘာကြီး၊ လူ့ဘုံခန်းဝါကြီးသာ ဖြစ်ပါတော့၏။ လူသားများအနေနှင့် မိမိတို့ နေ့စဉ်ရင်ဆိုင်တွေ့ကြုံနေရသော လူ့ဘုံကြီးကို အထင်ကြီးရကောင်း မှန်းမသိ၊ တန်ဖိုးထားရကောင်းမှန်းမသိ၊ နေ့စဉ် နေ့စဉ် ပဋိပက္ခအမျိုးမျိုး၊ တင်းမာမှုအဖုံဖုံကြောင့် မယုံသင်္ကာမှု၊ စိတ်ဖိစီးမှု၊ မွန်းကျပ်မှု၊ မသက်သာမှုများကြားဝယ် တွန်းဖယ်လှုပ်ရှားနေရသဖြင့်၊ လူသားလောကကြီးကို အမြင်ကြည်လင်မှ ကြည်လင်ပေမည်၊ အထင်လည်း ကြီးချင်မှ ကြီးပေမည်၊ တန်ဖိုးလည်း ထားချင်မှ ထားပေမည်။ သို့သော် နတ်တို့ကမူ လူသားလောကကြီးကို အထင်ကြီး၏။ လေးစား၏။ တန်ဖိုးထား၏။ အားကျ၏။ ကောင်းသော သုဂတိဘုံဟုပင် တင်စားခေါ်ဝေါ်ကြ၏။

ကောင်းပြီ။ ဤလူ့ဘုံကြီးကို နတ်တို့သည် တန်ဖိုးထား အားကျသည်ဆိုရာဝယ် အဘယ်အကြောင်းကြောင့် တန်ဖိုးထား အားကျပါသနည်း။

ဤနေရာ၌ သုံးဆယ့်တစ်ဘုံသားတို့၏ လူ့ဘုံအပေါ် ၎င်းတို့၏ ရှုထောင့်အသီးသီးမှ ရှုမြင်သုံးသပ်ချက်များကို တင်ပြလိုပါသည်။

လူ့ဘုံထက် အောက်ကျသော ဘုံသားများ၏ ရှုထောင့်အမြင်မှ သုံးသပ်ရလျှင် လူ့ဘုံသည် ဓမ္မစရိယ

အကျင့်၊ ဗြဟ္မစရိယအကျင့်များရှိ၏၊ အချင်းချင်း ကြီးနိုင်ငယ်ညှဉ်းဝါဒ မရှိ စသော အချက်များကို တွေ့ရပေမည်။ လူဘုံထက် အထက်ကျသော ဘုံများ၏ ရှုထောင့်မှ သုံးသပ်လျှင် လူ့ဘုံသည် ကောင်းမှုကုသိုလ်ပြုနိုင်ခြင်း၊ ရဟန်းသံဃာများ ရှိခြင်း၊ သာသနာတော်ပွင့်ထွန်းရာ ဖြစ်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို အားထုတ်နိုင်ခြင်း၊ လူနတ်နိဗ္ဗာန်ချမ်းသာတန်ခိုး သမ္ပတ္တိအမျိုးမျိုးကို ပေးစွမ်းနိုင်ခြင်း စသောအချက်များကို တွေ့ရပေမည်။ ထိုသို့ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရရှိသော အချက်များသည်ပင်လျှင် လူ့ဘုံ၏ ဂုဏ်ရည်၊ လူ့ဘုံ၏ တန်ဖိုးများ ဖြစ်ပေတော့၏။ ဤဂုဏ်ရည်များကြောင့်ပင် ဤလူ့ဘုံကြီးကို နတ်တို့သည် တန်ဖိုးထားအားကျ၍ သုဂတိဘုံဟု ဂုဏ်တင်ပြောကြားကြခြင်း ဖြစ်ပါတော့သည်။

ယခုအခါ နတ်တို့ပြောသော သုဂတိဘုံမှာ လူ့ဘုံဖြစ်ကြောင်း၊ လူ့ဘုံကို နတ်တို့သည် သုဂတိဘုံဟု ဂုဏ်တင်ပြောဆို နှစ်လိုအားကျကြောင်း၊ နတ်တို့အားကျလောက်အောင်သော လူ့ဘုံ၏ဂုဏ်ရည် တန်ဖိုးများ အကြောင်း သိခဲ့ရပေပြီ။ ဤနေရာ၌ လေးလေးနက်နက် စဉ်းစားရမည့်အချက် ရှိပါသေး၏။ ထိုအချက်မှာ–

ဤလူ့ဘုံကြီးအား နတ်တို့က သုဂတိဘုံဟု ဂုဏ်တင်ပြောဆိုရလောက်အောင် အမှန်တကယ်ပင် ဂုဏ်အင်တန်ဖိုးများ အပြည့်အဝရှိပါ၏လော။

သုံးဆယ့်တစ်ဘုံသား အသီးသီးတို့၏ ရှုထောင့်အသီးသီးမှ သုံးသပ်အားကျထားသော လူ့ဘုံ၏ဂုဏ်ရည်များသည် တကယ်ရှိ၊ မရှိ။ ဓမ္မစရိယ၊ ဗြဟ္မစရိယအကျင့်များ ရှိ၊ မရှိ။ ကြီးနိုင်ငယ်ညှဉ်းဝါဒ ရှိ၊ မရှိ။ ကောင်းမှုကုသိုလ်ပြုနိုင်၊ မပြုနိုင်။ ရဟန်းသံဃာများ ရှိ၊ မရှိ။ သာသနာတော် ပွင့်ထွန်း၊ မပွင့်ထွန်း။ နိဗ္ဗာန်ရောက်ကြောင်းတရားများ အားထုတ်၊ မထုတ် စသော စသော သုဂတိဘုံဟု ဂုဏ်တင်ပြောဆိုရသည့် လူ့ဘုံ၏ တန်ဖိုးများ၊ ဤလူ့ဘုံကြား ဤလူသားများ၌ အမှန်ရှိကြပါ၏လော။

အမှန်တကယ် ရှိကြလျှင်တော့ နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ အဓိပ္ပါယ်ရှိလှပါပေသည်။ အမှန်တကယ် မရှိကြလျှင်မူ–

ဓမ္မစရိယ၊ ဗြဟ္မစရိယအကျင့်များ မရှိ။ ကြီးနိုင်ငယ်ညှဉ်းဝါဒတွေ လွှမ်းမိုး၊ ကောင်းမှုကုသိုလ်တွေ မပြုနိုင်၊ ရဟန်းသံဃာများလည်း မရှိ၊ ရှိတာကိုလည်း အသိအမှတ်မပြု၊ သာသနာတော်ပွင့်ထွန်းနေသော်လည်း မိမိသန္တာန်မှာ သာသနာတော်ရဲ့ အဆုံးအမ မတည်၊ နိဗ္ဗာန်ရောက်ကြောင်းကိုလည်း အားမထုတ်ဘဲ နေကြမည်ဆိုပါက အကြင်လူသားတို့၏ အကြင်လူ့ဘုံ၌ သုဂတိဘုံဟု ဂုဏ်တင်ပြောဆိုခြင်းသည် ယုတ္တိတန်ပါတော့မည်လော။ အားကျတောင့်တ အရောက်သွားလိုလှသော နတ်တို့၏ ဆန္ဒသည် အဓိပ္ပါယ်ရှိနိုင်ပါဦးမည်လော။

ယနေ့ မီဒီယာခေတ်ကြီးထဲမှာ ရုပ်ဝတ္ထုများကား နတ်တွေက ပြန်မော့ကြည့်ရလောက်အောင် တိုးတက်နေပါ၏။ နတ်မျက်စိအလား ဗီဒီယိုရုပ်မြင်သံကြားများ၊ နတ်နားအလား ရေဒီယို ကက်ဆက်များ၊ နတ်မျက်စိ၊နတ်နားအလား မီဒီယာလွှမ်းမိုးမှုများ၊ နတ်ဦးနှောက်အလား ကွန်ပျူတာဝက်ဘ်ဆိုဒ်များ၊ နတ်တို့၏ ဝရဇိန်လက်နက်အလား ဖျက်အားပြင်းလက်နက်များ၊ ဥတု၊ ကမ္ဘ၊ ဗီဇ နိယာမတို့ကိုပင် အသိအမှတ်မပြုချင်တော့သည့် ဇိမ်ခံပစ္စည်းများ စသည်တို့မှာ နတ်တို့၏ ဒေဝသမ္ပတ္တိကိုပင် အံတုနိုင်လောက်ပေပြီ။ ထိုသို့အဘက်ဘက်က ရုပ်ဝတ္ထုများ တိုးတက်နေသလောက် နတ်တို့အမှန်တကယ် တန်ဖိုးထားအားကျခဲ့သော လူ့ဘုံဂုဏ်ရည်များကား သုညမှာ မြားပြုရတော့မည်လော။

ယခုအခါ နတ်တစ်ပါးပါး စုတေခဲ့ပါလျှင် အခြားနတ်များက ဝိုင်းဝန်း၍ 'ဣတော ဘော သုဂတိံ ဂစ္ဆ'ဟု အားပေးကြပါဦးမည်လော။ ဤသည်မှာ လေးလေးနက်နက် စဉ်းစားရမည့်အချက် ဖြစ်ပါပေသည်။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာဖြင့် ဓမ္မစရိယ၊ ဗြဟ္မစရိယအကျင့်များ ရှိပါ၏။ ကြီးနိုင်ငယ်ညှဉ်းဝါဒ မရှိ၊ ဗြဟ္မစိုဝါဒသာ ရှိ၏။ ကုသိုလ်ကောင်းမှုပြုရန်ကလည်း အချိန်မရွေး၊ ရဟန်းသံဃာများကလည်း မြောက်မြားစွာ၊ သာသနာတော်လည်း ထွန်းကားပါ၏။ နိဗ္ဗာန်ရောက်ကြောင်းတရားလည်း ကျင့်ကြပါ၏။ နတ်တို့ပြောသော သုဂတိဘုံ စံချိန်ကား တစ်စက်မျှ မကျိုးပါ။ ဤအတိုင်းဆိုလျှင် နတ်တွေစုတေတိုင်း မြန်မာပြည်ကိုသာ ရောက်လာဖွယ်ရာ ရှိ၏။

ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်တော့ မဟုတ်ပါ။ သို့သော် ချဉ်လိုက်ပါဦးမည်။ နတ်တို့ပြောသော သုဂတိဘုံဆိုသည်မှာ မိမိအထင်အားဖြင့် ဗုဒ္ဓသာသနာ နေလိုလလို ထွန်းကားနေသော ထေရဝါဒမြန်မာပြည်ကြီးကို ဆိုလိုဟန်ရှိကြောင်း မှတ်ထင်မိပါ၏။ ဤသို့ဆိုလျှင် ငြင်းကြပါဦးမည်လော။

**■ သုတိဩဘာ(ဆင်ပေါင်ဝဲ)**



# မြတ်ဗုဒ္ဓကျင့်စဉ်နှင့် သူတို့အမြင်

**အရှင်ကေလာသ**

■ **ကမ္ဘာ့ဌာန်းရှုမှတ်ခြင်းသည် ခေတ်သစ်ကမ္ဘာတွင် မရှိမဖြစ်လိုအပ်သော စိတ်ထောင်းခံရမှု လျှော့ကျရေး ခလုတ်တစ်ခုဖြစ်သည်ဟု ယူဆလာကြသည်။**

ကမ္ဘာကျော်သိပ္ပံပညာရှင် အိုင်စတိုင်းက 'အနာဂတ်ဘာသာရေးသည် စကြဝဠာဘာသာရေးဖြစ်လိမ့်မည်။ ယင်းသည် တစ်ကိုယ်တော်ဖန်ဆင်းရှင်ကို ကျော်လွန်ပြီး လေ့နံ့ဓားထစ် တရားသေ ထာဝရဘုရားရှိဝါဒကို ဖယ်ရှားပစ်လိမ့်မည်။ သဘာဝနှင့် စိတ်ပိုင်းဘဝ ပေါင်းစပ်ပြီး အဓိပ္ပါယ်ရှိသည့် စုစည်းမှုတစ်ရပ်အဖြစ် တွေ့ကြုံသိရှိမှုအားလုံးမှ ပေါက်ဖွားလာသည့် ဘာသာရေးအယူအဆတစ်ရပ်ကို အခြေခံလိမ့်မည်။ ဗုဒ္ဓဝါဒသည် ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖြေကြားသည်။ အကယ်၍ ခေတ်သစ်သိပ္ပံနှင့် လိုက်လျောညီထွေရှိသည့် ဘာသာတရားတစ်ခုလိုအပ်မည်ဆိုလျှင် ယင်းဘာသာတရားသည် ဗုဒ္ဓဘာသာပဲဖြစ်လိမ့်မည်'ဟု ရေးခဲ့ဖူးသည်။

ဗုဒ္ဓဝါဒဟူသည်ကို ဘာသာတရား၊ ဒဿန၊ ဘဝနေနည်း၊ ဘဝသံသရာကို ရှင်းပြခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ လွန်ခဲ့သောနှစ်များမှစ၍ အမေရိကန်တို့သည် ဗုဒ္ဓဝါဒအကြောင်းကို ပိုမိုစိတ်ဝင်စားလာကြပြီး ဗုဒ္ဓဝါဒဆိုင်ရာ စာပေတို့

ကို ဖတ်ရှုလာကြသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံတွင် ဗုဒ္ဓဝါဒလိုက်နာသူ ၆-သန်းခန့်ရှိပြီး ယင်းအရေအတွက်သည် ပရိုတက်စတင့်ဂိုဏ်းကွဲအချို့ထက် ဦးရေများပြားသည်ဟု ပီတာဂျင်းနင်းစ် (အမေရိကတွင် ကျော်ကြားသည့် သတင်းထုတ်လွှင့်သူ၊ သတင်းဝေဖန်ရေးသမား)က ၁၉၉၄-ခုနှစ်၊ အေဘီစီ ညပိုင်းသတင်းတွင် ဆိုခဲ့ဖူးသည်။ ၁၀-နှစ်ခန့်လွန်ပြီးနောက် ယနေ့ခေတ်တွင် ၁၅-သန်းကျော်ရှိနိုင်သည်ဟု ခန့်မှန်းထားကြသည်။ ယင်းတိုးတက်မှုမှာ အနောက်တိုင်းသားများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင်ရော စိတ်ပိုင်းဘဝတွင်ပါ အရှေ့တိုင်းဘာသာတရားဖြစ်သည့် ဗုဒ္ဓဝါဒကို ၎င်းတို့၏ လမ်းညွှန်အဖြစ် ပြောင်းလဲကျင့်သုံးလာကြောင်း သက်သေတစ်ရပ်ဖြစ်သည်။

ရစ်ချတ်ဂီယာ၊ စတီဗင် ဆီးဂဲလ်၊ ဂေါ်ဒီဟုန်း၊ တီနာတာရ်နာနှင့် ယူမာသာရ်မန်တို့လို ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်သုံးနေသူများ ရှိကြသည်။ နည်းပြဆရာ ဖီးလ်ဂျက်ဆန်သည် ၎င်း၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ဗုဒ္ဓဝါဒက သွန်သင်သည့် ကိုယ်ကျင့်တရားများကို အသုံးပြုပြီး "ချီကာဂိုဘူးလ်" အားကစားအသင်းအား ချန်ပီယံဘွဲ့များကို ဆွတ်ခူးပေးခဲ့သည်။ ယင်းအဖွဲ့သည် ဆက်လက်၍ အောင်ပွဲခံဆဲလည်းဖြစ်သည်။

စိတ်ဖိစီးမှု များပြားလှသည့် လောကလူ့ဘောင်တွင် လူအပေါင်းသည် မိမိတို့၏ နေ့စဉ်ဘဝအတွက် လမ်းညွှန်မှု အမှန်တကယ်လိုအပ်သည်။ ယင်းကို ရှာဖွေသူများအား ဗုဒ္ဓဝါဒသည် စိတ်ပိုင်းဘဝတည်ငြိမ်မှုနှင့် တိုးတက်မှုကို ဖြန့်ဝေသည်။ စိတ်ဖွံ့ဖြိုးလာသည့်အခါ ကိုယ်ခန္ဓာကောင်းစွာ အလုပ်လုပ်သည်။ စိတ်အားနည်းပါက ကိုယ်လည်းအားနည်းသည်။ ဆေးပညာရှင်တို့က စင်ကြယ်သောစိတ်သည် သွေးကိုသန့်စင်စေပြီး သွေးသန့်လျှင် ခန္ဓာကိုယ်သည် ၎င်း၏ အင်မျူး(ကိုယ်ခံစွမ်းအား) စနစ်ကို အားရှိစေကြောင်း ဆိုကြသည်။ စိတ်ဖိစီးမှုဒဏ်သည် ခန္ဓာကိုယ်အတွင်းရှိ သဘာဝဓာတုလုပ်ဆောင်ချက်ကို မညီမညွတ်ဖြစ်စေပြီး ယင်းသည် ရောဂါများစွာတို့ ဝင်ရောက်လာစေရန် လမ်းဖွင့်ထားသကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။

လူသားတစ်ယောက်အနေဖြင့် နေ့စဉ်ဘဝတွင် ပြဿနာအထွေထွေနှင့် ရင်ဆိုင်ကြရပြီး ယင်းသည် နောက်ဆုံး၌ စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေသည်။ အလုပ်လက်မဲ့ဖြစ်ရခြင်းကြောင့် အလုပ်ကို စိတ်မချရခြင်းသည် စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေသည်။ အရာအားလုံးသည် မိမိ၏ ဝင်ငွေအပေါ်တွင် တည်မှီနေသည်။ ရုတ်တရက်အလုပ်ပြုတ်သွား၍ အိမ်အကြွေးလစဉ်မပေးဆပ်နိုင်ပါက ဝယ်ယူထားသည့်အိမ် ဆုံးရှုံးရမည့် အရေးကြောင့် စိုးရိမ်သောကဖြစ်ရသည်။ ယင်းမှတစ်ဆင့် မိသားစုပြဿနာများဖြစ်ပေါ်သည်။ ဆင်းရဲချမ်းသာမဟူ မူးယစ်ဆေးဝါး၊ လောင်းကစား၊ အသုံးအဖြုန်း၊အစားအသောက်ကြူးနှင့် လူ့ဘဝကို အကြီးအကျယ် ပျက်စီးစေသည့် အခြားသော ကာမဂုဏ်အာရုံ နှိုးဆွမှုတို့ကြောင့် ပြဿနာတွေနှင့် ကြုံကြရသည်။

သို့ဖြစ်၍ ပညာရှင်တို့သည် စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်မည့်နည်းလမ်းများကို သုတေသနပြုစူးစမ်းလာကြသည်။ မက်ဆာချူးဆက်စ်ယူနီဗာစီတီ ဆေးပညာဌာနရှိ စိတ်ဖိစီးမှု လျော့ကျရေး ကုသမှုဌာနက စိတ်ဖိစီးမှုလျော့ပါးရန် တစ်ခုတည်းသောနည်းမှာ ကမ္မဋ္ဌာန်းထိုင်ခြင်းသာဖြစ်သည်ဟုဆိုသည်။

မက်ဆာချူးဆက်စ်ပြည်နယ်၊ ကွိုင်စီမြို့၊ မက်ဆိုက်သက်မွေးဝမ်းကျောင်း ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး သောမတ်စ်ဝင်းတားရ်စ်နှင့် အရီဇိုးနားကျန်းမာရေးဆေးသိပ္ပံ တက္ကသိုလ်၊ ဆေးကောလိပ်မှ ဌာနမှူး ဂျိန်းစ်ဒါလင်းန်(M.D.)တို့ ပါဝင်သော၊ ထင်ရှားသည့် ဆေးသုတေသနအုပ်စုက ကမ္မဋ္ဌာန်းထိုင်ခြင်းသည် စိတ်ဖိစီးမှုကို ဖယ်ရှားနိုင်သောနည်းလမ်းဖြစ်ကြောင်း ယုံကြည်ကြသည်။ ထို့အပြင် ဒေါက်တာဝင်းတားရ်စ်က ကမ္မဋ္ဌာန်းထိုင်ခြင်းမှာ လူ့စွမ်းရည်တိုးတက်စေနိုင်သော ကိုယ့်ကိုယ်ကို စည်းကမ်းသတ်မှတ်သည့် စနစ်ဖြစ်ကြောင်းလည်း တွေ့ရှိသည်။

ကမ္မဋ္ဌာန်းရှုမှတ်ခြင်းသည် ခေတ်သစ်ကမ္ဘာတွင် မရှိမဖြစ်လိုအပ်သော စိတ်ထောင်းခံရမှု လျော့ကျရေးခလုတ်တစ်ခုဖြစ်သည်ဟု ယူဆလာကြသည်။

ထင်ရှားသည့် စိတ်ပညာ ရှင်ကင်န်ဝေလ်ဘာက ၎င်း၏ 'စိတ်အသွင်ပြောင်းလဲခြင်း'စာအုပ်တွင် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းထိုင်ခြင်းသည် စိတ်ထောင်းမှုကို လျော့ချရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ဆိုသည်။ ဒေါက်တာဂျွန်ကာဘက်

ဇင်ကလည်း ၎င်း၏ "ကပ်ဘေးဘဝတွင် အသက်ရှင်ခြင်း" စာအုပ်၌ သတိပဋ္ဌာနသုတ်တွင် လူ၏အင်မျူးစနစ်ကို ကာကွယ်ရန် လေ့ကျင့်ရမည့် ကမ္မဋ္ဌာန်းထိုင်နည်းကို ရှင်းလင်းထားကြောင်း အနိုင်အမာဆိုသည်။ ထင်ရှားသော အမေရိကန်ပညာရှင်နှစ်ယောက် ဖြစ်ကြသည့် မတ်ခ်အက်ပ်စတိန်း(M.D.)၏ "မကွဲမကွာဘဲ တစ်စစီဖြစ်သွားခြင်း"နှင့် "တွေးခေါ်ရှင်မဲ့အတွေးများ"စာအုပ်များ၊ဒင်နီရယ်ဂိုးလမ်းမင်း၏ "ကိုယ်၊ စိတ်နှင့်ဆေး"နှင့်"စိတ်လှုပ်ရှားဖွယ် အသိပညာစူးစမ်းမှု"စာအုပ်များလည်း အထက်ပါဖော်ပြချက်ကို ထောက်ခံကြသည်။

ကျော်ကြားသည့် ဩစတြေးလျဆေးပညာရှင် အိုင်ယန်ဂေါ်လာ (M.D.) သည် မွေးဖွားစဉ်ကပါလာသည့် ကင်ဆာရောဂါ တိုးလာသည်။ ၎င်း၏ ဆရာဝန်များက ရောဂါကျွမ်းနေပြီဖြစ်ကြောင်း ပြောကြားသည်။ သို့ရာတွင် ၎င်း၏ စိတ်ရောဂါကုဆရာဝန် ကွယ်လွန်သူ အိုင်စလေမီယာရီးစ် (M.D.)၏ လမ်းညွှန်ချက်ဖြင့် ကမ္မဋ္ဌာန်းတရားကို စတင်အားထုတ်ခဲ့သည်။ ယင်းနောက်တွင် ဆရာဝန်တွေအားလုံး အံ့ဩကုန်သည်အထိပင် ဂေါ်လာသည် ကင်ဆာရောဂါမှ ကင်းဝေးသွားကြောင်း တွေ့ရှိရသည်။ ယင်းထူးခြားချက်သည် ဒေါက်တာဂေါ်လာအား 'ကင်ဆာရောဂါကို ကျော်လွှားနိုင်၏' နှင့် 'စိတ်၏ငြိမ်းချမ်းခြင်း' အမည်ရှိ စာအုပ်နှစ်အုပ်ကို ရေးဖြစ်အောင် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။

အချို့သည် ကမ္မဋ္ဌာန်းထိုင်ရုံသက်သက်ဖြင့် ကင်ဆာလိုရောဂါကို ပျောက်ကင်းစေနိုင်မည်လားဟု အမှန်ပင် သံသယရှိနိုင်သည်။ ဒေါက်တာဂေါ်လာကမူ ကင်ဆာရောဂါကို ဖြစ်ပေါ်စေသည့် ဓာတုမညီမျှမှုကို စင်ကြယ်တည်ငြိမ်သည့် စိတ်က ထိန်းချုပ်နိုင်ကြောင်း ဖော်ပြခဲ့သည်။ ဗုဒ္ဓဝါဒ၌ ကိလေသာ အညစ်အကြေးများအဖြစ် ဖော်ပြသည့် ဒေါသ၊ အဘိဇ္ဈာ၊ ကောဓ၊ ဣဿာ စသည်တို့သည် စိတ်ကို ညစ်ညမ်းစေသည်။ ညစ်ညမ်းနေသည့်စိတ်သည် စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေသည်။ ယင်းသည် အင်မျူးစနစ်ကို အန္တရာယ်ပြုပြီး တစ်ခါတစ်ရံ ပျက်စီးစေသည်။ သို့ဖြင့် ခန္ဓာကိုယ်၏ ဓာတုညီညွတ်မှု ဖောက်ပြန်လျက် ရောဂါအမျိုးမျိုး ဖြစ်လာစေရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်ရသည်။

ဗုဒ္ဓဘာသာနည်းအရ ကမ္မဋ္ဌာန်းထိုင်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ သက်သောင့်သက်သာ ဖြစ်သွားသည်။ တည်ငြိမ်သည့်စိတ်သည် ပုံမှန်ဓာတုညီညွတ်မှုကို ပြန်လည် ဖြစ်ပေါ်စေသည်။ ပုံမှန်သဘာဝညီညွတ်မှု အခြေအနေတွင် ခန္ဓာကိုယ်သည် မိမိကိုယ်ကို ထိန်းသိမ်းပြုပြင်ရန် ဖြစ်နိုင်ခြေနှင့် စွမ်းရည်ရှိသည်။ ကမ္မဋ္ဌာန်းထိုင်ခြင်း တစ်ခုတည်းက နာမကျန်းဖြစ်မှုကို ကုစားနိုင်သည်ဆိုသော်လည်း ဆရာဝန်၏ လမ်းညွှန်ချက်နှင့် ကင်းမရနိုင်သည်ကိုမူ မှတ်ထားသင့်သည်။ကမ္မဋ္ဌာန်းထိုင်သူသည် စိတ်၏ အညစ်အကြေးကို ပယ်ရှားနိုင်သည်။ ကိလေသာစိတ်အညစ်အကြေး ကင်းဝေးသည်နှင့် တစ်ပြိုင်နက် စိတ်ဖိစီးမှုဒဏ်ကင်းဝေးပြီး အင်မျူးစနစ်သည် ပုံမှန်အလုပ်လုပ်သည်။



ကမ္မဋ္ဌာန်းထိုင်သူ
တစ်ယောက်သည်
အာရုံငါးပါးကို
ထိန်းချုပ်ရန်
လေ့ကျင့်ရသည်။
စိတ်ခံစားမှု
အပြောင်းအလဲများနှင့်အတူ
သိသာထင်ရှားသည့်
လိုအင်ဆန္ဒများကို
ထိန်းချုပ်ရန် ပြင်းပြသည့်
စည်းမျဉ်းစည်းကမ်းများ
ရှိရမည်။
စိတ်လှုပ်စားမှုများကို
ထိန်းချုပ်ရမည်။ မိမိတို့၏
အသိပညာဖြင့် အာရုံငါးပါး
ကာမဂုဏ်တရား
အပျော်ကြူးလိုမှုကို
ထိန်းချုပ်ရမည်ဖြစ်သည်။

ကမ္မဋ္ဌာန်းထိုင်သူတစ်ယောက်သည် အာရုံငါးပါးကို ထိန်းချုပ်ရန် လေ့ကျင့်ရသည်။ စိတ်ခံစားမှု အပြောင်းအလဲများနှင့်အတူ သိသာထင်ရှားသည့် လိုအင်ဆန္ဒများကို ထိန်းချုပ်ရန် ပြင်းပြသည့် စည်းမျဉ်းစည်းကမ်းများ ရှိရမည်။ စိတ်လှည့်စားမှုများကို ထိန်းချုပ်ရမည်။ မိမိတို့၏ အသိပညာဖြင့် အာရုံငါးပါး ကာမဂုဏ်တရား အပျော်ကြူးလိုမှုကို ထိန်းချုပ်ရမည်ဖြစ်သည်။

မဇ္ဈိမနိကာယ်၊ ဒွေဓာဝိတက္ကသုတ်တော်တွင် ဗုဒ္ဓရှင်တော်မြတ်က လူသားတို့၏ စိတ်ထဲ၌ ဖြစ်ပေါ်တတ်သည့် အတွေးအကြံနှစ်မျိုးနှစ်စားရှိကြောင်း ရှင်းပြတော်မူသည်။ ကုသလဝိတက္ကနှင့် အကုသလဝိတက္ကတို့ဖြစ်သည်။ ကုသလဝိတက္ကဟူသည် အနဘိဇ္ဈာ (သူတစ်ပါးပျက်စီးရေးကို မတွေးကြံခြင်း)၊ အဗျာပါဒ (မလိုမုန်းထားမရှိခြင်း)နှင့် အဒေါသ (ခက်ထန်မရှိခြင်း)ဖြစ်သည်။ အကုသလဝိတက္ကဟူသည် အဘိဇ္ဈာ၊ ကောဓနှင့် ဒေါသတို့ဖြစ်သည်။ အတွေးအကြံတစ်ခု ပေါ်လာလျှင် ယင်းကို စိစစ်ရမည်။ အကယ်၍ အတွေးအကြံတစ်ခုသည် သူတစ်ပါးကိုရော မိမိကိုပါ အကျိုးရှိလျှင် ယင်းအကြံကို ပွားများရမည်။မိမိသူတစ်ပါး နှစ်ဦးသားကို အကျိုးမဲ့စေသည့် အကြံများကို ဖျောက်ပစ်ရမည်။

နမူနာတစ်ရပ်မှာ ကျော်ကြားသည့် သင်္ချာပါရဂူကြီး ဂျွန်နက်ရှ် Ph.D.ဖြစ်သည်။ သက်မွေးဝမ်းကျောင်းပညာတွင် ထိပ်ဆုံးအဆင့် သို့ရောက်နေသော်လည်း စိတ်ကို ကောင်းစွာ စည်းကမ်းမသတ်မှတ်နိုင်လျှင် ဒေါက်တာဂျွန်နက်ရှ်ကဲ့သို့ပင် ပြဿနာများနှင့် ရင်ဆိုင်ရတတ်သည်။ ဂျွန်နက်ရှ်သည် စိတ်ကစဉ့်ကလျားဖြစ်သည့် ရောဂါခံစားနေရသည်။သူသည် စိတ်ပညာတက္ကသိုလ်များ၌ ကုသမှုခံယူရင်း အချိန်များစွာ ကုန်လွန်နေခဲ့သည်။ သို့ရာတွင် ၎င်း၏ အာရုံထွေပြားမှုများကို မဖျောက်နိုင်ဘဲရှိသည်။ ၎င်းအဖို့ ဆေးဝါးကုသမှုများသည် ၎င်း၏စိတ်ကြည်လင်ပြတ်သားမှုကို ပျက်စီးစေသည်။ ဆေးဝါးကုသမှုကို ရပ်ဆိုင်းလိုက်ပါက စိတ်ချောက်ချားရောဂါ ပြန်ပေါ်လာသည်။

ယင်းနောက် စိတ်ချောက်ချားမှုသည် အမှန်စင်စစ် မိမိ၏ အတွေးအကြံများသာ ဖြစ်ကြောင်း သဘောပေါက်သဖြင့် ယင်းတို့ကို ကျော်လွှားရန် ဆုံးဖြတ်လိုက်သည်။ ဇနီးဖြစ်သူ၏ အကူအညီဖြင့် ဂျွန်နက်ရှ်သည် မိမိ၏ အတွေးအကြံများမှ အစစ်အမှန်နှင့် အတုအယောင်ကို ရွေးထုတ်သည်။ ၎င်း၏ဆုံးဖြတ်ချက်နှင့် ဆန္ဒစွမ်းအားသည် လောက၏ သဘာဝအစစ်အမှန်ကို သဘောပေါက်လာစေနိုင်ခဲ့သည်။ ဂျွန်နက်ရှ်သည် ပရင်စတန်တက္ကသိုလ်၌ ပါမောက္ခအဖြစ် အလုပ်လုပ်ခဲ့ပြီး စီးပွားရေးနိုဘယ်လ်ဆုကို ရရှိခဲ့သည်။ ဂျွန်နက်ရှ်၏ဖြစ်ရပ်က လူ့စိတ်သည် မည်သည့်အခြေအနေကိုမဆို အောင်မြင်ရန် စွမ်းရည်ရှိကြောင်း သက်သေပြခဲ့သည်။ ၂၀၀၁-ခုနှစ် အတွက် အကောင်းဆုံး ဓာတ်ပုံဆု ရရှိသွားသည့် 'လှပသောစိတ်ထား' အမည်ရှိ ရုပ်ရှင်သည် ၎င်း၏ ဘဝဇာတ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

လူ့စိတ်သည် ဆန္ဒစွမ်းအား၊ ဝီရိယနှင့် အသိပညာကို အသုံးပြုခြင်းဖြင့် မည်သည့်အရာကိုမဆို ရင်ဆိုင်ကျော်လွှားရန် စွမ်းရည်သတ္တိရှိသည်။

'စိတ်သည် အတွေးအကြံအားလုံးကို ဦးဆောင်၏။ ဆောင်ရွက်မှုအားလုံးကို စိတ်က ဦးစီး၏။ စိတ်က ဖန်ဆင်း၏။ အကယ်၍ တစ်စုံတစ်ယောက်သည် မစင်ကြယ်သော စိတ်ဖြင့်ပြောဆို ပြုလုပ်မူ ဒုက္ခသည် နောက်မှလိုက်လာ၏။ ဥပမာ ဝန်တင်လှည်းကိုဆွဲသော နွား၏နောက်သို့ ဘီးသည် ထက်ကြပ်မကွာ လိုက်သကဲ့သို့တည်း။ အကယ်၍ တည်ငြိမ်သန့်ရှင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်ဘိမူ ချမ်းမြေ့မှုသည် မိမိနောက်သို့လိုက်၏။ ဥပမာ အရိပ်သည် မိမိနောက်သို့ လိုက်သကဲ့သို့တည်း'ဟု ဗုဒ္ဓတရားတော်က ဆုံးမသည်။

ဗုဒ္ဓဝါဒီတို့၏ ဦးနှောက်ကို ဆန်းစစ်လေ့လာရာတွင် တည်ငြိမ်မှုနှင့် ပျော်ရွှင်မှုကို တိုးပွားစေသော အိတ်(Lobe)များအတွင်း ထူးခြားသည့် လှုပ်ရှားမှုကို တွေ့ရှိခဲ့သည်။ အမေရိကန်နိုင်ငံ၌ သုတေသနပြုချက်များအရ ဦးနှောက်၏ ပျော်ရွှင်မှုထုတ်ပေးသည့်ဌာနသည် အတွေးအကြံရင့်ကျက်သော ဗုဒ္ဓဘာသာဝင်များ၌ လျှပ်စစ်လှိုင်းများနှင့်အတူ အစဉ်အမြဲ ရှင်သန်လှုပ်ရှားနေကြောင်း တွေ့ရသည်။ ယင်းတွေ့ရှိချက်က ဗုဒ္ဓဘာသာဝင်တို့၏ တည်ငြိမ်မှုနှင့် ယင်းနှင့်ဆက်စပ်သည့် အပြုအမူတို့ကို ဖော်ပြသည်။

အာရုံကြောသိပ္ပံပညာရှင်များအနေဖြင့် အဆိုပါရှေးဦးတွေ့ရှိချက်များသည် ဘာသာတရား၏



ဗုဒ္ဓရှင်တော်မြတ်သည်
(၄၅)ဝါပတ်လုံး
ဓမ္မကို
ဟောကြားရခြင်းမှာ
ပစ္စက္ခရောဂါဝေဒနာကို
ကုသရန်မဟုတ်ဘဲ
သစ္စာဉာဏ်ကို
ရပြီးနောက်
လူသားတို့သန္တာန်၌ရှိသော
ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ
စသော
မီးတောက်မီးလျှံတို့ကို
အပြီးတိုင်
ငြိမ်းသတ်ရန်သာဖြစ်သည်။

သင်ကြားချက်က ပတ်ဝန်းကျင် အကြောင်းတရား အချို့အပေါ် ဦးနှောက်၏ တုံ့ပြန်ပုံကို ပြောင်းလဲစေနိုင်ကြောင်း ပထမဆုံးသော သက်သေဖြစ်သည်ဟု ယူဆကြသည်။

မဒ်ဒီဆင်မြို့၊ ဝစ်စ်ကွန်ဆင် တက္ကသိုလ်မှ လေ့လာရေးအဖွဲ့တစ်ရသည် ဗုဒ္ဓဝါဒကျင့်စဉ်ကို နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သူများ၏ ဦးနှောက်များကို စမ်းသပ်ခဲ့သည်။ ၎င်းအဖွဲ့သည် ထိုဗုဒ္ဓဘာသာဝင်များ၏ စိတ်အာရုံခံစားမှု၊ စိတ်နေစိတ်ထားနှင့် အကြိုက်စရိုက်တို့အတွက် အရေးပါသည့် ဦးနှောက်အစိတ်အပိုင်းများကို အထူးပြုလေ့လာခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များတွင် ဦးနှောက်၏ ဘယ်ဘက်ခြမ်းရှိ "ပျော်ရွှင်မှုဖြစ်ပေါ်ရာဌာနသည်"အစဉ်အမြဲ အဆင့်မြင့်စွာ လှုပ်ရှားနေကြောင်း တွေ့ရှိခဲ့ကြသည်။

ကျွန်ုပ်တို့အနေဖြင့် ဓမ္မသာလာ(ဒလိုင်းလားမား၏ကျောင်း၊ အိန္ဒိယ)ကဲ့သို့သော နေရာဌာနများ၌ တွေ့ရမြဲဖြစ်သည့် ပျော်ရွှင်တည်ငြိမ်မှုထင်ရှားသူ ဗုဒ္ဓဝါဒီများသည် အမှန်ပင် ပျော်ရွှင်ချမ်းမြေ့ကြကြောင်း ယခုအခါ ယုံကြည်စိတ်ချစွာ သုတေသနပြုနိုင်သည်ဟု မြောက်ကာရိုလိုင်းနားပြည်နယ်၊ ဒတ်ကီတက္ကသိုလ်မှ ပါမောက္ခ အိုဝင်ဖလန်နာဂန်က နယူးဆိုင်းယင့်တစ်စ်ဂျာနယ်တွင် ရေးသားခဲ့သည်။

အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများကို ကမ္ဘာ့ဌာန်းထိုင်နေချိန်များတွင်သာမက တစ်ချိန်လုံး အမြဲတမ်းတွေ့ရှိရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ လူနေမှုဘဝက ၎င်းတို့၏ ဦးနှောက်အလုပ်လုပ်ပုံကို သက်ရောက်စေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသုတေသနပြုမှုတစ်ရပ်အရ ဗုဒ္ဓဘာသာဝင်များတွင် အကြောက်နှင့် စိုးရိမ်သောကကို ဖြစ်ပေါ်စေသည့် ဦးနှောက်၏အစိတ်အပိုင်း၌ လှုပ်ရှားမှု ပုံမှန်ထက်နည်းပါးကြောင်း တွေ့ရှိရသည်။ ယင်းတွေ့ရှိချက်များသည် နောက်ဆုံးတွင် သုတေသန ပညာရှင်များအား ကမ္မဋ္ဌာန်းရှုမှတ်ပွားများခြင်းကို စိတ်ပင်ပန်းဆင်းရဲမှု ရောဂါကုသရေးနည်းလမ်းအဖြစ် ယုံကြည်စေခဲ့သည်။

လန်ဒန်ဗုဒ္ဓဘာသာစင်တာ ကိုတည်ထောင်သူ စတီဗင်ဂျိမ်းစ် က အဆိုပါတွေ့ရှိချက်များသည် ဗုဒ္ဓဘာသာက လူသားတို့အား ပျော်ရွှင်မှုကို တိုးပွားစေသော အထောက်အထားများကို ရရှိစေသည်ဟု ဆိုသည်။ ဗုဒ္ဓဘာသာအဖွဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ပေါလ်ဆေတိုကမူ "ယခုတွေ့ရှိချက်နှင့်ပတ်သက်ပြီး လူတွေ စိတ်အားထက်သန်နေကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ယင်းကို ယခင်ကပင်သိရှိခဲ့ပြီးဖြစ်ကြောင်း၊ သိပ္ပံနည်းကျသက်သေပြနိုင်ရန် ဗုဒ္ဓဝါဒက စောင့်ဆိုင်းနေသည်မဟုတ်၊ ဗုဒ္ဓဝါဒသည် လက်တွေ့အသုံးကျကြောင်း ကျွန်ုပ်တို့သိပြီးဖြစ်ကြောင်း" ဆိုသည်။

သူတို့အမြင်ကို အနှစ်ချုပ်သော် သူတို့၏ လူမှုရေးလိုအပ်ချက်ကို အခြေခံပြီး သူတို့၏ နေ့စဉ်ဘဝနှင့် လူနေမှုစနစ်အတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ကြောင်း သုံးသပ်နိုင်သည်။ မည်သို့ဖြစ်စေ ယင်းသို့ သုတေသနပြု ဖော်ထုတ်နိုင်ခြင်းကြောင့် လူအများ ဓမ္မကို ကျင့်သုံးလိုစိတ် ပြင်းပြလာလိမ့်မည်ဟုကားဆိုနိုင်ရာသည်။

ဗုဒ္ဓရှင်တော်မြတ်သည် (၄၅)ဝါပတ်လုံး ဓမ္မကို ဟောကြားရခြင်းမှာ ပစ္စက္ခရောဂါဝေဒနာကို ကုသရန်မဟုတ်ဘဲ သစ္စာဉာဏ်ကို ရပြီးနောက် လူသားတို့သန္တာန်၌ရှိသော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသော မီးတောက်မီးလျှံတို့ကို အပြီးတိုင် ငြိမ်းသတ်ရန်သာဖြစ်သည်။

သို့ဖြစ်ရကား ဓမ္မကိုကျင့်သုံးခွင့်ရပြီးနောက် ဓမ္မရသကို ခံစားနိုင်ကြပါစေဟုသာ ဆန္ဒပြုလိုပါသည်။

□ **အရှင်ကေလာသ**



# ဓမ္မဒေသနာနှင့် သဗ္ဗညုတအရာ

လှသန့်(ပြည်)

တလောက ဘာသာရေးမဂ္ဂဇင်းတစ်ခုထဲတွင် ဝိပဿနာဘာဝနာလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်းပါးရှင်တစ်ဦးက "ဗုဒ္ဓညွှန်ပြခဲ့သော ဝိပဿနာသည် အလွန်တရာ မွန်မြတ်၍ အလွန်တရာမှလည်း သိမ်မွေ့နက်နဲခက်ခဲရကား မြင်တယ်၊ ကြားတယ်၊ စားတယ်၊ သွားတယ်၊ နှစ်သက်တယ်၊ ဝမ်းမြောက်တယ်၊ သဘောကျတယ် စသည့် ပညတ်အမြင်၊ ပညတ်အတွေး၊ ပညတ်အသိ၊ ပညတ်ခံစားမှု၊ ပညတ်ရှုမှတ်မှုတို့ဖြင့် လွယ်လင့်တကူ ရှုမှတ်ရုံဖြင့် ဝိပဿနာအဆင့်သို့ မရောက်နိုင်ကြောင်း" ရေးသားထားသည်ကို ဖတ်ရှုခဲ့ရပါသည်။ ထိုရေးသားမှုအပေါ်တွင် စာရေးသူမှ အောက်ပါအတိုင်း အပြုသဘောဖြင့် ဆွေးနွေးတင်ပြအပ်ပါသည်။

"အဘယ်အရာသည် ပညတ်အမြင်၊ ပညတ်အတွေး၊ ပညတ်အသိ၊ ပညတ်ခံစားမှု၊ ပညတ်ရှုမှတ်မှုဖြစ်ကာ အဘယ်အရာသည် ပရမတ်အမြင်၊ ပရမတ်

အတွေး၊ ပရမတ်အသိ၊ ပရမတ်ခံစားမှု၊ ပရမတ်ရှုမှတ်မှု ဖြစ်ပါသနည်း”

အဖြေကား၊ ခုဒ္ဒကနိကာယ် အဋ္ဌကထာ၌ အထင်အရှားရှိနေပါသည်။ အဋ္ဌကထာ၏ ညွှန်ပြမိန့်ဆိုချက်အရမှာမူ–

(အနုဿဝါဒိဝသေန၊ တစ်ဆင့်စကားကြားခါမျှစသည်တို့၏ အစွမ်းအားဖြင့်။ အဂဟေတဗ္ဗော၊ မယူသင့်မယူထိုက်သော။ ခုတ္တမတ္တော၊ မြတ်သော အနက်သည်။ ပရမတ္ထောတိ၊ ပရမတ္ထမည်၏။)ဟူ၍ ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တိုင်းလိုလိုပင်၊ ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ်အနတ္တ။ ခန္ဓာအနိစ္စ၊ ခန္ဓာဒုက္ခ၊ ခန္ဓာအနတ္တ စသောအသိမျိုးတို့ကို တရားစာအုပ်ဖတ်မှတ်ရ၍သော်လည်းကောင်း၊ တရားနာရ၍သော်လည်းကောင်း တရားအားမထုတ်မီ ကြိုတင်သိအနေမျိုးဖြင့် သိထားတတ်ကြပါသည်။ ထိုကဲ့သို့သော အသိမျိုးသည် ခန္ဓာအား ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင် ထိုးထွင်းသိမြင်သော အသိမျိုးမဟုတ်ဘဲ (အနုဿဝါဒိဝသေန)တစ်ဆင့်စကား ကြားကာမျှ စသောအစွမ်းအားဖြင့်သာ သိခြင်းသို့ ရောက်သည့်အတွက် ထိုအသိအမြင်မျိုးကိုသာလျှင် မုချအားဖြင့် ပညတ်အမြင် ပညတ်အသိဟု ဆိုရပါသည်။ ခန္ဓာနှင့်စပ်ရာသဘော သဘာဝတို့ကို ပဋိပတ္တိကမဂ်ခေါ် လောကီမဂ္ဂင်ငါးပါးဖြင့် ရှုမှတ်သုံးသပ်ဆင်ခြင်မှု မှန်သမျှတို့မှာ တစ်ဆင့်စကား၊ တစ်ဆင့်ကြားကာမျှ သဘောမဟုတ်သည့်အတွက် မုချအားဖြင့် ပရမတ်ကို ရှုမှတ်သုံးသပ်ဆင်ခြင်ရာသာ ရောက်ပါသည်။

“ဂစ္ဆန္တောဝါ၊ သွားလျှင်လည်း။ ဂစ္ဆာမီတိ၊ သွားသည်ဟု။ ပဇာနာတိ၊ သိ၏။ ဌိတောဝါ၊ ရပ်လျှင်လည်း။ ဌိတောမီတိ၊ ရပ်သည်ဟု။ ပဇာနာတိ၊ သိ၏။ နိသိန္နောဝါ၊ ထိုင်လျှင်လည်း။ နိသိန္နောမီတိ၊ ထိုင်သည်ဟု။ ပဇာနာတိ၊ သိ၏။ သယာနောဝါ၊ လဲလျောင်းလျှင်လည်း။ သယာနောမီတိ၊ လဲလျောင်းသည်ဟု။ ပဇာနာတိ၊ သိ၏။ ဝါပန၊ တစ်နည်းသော်ကား။ အကြင်အကြင်အခြင်းအရာအားဖြင့်။ ကာယော၊ ရုပ်ကိုယ်သည်။ ပဏိဟိတော၊ တည်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ တထာ၊ ထိုထိုအခြင်းအရာအားဖြင့်။ နံ၊ ထိုကိုယ်ကို။ ပဇာနာတိ၊ သိ၏”

ဟူ၍ ရုပ်နာမ်ခန္ဓာနှင့်စပ်သော သဘောသဘာဝတို့ကို လွယ်လင့်တကူ ရှုမှတ်ဆင်ခြင်နိုင်ရန် ဟောဖော်ညွှန်ပြတော်မူသော ကမ္မဋ္ဌာန်းသည် ဘုရားရှင်ကိုယ်တော်တိုင်ပေးတော်မူသော (သာမုက္ကံသိကဝိပဿနာကမ္မဋ္ဌာန်း) သာလျှင် ဖြစ်ပါသည်။ ဘုရားရှင်သည် “ပုဂ္ဂလဓိဋ္ဌာန ဓမ္မဒေသနာနည်း” “ဓမ္မဓိဋ္ဌာန ပုဂ္ဂလဒေသနာနည်း” များဖြင့် လူကြီးလူငယ်မရွေး၊ မိန်းမယောကျ်ားမရွေး၊ စာတတ် မတတ်မရွေး၊ အလွယ်ဆုံးသဘောဖြင့် အားထုတ်နိုင်ကြစေရန် ရည်ရွယ်တော်မူကာ ထိုကမ္မဋ္ဌာန်းအားပေးတော်မူခြင်းဖြစ်ပါသည်။ ထို သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနှင့်စပ်၍ မြန်မာနိုင်ငံပရိယတ်၊ ပဋိပတ် သာသနာနယ်ပယ်တွင် ထင်ရှားကျော်ကြားတော်မူသော (ဆဋ္ဌသံဂီတိပုစ္ဆက) အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီးက “သွားရင်းသွားတယ်လို့ သိရမယ်၊ မှတ်ရမယ်ဆိုတာဟာ လွယ်ကြရဲ့မဟုတ်လား၊ လွယ်မှာပေါ့၊ မြတ်စွာဘုရားကိုက အလွယ်ဆုံးနည်းနဲ့ ဟောထားတာပဲ၊ ဒီနေရာမှာ သွားရင်သွားတယ်လို့ သိတဲ့ မြတ်စွာဘုရားစကားတော်ကို ကိုယ်တွေ့မဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေက အထင်သေးပြီး မေးစရာရှိပါတယ်။ ဒါကြောင့် အဋ္ဌကထာဆရာက အဲဒီလို အထင်သေးမယ့်ပုဂ္ဂိုလ်တွေရဲ့ဘက်ကနေပြီး မေးခွန်းလည်း ထုတ်ပြတယ်၊ ပြီးတော့မှ အဲဒီအမေးကို ဖြေရှင်းပြီး ဘုရားစကားတော်ကို ထောက်ခံချက်ပေးထားပါတယ်။ ဘယ်လိုလဲလို့ဆိုတော့ သွားရင်သွားတယ်လို့ လူတိုင်းပဲ သိနေကြတယ်မဟုတ်လား။ လူတွင်မကဘူး ခွေးတွေတောင် ဒီလိုသိနေကြတယ်မဟုတ်လား၊ ဒီတော့ သွားရင်သွားတယ်လို့ မှတ်နေတဲ့ ယောဂီရဲ့အသိဟာ ခွေးသိ၊ လူသာမန်အသိနဲ့အတူတူပဲမဟုတ်လားလို့ မေးစရာရှိပါတယ်တဲ့၊ ဒါက အထင်အမြင်သေးမယ့် ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ မေးပုံပဲ။ ကဲ–အဋ္ဌကထာဆရာရဲ့ ဖြေပုံကိုလည်း နားထောင်ကြဦး”

“သာမန်လူတွေရော၊ ခွေးတွေရော သွားရင်သွားတယ်လို့ သိတာကတော့ မှန်ပါတယ်။ ဒါပေမယ့် အသိချင်းကတော့ မတူပါဘူး၊ ပြောင်းပြန်ကို ထူးခြားနေပါတယ်တဲ့။ ထူးခြားပုံက ခွေးတွေရော၊ သာမန်လူတွေရော ရုပ်နာမ်အမူအရာတွေကို နိစ္စ၊ သုခ၊ အတ္တနဲ့ချည်း သိနေကြပါတယ်။ သွားတာကို သိတယ်ဆိုပေမယ့် သွားတိုင်း၊ လှမ်းတိုင်း၊ ရွေ့လျားတိုင်း စေ့စေ့စပ်စပ် သိကြတာလည်း မဟုတ်ပါဘူး။ တစ်ခါတစ်ရံလောက်သာ သိကြပါတယ်။ တကယ်ဆိုတော့ ကိုယ်သွားနေတာကို

မသိဘဲ၊ တခြားကို စဉ်းစားနေတာကသာ များပါတယ်။ သိပြန်တော့လည်း သွားချင်တဲ့စိတ်နဲ့ သွားတဲ့ရုပ်ကို ခွဲခြားပြီး မသိကြပါဘူး။ သွားချင်တာလည်း ငါပဲ၊ သွားတာလည်း ငါပဲလို့ ငါတစ်ယောက်တည်းအနေနဲ့သာ ထင်နေကြပါတယ်။ ခဏမစဲ ဖြစ်ပျက်နေတာကိုတော့ လုံးလုံး မသိကြပါဘူး။ တစ်သက်လုံး၊ တစ်ဘဝလုံး၊ တစ်ယောက်တည်း အမြဲတည်ရှိနေတယ်လို့သာ ထင်နေကြပါတယ်။ ဒီတော့ ဒီလိုအသိဟာ ငါကောင်၊ သတ္တဝါကောင်လို့ ထင်နေတဲ့ အယူမှားကို မပယ်ရှားနိုင်တဲ့အပြင် တိုးပြီး ခိုင်မြဲအောင်တောင် အားပေးပါသေးတယ်။ ဒီတော့ ရှုမှတ်ခြင်းမရှိဘဲ၊ အလိုလို သိနေတဲ့ အသိမျိုးဟာ ကမ္မဋ္ဌာန်းလည်း မဖြစ်ပါဘူး။ သတိပဋ္ဌာန်ဘာဝနာလည်း မဖြစ်ပါဘူး။ မြတ်စွာဘုရားကလည်း ဒီလိုအလေ့အပေါက် အသိကို မရည်ရွယ်ပါဘူး"

"ဒါဖြင့် ဘယ်လိုအသိကို ရည်ရွယ်ပါသလဲဆိုတော့ သွားတိုင်း၊ လှမ်းတိုင်း သတိနဲ့ မပြတ်ရှုးစိုက်ပြီး စေ့စေ့စပ်စပ်မှတ်သိနေတဲ့ ယောဂီရဲ့အသိကိုသာ ရည်ရွယ်ပါတယ်။ အဲဒီယောဂီရဲ့ အသိကတော့ သွားချင်တဲ့ စိတ်ကိုလည်း ရုပ်နဲ့မရောဘဲ၊ အသီးအခြားထင်ရှား သိသိသွားတယ်။ ဒါ့ကြောင့် ကောဂစ္ဆတိ၊ ဘယ်သူသွားသလဲ၊ သွားတဲ့အတ္တကောင်ရှိသလားဆိုတဲ့ မေးခွန်းကို ပြေလည်အောင် အသိရှင်းနေပါတယ်။ သွားချင်တဲ့စိတ်နဲ့ သွားမှု၊ ရုပ် ဒီနှစ်မျိုးသာ ရှိတာပဲ၊ ဒို့ပြင် သွားတတ်တဲ့ ငါကောင်၊ သတ္တဝါကောင်ရယ်လို့ မရှိဘူးဆိုတာ ရှင်းနေတော့တာပဲ။ ပြီးတော့ ကဿ ဂမနံ၊ ဘယ်သူ၏ သွားမှုလဲ၊ သွားမှုရဲ့ ပိုင်ရှင် အတ္တကောင်ရှိသလားဆိုတဲ့ မေးခွန်းကိုလည်း ပြေလည်အောင် အသိရှင်းနေပါတယ်။ သွားချင်တာနဲ့ သွားတာမှတစ်ပါး၊ သွားအောင်လုပ်နေတဲ့ ငါ ကောင် သတ္တဝါကောင် မရှိဘူးလို့ ရှင်းရှင်းကြီး သိနေပါ တယ်။ ပြီးတော့ ကိံ ကာရဏာ ဂစ္ဆတိ၊ အဘယ် အကြောင်းကြောင့် သွားသလဲဆိုတဲ့ မေးခွန်းကိုလည်း ပြေလည်အောင် အသိရှင်းနေပါတယ်။ သွားချင်တဲ့စိတ် အဆင့်ဆင့်ကြောင့် တောင့်တင်းလှုပ်ရှားမှု ရုပ်အဆင့်ဆင့် က တစ်ရွေ့ချင်း ဖြစ်သွားတာကိုပင် ငါသွားတယ်၊ သူ သွားတယ် ခေါ်နေရတာပဲလို့ ရှင်းရှင်းကြီး သိနေပါတယ်" ဟူ၍ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော မဟာသတိပဋ္ဌာန်တရားတော်တွင် အလေးထားမှတ်သား လောက်စရာ ဓမ္မလမ်းကြောင်းနှင့်အညီ ကျကျနနကြီး ရှင်းပြတော်မူခဲ့ပါသည်။

စင်စစ် ဝိပဿနာဘာဝနာမှုနှင့် မကင်းသူတိုင်းသည် သံယုတ်ပါဠိတော်နှင့် ခုဒ္ဒကနိကာယ် အဋ္ဌကထာလာ–

"နာမရူပေ၊ နာမ်ရုပ်ကို။ ပရိညာတေ၊ သုံးပါးသော ပရိညာတို့ဖြင့် ပိုင်းခြား၍သိပြီးသော။ အရိယာသာဝကဿ၊ ဘုရားတပည့်အား။ ဥတ္တရိ၊ ထို့ထက်အလွန်။ ကိဥ္စိ၊ တစ်စုံတစ်ခုသော။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ရူပါရူပ ပရိဂ္ဂဟာဒိဝသေန၊ ရုပ်နာမ်တို့၏ သိနိုင်ခဲသော သဘာဝအနက်ကို ပိုင်းခြား၍ သိခြင်း စသည်တို့၏ အစွမ်းအားဖြင့်။ နေယျဿ၊ နေယျပုဂ္ဂိုလ်အား။ ပရိညာ၊ သုံးပါးသော ပရိညာသည်။ ဘဝတိ၊ ဖြစ်၏"

ဟူ၍ ဟောဖော်ညွှန်ပြထားမှုကို သိရှိနားလည်သဘောပေါက်ထားရန် လိုအပ်လှပါသည်။ ထိုညွှန်ပြချက်အရ ဝိပဿနာဘာဝနာဟူသည် ရုပ်နာမ်တို့၏ သဘောသဘာဝကို ပိုင်းခြားသိခြင်းသာ ဖြစ်၍ ထိုသို့ ပိုင်းခြားသိခြင်းပင်လျှင် ပရိညာမည်ကာ ထို့ထက်အလွန်ပြုဖွယ်ကိစ္စ မရှိတော့ကြောင်း ကောင်းစွာပေါ်လွင်နေပါသည်။ ထိုမှတစ်ပါး ဒေသနက္ကမနည်း ဟောစဉ်နှင့် ပဋိပတ္တိက္ကမနည်း ကျင့်စဉ်တို့ကိုလည်း ခွဲခြားနားလည်သဘောပေါက်ရန် လိုအပ်ပြန်ပါသည်။ ဒေသနက္ကမဟောစဉ်နည်းအရ ဝိပဿနာဖွင့်ဆိုချက်တွင် "ခန္ဓာအစရှိသော သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးချက်တင်၍ အထူးထူးအပြားပြား ရှုပွားဆင်ခြင်ခြင်းသည် ဝိပဿနာမည်၏"ဟု ဖွင့်ဆိုထားသော်လည်း ပဋိပတ္တိက္ကမကျင့်စဉ်နည်းအရမှာမူ ရုပ်နာမ်ခန္ဓာ၏ ပကတိအရှိသာမညလက္ခဏာသည်ပင် (ဥပါဒ်၊ ဌီ၊ ဘင်) ဖြစ်၊ တည်၊ ပျက် လက္ခဏာရေးသုံးချက်၌သာ အကျုံးဝင်ပြီးဖြစ်ရ ကား၊ ဤနေရာ၌ သီးခြားအလုပ်တစ်ခုအဖြစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ လက္ခဏာသုံးချက် ထပ်မံတင်ဖွယ်ရာ အကြောင်းမရှိတော့ပါ။ တရားဂုဏ်တော်(၆)ပါးအရ၊ အရှခံရုပ်တရား၊ နာမ်တရားတို့က မိမိတို့၏ ဖြစ်၊ တည်၊ ပျက် (သာမညလက္ခဏာ)တို့ကို ရှုဆင်ခြင်သူတို့ သိမြင်နိုင်ရန် (ဧဟိပဿိကော)လာလှည့်ပါ၊ ရှုလှည့်ပါဟု ဖိတ်ခေါ်နေပါသည်။ ရှုဆင်ခြင်သူတို့ဘက်က ဝီရိယ၊ သတိ၊ သမာဓိတရားတို့ဖြင့် အရှိကို အရှိအတိုင်း ကိုယ်တိုင်တွေ့ (သန္ဒိဋ္ဌိက)မြောက် ဆင်ခြင်ရှုမှတ်သုံးသပ်ရန်သာ လိုပါ

သည်။ ထိုမှတစ်ပါး သီးခြားပြဖွယ်ဟူ၍ လိုအပ်ခြင်း မရှိတော့ပါ။

ဓမ္မဓိဋ္ဌာန ဓမ္မဒေသနာနည်း၊ ပုဂ္ဂလဓိဋ္ဌာန ဓမ္မဒေသနာနည်း၊ ဓမ္မဓိဋ္ဌာန ပုဂ္ဂလဒေသနာနည်း၊ ပုဂ္ဂလဓိဋ္ဌာန ပုဂ္ဂလဒေသနာနည်းတို့ဖြင့် တန်ဆာဆင်ဟောကြားတော်မူအပ်သော ဓမ္မဒေသနာဟူသည် လွန်စွာကျယ်ဝန်း၍ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်အရာဟူသည်မှာလည်း အတိုင်းမသိအောင်ပင် ကျယ်ပြန့်နက်ရှိုင်းလှပါသည်။ "အာရောဂျာ ပရမာ လာဘာ"စသော ဒေသနာသည် ကောသလမင်းအတွက် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ကျေးဇူးမပြုနိုင်သော်လည်း အခြားသောပုဂ္ဂိုလ်များအား အချို့ကို သောတာပန်၊ အချို့ကို သကဒါဂါမ်၊ အချို့ကို အနာဂါမ်နှင့် အချို့ကို ရဟန္တာထိဆိုက်အောင်ပင် ကျေးဇူးပြုခဲ့ပါသည်။ ထို့အတူပင် သစ္စကအား ဟောတော်မူသော စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ်၊ သကုလုဒါယိအား ဟောတော်မူသော မဟာသကုလုဒါယိသုတ်၊ စူဠသကုလုဒါယိသုတ် အစရှိသည်တို့သည် ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တို့အား ယခုဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ မရစေ၊ မပြီးစေခြင်းကြောင့် အခြားအခြားသော ပုဂ္ဂိုလ်တို့အတွက်လည်း မဂ်ဖိုလ်နိဗ္ဗာန် မရစေနိုင်ဟု ပုဂ္ဂလဓိဋ္ဌာန ပုဂ္ဂလဒေသနာနည်းသဘောဖြင့် ပုဂ္ဂိုလ်အချင်းချင်း နှိုင်းယှဉ် လျက် မယူသင့်ပါ။ အကြောင်းမှာ ထိုပုဂ္ဂိုလ်များ တရား ထူးမရသလို၊ မရသောပုဂ္ဂိုလ်များ ရှိသကဲ့သို့ ရသော ပုဂ္ဂိုလ်များလည်း ရှိနေသောကြောင့် ဖြစ်ပါသည်။

ထိုဒေသနာ သာဓကများကို ထောက်ဆသော (ဗုဒ္ဓဝစန)ဘုရားစကားတော်ဖြစ်သော ထေရဝါဒပိဋကတ်တော်လာ တရားတစ်ပုဒ် (သို့မဟုတ်) ကမ္မဋ္ဌာန်းတစ်ခုသည် မိမိအတွက် ပြောပထူးခြားလောက်သော အသိထူး ဉာဏ်ထူးများကို မဖြစ်ပေါ်စေနိုင်သည့်တိုင်၊ ဓမ္မနှင့် ပုဂ္ဂလသပွါယမျှသော ပုဂ္ဂိုလ်များအတွက်မှာမူ လောကုတ္တရာဉာဏ်ဆိုက်သည့်တိုင်အောင် အကျိုးထူးကို ပေးစွမ်းနိုင်ခွင့်ရှိကြောင်း သတိချပ် သိမှတ်စရာ ဖြစ်ပါသည်။

နိဂုံးအားဖြင့် 'ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ' သွားလျှင် သွားသည်ဟု သိအောင်ရှုမှတ်ရမည် စသောအားဖြင့် မဟာသတိပဋ္ဌာန်တရားတော်လာ ရှုမှတ်ဆင်ခြင်နည်းသည် ဘုရားကိုယ်တော်တိုင် ဝေနေယျရှုဗ္ဗာသယအားလျော်စွာ ပေးတော်မူသော (သာမုက္ကံသိကဝိပဿနာကမ္မဋ္ဌာန်း)သာ ဖြစ်ပါသည်။ ထိုရှုမှတ်ဆင်ခြင်နည်းသည် ပစ္စုပ္ပန်တစ်ခဏတွင် ပုဂ္ဂိုလ်သတ္တဝါ သူ ငါ စသည်အားဖြင့် ရောယှက်စွက်ဖက်မှု လုံးဝမပါဘဲ၊ သွားခြင်း စသည့် ရုပ်တရား နာမ်တရားတို့၏ ပရမတ္ထသဘာဝအတိုင်း လှုပ်ရှား၊ ကြံစည်စိတ်ကူး၊ ပြုမူပြောင်းလဲ ဆောင်ရွက်မှုမှန်သမျှတို့အား အရှိကိုအရှိအားလျော်စွာ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်မြင်လာအောင် သုံးသပ် ရှုမှတ် ဆင်ခြင်နလုံးသွင်းရသောနည်းဖြစ်၍ ကလာပသမ္မသနနည်း၊ အဒ္ဓါနသမ္မသနနည်း၊ သန္တတိသမ္မသနနည်း၊ ခဏသမ္မသနနည်း စသော ဝိပဿနာရှုနည်း (၄)မျိုးတွင် အဆင့်အမြင့်ဆုံး "ခဏသမ္မသန"ဝိပဿနာရှုနည်းလည်း ဖြစ်ပါသည်။

ထိုနည်းဖြင့် ဝိပဿနာရှုမှတ်ရာတွင်–

(က) အဇ္ဈတ္တခန္ဓာလည်းဖြစ်ခြင်း၊

(ခ) ရုပ်နာမ်တရားတို့၏ ပရမတ္ထသဘာဝအာရုံလည်းဖြစ်ခြင်း၊

(ဂ) ပစ္စုပ္ပန်တစ်ခဏလည်းဖြစ်ခြင်း–

ဟူသည့် အကြောင်းအင်္ဂါသုံးချက်နှင့်ပါ ညီညွတ်ပြည့်စုံနေရကား၊ အားကြီးသော ဗလဝ ဝိပဿနာဉာဏ်ကိုဖြစ်စေကာ၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်များတိုင်အောင် ဆိုက်ရောက်အကျိုးပေးခွင့် ရှိပါကြောင်း တင်ပြအပ်ပါသည်။

**■ လှသန့် (ပြည်)**

***မှီငြမ်း။***


၁။ မဟာသတိပဋ္ဌာန်တရားတော် (ဆဋ္ဌသံဂီတိပုစ္ဆက) အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်။

၂။ အခြေပြုသဂြိုဟ် (အမရပူရမဟာဂန္ဓာရုံကျောင်း ဆရာတော် အရှင်ဇနကာဘိဝံသ)

၃။ ပဋ္ဌိပတ္တိက္ကမဋ္ဌီကာ (ပြည်မြို့၊ ငှက်သိုက်ကျောင်း သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ ပဌမကျော် အရှင်ပဏ္ဍာဘိဝံသထေရ်)



# ထွက်ခဲ့သမျှ စာပေ

သန်းထိုက်သူ



## လူပျိုဘုရား လုံးဝမရှိနှင့် မဇ္ဈိမတရားတော်များ

- အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)နှင့် ရဟန်းစာဆို (၈)ပါး၊
- ဇူလိုင်လ၊ ၂၀၀၄–ခုနှစ်၊
- တန်ဖိုး (၁၀၀၀)ကျပ်၊
- နှင်းဝေနေဝင်းစာပေ
  အမှတ်(၂၇)၊ (၄–လွှာ) ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- စာမူခွင့်ပြုချက်အမှတ်–၄၀၅/ ၂၀၀၄ (ဖ)

ရဟန်းစာဆို(၉)ပါးဖြစ်သည့် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ အရှင်ဇဝန(ပဲခူး)၊ ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)၊ ရဝေနွယ်(အင်းမ)၊ အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ သု(သဒ္ဓမ္မရံသီ)၊ တာရာမျိုး၊ အရှင်ထေရဝံသ(ပုသိမ်)တို့၏ အသစ်စက်စက် ဓမ္မရသစာစုများကို စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

စာမြည်း–

"သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာမှာ 'အပ္ပကာ ဝါဠုကာဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ"လို့ ပါတယ်မဟုတ်လား။ 'ဂင်္ဂါမြစ်ကမ်းသဲသောင်ပြင်ပေါ်က သဲမှုန်သဲလုံးလေးတွေကမှ နည်းပါသေးတယ်။ နိဗ္ဗာန်နန်းကို စံမြန်းတော်မူသွားကြတဲ့ ငါးမာရ်အောင်ဘုရားရှင်တွေက မရေမတွက်နိုင်လောက်အောင် အဆုံးအပိုင်းအခြားမရှိ၊ အသင်္ချေ အနန္တများပြားလှပါတယ်တဲ့။

လောကမှာ သမ္မာသဗ္ဗုဒ္ဓဘုရားရှင်တွေ မရေမတွက်နိုင်လောက်အောင် အသင်္ချေအနန္တ ပွင့်တော်မူခဲ့ကြပြီးပါပြီ။ နောင်လည်း မရေမတွက်နိုင်လောက်အောင် အသင်္ချေအနန္တ ပွင့်တော်မူကြဦးမှာပါ။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေထဲမှာ လူပျိုဘုရား တစ်ဆူမျှ မပါပါဘူး။ ဘုရားအားလုံး အိမ်ထောင်ရှင်ဘုရားတွေချည်းပါပဲ။

ခုခေတ် ရဟန်းလောကရဲ့ အသုံးအနှုန်းနဲ့ပြောရရင် ငယ်ဖြူဘုရား တစ်ဆူမျှ မရှိပါဘူး။ ဘုရားအားလုံး တောထွက်ဘုရားတွေချည်းပါပဲ။

'ဗောဓိကုက္ကို၊ ညောင်ထိုထို၊ လူပျိုဘုရားမရှိပြား' ဆိုတဲ့ စကားရပ်ထဲမှာပါတဲ့ 'ဘုရား'ဆိုတာ သမ္မာသမ္ဗုဒ္ဓဘုရားကို ပြောတာပါ။ ပစ္စေကဗုဒ္ဓဘုရား မပါပါဘူး။ ပစ္စေကဗုဒ္ဓဘုရားကတော့ လူပျိုဘုရားလည်းရှိပါတယ်။ အိမ်ထောင်ရှင်ဘုရားလည်း ရှိပါတယ်။ ငယ်ဖြူဘုရားလည်း ရှိပါတယ်။ တောထွက်ဘုရားလည်း ရှိပါတယ်"

စီစဉ်သူက–

"စာမူအသစ်များ စုဆောင်းပြီးပါမှ အင်မတန်စာရေးကောင်းသည့် သက်တော်ဝါတော်ရ ဆရာတော်

များ၊ ကြိုးစားရေးသားဆဲ ဆရာတော်များ၏ အရေးအသား အစုံအလင်ကို တွေ့ရသောအခါ စာရေးသူမှာ အံ့သြဝမ်းသာ အံ့အားသင့်မိခဲ့လေသည်။ ထိုအံ့အားသင့်မှုနှင့်အတူ ဘယ်စာမူ၊ ဘယ်ဓမ္မစာဆိုကို ဘယ်နေရာ၊ ဘယ်အဆင့်၊ ဘယ်ဂုဏ်မှာ ဝံ့အောင် အထားတင့်တယ်နိုင်ဖို့ တာဝန်ကို အဘယ်သို့ ထားရမှန်းမသိဘဲ ဘုရားတပြီး ချွေးပြန်ခဲ့ရပြန်ပါ၏။

စာမူတွေစီချပြန်တော့ အားလုံးကောင်းပါသည်။ စာရေးသူတွေ စီချပြန်တော့ အားလုံးတော်နေသည်"ဟု ဆိုပါသည်။



## ဘုရားမကြိုက်သော လှူစု

- မုံရွာနေဇာ
- ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၄–ခုနှစ်၊
- တန်ဖိုး ( – )ကျပ်၊
- ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေတိုက်၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
- စာမူခွင့်ပြုချက်အမှတ်–၈၅၂/ ၂၀၀၃ (၁၁)၊

ဓမ္မရံသီဓမ္မမဂ္ဂဇင်း၊ ဓမ္မရတနာဓမ္မမဂ္ဂဇင်း၊ သာသနာ့ထွန်းပြန့်ဓမ္မစာစောင်၊ ဘာသာသွေးစာစောင်၊ မြတ်ပန်းရဂုံဓမ္မစာစောင်၊ မြစ်မခဓမ္မစာသဝဏ်စာစောင်၊ မြတ်မွန်ရတနာ ဘာသာရေးမဂ္ဂဇင်းတို့တွင် ရေးသားဖော်ပြခဲ့သည့် ဆောင်းပါးအချို့ကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

စာမြည်း–

"ဗုဒ္ဓဘုရားရှင်တို့ကို တန်ခိုးတော်ကို ရည်မျှော်၍ ကိုးကွယ်ထားချင်သည်ဆိုပါလျှင် အိမ်ဦးခန်းဘုရားစင်ကဲ့သို့သော အထွတ်အမြတ်နေရာတော်မှာ နေရာတကျထားရှိပြီး ပူဇော်သင့်ကြပါသည်။

မိမိ၏ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ကာ ဘုရားပုံတော်များကို သွားလေရာ ယူဆောင်သွားခြင်းသည် မသင့်လျော်ပေ။ ကိုးကွယ်ရာမရောက်ဘဲ ဘုရားကို မရိုသေမှု 'ဗုဒ္ဓအဂါရဝ'ဖြစ်ဖို့သာ များပါသည်။

အကျိုးစီးပွားကိုသာ လိုလားပါက ပုံတော်ကို ယူဆောင်ထားခြင်းထက် ဂုဏ်တော်များကို ရွတ်ပွားပါ။ နှုတ်ထဲမှာ ဆောင်ပါ။ ရင်ထဲနှလုံးသားထဲမှာ ထည့်ထားပါ။ အကောင်းဆုံးဆောင်ခြင်း ဖြစ်ပါသည်။

မိမိတို့ဘုရားကို မိမိတို့က ရိုသေမှ အခြားဘာသာဝင်များက ရိုသေမည်။ မိမိတို့က ကလေးကလားအသေးအဖွဲ့ထားလျှင် လေးစားကြမည်မဟုတ်ပေ။"

စာရေးသူက "ယနေ့စာပေလောကတွင် ဂူဖရီးစက္ကူ (wood free paper)၊ အတ်ကဒ် (art card)၊ ပလတ်စတစ်ဖုံး၊ သီချုပ်စာအုပ်များ ခေတ်စားလျက်ရှိ၏။ စာရေးဆရာ၊ ထုတ်ဝေသူ၊ စာအုပ်တိုက်ပိုင်ရှင် မိတ်ဆွေတစ်ဦးက 'ဒီကနေ့ခေတ် စာအုပ်လောကမှာ ဂူဖရီးစက္ကူနဲ့ သီချုပ်စာအုပ် မလုပ်နိုင်ရင် ခေတ်မမီတော့ဘူး'ဟု ပြောဖူး၏။

စာပေမိတ်ဆွေကြီး တစ်ဦးကတော့ မိမိနှင့်အတူ စာအုပ်ဈေးပွဲခင်းကို လျှောက်ကြည့်ရင်း 'စာအုပ်နဲ့ စာရေးဆရာတွေကိုသာ ဖတ်ကြည့်၊ စာအုပ်ဈေးနှုန်းကို မကြည့်နဲ့'ဟု ပြောပါသည်။ မှန်ပါသည်၊ စာသမားဖြစ်သော မိမိတို့သည် စာအုပ်များကို အလွန်ဖတ်ချင်သော်လည်း စာအုပ်ဈေးနှုန်းများ၏ ခြောက်လှန့်မှုကြောင့် နောက်တွန့်သွားရပါသည်။

သို့ဖြစ်လေရာ စာဖတ်သူများလည်း ဈေးနှုန်းချိုသာစွာ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ရန် သင့်တင့်မျှတသော စာအုပ်ဈေးနှုန်း၊ သင့်တင့်သော စက္ကူ၊ ထင်ရှားသော စာလုံးပွိုင့်၊ ရိုးယဉ်သောစာအုပ်အပြင်အဆင်တို့ဖြင့်သာ မိမိ၏ စာအုပ်များကို ထုတ်ဝေလေ့ရှိပါသည်။ အမြတ်အစွန်းကို ပဓာနမထားဘဲ စာအုပ်ဖိုးပြန်ရလျှင်

တော်ပြီဟူသော ရည်ရွယ်ချက်ထားပါသည်။

အဓိကစေတနာမှာ စာဖတ်သူများကို စာကို ဖတ်ရှုစေချင်သော စေတနာဆန္ဒသာ ဖြစ်ပါသည်”ဟု ဆိုပါသည်။

## စိတ်အားဖြည့် ဓမ္မပဒ

- အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
- ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၀၄–ခုနှစ်၊
- တန်ဖိုး (၄၀၀)ကျပ်၊
- ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့၊ အမှတ်(၁၉–အေ/၂) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၅၇၃၊ ၂၈၁၆၆၃၊ (၀၉၉၉) ၂၁၁၉၈)မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်–၄၇၈/၂၀၀၄ (၇)၊

ဗုဒ္ဓဘာသာဝင်တွေရော ဗုဒ္ဓဘာသာမဟုတ်သူတွေပါ ဖတ်ရှုလေ့လာပြီး နှစ်သက်သဘောကျကာ လိုက်နာကျင့်သုံးနေကြသည့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန် အစရှိသည့် ဘာသာပေါင်းစုံဖြင့် ဘာသာပြန်ထားကြသည့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမ ဓမ္မပဒဂါထာများကို စာဖတ်သူတို့ အလွယ်တကူ ဖတ်မှတ်နားလည်လိုက်နာကျင့်သုံးနိုင်စေလိုသော စေတနာဆန္ဒဖြင့် စာအုပ်ရှေ့ပိုင်းတွင် ဂါထာမြန်မာပြန်များကို ရေးသားဖော်ပြထားပြီး စာအုပ်နောက်ပိုင်းတွင် ဂါထာပါဠိတော်များကို ဓမ္မပဒဝတ္ထုခေါင်းစဉ်များပါ တွဲလျက် ရေးသားဖော်ပြပေးထားပါသည်။

စာမြည်း–

“ဖန်ရည်စွန်းသူ ဖန်ရည်ဝတ်မဝတ်ရ။ စိတ်အစဉ်မှာ ရာဂ၊ ဒေါသ စတဲ့ ကိလေသာဖန်ရည် စွန်းထင်းနေတဲ့သူ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဣန္ဒြေခြောက်ပါးကို ယဉ်ကျေးအောင် မဆုံးမတဲ့သူ၊ စကားကို မှန်မှန်ကန်ကန် မပြောဆိုတဲ့သူဟာ ဖန်ရည်စွန်းတဲ့ အဝတ်(သင်္ကန်း)ကို လုံးဝ မဝတ်ရုံ မသုံးစွဲထိုက်ပါဘူး။ (ဓမ္မပဒဂါထာ–၉)”

စာရေးသူက “ဂါထာဖွင့်ဆိုချက်တွေ၊ နောက်ခံ



ဝတ္ထုရှင်းလင်းချက်တွေနဲ့ ဝေဝေဆာဆာ ပြည့်ပြည့်စုံစုံ ရေးချင်ပေမယ့် အချိန်မပေးနိုင်လို့ ဒီစာအုပ်မှာတော့ ဘုရားဟောမူရင်း ဂါထာတွေကိုပဲ မြန်မာလို ပြန်ဆိုဖော်ပြပေးထားပါတယ်။

ဓမ္မပဒဂါထာတွေကို တူရာတူရာစုပြီး သူ့အုပ်စုနဲ့သူ သင်္ဂါယနာတင် အရှင်မြတ်တွေက စီစဉ်ထားခဲ့ပါတယ်။ အုပ်စုပေါင်း(၂၆)ခုရှိတဲ့အထဲက ဒီစာအုပ်မှာ ရှေ့ဆုံးအုပ်စု (၈)ခုကို ပထမပိုင်းအနေနဲ့ ရွေးနုတ်ဖော်ပြထားပါတယ်။

အုပ်စုတစ်ခုချင်းရဲ့အစမှာ ‘ဒီအုပ်စုမှာ ဘာအဆုံးအမတွေ ပါတယ်’ဆိုတာလည်း မိတ်ဆက်ပေးထားပါတယ်။

စာအုပ်နောက်ပိုင်းက ပါဠိမူရင်းတွေကတော့ ဆရာတော် သံဃာတော်များ၊ ရဟန်းသာမဏေများအတွက် အဓိကရည်ရွယ်ပါတယ်။ ဝတ္ထုခေါင်းစဉ်လေးတွေပါ ထည့်သွင်းပေးထားတာမို့ ဝတ္ထုဖတ်ပြီးသား ဆရာတော်၊ သံဃာတော်များအတွက် ခေါင်းစဉ်မြင်လိုက်ရုံနဲ့ ဝတ္ထုအစအဆုံး မှတ်မိသွားမှာပါ။ ဂါထာနဲ့ ဝတ္ထုဆက်စပ်ပုံကို အလွယ်တကူ သိခွင့်ရတဲ့အတွက် ခရီးသွားရင်း တရားဟောရတဲ့အခါမျိုးတွေမှာလည်း ‘ဓမ္မခရီးဖော်’ အဖြစ် အထူးကျေးဇူးပြုပါလိမ့်မယ်။

ဓမ္မပဒအဆုံးအမ တစ်ခုတစ်ခုဟာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်ပါတယ်။ ဒီစာအုပ်မှာပါတဲ့ အဆုံးအမတွေကို တစ်နေ့တစ်ခုပဲဖတ်ပြီး အဲဒီတစ်နေ့လုံး အဲဒီတစ်ခုကိုပဲ အထပ်ထပ်နှလုံးသွင်း ဆင်ခြင်ပါ။ အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်အားတွေ ပြည့်ဝလာပါလိမ့်မယ်”ဟု ဆိုပါသည်။

## ထူးထူးခြားခြား မြတ်ဗုဒ္ဓနှင့် တွေ့ဆုံခဲ့ရသည့် ပုဂ္ဂိုလ်ထူးများ



- ဓမ္မာစရိယဦးမောင်မောင်လေး
- ဒုတိယအကြိမ်၊ ဩဂုတ်လ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၇၀၀)ကျပ်၊
- စပယ်ဦးစာပေဖြန့်ချိရေး၊ အမှတ်-၁၇၂/၃၅လမ်း (အလယ်လမ်း) ရန်ကုန်မြို့၊ ဖုန်း-၃၈၃၃၆၃ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၂၉/ ၂၀၀၄ (၂)၊

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ထူးထူးခြားခြား တွေ့ဆုံခဲ့ကြရသည့် တပုဿ၊ ဘလ္လိက၊ ဥပက၊ ပဥ္စဝဂ္ဂီ အစရှိသည့် ပုဂ္ဂိုလ်များ၏ ဘဝဖြစ်စဉ်၊ မြတ်စွာဘုရားနှင့် တွေ့ဆုံခဲ့ကြပုံ၊ ထူးခြားသော ဖြစ်ရပ်များကို စာဖတ်သူတို့ သင်ခန်းစာယူနိုင်စေရန်၊ အတုယူနိုင်စေရန် ဇာတ်ဝတ္ထု ရေးဟန်ဖြင့် ရသမြောက်စွာ ဖွဲ့နွဲ့တင်ပြထားသည်။

စာမြည်း-

"ဥပကကား စင်စစ်အားဖြင့် မြတ်ဗုဒ္ဓနှင့် စောစီးစွာ တွေ့ဆုံခွင့်ရခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ သို့သော် ပထမတွေ့စဉ်က ဗုဒ္ဓမှန်းမသိခဲ့။ အလေးအနက်လည်း မထားခဲ့။ အသက်ကြီးမှ မြတ်ဗုဒ္ဓထံရောက်လာပြီး တရားထူး ရရှိသွားခြင်းဖြစ်လေသည်။ အမှန်အားဖြင့် ဥပက၏ မြတ်ဗုဒ္ဓနှင့် တွေ့ဆုံမိခြင်းသည် သူတစ်ဦးတည်းအတွက် သာမက မုဆိုးသမီး စာပါအတွက်လည်း အမြတ်ထွက်သွားခဲ့ပေသည်။ စာပါသည် ဥပကအိမ်မှထွက်သွားသော အခါ နောင်တရ၍ သားငယ်သုဘဒ္ဒကို သူ့အဘိုးလက်သို့ အပ်ထားခဲ့ပြီး ဥပကနောက်သို့ လိုက်လာ၏။ သာဝတ္ထိသို့ အရောက်တွင် ဥပကကို ရဟန်းဝတ်ဖြင့် တွေ့ရသဖြင့် သူမလည်း ဘိက္ခုနီကျောင်းသို့ သွား၍ ဘိက္ခုနီဝတ်လိုက်သည်။ ထို့နောက် မကြာမီပင် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သဖြင့် အရဟတ္တဖိုလ်တိုင် မျက်မှောက်ပြုသွားရလေတော့သည်။"

စာရေးသူက "လောက၌ ဘုရားတစ်ဆူပွင့်ထွန်းလာရန် လွန်စွာခက်ခဲသကဲ့သို့ ထိုဘုရားရှင်နှင့် တွေ့ဆုံခွင့်ရရှိပြီး ဓမ္မအမြင်ကြည်လင်သူတစ်ဦးဖြစ်ရန်မှာလည်း မလွယ်ကူသော အချက်တစ်ရပ်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော အခွင့်အရေးကို ရရှိသွားခဲ့ကြသော ပုဂ္ဂိုလ်တို့ကား သာမန်ပုဂ္ဂိုလ်များမဟုတ်၊ ထူးခြားသော ပုဂ္ဂိုလ်များဖြစ်ကြလေသည်။ ထူးခြားသော ပုဂ္ဂိုလ်တို့၌လည်း ရေးသားဖော်ပြ၍ မကုန်နိုင်သည့် နောက်ခံအကြောင်းနှင့် ဘဝဖြစ်စဉ်များ ရှိနေကြသည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိသည် ထိုထိုပုဂ္ဂိုလ်တို့၏ အကြောင်းများကို လောကကြောင်း၊ ဓမ္မကြောင်း စသည်အားဖြင့် ဘက်စုံထောင့်စုံမှ ဆင်ခြင်သုံးသပ်ပြီး၊ စာဖတ်သူများ ဘဝသင်ခန်းစာ ရယူနိုင်ကြစေရန် ရည်သန်လျက် ပုံစံတစ်မျိုးဖြင့် တီထွင်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဓမ္မရသ သာမက စာပေရသလည်း ပါသင့်သလောက် ပါဝင် အောင် ကြိုးစားအားထုတ်ခဲ့ပါသည်"ဟု ဆိုပါသည်။

□ သန်းထိုက်သူ